www.burmeseclassic.com

မင်းယုဝေ



# ပထမမြန်မာများ

BURMESE CLASSIC .com

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မင်းယုဝေ

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့တွင် အဖ ကုန်သည်ကြီး ဦးထွန်းဆိုင်၊ အမိ ဒေါ်သင်တို့က ၁၉၂၈ ခု ဇက်တင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်း ၈ ယောက်တွင် အငယ်ဆုံးဖြစ်၍၊ အမည်ရင်းမှာ ဦးဝင်းမောင် ဖြစ်သည်။

ကန်ကြီးထောင့်မြို့ မင်းကုန်းကျောင်း(၁၉၃၄)၊ ပုသိမ်မြို့တွင် အမျိုးသားအထက်တန်းကျောင်း (၁၉၃၅)နှင့် ဂျပန်စာသင်ကျောင်း(၁၉၄၁)၊ ကန်ကြီးထောင့် ခေတ်သစ် တန်းမြင့်ကျောင်း(၁၉၄၂)၊ ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းမှ ၁၀ တန်း အောင်(၁၉၄၆)၍ ရန်ကုန်တက္ကသိုလ် (၁၉၄၆–၅၁) မှ ဝိဇ္ဇာဘွဲ့ ရခဲ့သည်။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေးကျောင်း(၁၉၅၅–၅၆) တွင် အဘိဓာန်ပညာရပ် သင်ယူခဲ့သည်။

ပြန်ကြားရေးဌာန အထက်တန်း ဘာသာပြန်အရာရှိ(၁၉၅၁)၊ အင်းစိန်ခရိုင် ပ.ဥ.အုပ်(၁၉၅၂)၊ စာပေဗိမာန် စာပြု (၁၉၅၃)၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန လက်ထောက်စာတည်း(၁၉၅၄)၊ နိုင်ငံခြား ပညာသင်ရာမှ ပြန်လာချိန်တွင်လည်း အဆိုပါ ဌာနတွင် လက်ထောက်စာတည်း(၁၉၅၇)၊ ငွေတာရီမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ(၁၉၆၀–၆၈)၊ ရုပ်ရှင်ဆင်ဆာ အဖွဲ့ဝင်လူကြီး(၁၉၆၃–၆၄)၊ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ်(၁၉၆၈–၇၉)၊ စာပေဗိမာန် အမျိုးသားစာပေဆု ရွေးချယ်ရေး အဖွဲ့ဝင်၊ ပညာရေးဌာန မြန်မာစာအဖွဲ့ဝင်၊ ကျောင်းသုံးစာအုပ်ကော်မတီ အဖွဲ့ဝင်(၁၉၆၈–၇၉)၊ အုံဖွယ်သုတစာစောင်၊ မြစ်မခ စာပဒေသာ၊ မြစ်မခ အင်္ဂလိပ်စာဥယျာဉ်တို့တွင် အယ်ဒီတာချုပ်(၁၉၈၀–၈၄)၊ မြတ်မင်္ဂလာစာစောင်(၁၉၈၅–ယနေ့ထိ) နှင့် မင်္ဂလာမောင်မယ်(၁၉၈၉–ယနေ့ထိ) တို့တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေပါသည်။ နိုင်ငံတော်၏ အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(၁၉၆၅)၊ အိန္ဒိယနိုင်ငံ(၁၉၇၃)၊ အမေရိကန်ပြည်ထောင်စု(၁၉၇၆)များသို့ လေ့လာရေးခရီး သွားရောက် ခဲ့သည်။

၁၉၄၀ ပြည့်နှစ် ၆ တန်းကျောင်းသားအရွယ်ကပင် လက်ရေးစာစောင်များတွင် ကဗျာ၊ ဝတ္ထုတို များ စတင် ရေးသားခဲ့သည်။ ၁၉၄၇ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများ ပုံနှိပ်ဖော်ပြ ခံရသည်' ထုတ်ဝေပြီး စာအုပ်အချို့မှာ ဘဝမာလာ ကဗျာများ(၁၉၄၉)၊ ငွေတာရီနှင့် တွဲဖက်၍ ရတနာကဗျာများ(၁၉၅၀)၊ အိစွတ်ပုံပြင်များ(၁၉၅၄)၊ ကမ္ဘာကျော် ဂရင်းညီနောင် ပုံပြင် ၁၀၀(၁၉၈၄)၊ ကဗျာပရိယာယ် (၁၉၆၃)[ဆရာမင်းသုဝဏ်နှင့် တွဲဖက်၍]၊ အိမ်ပြန်ချိန် ကဗျာများ (၁၉၆၄)၊ တိုက်စိုးနှင့် တွဲဖက်၍ မြန်မာစာမိတ်ဖွဲ့(ပ–၁၉၆၅၊ ဒု–၁၉၆၆) နှင့် စာဆိုနှင့် သုတေသီ(၁၉၆၇)၊ အာရှပုံပြင်များ(၁၉၆၇) [တက္ကသိုလ် ဝင်းမွန်နှင့် တွဲဖက်၍]၊ စာလောက လူလောက(၁၉၇၀)၊ ရေခပ်ချိန် ကဗျာများ(၁၉၇၂)၊ အိုမာ ခယမ် (၁၉၇၂)၊ ရာဇကြိုဟ် (၁၉၇၅)၊ ကျဉ်းထဲကျပ်ထဲ(၁၉၇၅)၊ ရွှေကြက်ဖ ကလေးကဗျာများ (၁၉၇၆)၊ သူလိုလူများ(၁၉၇၉)၊ မင်္ဂလာရောင်ခြည် ဗုဒ္ဓဝင်ရုပ်စုံ(၁၉၈၉)၊ ၃၈ ဖြာ မင်္ဂလာ ပုံပြင်များ(၁၉၉၂)၊ ဓာတ်ကြီးဆယ်ဘွဲ့ အနှစ်ချုပ်(၁၉၉၅) စသည်တို့ ဖြစ်ကြသည်။

၁၉၄၄ ခု ပုသိမ်ခရိုင် အာရှလူငယ်အစည်းအရုံး ညီလာခံ(ကျုံပျော်မြို့) အထိမ်းအမှတ် စာပေ ပြိုင်ပွဲတွင် ဆောင်းပါး ပထမဆု၊ 'အိစွတ်ပုံပြင်များ' ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု(၁၉၅၄)၊ 'ရေခပ်ချိန် ကဗျာများ' ဖြင့် အမျိုးသားစာပေဆု(၁၉၇၂)များ ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၂ နှင့် ၂၀၀၃ ထုတ် ရာပြည့်စာအုပ်များ

၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိမ့်ဆုရ ဝတ္ထုတိုများ
၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ
၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သိပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်
၁၇၃။ ပါရဂူ၏ ဓမ္မစကား
၁၇၄။ မောင်ရဲနိုင်၏ မဟာ ပရဟိတလူသား အဲလ်ဘတ်ရှိုက်ဇာ
၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)
၁၇၆။ ဦးရွှေအောင်၏ စာဖတ်သူများ
၁၇၇။ ဒဂုန်တာရာ၏ မှုးယစ်ဝေသော နွေဦးညများ
၁၇၈။ နန္ဒ၏ သံနှင့် သွေး
၁၇၉။ မောင်ပေါ်ထွန်း၏ ငါ့ဘဝ ငါသာသခင် ငါသာဘုရင်
၁၈၀။ ဦးရွှေအောင်၏ ဓမ္မပဒ
၁၈၁။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်
၁၈၂။ မောင်မိုးသူ၏ စိတ္တဇ (Psycho by Robert Bloch)
၁၈၃။ ပါရဂူ၏ ဒီဗျာ
၁၈၄။ ရွှေဥဒေါင်း၏ စွန့်ဝံ့သူ
၁၈၅။ တင်မောင်မြင့်၏ မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း
(This Side of Glory by Gwen Bristow)
၁၈၆။ တင့်တယ်၏ အိုဘယ့်ကဲ့ (The Scarlet Letter by Nathaniel Hawthorne)
၁၈၇။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၈။ မောင်ပေါ်ထွန်း၏ မိန်းမတစ်ယောက်၏ ဘဝ
(A Woman's Life by Guy de Maupassant)
၁၈၉။ ရှုဝ၏ မိုက်ခဲထွန်းရွှေ ဝတ္ထုတိုများ
၁၉၀။ တက်တိုး၏ နပိုလီယံ
၁၉၁။ မောင်မိုးသူ၏ အိပ်နိုးဒပ်

## ၂၀၀၃ ခုနှစ် ဧပြီနှင့် မေလိုင်တွင် ထုတ်ဝေမည့် စာအုပ်များ

၁၉၄။ တက်တိုး၏ နေထွက်ဆန်းရွှေတိုင် (The Sun Also Rises by Ernest Hemingway)
၁၉၅။ တင့်တယ်၏ လမင်းနှင့် ခြောက်ပြားစေ့ (The Moon and Sixpence by Somerset Maugham)
၁၉၆။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၁၉၇။ ဦးတင်မောင်ရင်၏ စစ်တောင်းမှာ... နောက်ဆုံးတိုက်ပွဲ(Sittang: The Last Battle)
၁၉၈။ ရှုဝ၏ ဥမ်းပုံ
၁၉၉။ မောင်ထင်၏ မြို့အုပ်ပုံပြင်
၂၀၀။ ဦးရွှေအောင်၏ ဗုဒ္ဓ- လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် (ကိုယ်ကျင့်ဗုဒ္ဓဝင်)

ရာပြည့်စာအုပ် ၁၉၂

မင်းယုဝေ

# ပထမ မြန်မာများ

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)
[ ၁ ၊ မေ၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်       [ ၆/၂၀၀၃ (၁) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  [ ၁၁/၂၀၀၃ (၃) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၆၈) နှလုံးလှစာပေ
ဒုတိယအကြိမ် -(၂၀၀၃) ရာပြည့်စာအုပ်တိုက်

( ၁၊ မေ၊ ၂၀၀၃ )
အုပ်ရေ {၁၀၀၀}

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် {၀၅၉၀၁}၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးကျော်ဆန်း {၀၉၃၂}၊ ရဲအောင်စာပေတိုက်
အမှတ် ၂၊ ချွန်း(၁) လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

❑

အတွင်းပလင်
အောဇက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
Graphic Mg Thein Win and Ocean Group
ဒီဇိုင်း ဖွဲ့စည်းသည်။

❑

တန်ဖိုး
2000

# မာတိကာ


| | | |
|---|---|---|
| - | အမှာစာ | ၉ |
| ၁။ | **မက္ကရာမင်းသားကြီး** | ၁၁ |
| | ပထမ အင်္ဂလိပ်-မြန်မာ အဘိဓာန်ဆရာ | |
| ၂။ | **ယောမင်းကြီး ဦးဘိုးလှိုင်** | ၁၇ |
| | ပထမ သိပ္ပံစာပေ ပြုစုသူ | |
| ၃။ | **ဒေါက်တာ ရှောလူး** | ၂၅ |
| | ပထမ ဆရာဝန် | |
| ၄။ | **ကျွမ်း လှကျော်** | ၃၃ |
| | ပထမ ကာလပေါ် ဝတ္ထုဆရာ | |
| ၅။ | **ဒေါ်ဦးရွှန်း** | ၄၅ |
| | ပထမ လူမှုဝန်ထမ်း အမျိုးသမီး | |
| ၆။ | **ဦးရွှေကြူး** | ၅၃ |
| | ပထမ ခေတ်သစ် မဂ္ဂဇင်းထုတ်ဝေသူနှင့် အယ်ဒီတာ | |
| ၇။ | **ဦးဘိုးစိန်** | ၆၁ |
| | ပထမ ခေတ်သစ် ဇာတ်ဆရာ | |
| ၈။ | **စိန်ဗေဒါ** | ၇၃ |
| | ပထမ နိုင်ငံခြားသွား ဆိုင်းဆရာ | |
| ၉။ | **ဦးဖေမောင်တင်** | ၈၁ |
| | ပထမ ပါမောက္ခ | |
| ၁၀။ | **ဦးအုန်းမောင်** | ၉၇ |
| | ပထမ ရုပ်ရှင်ပညာရှင် | |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၁။ | ဦးဘကလေး (ရွှေတလေး)<br>ပထမ ကာတွန်းဆရာ | ၁၀၇ |
| ၁၂။ | ဦးဘညာဏ်<br>ပထမ ခေတ်သစ် ပန်းချီဆရာ | ၁၁၇ |
| ၁၃။ | ဒေါက်တာ ဝါလတာ ချစ်ထွန်း<br>ပထမ ကိုယ်ကာယအလှ ဖော်ထုတ်သူ | ၁၃၁ |
| ၁၄။ | ဦးညီပု<br>ပထမ ရုပ်ရှင်မင်းသား | ၁၃၉ |
| ၁၅။ | ဦးဘဂျမ်း<br>ပထမ ကာတွန်းရုပ်ရှင်ဆရာ | ၁၄၉ |
| ၁၆။ | ဇော်ဂျီ<br>ပထမ ခေတ်စမ်း ကဗျာဆရာ | ၁၆၃ |
| ၁၇။ | မင်းသုဝဏ်<br>ပထမ ခေတ်သစ် ကလေးကဗျာဆရာ | ၁၇၉ |
| ၁၈။ | ဦးဇော်ဝိတ်<br>ပထမ အိုလံပစ်သွား အားကစားသမား | ၁၉၉ |
| – | အကိုးစာရင်းများ | ၂၁၁ |


BURMESE CLASSIC .com

## အမှာစာ

ဤ "ပထမ မြန်မာများ" စာအုပ်၌ ပြည်ထောင်စုသား ပုဂ္ဂိုလ်ကျော် ၁၈ ဦး၏ ဘဝဖြစ်စဉ်များ၊ ကြိုးပမ်းချက်များ ပါဝင်ပါသည်။ ထိုပုဂ္ဂိုလ်ကျော် ၁၈ ဦးသည် စာပေ၊ ပန်းချီ၊ ကာတွန်း၊ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ အားကစား၊ ဆေးပညာ၊ လူမှုဝန်ထမ်းတို့နှင့် ပတ်သက်၍ မြန်မာ့လောက တစ်ခေတ်ဆန်းလာအောင် သူ့ခေတ်နှင့်သူ တီထွင်ကြိုးပမ်းခဲ့သူများ ဖြစ်ကြပါသည်။ မြန်မာ့လောကတွင် ပညာရပ်အသီးသီး၊ လုပ်ငန်းအမျိုးမျိုး၌ တီထွင်ကြိုးပမ်းခဲ့သူ အလားတူ ပုဂ္ဂိုလ်ကျော်များ အများအပြား ရှိပါလိမ့်ဦးမည်။ ယခု ကျွန်တော် တင်ပြသည်မှာ လက်လှမ်းမီသမျှသာ ဖြစ်ပါသည်။

မည်သည့်ပညာ၊ မည်သည့်လုပ်ငန်းကို မဆို စတင်ပျိုးထောင်သူတို့မှာ လူရည်ချွန်များ ဖြစ်သည်ဟု ဆိုရပါမည်။ သူတို့သည် လွန်စွာ သတ္တိရှိသူများ ဖြစ်ပါသည်။ စွန့်စားရသူ၊ အနစ်နာ ခံရသူ၊ အပင်ပန်း ခံရသူ၊ ကြိုးပမ်းရသူ၊ အခက်အခဲကို ရင်ဆိုင်ရသူ ပုဂ္ဂိုလ်များလည်း ဖြစ်ပါသည်။ သူတို့ ကြိုးပမ်းဆောင်ရွက်သည်နှင့်အမျှ သူတို့၏ ဂုဏ်ကျေးဇူးကလည်း အလွန်ကြီးမားလှပါသည်။ "လမ်းရိုးဟောင်းတွင်၊ ဆင့်ကာထွင်သို့၊ သုတ်သင်ကာမျှ၊ လွယ်ကာ ရလိမ့်" ဟူသော စာဆိုနှင့်အညီ နောင်လာနောက်သားတို့သည် သူတို့ ခင်းခဲ့သော လမ်းကို

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်၍ ပိုမို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ထိုပုဂ္ဂိုလ်ကျော်များကို အမှတ်ရစေရန်လည်းကောင်း၊ သူတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့မိစေရန်လည်းကောင်း၊ သူတို့၏ ကြိုးပမ်းချက်ကို အတုယူ အားကျစေရန်လည်းကောင်း၊ သူတို့၏ ဘဝဖြစ်စဉ်ကို မှတ်သား သိရှိနိုင်ရန်လည်းကောင်း ယခုကဲ့သို့ ဖော်ထုတ် တင်ပြရခြင်း ဖြစ်ပါသည်။ ယင်းသို့ ဖော်ထုတ်တင်ပြရာ၌ ပြီးပြည့်စုံမည် မဟုတ်ရာ ပိုသည်ကို ဖျက်၊ လိုသည်ကို ဖြည့်၍၊ မှားသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။

ဤ "ပထမ မြန်မာများ" စာအုပ် ဖြစ်မြောက်အောင် အကူအညီ ပေးကြသော စာရေးဆရာ သမိန်သောင်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဦးသော်ကောင်းနှင့် ဦးမောင်မောင် (စိုးရှိန်)၊ စီးပွားရေးတက္ကသိုလ်မှ မြန်မာစာ ဌာနမှူး ဒေါ်ယဉ်ယဉ်မြင့်၊ ဆေးတက္ကသိုလ် ၂ မှ မြန်မာစာဌာနမှူး ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)၊ စာရေးဆရာ လေးမြိုင်၊ စာရေးဆရာ ငြိမ်းကျော်၊ ကြံခင်း စိုးလွင်၊ တက္ကသိုလ်ကျောင်းသား မောင်ဟန်ထွန်းအောင်၊ ဒေါ်မြသွယ်၊ နှလုံးလှ စာပေမှ ဦးချစ်အောင်နှင့် ကိုကျော်ဆန်းတို့ကို များစွာ ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မင်းယုဝေ

၁၉၆၈ ခု၊ ဒီဇင်ဘာလ

## မဂ္ဂရာ မင်းသားကြီး

(ပထမ အင်္ဂလိပ်-မြန်မာ အဘိဓာန်ဆရာ)



www.burmeseclassic.com

မြန်မာ့သမိုင်း၌ ကျန်တော် သိသော "မက္ခရာမင်းသား" နှစ်ပါး ရှိသည်။ တစ်ပါးမှာ အမရပူရ ပထမမြို့တည် ဗဒုံမင်းတရား (ဘိုးတော်ဘုရား)၏ သားတော် ဖြစ်သည်။ ငယ်မည် မောင်ပျိုး၊ ဘွဲ့အမည် မင်းရဲကျော်စွာ ဖြစ်သည်။ နောင်အခါ မက္ခရာမြို့ကို စားရသဖြင့် မက္ခရာ မင်းသားဟု တွင်သည်။ အင်းဝဘုရင် ဘကြီးတော်နှင့် သာယာဝတီမင်းတို့၏ ဦးလေးတော် ဖြစ်သည်။ မြန်မာနိုင်ငံကို ခေတ်သစ် တူထောင်လိုသူအဖြစ် လည်းကောင်း၊ အင်္ဂလိပ် -မြန်မာ အဘိဓာန်ကို ပြုစုသူအဖြစ် လည်းကောင်း ထင်ရှားသည်။

ကျန် တစ်ပါးမှာမူ ရတနာပုံ ပထမမြို့တည် မင်းတုန်းမင်း၏ သားတော် ဖြစ်သည်။ ငယ်မည် မောင်သန့်၊ ဘွဲ့မည် မင်းရဲစည်သူ ဖြစ်သည်။ နောင်အခါ မက္ခရာမြို့ကို စားရသဖြင့် မက္ခရာမင်းသား တွင်သည်။ အိမ်ရှေ့စံ ကနောင်မင်းသား လွန်ပြီးနောက် ကနောင်မင်းသား အုပ်ချုပ်ခဲ့သည့် ရတနာပုံ စက်ရုံများကို အုပ်ချုပ်ခဲ့သူ ဖြစ်သည်။ မင်းတုန်းမင်း၏ အရိုက်အရာကို ဆက်ခံထိုက်သူ အရည်အချင်း ပြည့်သော သားတော်ကြီးတစ်ပါး အဖြစ် ထင်ရှားသည်။ သီပေါမင်းကို နန်းတင်စဉ် မင်းညီမင်းသား အများ ကွပ်မျက်ခံရရာ၊ ထိုမင်းသားလည်း ကွပ်မျက်ခံရရှာသည်။

ယခု တင်ပြလိုသူမှာ အဘိဓာန်ဆရာ မက္ခရာမင်းသားကြီးပင် ဖြစ်သည်။ အမေရိကန် သာသနာပြုဆရာ ဒေါက်တာ ဂျပ်ဆင်၏ မှတ်တမ်းများအရ မက္ခရာမင်းသားကြီးသည် ရုပ်ရည်ရူပကာ တင့်တယ်သည်။ သို့ရာတွင် ခြေလက်တို့မှာ လေဖြတ်ထားသဖြင့် မသန်မစွမ်း ဖြစ်နေသည်ဟု ဆိုသည်။

ယင်းသို့ ဖြစ်လင့်ကစား မင်းသားကြီးသည် ဘဝကို အရှုံးမပေး။ နိုင်ငံနှင့် လူမျိုးအကျိုးကို အစွမ်းကုန် ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်သည် ဆိုရာ၌ နိုင်ငံရေးအရ မဟုတ်။ စာပေရေး၊ ပညာရေးအရ ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုစဉ်က မြန်မာတို့သည် အနောက်တိုင်း ဝိဇ္ဇာ သိပ္ပံ ပညာရပ်များကို မတတ်မြောက်ကြသေး၊ ခေတ်မမီကြသေး။ ကမ္ဘာ ပြားသည် ဟူသော အယူကိုပင်





ယူကြဆဲ ဖြစ်သည်။ ထိုအချက်ကို မင်းသားကြီးသည် ကောင်းစွာ သတိပြု ဆင်ခြင်မိသည်။ မင်းသားကြီးသည် အင်းဝ နေပြည်တော်ရောက် ပေါ်တူဂီလူမျိုးများ၊ အင်္ဂလိပ်လူမျိုးများနှင့် ဆက်ဆံရာတွင် ထိုသူတို့မှတစ်ဆင့် ခေတ်မီ ဝိဇ္ဇာသိပ္ပံ ပညာရပ်များ၏ သဘောကို သိရှိ နားလည်ခဲ့သည်။ ထိုပညာရပ်များကို တတ်မြောက်မှသာ မြန်မာတို့ ခေတ်မီ နိုင်မည်ဟု သဘောပေါက်ခဲ့သည်။ တစ်ဖက်က နယ်ချဲ့ ရန်လည်း ရှိနေရာ ထိုသို့ ခေတ်မီမှလည်း နယ်ချဲ့ ရန်ကို တွန်းလှန်နိုင်မည်ဟု မြင်ခဲ့ဟန်တူသည်။ ထို့ကြောင့် မြန်မာများ ခေတ်မီရေးကို မင်းသားကြီးသည် အစွမ်းကုန် ကြိုးပမ်းခဲ့လေသည်။

မင်းသားကြီးသည် အင်းဝသို့ ရောက်ရှိနေသည့် အင်္ဂလိပ် ကုန်သည်ကြီး မစ္စတာ ရော်ဂျာထံမှ အင်္ဂလိပ်စာကို သင်ယူသည်။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် အနောက်တိုင်း ဝိဇ္ဇာသိပ္ပံ ဆိုင်ရာ ပညာရပ်များကို လေ့လာ ဆည်းပူးသည်။ အထူးသဖြင့် **ရီး၏ စွယ်စုံကျမ်း** (Ree's Encyclopaedia) ကို လေ့လာ ဆည်းပူးသည်။ မြန်မာ အမျိုးသားတို့ လေ့လာ ဆည်းပူးနိုင်ရန်လည်း ထိုကျမ်းပါ သိပ္ပံပညာရပ် အချို့ကို မြန်မာဘာသာ ပြန်ဆိုသည်။

မင်းသားကြီးသည် အလွန် ခေတ်မီသူ ဖြစ်သည်။ သူ့အိမ် စာကြည့်ဆောင် နံရံတွင် အပူအအေး ချိန်သော သာမိုမီတာနှင့် လေဖိအား ချိန်သော ဗရိုမီတာတို့ကို အမြတ်တနိုး ချိတ်ဆွဲထားသည်။ ကမ္ဘာ လုံးသည် ဟူသော အယူအဆကိုလည်း နှစ်သက် လက်ခံ ယုံကြည်ထားသည်။ ထိုစဉ်က ထိုအယူအဆကို လက်ခံသူမှာ မြန်မာအမျိုးသားတို့ အထဲတွင် အလွန် ရှားပါးလှသည်။ မင်းသားကြီးသည် လော်ဂရစ်သမ် ဂဏန်းသင်္ချာ တွက်နည်းကို အင်းဝရောက် အင်္ဂလိပ် ကုန်သည်ကြီး မစ္စတာလိန်းထံက သင်ကြားလေသည်။

ဘကြီးတော်လက်ထက် ၁၈၂၆ ခုတွင် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ဖြစ်ပွားသည်။ ၂ နှစ်ခန့် တိုက်ခိုက်ကြပြီးနောက် မြန်မာတို့ အရေးနိမ့်သဖြင့် စစ်ပြေငြိမ်းကြသည်။ ရန္တပိုစာချုပ်ကို ချုပ်ဆိုကြသည်။ စာချုပ်အရ မြန်မာတို့က အင်္ဂလိပ်တို့အား ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်း တို့ကို ပေးလိုက်ရသည်။ နှစ်နိုင်ငံ ဆက်ဆံရေး လွယ်ကူစေရန် မြန်မာနေပြည်တော် အင်းဝနှင့် အင်္ဂလိပ်ပိုင် ကာလကတ္တားတို့တွင် အရေးပိုင် ဝန်ကြီးတစ်ဦးစီ ခန့်ထားကြသည်။

အင်္ဂလိပ်တို့က အင်္ဂလိပ် စစ်ဗိုလ်မှူးကြီး ကာနယ် ဗားနေးကို အင်းဝသို့ အရေးပိုင်ဝန်ကြီးအဖြစ် ခန့်အပ် စေလွှတ်လိုက်သည်။ ကာနယ် ဗားနေးသည် အင်းဝတွင် ၇ နှစ်တိုင် နေထိုင်လျက် အမှုထမ်းရွက်ခဲ့လေသည်။ ကာနယ် ဗားနေးသည် အင်းဝသို့ ရောက်သောအခါ မက္ခရာမင်းသားကြီးကို သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံလေသည်။ တွေ့ဆုံသည်မှာ တာဝန်အရ မဟုတ်၊ နိုင်ငံရေးအရ မဟုတ်။ အင်္ဂလိပ်စာ တတ်ကျွမ်း၍ ခေတ်မီ ဝိဇ္ဇာသိပ္ပံ ပညာရပ်များကို လေ့လာလိုက်စားသူ ပညာရှင်တစ်ဦးကို လေးစား ကြည်ညိုသောအားဖြင့် သွားရောက် တွေ့ဆုံခြင်းသာ ဖြစ်သည်။

မင်းသားကြီးကလည်း ကာနယ်ဗားနေးကို ကောင်းစွာ ဆီးကြိုဧည့်ခံသည်။ မင်းသားကြီး၏ စာကြည့်ဆောင် နံရံတွင် သာမိုမီတာနှင့် ဗရိုမီတာတို့ ချိတ်ဆွဲထားသည်ကို ကာနယ်ဗားနေးသည် အံ့ချီးစွာ တွေ့ခဲ့ရသည်။ မင်းသားကြီးနှင့် ကာနယ်ဗားနေးတို့ ပြောဆို ဆွေးနွေးကြသည်တို့မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ မင်းသားကြီးက ကာနယ်ဗားနေးအား လန်ဒန်၊ ကာလကတ္တား၊ အင်းဝ၊ ဘန်ကောက်မြို့များ၏ လတ္တီတွဒ် မျဉ်းကြောင်းများ၊ လောင်ဂျီတွဒ် မျဉ်းကြောင်းများကို မေးသည်။ အဘယ်ကြောင့် သဘောသား အိမ်မြှောင် မြောက်ဘက်သို့သာ ခေါင်းလှည့် နေတတ်သည်ကိုလည်း မေးသည်။ ကောင်းကင်၌ ဒုတိယအကြိမ် ပေါ်ထွက်လာသော ကြယ်တံခွန် အကြောင်းကိုလည်း မေးသည်။ သာမိုမီတာနှင့် ဗရိုမီတာတို့ကို မည်ကဲ့သို့ စီရင် ပြုလုပ်သည်ကိုလည်း မေးသည်။ ထို့ပြင် မင်းသားကြီးက အက္ခရာသင်္ချာကို သူ အလွန် တတ်ကျွမ်းလိုကြောင်းလည်း ပြောလေသည်။

ကာနယ်ဗားနေးသည် မင်းသားကြီး၏ ပညာ ဗဟုသုတကို အထူး လေးစား ချီးကျူးမိသည်။ မင်းသားကြီးကို အထူး လေးစားကြည်ညိုမိသည်။ ထို့ကြောင့် သူ၏မှတ်တမ်းတွင် "ကျွန်ုပ်သည် မင်းသားကြီး၏ ဗဟုသုတ စုံလင်ပုံကို မချီးမွမ်းဘဲ မနေနိုင်ပါ။ ဤမြန်မာနိုင်ငံတွင် မင်းသားကြီးကဲ့သို့ ပညာ ဗဟုသုတ ပြည့်စုံ၍ ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်မျိုးကို မတွေ့ဖူးပါ။ ဤမင်းသားကြီးကဲ့သို့ ပညာဗဟုသုတ အရာတွင် အငတ်မပြေ သိကျွမ်းလိုသော သူမျိုးကို မတွေ့ဖူးပါ" ဟူ၍ ရေးထားခဲ့လေသည်။

မင်းသားကြီးသည် သိပ္ပံပညာကို အထူး ဝါသနာထုံသူ ဖြစ်သည်။ ကာနယ်ဗားနေးနှင့် သာမက အခြား နိုင်ငံခြားသား ပုဂ္ဂိုလ်များနှင့်လည်း သိပ္ပံပညာ အကြောင်း ဆွေးနွေးတတ်သည်။ ကာနယ်ဗားနေးနှင့် မတွေ့မီ ၁၈၂၂ ခုတွင် ဒေါက်တာ ဂျပ်ဆင်နှင့် တွေ့ဆုံစဉ်လည်း သိပ္ပံပညာအကြောင်း ဆွေးနွေးခဲ့ဖူးသည်။ ဒေါက်တာဂျပ်ဆင်က နက္ခတ္တဗေဒနှင့် ပထဝီဝင် ပညာများကို သူနှင့် မက္ခရာ မင်းသားကြီးတို့ ဆွေးနွေးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ ယင်းသို့ မှတ်တမ်းတင်ရာ၌ မက္ခရာ မင်းသားကြီးသည် အနောက်တိုင်း သိပ္ပံပညာကို အထူး လေ့လာလိုက်စားသူ ဖြစ်သည် ဟူ၍လည်း မှတ်ချက်ချထားပေသည်။





မင်းသားကြီးသည် ထိုစဉ်က အင်္ဂလိပ်စာပေ၌ ခေတ်စားသည့် ဂျွန်ဆင်၏ အင်္ဂလိပ် အဘိဓာန်ကို အခေါက်ခေါက် အခါခါ လေ့လာသည်။ ယင်းသို့ လေ့လာရာမှ အင်္ဂလိပ်–မြန်မာ အဘိဓာန်တစ်စောင် ကြိုးပမ်း ပြုစုရသော် နိုင်ငံနှင့် လူမျိုး အတွက် အကျိုးရှိပေအံ့။ မြန်မာတို့ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းရေးအတွက် အထောက်အကူ ရပေအံ့။ ခေတ်မီ ဝိဇ္ဇာသိပ္ပံ ပညာရပ်များကို လေ့လာရာတွင် လည်းကောင်း၊ ယင်းတို့ကို မြန်မာဘာသာ ပြန်ဆိုရာတွင် လည်းကောင်း ကြီးစွာသော အထောက်အကူ ရပေအံ့ဟု ဆင်ခြင်မိရာသည်။

ထို့ကြောင့် သူ့ကို လော်ဂရစ်သမ် ဂဏန်းသင်္ချာ သင်ပေးခဲ့ဖူးသည့် အင်္ဂလိပ် ကုန်သည်ကြီး မစ္စတာ ချားလိန်းနှင့် တွဲဖက်လျက် အင်္ဂလိပ်–မြန်မာ အဘိဓာန်ကို တီထွင် ပြုစုလေသည်။ ပြုစုရာ၌ မစ္စတာလိန်းက ရှေးဦးစွာ အင်္ဂလိပ် အဘိဓာန်ကို မြန်မာဘာသာ ပြန်ဆိုသည်။ ထိုနောက် မြန်မာဘာသာ ပြန်ချက်ကို မင်းသားကြီးက စေ့စပ်သေချာစွာ ပြင်ဆင်တည်းဖြတ်ပေးသည်။ ယင်းအဘိဓာန်ကို ၁၈၃၃ ခုတွင် စ၍တင် ကြိုးပမ်းပြုစုသည်။ ၁၈၄၁ ခုတွင် ကာလကတ္တားမြို့ သာသနာပြု ပုံနှိပ်တိုက်၌ ပုံနှိပ် ထုတ်ဝေနိုင်ခဲ့သည်။ အဘိဓာန်အရွယ်မှာ ဒီမိုင်းဆိုက်ကြီးဖြစ်၍ စာမျက်နှာ ၄၈၆ မျက်နှာ အထုရှိသည်။

ယင်းအဘိဓာန် နိဒါန်းကို မက္ခရာမင်းသားကြီး ကိုယ်တိုင် မြန်မာဘာသာဖြင့် ရေးသားသည်။ နိဒါန်းတွင် ယင်းအဘိဓာန် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်ကို မင်းသားကြီးက ဤသို့ ရေးထားသည်။

"အထူးထူးသော ဘာသာ၊ များစွာသော လူမျိုးတို့တွင် အင်္ဂလိပ် လူမျိုးသည် ဟုတ်မှန်သော၊ ထင်ရှား မျက်မှောက်တွေ့မြင်သော အတတ်ပညာကိုသာ ရှာဖွေ နှိုင်းယှဉ်ပြီးလျှင် ရုံးစု မှတ်သားလေ့ရှိသည် ဖြစ်၍ အင်္ဂလိပ်ဘာသာကို နားလည် သိမြင်ခြင်းသည် ဗဟုသုတအရာ၌ များစွာ အကျိုးရှိသည်။ ထို့ကြောင့် ဗဟုသုတကို အလိုရှိကုန်သော မြန်မာလူမျိုးတို့အား အင်္ဂလိပ်ဘာသာကို မြန်မာဘာသာအားဖြင့် နားလည် သိမြင်စေခြင်း အကျိုးငှာ မက္ခရာ မင်းသားက သဘောသူကြီး ကပ္ပတိန်လျှင်ကို အင်္ဂလိပ် အဘိဓာန်စာ ရှိသည်အတိုင်း မြန်မာဘာသာ မှန်ကန်အောင် ပြန်ဆိုပါဆို၍ မြန်မာသက္ကရာဇ် ၁၁၉၅ ခု၄.စ၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၃၃ ခုနှစ်မှ စ၍ ပြန်ဆို ရေးသားသည်။ ပြန်ဆိုအပ်သော အဘိဓာန်စာ သည်ကား အင်္ဂလိပ်အက္ခရာကို ဖတ်နိုင်ကာမျှ သင်ပြီး၍ ရှေ့နောက်စကား ကြည့်ရှု မှတ်သားပြီးလျှင် ထိုအဘိဓာန်စာကို အမှီပြု၍ အင်္ဂလိပ်ပညာ စာ ၄၅ မှ စ၍ အင်္ဂလိပ်စာတို့ကို မြန်မာဘာသာအားဖြင့် သိမြင် နားလည် နိုင်ရာသည်။"



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ဆိုလျှင် ယင်း အဘိဓာန်ကြီး ပေါ်ထွက်ခဲ့သည်မှာ နှစ်ပေါင်း ၁၂၀ ကျော် ရှိခဲ့ပြီ။ ယင်းအဘိဓာန်သည် မြန်မာနိုင်ငံသားတို့ကို အင်္ဂလိပ်ဘာသာ သင်ကြားရာ၌ ကောင်းစွာ အထောက်အကူ ပြုနိုင်ခဲ့သည်။ မြန်မာဘာသာ သင်ကြားသော နိုင်ငံခြားသားများကိုလည်း ကောင်းစွာ အထောက်အကူ ပြုခဲ့သည်။ ထို့ပြင် "လမ်းရိုးဟောင်းတွင်၊ ဆင့်ကာထွင်သို့၊ သုတ်သင်ကာမျှ၊ လွယ်ကာရလိမ့်" ဟူသော ဆောင်ပုဒ်နှင့်အညီ နောင်း အဘိဓာန် ဆရာများကိုလည်း ကောင်းစွာ အထောက်အကူ ပြုခဲ့ပေသည်။


ယင်းအဘိဓာန်ကို ပထမအကြိမ်သာ ရိုက်နှိပ်နိုင်ခဲ့သဖြင့် ယခုအခါတွင် အလွယ်တကူ ရှာဖွေ မတွေ့နိုင်တော့ပေ။ သို့ရာတွင် ကျွန်တော် သိရသမျှ မပျက်မစီးဘဲ ကြွင်းကျန်နေသေးသည့် ယင်းအဘိဓာန် နှစ်အုပ်ကား ရှိနေသေးသည်။ တစ်အုပ်မှာ အမေရိကန်ပြည် ဝါရှင်တန်မြို့ ကွန်ဂရက် စာကြည့်တိုက်တွင် ရှိသည်။ တစ်အုပ်ကား ရန်ကုန်မြို့ ယဉ်ကျေးမှုဌာန အမျိုးသားစာကြည့်တိုက်တွင် ရှိသည်။ မြန်မာစာပေ သမိုင်းတွင် ဒေါက်တာ ဂျပ်ဆင်၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်၊ ဦးထွန်းငြိမ်း၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်၊ ဦးရွှေကြူး၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်၊ ဒေါက်တာဘဟန်၏ အင်္ဂလိပ်–မြန်မာ အဘိဓာန် စသည်ဖြင့် အင်္ဂလိပ်–မြန်မာ အဘိဓာန်များ ရှိရာ၊ မက္ခရာမင်းသားကြီး၏ ဤ အင်္ဂလိပ်–မြန်မာ အဘိဓာန်သည် အစောဆုံး ဖြစ်ပေသည်။ ဤတွင် အင်္ဂလိပ်–မြန်မာ အဘိဓာန်ပြုစုသော မြန်မာလူမျိုးများထဲတွင် မက္ခရာမင်းသားကြီးသည် ပထမဆုံး ဖြစ်သည်ဟု ဆိုရပေမည်။

မက္ခရာမင်းသားကြီးသည် ပညာအရာတွင် ထက်မြက်ရုံမျှမက သိက္ခာ သမာဓိနှင့်လည်း အထူး ပြည့်စုံဟန် တူသည်။ နောင်တော် "ဘကြီးတော်မင်း" ကို သာယာဝတီမင်းသား ပုန်ကန်သောအခါ စေ့စပ် ဆွေးနွေးရေးအတွက် မက္ခရာ မင်းသားကြီးပင် ဦးဆောင် ဆောင်ရွက်ခဲ့ရပေသည်။

မင်းသားကြီးသည် မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ဖွား၍ ၁၂၁၀ ပြည့်နှစ်၊ အသက် ၅၇ နှစ် အရွယ်တွင် လွန်သည်။

ယောမင်းကြီး ဦးဘိုးလှိုင်

(ပထမ သိပ္ပံစာပေ ပြုစုသူ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် မြန်မာ့သမိုင်း၌ မင်းလိုလိုက်၊ မင်းကြိုက်မဆောင်ဘဲ မှန်ရာကို ပြောရဲ၊ ရေးရဲ၊ ပြုရဲသော ပုဂ္ဂိုလ်များအကြောင်း ပြောလျှင် ဦးဘိုးလှိုင်၏ အမည်ကို ထိပ်တန်းတင်၍ ပြောတတ်ကြသည်။ တစ်ဖန် မြန်မာစာပေ လောက၌ သိပ္ပံစာပေ ပြုစုသူများအကြောင်း ပြောလျှင်လည်း ဦးဘိုးလှိုင်၏ အမည်ကို ထိပ်တန်းတင်၍ ပြောတတ်ကြပေသည်။

ဦးဘိုးလှိုင်သည် မြန်မာ့သမိုင်း၌ ယောအတွင်းဝန်၊ ယောမင်းကြီး၊ ရွှေပြည်ဝန်၊ ရွှေပြည်မင်းကြီး၊ ဝက်မစွတ်မြို့စား၊ မကွေးမြို့စား ဝန့်ရှင်တော်မင်းကြီး၊ သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူ စသော ဘွဲ့အမည် အမျိုးမျိုးဖြင့် ထင်ရှားသူ ဖြစ်ပေသည်။

ဦးဘိုးလှိုင်ကို ၁၁၉၁ ခုတွင် မြင်းခြံမြို့အထက် ရွာပုလဲရွာ၌ ဖွားမြင်သည်။ အဖမှာ ယင်းတောဝန်ကြီး ဖြစ်သည်။ ယင်းတောဝန်ကြီးသည် သာယာဝတီမင်း စိတ်နောက်စဉ် အသတ်ခံခဲ့ရသည်။ ဦးဘိုးလှိုင်သည် ငယ်စဉ်ကပင် မင်းတုန်းမင်းသားထံ ခစား ထမ်းရွက်သည်။ မင်းတုန်းမင်းသား ဘုရင် ဖြစ်လာသောအခါ သူကောင်းမြှောက်ခြင်း ခံရသည်။ အသက် ၂၄ နှစ် အရွယ်တွင် မကွေးမြို့စား ဝန်ကြီး၏သမီး ခင်ဖြူနှင့် ထိမ်းမြား လက်ထပ်သည်။ ထိုအချိန်၌ ခင်ဖြူသည် အသက် ၂၀ မျှသာ ရှိသေးသည်။ ဦးဘိုးလှိုင်သည် မင်းတုန်းမင်း လက်ထက်မှစ၍ သီပေါမင်း လက်ထက်တိုင် အတွင်းဝန်၊ မြို့စား၊ အတိုင်ပင်ခံ ပညာရှိ စသော ရာထူးတို့ဖြင့် အမှုထမ်းရွက်သည်။ တစ်ဖက်ကလည်း မြန်မာစာပေလောက၌ ထင်ရှားသည့် ဝိဇ္ဇာသိပ္ပံ ပညာရပ်ဆိုင်ရာ ကျမ်းများကို ပြုစုသည်။

မင်းမှုထမ်းဘဝ၌ ရှိစဉ် ဦးဘိုးလှိုင်သည် မင်း အလိုလိုက်၊ မင်း အကြိုက် မဆောင်ခဲ့။ ရာထူး စည်းစိမ်ကို မငဲ့ခဲ့။ မှန်ရာကို ပြောခဲ့၊ ရေးခဲ့၊ ပြုခဲ့သည်။ ဤတွင် မကြာခဏ ဘုရင် မျက်သည်ကို ခံခဲ့ရသည်။ သုံးကြိမ်ထက် မနည်း ရာထူးစည်းစိမ် နုတ်သိမ်းခြင်း ခံရသည်။ အကျယ်ချုပ် ချထားခြင်း ခံရသည်။





တစ်ကြိမ်၌ ဦးဘိုးလှိုင်က 'ဗျစ်ရည်သည် ဆေးခါးကြီးနှင့် တူသည်' ဟု ဆိုလိုက်သည်။ ဘီယာသောက်ခြင်း၌ အပြစ် တစ်စုံတစ်ရာ မရှိကြောင်း ဆိုလိုရင်းပင် ဖြစ်သည်။ ဤတွင် မလိုသူတို့က ကုန်းချောကြသဖြင့် မင်းတုန်းမင်းကြီးသည် ဦးဘိုးလှိုင်ကို လူအများ သေရည်သေရက် သောက်စားအောင် လှုံ့ဆော်သည် ဆိုကာ အကျယ်ချုပ်ဖြင့် ရာထူးမှ ချခဲ့သည်။ သို့ရာတွင် အရည်အချင်းနှင့် အထူး ပြည့်စုံသော ဦးဘိုးလှိုင်ကို လက်မလွှတ်နိုင်သဖြင့် ၆ လ အကြာတွင် ရာထူး ပြန်ပေးခဲ့ရသည်။

တစ်ခါသော် သမီး၊ နှမ စသည်တို့ကို ပေးဆက်လျက် အခွင့်အရေးယူသူ အမှုထမ်းတစ်ဦးကို မင်းတုန်းမင်းကြီးက မျက်နှာသာ ပေးထားသည်။ ဤတွင် ဦးဘိုးလှိုင်က မသင့်ကြောင်း မင်းတုန်းမင်းကို သတိပေးခဲ့သည်။ နောက်ဆုံး သတိပေး၍ မရသဖြင့် မှူးမတ်စုံညီ ရှေ့တွင် –

'အစ်မ နှမ၊ သမီးကကို၊ စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ်မရှိ၊ သတိကင်းကွာ၊ ဘုန်းကြီးလာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း'

ဟု လျှောက်တင်လိုက်သည်။

မင်းတုန်းမင်းကြီးသည် အမျက်ပြင်းစွာ ထွက်သဖြင့် လှံကို ကောက်ကိုင်လိုက်ကာ 'သည်လှံနှင့် ငါ့ခမည်းတော် စီရင်၍ နင့်အဖ ယင်းတော ဝန်ကြီး သေခဲ့သည် မဟုတ်လော၊ သည်လှံနှင့် မောင်မင်းကို စီရင်ခြင်း ခံလိုသလော' ဟူ၍ မေးလိုက်သည်။

ထိုအခါ ဦးဘိုးလှိုင်သည် အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိဘဲ 'ထိုးတော်မူပါ ဘုရား' ဟူ၍ ဆိုလျက် ရင်ဘတ်ကို ကော့ပေးလိုက်သည်။ မင်းတုန်းမင်းကြီးလည်း စိတ်မာန်ချကာ အတွင်းတော်သို့ ဝင်သွားလေသည်။

ဤတွင် အခြား မှူးမတ်များက 'ဝန်ကြီးမင်းမလဲ တင်းတင်းမာမာ ရဲပဲရဲလွန်းလှသဗျာ' ဟု ပြောကြသည်။ ထိုအခါ ဦးဘိုးလှိုင်က 'ကျွန်ုပ်အဖို့ လှံနှင့်ထိုးသတ်၍ သေရခြင်းကား မြတ်သည်။ နေရာတိုင်း မင်းလိုလိုက်၍ စီမံသော် မကောင်းမှု ဖြစ်ပွားနေသည့်အတွက် နိုင်ငံတော် ပျက်စီးခြင်း ဖြစ်လေရသည်ဟု ဤနာမည်မျိုး ကျန်ရစ်ခဲ့ပါလျှင် သေကျိုးမနပ် ဖြစ်သည်။ ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့် လူအပေါင်းတို့ နှာခေါင်းရှုံ့ကြမည်ကို ကြောက်စရာ ကောင်းသည်။ မှူးမတ် ဆိုသည့်အတိုင်း၊ အကြီးအမှူး ဖြစ်သည့်အတိုင်း တည့်တည့်မတ်မတ်ဖြစ်အောင် စီမံ ခန့်ခွဲလျက် လျှောက်တင်ခွင့်ရှိက အသက်ကို စွန့်၍ ရဲရဲဝံ့ဝံ့ တင်ကြရမည်။ သို့မှ မှူးမတ်နှင့် တူသည်' ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီး နောက်တစ်နေ့တွင် ဦးဘိုးလှိုင်သည် အကျယ်ချုပ်ဖြင့် ရာထူးမှ လျှော့ချခြင်း ခံရလေသည်။ သို့ရာတွင် ၁၂၃၆ ခုနှစ်တွင် ပတ္တမြားနယ်မြေ ဓာတ်သတ္တု တူးဖော်ရေးဆိုင်ရာ မြန်မာ-ပြင်သစ် စာချုပ်ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြား သံတမန်ဆက်ဆံရေး ကိစ္စ ပေါ်လာသောအခါ မင်းတုန်းမင်းကြီးသည် ဦးဘိုးလှိုင်ကို ပြန်ခေါ်ရပြန်လေသည်။

သီပေါမင်း လက်ထက်တွင်လည်း ဦးဘိုးလှိုင်သည် အရာကျခဲ့ပြန်သည်။ ဦးဘိုးလှိုင်သည် သက်ဦးဆံပိုင် ဘုရင်စနစ်အရ အုပ်ချုပ်မှုကို တော်လှန်လျက် ပြည်သူ့အာဏာဖြင့် အုပ်ချုပ်မှုကို ကြိုဆိုသည့် "ရာဇဓမ္မ သင်္ဂဟကျမ်း" ကို ရေးသားပြုစုရာ ဘုရင်က မနှစ်သက်နိုင်အောင် ဖြစ်နေသည်။ ထိုအတွင်း 'ဘုရင်မင်းမြတ်သည် လွန်စွာ အသုံးအဖြုန်း ကြီးသည်။ ဘဏ္ဍာတော် ဆိုသည်မှာ ဆင်းရဲသားတို့၏ ချွေးနဲ့စာမှ ညှစ်ထုတ်ယူထားသည် ဖြစ်၍ ကျောက်ခဲသလဲကဲ့သို့ သဘောမထားသင့်ပါ' ဟု ဆိုကာ ဘုရင့် ဘဏ္ဍာရေးအာဏာကို ကန့်သတ်ရန် ကြိုးပမ်းသည်။ ဤတွင် မိဖုရားက 'ရှင်ဘုရင် လုပ်ရတာ လှိုင် ပေးသလောက်နဲ့ စားရမှာတဲ့လား။ ဒီလိုဖြင့် ရှင်ဘုရင်တောင် မလုပ်ချင်ပါဘူး' ဟု ဒေါမာန်ပါပါဖြင့် ပြောရာ သီပေါမင်းကပါ နားယောင်လျက် ဦးဘိုးလှိုင်ကို ရာထူးမှ ချလိုက်သည်။ ဤအကြိမ်သည် နောက်ဆုံးအကြိမ် အရာကျခြင်း ဖြစ်သည်။ ထပ်မံ၍ ရာထူးခန့်ထားခြင်း မခံရတော့ပေ။ သို့ရာတွင် ဦးဘိုးလှိုင်က မမှုခဲ့၊ စိတ်ဓာတ် မကျခဲ့။ အေးချမ်းစွာ ခြံဥယျာဉ်အလုပ်ကို လုပ်ကိုင်လျက် မိမိ ဝါသနာပါသော ကျမ်းပြုခြင်း အလုပ်ကို လွတ်လပ်စွာ ဖိ၍ လုပ်ကိုင်ခဲ့ပေသည်။

ဦးဘိုးလှိုင်သည် မြန်မာ၊ ပါဠိ၊ သက္ကတ စာပေတို့အပြင် မျိုးခြားစာပေများကိုလည်း ဆည်းပူး လေ့လာသည်။ အမှန်တရားကို စူးစမ်း ရှာဖွေ၍လည်း ဖော်ထုတ်လေ့ ရှိသည်။ မင်းတုန်းမင်း လက်ထက်တွင် "ကမ္ဘာ လုံးသည်၊ ပြားသည်" ဟူသော ပြဿနာ ပေါ်ပေါက်ခဲ့ရာ "ကမ္ဘာ လုံးသည်" ဟူသော အယူအဆဘက်မှ ရဲရဲဝံ့ဝံ့စွာ မားမားမတ်မတ် ရပ်ခဲ့သည် ဆိုသည်။ ထို့ကြောင့် ကနောင်မင်းသားနှင့် ဦးဘိုးလှိုင်တို့သည် အလွန် တွဲဖက်ညီကြသည်။ သူတို့သည် ခေတ်သစ်ထူထောင်လိုသူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံကို အခြားသော တိုးတက်သည့်နိုင်ငံများ နည်းတူ တိုးတက်စေလိုသည်။ သို့မှသာလည်း နယ်ချဲ့ရန်ကို တွန်းလှန်နိုင်မည်ဟု မြင်ထားကြဟန် တူသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ခေတ်မီ တိုးတက်ရေးကို အစွမ်းကုန် ဆောင်ရွက်ကြသည်။ ဦးဘိုးလှိုင်က သဘောတရားရေး ဆရာ၊ ကနောင်မင်းသားက လက်တွေ့ဆရာ ဖြစ်ရာ အလွန် လိုက်ဖက်ညီကြသည်။ ဘာသျှကာရ ဆရာ စီရင်သော လီလာဝတီ ဂဏန်းကျမ်း ကို သက္ကတမှ မြန်မာသို့





ဦးဘိုးလှိုင် ပြန်ဆိုခဲ့သည်မှာ ကနောင်မင်းသား၏ တိုက်တွန်းချက်အရ ဖြစ်ပေသည်။

ထိုစဉ်က ကနောင်မင်းသားကြီး၏ စီမံကိန်းအရ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ နိုင်ငံများသို့ မြန်မာ ပညာတော်သင်များ စေလွှတ်ခဲ့သည်။ ယင်းတို့အထဲတွင် ဦးဘိုးလှိုင်၏ တပည့်များလည်း ပါဝင်သည်။ ဦးဘိုးလှိုင်သည် ထိုသူတို့၏ အကူအညီဖြင့် အနောက်တိုင်း ဝိဇ္ဇာသိပ္ပံ ပညာရပ်တို့ကို ကောင်းစွာ လေ့လာဆည်းပူးခွင့် ရခဲ့သည်။ တစ်ဖန် ယင်းတို့ကို လေ့လာဆည်းပူးရုံဖြင့် အားမရ၊ မြန်မာလူထု လက်သို့ ရောက်အောင်လည်း ဆီလျော်အောင် ပြန်ဆို ပြုစုပေးခဲ့ပေသည်။

ဦးဘိုးလှိုင် ရေးသား ပြုစုခဲ့သော ကျမ်းများမှာ နှောင်းလူတို့ ရှာဖွေတွေ့ရှိသမျှ စုစုပေါင်း ၁၄ ကျမ်း ဖြစ်သည်။ ယင်းတို့မှာ (၁) လီလာဝတီ ဂဏန်းကျမ်း (၁၂၂၅)။ (၂) လောကဓာတ် ဆေးကျမ်း (၁၂၃၀)။ (၃) လိပိဒီပိကာကျမ်း (၁၂၃၁)။ (၄) သဒ္ဒသင်္ဂဟကျမ်း (၁၂၃၁-၁၂၃၅)။ (၅) အဿဗေဒကျမ်း။ (၆) ဝိမုတ္တိရသကျမ်း (၁၂၃၃)။ (၇) မဟာ သမ္မတ ဝိနိစ္ဆယကျမ်း (၁၂၃၄)။ (၈) ကာယာနုပဿနာကျမ်း (၁၂၃၇)။ (၉) ဝိပဿနာ ဉာဏ်ဆယ်ပါး (၁၂၃၉)။ (၁၀) ရာဇဓမ္မ သင်္ဂဟကျမ်း (၁၂၄၀)။ (၁၁) နဝသိဒ္ဓန္တ လက်ရိုးကျမ်း (၁၂၄၁)။ (၁၂) ဥတုဘောဇန သင်္ဂဟကျမ်း (၁၂၄၂)။ (၁၃) အလင်္ကာနိဿယကျမ်း (၁၂၄၂)။ (၁၄) မဟာသုဓာတက ကျမ်း (၁၂၄၃) တို့ ဖြစ်ကြသည်။

ယင်းတို့အနက် လောကဓာတ် ဆေးကျမ်းသည် ပြင်သစ်ဘာသာဖြင့် ပါမောက္ခ အင်ဒရီ မရီ အမ်ပီယာ ( Andre Marie Ampere) ရေးသည့် ဓာတုဗေဒ ပညာရပ်ဆိုင်ရာ ကျမ်းကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ပြန်ဆိုသော ကျမ်း ဖြစ်သည်။ ပြင်သစ်ပြန် ဖန်ချက်ဝန်ထောက် မင်းထင်ပညာ သိဒ္ဓိကျော်၏ အကူဖြင့် ပြန်ဆိုသည်။ ယင်းကျမ်း၌ ဓာတုဗေဒ ပညာရပ်ကို သာမက ရူပဗေဒ ပညာရပ်ကိုပါ တင်ပြထားသည်။ ဓာတုဗေဒ သဘောဖြစ်သည့် ဓာတ်အကြောင်း၊ ဓာတ်စင်တို့ အကြောင်း စသည်တို့ကို တင်ပြသည့် နည်းတူ ရူပဗေဒသဘော ဖြစ်သည့် အလင်း၊ အပူ၊ လျှပ်စစ်၊ အသံ စသည်တို့ အကြောင်းကိုလည်း တင်ပြထားသည်မှာ စုံလင်လှပေသည်။ ယင်းကျမ်းသည် ဘာသာပြန်ဆိုပုံ ကျစ်လျစ်သိပ်သည်း၍ အဓိပ္ပာယ် တိကျသည်ဟု ဆိုကြသည်။ ခဲရာခဲဆစ်ဖြစ်သော သိပ္ပံဝေါဟာရတို့ကို မြန်မာ အဂ္ဂိရတ်ကျမ်းတို့၌ ရှိပြီးဖြစ်သော ပါဠိ၊ သက္ကတ ဝေါဟာရတို့နှင့် ညှိနှိုင်း ပြန်ဆိုသည်။ ဥပမာ- အခဲကို ဃန၊ အရည်ကို ဒဝ၊ အငွေ့ကို ဓူမ၊ ဒြပ်စင်ကို သုဒ္ဓ၊ အောက်စီဂျင်ကို ရီတိဇ စသည်ဖြင့် ပြန်ဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com




ထိုခေတ် လူတို့ နှစ်သက်လက်ခံသော ဝေါဟာရများကို ဦးစားပေး အသုံးပြုထားခြင်းပင် ဖြစ်သည်။

လိပိဒိပိကာ ကျမ်းသည် မော့စ် ဥပဒေကို အခြေခံထားလျက် မြန်မာဘာသာဖြင့် ကြေးနန်းရိုက်နည်းကို တီထွင် ပြုစုသောကျမ်း ဖြစ်သည်။ ထိုကျမ်းကို မန္တလေးမြို့၌ ရုံးစိုက်သော ဗြိတိသျှ ကိုယ်စားလှယ် မေဂျာ မက္ကမေဟန်က အင်္ဂလိပ်ဘာသာ ပြန်ဆိုသည်။ မြန်မာမင်းပိုင် နေပြည်တော်အတွင်း ကြေးနန်းသွယ်တန်း ဆက်သွယ်ပြီးနောက် ကြေးနန်းဆက်သွယ်ရေး အလုပ်သမားတို့ အကျိုးငှာ ပြုစုခြင်း ဖြစ်သည် ဆိုသည်။

ကာယာနုပဿနာကျမ်းသည် အီတာလျံ ဘာသာဖြင့် ရေးသားထားသော ခန္ဓာဗေဒကျမ်း (Anatomy) ကို ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားနှင့် ယှဉ်ပြသော ကျမ်း ဖြစ်သည်။ မဟာသုဓာတက ကျမ်းမှာမူ ဗေဒင်ပညာရပ်တို့ကို နက္ခတ္တဗေဒ (Astronomy) နှင့် ယှဉ်ပြသောကျမ်း ဖြစ်သည်။

အထင်ရှားဆုံးမှာ "ဥတုဘောဇန သင်္ဂဟကျမ်း" ဖြစ်သည်။ နောက်ဆုံးအကြိမ် ရာထူးကျပြီးနောက် ရေးသား ပြုစုသောကျမ်း ဖြစ်သည်။ ပါဠိ၊ သက္ကတ

ယောမင်းကြီး ဦးဘိုးလှိုင်





ဆေးကျမ်းများနှင့် အနောက်တိုင်း ဆေးကျမ်းတို့ကို နှိုင်းယှဉ်ပြုကာ မြန်မာမှု၊ မြန်မာ့ဟန် မပျက် တင်ပြထားသော ဆေးကျမ်းဖြစ်သည်။ ထိုခေတ် မြန်မာတို့အတွက် ပြည်သူ့ ကျန်းမာရေးလမ်းညွှန် ဖြစ်သည်ဟု ဆိုသင့်သည်။ ထိုကျမ်းကို ဦးဘိုးလှိုင်သည် မကွယ်လွန်မီ ၃ နှစ် အလိုတွင် ရေးသား ပြီးစီးခဲ့သည်။ သူကွယ်လွန်ပြီး တစ်နှစ်အကြာ ၁၂၄၆ ခုနှစ်တွင် သီပေါဘုရင် ပုံနှိပ်စက်၌ ရိုက်နှိပ်ခဲ့သည်။

ဥတုဘောဇန သင်္ဂဟကျမ်းသည် ဆေးပညာအနေဖြင့် အဖိုးထိုက်သော ကျမ်းတစ်ကျမ်းလည်း ဖြစ်သည်။ မြန်မာစကားပြေ အရေးအသား အနေဖြင့်လည်း အဖိုးထိုက်သော ကျမ်းတစ်ကျမ်း ဖြစ်သည်။ အထူးသဖြင့် သိပ္ပံပညာကို မြန်မာစကားပြေဖြင့် ရေးသား ဖော်ပြရာတွင် စံပြုထိုက်သော ကျမ်းဖြစ်သည်။ အရေးအသားမှာ အပိုအလို မပါ။ လွန်စွာ ကျစ်လျစ်သိပ်သည်းသည်။ တိကျသည်။ ရှင်းလင်းသည်။ ပြတ်သားသည်။

ထိုကျမ်း၌ Carbon ကို မီးသွေး၊ Acid ကို ငရဲမီး၊ Beer ကို ဗျစ်ခါး စသည်ဖြင့် ပြန်ဆိုထားသည်။ မြန်မာဘာသာ ပြန်ဆို၍ မထိမိသော ဝေါဟာရများကိုမူ ဟိုက်ဒရော်ဂျင် (Hydrogen)၊ အောက္ကစီဂျင်း (Oxygen)၊ နိုက်ထရကာစစ် (Nitric Acid)၊ ကလော်ရစ်အာစစ် (Chloric Acid)၊ ဝှစ္စကီ (Whisky)၊ ဗြန္ဒီ (Brandy)၊ ရွန် (Rum)၊ ဝိုင် (Wine)၊ ဇင် (Gin) စသည်ဖြင့် အသံလှယ် ပြန်ဆိုသည်။ နည်းမိုး အတုယူဖွယ်ပင်။

မြန်မာ့သမိုင်း၌ မက္ခရာမင်းသားကြီးသည် ရီး၏ စွယ်စုံကျမ်း (Ree's Encyclopaedia) မှ သိပ္ပံပညာရပ် အချို့ကို မြန်မာဘာသာ ပြန်ဆိုသည်ဟု ဆိုသည်။ သို့ရာတွင် အခိုင်အခံ့ကား မကျန်ခဲ့ပေ။ မက္ခရာ မင်းသားကြီးနည်းတူ အခြား ပြန်ဆိုသူများ ရှိကောင်း ရှိဦးမည်လား မဆိုနိုင်ပေ။ သို့ရာတွင် အခိုင်အခံ့ကား မကျန်ခဲ့ပေ။ အခိုင်အခံ့ ရပ်တည် ကျန်ရှိနေသည်ကား ဦးဘိုးလှိုင် ပြုစုသည့် သိပ္ပံစာပေတို့သာ ဖြစ်သည်။ ဤတွင် မြန်မာလူမျိုးများထဲ၌ အနောက်တိုင်း သိပ္ပံစာပေကို အခိုင်အခံ့ တည်ရစ်အောင် ပထမဆုံး ပြန်ဆို ပြုစုခဲ့သူမှာ ဦးဘိုးလှိုင်ပင် ဖြစ်သည်ဟု ဆိုသော် ရအံ့ထင်သည်။

ဦးဘိုးလှိုင်သည် ယင်းသို့ ပညာအရာ၌ စံတင်ထိုက်သည်သာ မက စိတ်ဓာတ်အရာတွင်လည်း စံတင်ထိုက်သည်။ သက်ဦးဆံပိုင် ဘုရင်၏ ထံပါးတွင် အမှုထမ်းရပါလျက် အသက်အိုးအိမ် စည်းစိမ်ကို ဂရုမပြု။ ပြည်သူတို့ဘက်မှ နေ၍ မှန်ရာကို ပြောခဲ့၊ ရေးခဲ့၊ ပြုခဲ့သည်မှာ လွန်စွာ အံ့ချီးဖွယ်ရာ ဖြစ်ပေသည်။ ဦးဘိုးလှိုင်သည် သူရသတ္တိနှင့် ပြည့်စုံသည်သာမက အလွန်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်မှန်၏။ ပွင့်လင်း၏။ ပြတ်သား၏။ ထို့ပြင် ခွင့်လွှတ်တတ်သော သဘော လည်း ရှိ၏။ မိမိ အရာကျအောင် ကုန်းချောသော သူများကို မည်သည့်အခါမှ ရန်တုံ့မမူခဲ့ပေ။ တစ်ခါသော် ဦးဘိုးလှိုင်အား အရာကျအောင် မင်းတုန်းမင်းအား ကုန်းချောခဲ့သော တောင်ထားဝယ် ဗိုလ်ကလေး ရတနာ့ဂူ ဘုရားပွဲတော်၌ မီးကျည် သင့်၍ သေဆုံးသွားသည်။ ထိုအခါ မင်းမှုထမ်း တစ်ဦးက 'ဝန်မင်းကို ကုန်းချော တဲ့သူ သေပါရော့လား။ ရှေးက ဝိပါက် ၇ ရက်၊ ကာလဝိပါက် နောက်ပိုးတက် ဆိုတာ မှန်ပါရော့လား' ဟု ဝမ်းသာအားရ ပြောလာသည်။ ဤတွင် ဦးဘိုးလှိုင်က 'သူသေတာ ငါနဲ့ မဆိုင်ပါဘူးကွယ်။ သူလည်း သူ့ကံနဲ့သူ၊ ငါလည်း ငါ့ကံနှင့် ငါပါ။ သည်ဟာနှင့် စပ်လျဉ်းလို့ နောက်ထပ် မည်သူ့ကိုမျှ မပြောလေနှင့်နော်' ဟူ၍ ပြောဆို တားမြစ်ခဲ့လေသည်။

ဦးဘိုးလှိုင်သည် အသက် ၅၄ နှစ်အရွယ်၊ ၁၂၄၅ ခုတွင် ကွယ်လွန် သည်။ ကွယ်လွန်ခါနီး တစ်လခန့် အလိုတွင် သူ၏ ငယ်သူငယ်ချင်း ဦးတူ ကို အိမ်သို့ ခေါ်ထားသည်။ သူငယ်ချင်းနှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြသည်။ ဗုဒ္ဓတရားတော်ကို ဆွေးနွေး ကြသည်။ ရွှတ်ဖတ်သရဇ္ဈာယ် ပြုကြသည်။ ယင်းသို့ ပြုရင်းပင် ဦးဘိုးလှိုင်သည် သေခြင်းတရားကို တုန်လှုပ်ကြောက်ရွံ့ခြင်း မရှိ၊ အေးအေးဆေးဆေး ရင်ဆိုင် သွားလေသည်။ သူ ကွယ်လွန်သည်မှာ ကာလကြာပြီ ဖြစ်သော်လည်း သူ့အမည်၊ သူ့စာ၊ သူ့စိတ်ဓာတ်၊ သူ့ကြိုးပမ်းချက်တို့ကား မကွယ်ပေ။ ယနေ့တိုင် ရှင်သန် ဆဲပင် ဖြစ်လေသည်။ ထို့အတူ အောက်ပါ သူ၏ လက်သုံး စကားသည်လည်း ရှင်သန်ဆဲပင် ဖြစ်ပေသည်။

"တရားဟူသည် အဟောင်းအသစ် မဆိုသာ။ သဘော အမှန်အကန် ကျ၍ ကောင်းသည်သာ ပမာဏ ဖြစ်သည်" ။ ။

ဒေါက်တာ ရှော်လူး
(ပထမ ဆရာဝန်)



အသက် ၈၃ နှစ် အရွယ် ဒေါက်တာရှော်လူး

www.burmeseclassic.com

လူ့ဘဝ၌ လူသားတို့ ကောင်းကျိုးကို ဆောင်နိုင်သော အလုပ် အမျိုးမျိုး ရှိသည်။ ထို အလုပ် အမျိုးမျိုးသည် သူ့ဂုဏ်နှင့် သူ တင့်တယ်ကြသည်သာ ဖြစ်သည်။ ထိုသို့ တင့်တယ်သော အလုပ်အမျိုးမျိုး ရှိကြသည်အနက် စာရေးဆရာ အလုပ်နှင့် ဆရာဝန် အလုပ်ကို ကျွန်တော် အမြတ်နိုးဆုံး ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် စာရေးဆရာသည် လူသားတို့၏ စိတ်ရောဂါကို ကုသပေးနိုင်၍၊ ဆရာဝန်သည် လူသားတို့၏ ကိုယ်ရောဂါကို ကုသပေးနိုင်သောကြောင့်ပင်တည်း။

သည်မွန်မြတ်သော အလုပ် နှစ်ရပ်အနက် မြန်မာနိုင်ငံ၌ စာရေးဆရာများ ပေါ်ထွန်းသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။ သို့ရာတွင် အနောက်တိုင်း ခေတ်မီ ဆေးပညာနည်းဖြင့် ကုသသော မြန်မာဆရာဝန်များ ပေါ်ထွန်းသည်မှာမူ မကြာလှသေးပေ။ အနှစ် တစ်ရာခန့်သာ ရှိပေဦးမည်။ ယင်းသို့ ပေါ်ထွန်းသည့် ဆရာဝန်များ အထဲတွင် မွန်လူမျိုး ဆရာဝန် ဒေါက်တာ ရှောလူး သည် ပထမဆုံး ဖြစ်လေသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ သားများထဲမှ အနောက်တိုင်း ဆေးပညာကို အစပြုခဲ့သူမှာ မွန်လူမျိုး ဒေါက်တာ ရှောလူးပင် ဖြစ်သည်ဟု ဆိုသင့်ပေသည်။

သို့ရာတွင် ဒေါက်တာ ရှောလူးသည် အနောက်တိုင်း ဆေးပညာကို မြန်မာနိုင်ငံသားများထဲမှ ပထမဆုံး စတင် သင်ယူသူကား မဟုတ်ပေ။ ပထမဆုံး စတင် သင်ယူသူမှာ အမ္ဗရိုစ် ဒိရိဇားရီးယိုး ဆိုသူ ဖြစ်သည်ဟု ဆိုသည်။ သူသည် မြန်မာနိုင်ငံသားတစ်ဦး ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန် သာသနာပြု လုပ်ငန်းများကို လာရောက်ဆောင်ရွက်သော အီတာလျံ ဘုန်းတော်ကြီး ဖာသာ စင်ဂါမားနိုးသည် ၁၈၀၆ ခုတွင် အီတလီပြည်သို့ ပြန်သွားသည်။ သူနှင့်အတူ ဒိရိဇားရီးယိုးသည် လိုက်ပါသွားကာ အီတလီ၌ ဆေးပညာရပ်များကို သင်ယူလေ သည်။ သို့ရာတွင် ဘာကြောင့်ဟူ၍ မသိရ။ ဒေါက်တာ ဒိရိဇားရီးယိုးသည် အမိ မြန်မာနိုင်ငံသို့ ပြန်ရောက် မလာခဲ့ပေ။





အနောက်တိုင်း ဆေးပညာကို ပထမဆုံး သင်ကြားသူ မဟုတ်သော် လည်း ဆေးပညာ တတ်မြောက်၍ အမိ မြန်မာနိုင်ငံသို့ ပထမဆုံး ပြန်လာ အမှုထမ်းသူ (ဝါ) မြန်မာနိုင်ငံတွင် အနောက်တိုင်း ဆေးပညာမျိုးစေ့ကို စတင် ချခဲ့သူကား ဒေါက်တာ ရှောလူးပင် ဖြစ်လေသည်။

ဒေါက်တာ ရှောလူးသည် မော်လမြိုင်ဇာတိ ဖြစ်သည်။ အဖမှာ ဦးရွှေသက်၊ အမိမှာ ဒေါ်ဖွားလှ ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင် မွန်လူမျိုးများ ဖြစ်ကြသည်။ မောင်ရှောလူးကို ၁၈၃၉ ခုတွင် ဖွားမြင်သည်။ ထိုအချိန်၌ မော်လမြိုင်မြို့ အပါအဝင် တနင်္သာရီနယ်သည် အင်္ဂလိပ် လက်အောက်၌ ကျရောက်နေပြီ။ အထက် မြန်မာ နိုင်ငံကိုမူ သာယာဝတီမင်း စိုးစံနေသည်။ မောင်ရှောလူးသည် ထူးခြားသူ ဖြစ် သည်။ ငယ်ရွယ်စဉ်ကပင် ပညာ ဗဟုသုတကို လိုလားသည်။ အထူးသဖြင့် အနောက်တိုင်း ခေတ်မီ ပညာရပ်များကို သင်ယူလိုသည်။ ထို့ကြောင့် အသက် ၁၇ နှစ် အရွယ်တွင် အိန္ဒိယပြည် ကာလကတ္တားမြို့သို့ စွန့်စား သွားရောက်ကာ ခေတ်မီ ပညာရပ်များကို ဆည်းပူးလေသည်။ ထိုအချိန်၌ တနင်္သာရီနယ်သာမက ရန်ကုန် အပါအဝင် အောက်မြန်မာနိုင်ငံ တစ်ရပ်လုံးကို အင်္ဂလိပ် ပိုင်နေပြီ။ အထက်မြန်မာနိုင်ငံကိုမူ မင်းတုန်းမင်း စိုးစံနေသည်။ မောင်ရှောလူးသည် ကာလကတ္တား၌ ၂ နှစ်ခန့် ပညာဆည်းပူး အပြီးတွင် ၁၈၅၇ ခု၊ စစ်ပါရီ ပုန်ကန်မှုကြီးနှင့် ကြုံတွေ့လေသည်။ စစ်ပါရီများမှာ အင်္ဂလိပ် လက်အောက်၌ အမှုထမ်းနေသော အိန္ဒိယ စစ်သားများ ဖြစ်သည်။ နယ်ချဲ့ အင်္ဂလိပ်လက်အောက်၌ နေရသည်မှာ ဆင်းရဲဒုက္ခ ရောက်လှသဖြင့် သူတို့က ဦးဆောင်လျက် အိန္ဒိယ အမျိုးသားများက နယ်ချဲ့ကို ပုန်ကန်ခြင်း ဖြစ်သည်။ ပုန်ကန်မှု ပြင်းထန်သဖြင့် ဘေးအန္တရာယ် ရှိလာသည်။ ဤတွင် မောင်ရှောလူးကို ဆရာသမား မိဘများက အိန္ဒိယ၌ မနေရန် တိုက်တွန်းကြသည်။ မောင်ရှောလူးမှာ ပညာသင် ကောင်းဆဲ ဖြစ်သဖြင့် အိန္ဒိယမှလည်း မခွာလို၊ ဆက်လက် နေထိုင်ရန်လည်း မဖြစ်နှင့်၊ အခက်ကြုံတွေ့နေရသည်။ သို့ဖြင့် သူသည် ကာလကတ္တား သင်္ဘောဆိပ်၌ ယောင် လည်လည် ဖြစ်နေသည်။ ထိုအခိုက် အမေရိကန်ပြည်သို့ သွားမည့် သင်္ဘော တစ်စင်းသည် ကာလကတ္တားသို့ ခေတ္တ ဝင်ဆိုက်လာသည်။ သင်္ဘောပေါ်တွင် မြန်မာနိုင်ငံ သုံးဆယ်မြို့၌ ခရစ်ယာန် သာသနာပြု လုပ်ငန်းများကို ဆောင်ရွက် နေသော ဆရာမကြီး မစ်မာရီယာအင်ဂေါ ပါလာသည်။ ဆရာမကြီးသည် အားလပ်ခွင့် ရသဖြင့် အမေရိကန်သို့ ခေတ္တပြန်ခြင်း ဖြစ်သည်။ သူနှင့် မောင် ရှောလူးတို့ တွေ့ကြသည်။ မောင်ရှောလူးက သူ့ကို အကြောင်းစုံ ပြောပြသောအခါ သူသည် ပညာလိုလားသော သူငယ်လေးအပေါ် ကရုဏာ သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေရိကန်၌ ပညာ ဆက်လက်ဆည်းပူးလိုက စီစဉ်ပေးမည့်အကြောင်း ပြောသည်။ မောင်ရှောလူးမှာ ဝမ်းသာ မဆုံးပြီ။ သို့သော် သူတို့နှစ်ဦးတွင် ငွေမရှိ။ လောလောဆယ် မောင်ရှောလူး အမေရိကန်သို့ လိုက်ပါရန် သင်္ဘောခ မရှိ။ မတတ်နိုင်ပြီ။ နောက်ဆုံး ဆရာမကြီးက သင်္ဘောကပ္ပတိန်ကို အကျိုးအကြောင်း ပြောပြ တောင်းပန်သည်တွင် မောင်ရှောလူးသည် သင်္ဘော စားသောက်ခန်း၌ စားပွဲထိုးအဖြစ် ဆောင်ရွက်ရင်း လိုက်ပါခွင့် ရခဲ့လေသည်။

ထိုခေတ် အမေရိကန်သို့ သင်္ဘောခရီးဖြင့် သွားရသည်မှာ မလွယ်ကူ။ စူးအက်တူးမြောင်းလည်း မပေါက်သေး။ သင်္ဘောကလည်း ယခုခေတ်ကဲ့သို့ ခေတ်မမီ။ အပြောကျယ်လှသော သမုဒ္ဒရာကြီးကို တရွေ့ရွေ့ ကူးဖြတ်ခဲ့ရသည်။ ထို့ကြောင့် ၄ လ ကြာသော အခါတွင်မှ အမေရိကန်ပြည် နယူးယောက်မြို့သို့ ဆိုက်ရောက်လေသည်။

ဆရာမကြီး၏ ဆောင်ရွက်ပေးချက်အရ နယူးယောက်မြို့မှ ကုန်သည်တစ်ဦးနှင့် လူဝီစဗတ်ရှိ တက္ကသိုလ် (ယခု ဗတ်ကနဲ တက္ကသိုလ်)မှ သီအိုလိုဂျီ ပါမောက္ခတစ်ဦးက မောင်ရှောလူးကို ကူညီ ထောက်ပံ့ကြသည်။ မောင်ရှောလူးသည် သူ လိုချင် တောင့်တသော ပညာရပ်များကို ဆည်းပူးနိုင်ရန် ကြိုးပမ်းရာ ၁၈၅၉ ခုနှစ်တွင် လူဝီစဗတ်ရှိ တက္ကသိုလ်သို့ ဝင်ခွင့်ရသွားသည်။ ထိုတက္ကသိုလ်တွင် ဂရိဘာသာ၊ လက်တင်ဘာသာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ဖီလိုဆိုဖီ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ နိုင်ငံရေး ဘောဂဗေဒ၊ နက္ခတ္တဗေဒ၊ အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ စသည်တို့ကို မောင်ရှောလူး လေ့လာ ဆည်းပူးသည်။ သူသည် ထိုခေတ် အမေရိကန် ကျောင်းသားများ နည်းတူ ကျောင်းတက်ရင်း တစ်ဖက်က အလုပ်လုပ်သည်။ ပါမောက္ခတစ်ဦး အိမ်တွင် တစ်နာရီလျှင် ၁၀ ဆင့် နှုန်းဖြင့် အလုပ်ဝင်လုပ်သည်။ ထိုစဉ်က အမေရိကန်ပြည်မှာ ကုန်ပစ္စည်း ပေါသည်။ ယခု ကော်ဖီတစ်ခွက်လျှင် ၉၉ ဆင့် ပေးရသော်လည်း ထိုစဉ်က ၁၀ ဆင့်သာ ပေးရသည် ဆို၏။ မောင်ရှောလူးသည် ကျောင်းပိတ်ရက်များတွင် အခြား မြို့နယ်များသို့ လှည့်လည် သွားကာ မြန်မာနိုင်ငံအကြောင်း၊ မြန်မာလူမျိုးတို့၏ ဓလေ့ ထုံးစံ အကြောင်း တရားဟောပြောသည်။ ထိုအတွက် ဉာဏ်ပူဇော်ခ ငွေများ ရသေးသည်။ ဤသို့ ပညာသင်နေစဉ် အတွင်း မောင်ရှောလူးသည် အမေရိကန် ပြည်တွင်းစစ်နှင့် ကြုံတွေ့ပြန်သည်။ ငွေဝယ်ကျွန် ပြဿနာနှင့် စပ်လျဉ်း၍ လင်ကွန်း ဦးဆောင်သော မြောက်ပိုင်းသားများနှင့် တောင်ပိုင်းသားများ တိုက်ခိုက်ကြသည်။ တိုက်ပွဲများ အနှံ့အပြား အပြင်းအထန် ဖြစ်ပွားသည်။ မည်သို့ပင် ဖြစ်စေ မောင်ရှောလူးကား မတုန်လှုပ်၊ အားမလျှော့။ ပညာကို ကြိုးပမ်း၍





ဆက်လက် သင်ယူသည်။ သို့ဖြင့် ၅ နှစ် အကြာတွင် ထိုတက္ကသိုလ်မှ ဘီအေဘွဲ့ ရခဲ့လေသည်။

ဘီအေ အောင်သော်လည်း မောင်ရှောလူးသည် မရပ်တန့်သေး။ ဆေးပညာကို ဆက်လက် ဆည်းပူးရန် ကြိုးပမ်းပြန်သည်။ တကယ့် ပုဂ္ဂိုလ်ထူးပါတကား။

စင်စစ် သူ့နှလုံးသား၌ အနောက်တိုင်း ခေတ်မီ ဆေးပညာကို သင်ယူလျက် ဝေဒနာရှင် လူသားများကို ဆေးဝါး ကုသလိုသော ဆန္ဒသည် ငယ်စဉ်ကပင် ပေါ်ပေါက်ခဲ့သည်။ သူ ငယ်စဉ်က မော်လမြိုင်၌ ဒေါက်တာ ဂျပ်ဆင်နှင့် တစ်ရပ်တည်း အတူ နေထိုင်ခဲ့ဖူးသည်။ သူ့မိဘများနှင့် ဒေါက်တာ ဂျပ်ဆင်သည် အလွန် ခင်မင်ရင်းနှီးသည်။ သူ့မိဘများသည် ခရစ်ယာန် ဘာသာပင် အဖြစ် အဦးဆုံး ခံယူသော မြန်မာများထဲတွင် အပါအဝင် ဖြစ်သည်။ တစ်နေ့တွင် ဒေါက်တာ ဂျပ်ဆင်သည် နာမကျန်း ဖြစ်ရာမှ အသည်းအသန် ဝေဒနာ ခံစားရသည်။ ထိုအချိန်၌ မော်လမြိုင်တွင် သူ့ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်မည့် ဆရာဝန်များ မရှိ။ မြန်မာနိုင်ငံတွင်လည်း မရှိ။ ထို့ကြောင့် ဆွေမျိုး မိတ်သင်္ဂဟများက ဒေါက်တာ ဂျပ်ဆင်ကို သင်္ဘောဖြင့် တင်ကာ နိုင်ငံခြားသို့ ခေါ်ဆောင်သွားကြသည်။ ဤ အခြင်းအရာကို မောင်ရှောလူး ကောင်းစွာ မြင်တွေ့ခဲ့သည်။ တစ်ဖန် လမ်းခရီး၌ ဒေါက်တာဂျပ်ဆင် ကွယ်လွန်သွားသည်ကိုလည်း သူ ကြားသိလိုက်ရသည်။ ထိုကတည်းက သူ့နှလုံးသား၌ ဆရာဝန်လုပ်လျက် လူအပေါင်း၏ အသက်ကို ကယ်တင်လိုသော စိတ်ကောင်းစိတ်မြတ်များ ပေါ်ပေါက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ ထို့ကြောင့် သူသည် အိုဟိုင်းယိုးနယ် ကလီဗလင်း ကုသိုလ်ဖြစ် ဆေးရုံရှိ ဆေးကောလိပ်တွင် ဆေးပညာကို ဆက်လက် သင်ယူလေသည်။ ၃ နှစ်အကြာ ၁၈၆၇ ခုတွင် မောင်ရှောလူးသည် ဆေးအတတ်ကို ကောင်းစွာ အောင်မြင် တတ်ကျွမ်းလေသည်။ ဆေးပညာ အမ်ဒီဘွဲ့ ရလေသည်။ ထိုနှစ်မှာပင် ဗတ်ကနဲ တက္ကသိုလ်ကလည်း သူ့ကို အမ်အေဘွဲ့ ချီးမြှင့်ပြန်လေသည်။

မောင်ရှောလူး အဖို့ ပညာစုံပြီ။ သူ သင်ကြားလိုသော ပညာရပ်များကိုလည်း သင်ကြားပြီးပြီ။ မောင်ရှောလူး ဘဝမှ ဒေါက်တာရှောလူး ဘဝကိုလည်း ခံယူ ရရှိပြီ။ ထို့ကြောင့် အမိ မြန်မာနိုင်ငံသို့ ပြန်ရန် ပြင်ဆင်လေသည်။ မပြန်မီ သူသည် ထိုနှစ် အောက်တိုဘာလတွင် အမေရိကန် ပြည်ထောင်စု သမ္မတကြီး အင်ဒရူးဂျွန်ဆင်နှင့် သွားရောက် တွေ့ဆုံသည်။ သမ္မတ ဂျွန်ဆင်မှာ လင်ကွန်း ကွယ်လွန်ပြီးနောက် သမ္မတ ရာထူးကို ဆက်ခံရသူ ဖြစ်သည်။ ၁၇ ဆက်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သမ္မတပင် ဖြစ်သည်။ ဒေါက်တာ ရှောလူးကို သမ္မတ ဂ္ဂျန်ဆင်သည် ဝမ်းမြောက်ဝမ်းသာ လက်ခံ တွေ့ဆုံသည်။ စင်စစ် ဒေါက်တာ ရှောလူးသည် အမေရိကန်နိုင်ငံသို့ ပညာဆည်းပူးရန် လာရောက်သည့် ပထမဦးဆုံးသော မြန်မာ ကျောင်းသားပင် ဖြစ်လေသည်။ ဒေါက်တာ ရှောလူးက သမ္မတကြီးအား မိမိ အမိနိုင်ငံသို့ ပြန်တော့မည့်အကြောင်း ပြောပြသည်။ ဤတွင် သမ္မတကြီးက မင်းတုန်းမင်းထံ ဒေါက်တာ ရှောလူးအတွက် ထောက်ခံစာ တစ်စောင် ရေးပေး လိုက်လေသည်။

၁၈၆၇ ခုနှစ် မကုန်မီပင် ဒေါက်တာ ရှောလူးသည် အမိမြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ လမ်းတွင် လန်ဒန်၊ ပဲရစ်၊ အေသင်၊ သီဟိုဠ်(သီရိလင်္ကာ)၊ ကာလကတ္တား စသည်တို့သို့ ခေတ္တ ဝင်ရောက်ခဲ့သေးသည်။ ဒေါက်တာ ရှောလူးသည် မြန်မာနိုင်ငံသို့ ရောက်သော် ရတနာပုံမြို့သို့ တက်သွားကာ မင်းတုန်းမင်းကြီး

ဗတ်ကန်တက္ကသိုလ် ကျောင်းသားဘဝ မောင်ရှောလူး







ထံမှောက် အခစားဝင်သည်။ မင်းတုန်းမင်းကြီးသည် သူ့ကို ကောင်းစွာ လက်ခံ စကားပြောသည်။ သမ္မတ ဂ္ဂျန်ဆင်၏ ထောက်ခံစာကိုလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံယူသည်။ ထို့နောက် ဒေါက်တာ ရှောလူးကို သားတော်တစ်ပါးကဲ့သို့ ပြုစုစောင့်ရှောက်ကာ မြောက်ဥယျာဉ်တော်၌ ထားသည်။ ဒေါက်တာ ရှောလူးသည် ရက်ပေါင်း ၂၀ ခန့် စည်းစိမ်ချမ်းသာ ခံစား၍ နေခဲ့သည်။ ထို့နောက် မင်းတုန်းမင်းကြီးအား သူ့ကို ဤသို့ ချီးမြှောက်သည်ကို ဝမ်းသာ ကျေးဇူးတင်ကြောင်း၊ သို့သော် သူသည် စည်းစိမ်ခံ၍ မနေလို၊ သူ သင်ယူလာသော ပညာများကို အသုံးပြုလျက် ဆရာဝန်နှင့် ကျောင်းဆရာ အလုပ်ကို လုပ်လိုကြောင်း လျှောက်ထားသည်။ မင်းတုန်းမင်းကြီးကလည်း ကြည်သာစွာ ခွင့်ပေးသည်။ သူ့ကို လက်ဆောင်များ ပေးကာ အောက်မြန်မာနိုင်ငံသို့ ပြန်လွှတ်လိုက်လေသည်။

ဒေါက်တာ ရှောလူးသည် ရန်ကုန်သို့ ရောက်သောအခါ အလုပ် လုပ်ရန် ကြိုးပမ်းသည်။ သို့သော် အင်္ဂလိပ် အစိုးရက သူတို့ထံတွင် အလုပ် လုပ်ခွင့် မပေးပေ။ မင်းတုန်းမင်းကြီး၏ မြှောက်စားခြင်းကို ခံခဲ့ရသူ ဖြစ်သဖြင့် မယုံကြည်ဟု ဆိုကာ အလုပ်မပေးခြင်း ဖြစ်သည်။ သို့ဖြင့် ဒေါက်တာ ရှောလူးသည် မော်လမြိုင်သို့ ပြန်ကာ မုတ္တမတွင် ကိုယ်ပိုင်ကျောင်း ဖွင့်လျက် ကျောင်းသား ၃၀ ကို စာသင်ပေးသည်။ ထို့နောက် ၆ လ အကြာတွင် မော်လမြိုင် အေဘီအမ် ကျောင်း၌ ဆရာ ဝင်လုပ်သည်။ ၁၀ နှစ် ကြာသည်။ ထို့နောက် ကျေးဇူးရှင် ဆရာမကြီး မာရီယာအင်ဂေါကို ကျေးဇူးဆပ်သော အနေဖြင့် သုံးဆယ်ရှိ ဆရာမကြီး၏ ကျောင်းတွင် ၃ နှစ်တိတိ ဆရာ ဝင်လုပ်ပေးသည်။ ထို့နောက် ရန်ကုန် အစိုးရကျောင်း၌ တစ်နှစ် ဆရာ ဝင်လုပ်သည်။ အာဏာပိုင်တို့က သူ၏ အရည်အချင်းကို လည်းကောင်း၊ သူ၏ စေတနာကို လည်းကောင်း သိရှိကြသဖြင့် သူ့ကို ပညာရေးဘက်တွင် အမှုထမ်းရန် ရာထူးကြီးများ ပေးသည်။ ဒေါက်တာ ရှောလူးသည် လက်မခံခဲ့။ ကျောင်းဆရာ အလုပ်ကို ကျေနပ်အောင် လုပ်ပြီးပြီ ဖြစ်၍ ဆရာဝန် အလုပ်ကိုသာ လုပ်ချင်နေသည်။ ဆေးဘက်တွင်ကား အင်္ဂလိပ် အစိုးရက သူ့ကို နေရာ မပေးပေ။ ဆေးဘက်၌ လစ်လပ်သော နေရာ မရှိဟု ဆိုထားသဖြင့် မရခဲ့။ ထို့ကြောင့် သူသည် မော်လမြိုင်သို့ ပြန်ကာ အမေရိကန် သာသနာပြု ဆရာဝန်မကြီး ဒေါက်တာ အယ်လင်မစ်ချယ် ထံတွင် အကူ ဆရာဝန်အဖြစ် ဝင်ရောက် လုပ်ကိုင်သည်။ ၁၀ နှစ် လုပ်ကိုင်ပြီးသောအခါ ကိုယ်ပိုင်ဆေးခန်း ဖွင့်ကာ ဆေးကုသည်။ တစ်ဖက်ကလည်း မော်လမြိုင် အစိုးရ ကျောင်းနှင့် နော်မယ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ကာ ပညာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ရှောလူးသည် အိမ်ထောင် နှစ်ဆက် ကျဖူးသည်။ ရန်ကုန် အစိုးရကျောင်း၌ ဆရာ လုပ်နေစဉ် အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန် တစ်ဦး၏ သမီး မစ်လူစီပရဲရားနှင့် ရှေးဦးစွာ အိမ်ထောင်ကျသည်။ ကလေး ၇ ယောက် ရသည်။ အငယ်ဆုံး သတ္တမမြောက် ကလေးငယ်ကို မီးဖွားစဉ် ဇနီးသည် ကွယ်လွန်သွား ရှာသည်။ ထို့ကြောင့် ၂ နှစ် အကြာတွင် ဒုတိယ အိမ်ထောင်အဖြစ် ဒေါ်ရွှေနှင့် လက်ထပ်လေသည်။ ကလေး ၃ ယောက် ရရှိသည်။

သူသည် ပညာကို ကြိုးစားသင်ယူသည့် နည်းတူ အလုပ်ကိုလည်း ကြိုးစား လုပ်ကိုင်သူ ဖြစ်သည်။ ကျန်းမာရေးကလည်း အထူး ကောင်းမွန်သည်။ ၇၄ နှစ် အရွယ်အထိ သန်တုန်း မြန်တုန်းပင်။ ၁၉၂၉ ခု၊ အသက် ၉၀ အရွယ်တွင်ကား ကွယ်လွန်သွားရှာလေသည်။ သူ့ဇာတိ ဖြစ်သော မော်လမြိုင်မှာပင် ကွယ်လွန် သွားလေသည်။

သူ ကွယ်လွန်သော်လည်း သူ့အမည်ကား မသေ။ သူ့ဓာ၊ သူ့သတ္တိကား မကွယ်။ သူ့လုပ်ငန်းကား မမှိန်။ ယနေ့ မြန်မာ ဆရာဝန်များ၏ ဖခင်ကြီးအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံသားများထဲမှ အနောက်တိုင်း ခေတ်မီ ဆေးပညာကို မြန်မာနိုင်ငံ၌ အဦးဆုံး မျိုးစေ့ချခဲ့သူ အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံနှင့် မွန်လူမျိုးတို့၏ ဂုဏ်ကို ဆောင်ခဲ့သူအဖြစ် လည်းကောင်း ဒေါက်တာရှောလူးသည် ထင်ရှားဆဲပင်။

ဂျိမ်း လှကျော်
(ပထမ ကာလပေါ် ဝတ္ထုဆရာ)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာစာပေသမိုင်း၌ ပထမဦးဆုံး ပေါ်ခဲ့သည့် ကာလပေါ်ဝတ္ထုသည် "မောင်ရင်မောင် မမယ်မ" ဝတ္ထု ဖြစ်၏။ ထိုဝတ္ထု မတိုင်မီက မြန်မာစာဖတ်ပရိသတ်တို့သည် ဇာတ်ကြီးဆယ်ဘွဲ့ ဇာတ်ဝတ္ထုများကိုသာ ဖတ်ရပေသည်။ ရတနာ့ကြေးမုံ၊ ဝိဇယကာရီ၊ ဣန္ဒာဝံသ စသော နန်းတွင်း ဇာတ်ဝတ္ထုများကိုသာ ဖတ်ရပေသည်။ ဆဒ္ဒန်ဆင်မင်း ဝတ္ထု၊ ယုန်မင်း ဝတ္ထု၊ သူအိုမကြီး ဝတ္ထု စသော နိပါတ်တော်လာ ဝတ္ထုများကိုသာ ဖတ်ရပေသည်။ မျက်မှောက်ခေတ် အကြောင်းနှင့် မျက်မှောက်ခေတ် လူတို့ဘဝကို ရေးခြယ်ပြသည့် ကာလပေါ် ဝတ္ထုမျိုးကိုကား မဖတ်ရပေ။ မဖတ်ရသည်မှာ ထိုစဉ်က မြန်မာ·စာပေလောက၌ ထိုဝတ္ထုမျိုး မရှိသောကြောင့် ဖြစ်ပေသည်။ ၁၉၀၄ ခု၌ "မောင်ရင်မောင် မမယ်မ" ဝတ္ထု ပေါ်ထွက်လာသော အခါတွင်မှ ကာလပေါ် ဝတ္ထုကို စတင် ဖတ်ရှုရပေသည်။

"မောင်ရင်မောင် မမယ်မ" ဝတ္ထုကို ရေးသူကား အခြားသူ မဟုတ်။ ဂျိမ်းလှကျော် ခေါ် ဦးလှကျော် ဖြစ်ပေသည်။

"မောင်ရင်မောင် မမယ်မ" သည် ဦးလှကျော်၏ ပင်ကိုရေး ဝတ္ထုကား မဟုတ်ပေ။ ပြင်သစ် စာရေးဆရာကြီး ဒူးမား ရေးသော မွန်တီ ခရစ္စတို နယ်စားကြီး ဝတ္ထု (The Count of Montecristo) ကို မြန်မာ့ဒေသ၊ မြန်မာ့ ဇာတ်ကောင်များဖြင့် ဖန်တီးကာ ဆီလျော်အောင် မြန်မာပြန်ထားသော ဝတ္ထု ဖြစ်ပေသည်။ ဆီလျော်အောင် မြန်မာပြန်ရာ၌ တစ်စိတ်တစ်ပိုင်းလောက်ကိုသာ ယူသည်။ မောင်ရင်မောင် ရေအချ ခံရသည့် အထိသာ မူရင်းဝတ္ထုမှ ယူသည်။ ကျန် အစိတ်အပိုင်းတို့ကိုကား ဆင်တူယိုးမှား သဘောသွားလောက်ကိုသာ ယူပေသည်။ တစ်ဖန် သဘောသွားကို ယူသည် ဆိုရာ၌လည်း တတ်နိုင်သမျှ မြန်မာဆန်အောင် ဖန်တီးသည်။ မူရင်းဝတ္ထု၌ သဘောသား အက်ဒမန် ဒန်တီသည် ကလဲ့စားချေတတ်သူ၊ မကောင်းသူကို ပယ်ရမည် ဟူသော စိတ်သဘော ရှိသူ ဖြစ်သည်။ "မောင်ရင်မောင် မမယ်မ" ဝတ္ထု၌ကား လှေသမား မောင်ရင်မောင်





သည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းပီပီ သူတစ်ပါး အဆိုးကို မေ့ဖျောက်လိုသူ၊ ခွင့်လွှတ်တတ်သူ ဖြစ်နေသည်။ ဤသို့ ပြောင်းလဲ ဖန်တီးနိုင်ရန်လည်း ဦးလှကျော်သည် ပင်ကို စိတ်ကူးဉာဏ်ကို များစွာ အသုံးပြုခဲ့ရပေသည်။

ဦးလှကျော်သည် ပြင်သစ်ဝတ္ထုကို အခြေပြုလျက် ကာလပေါ် ဝတ္ထုလမ်းသစ်ကို လျှောက်ရာ၌ အကြောင်းအရာသာမက၊ အရေးအသားပါ ပြောင်းခဲ့လေသည်။ ရှေး ဇာတ်ဝတ္ထုများ၌ ရေးသော စကားပြေ အရေးအသားသည် ဖြောင့်တန်းသော အရေးအသားမျိုး မဟုတ်၊ ကာရန် အချိတ်အဆက်ဖြင့် စပ်ထားသော အရေးအသားမျိုး ဖြစ်သည်။ ထိုခေတ် ပရိသတ်ကလည်း ထိုအရေးအသားမျိုးကို နှစ်သက်ဟန် တူသည်။ ဝတ္ထု၌သာမက သတင်းစာ၌ပင် ဇ အရေးအသားမျိုးကို ဦးစားပေးခဲ့သည်မှာ အထင်အရှား ဖြစ်သည်။ ၁၈၇၄ ခုနှစ်၌ စတင် ထုတ်ဝေသော မင်းတုန်းမင်း၏ ရတနာပုံ သတင်းစာတွင် သတင်းစာဆရာ မိုးဝေဇီရသည် ထိုအရေးအသားမျိုးကို ရေးကာ ထိုခေတ် ပရိသတ်တို့ သတင်းစာကို စွဲမက်လာအောင် ဖန်တီးခဲ့ဖူးလေသည်။ သို့ရာတွင် ဦးလှကျော်ကား ထိုအရေးအသားမျိုးကို မရေးခဲ့။ သူ့ဝတ္ထု၌ စကားပြေကို ကာရန် နှောမပါဘဲ ဖြောင့်ဖြောင့် တန်းတန်း ရှင်းရှင်းလွယ်လွယ် ရေးခဲ့ပေသည်။

ဤသို့ အကြောင်းအရာဘက်ကရော၊ အရေးအသားဘက်ကပါ စွန့်စားရ၍လား မသိ၊ ဦးလှကျော်သည် သူ့ဝတ္ထုကို ထုတ်ဝေရာ၌ စာသားချည်း မထုတ်ဝေခဲ့။ ပရိသတ် နှစ်သက်မှု ရှိစေရန် သင်သည်။ အတွင်းဓာတ်ပုံများပါ ထည့်သွင်း ထုတ်ဝေခဲ့သည်။ အတွင်း ဓာတ်ပုံများမှာ ဝတ္ထုဇာတ်လမ်းပါ အတိုင်း အပြင်လူများကို သရုပ်ဆောင်စေကာ ရိုက်ကူးထားသော ပုံများ ဖြစ်သည်။ စုစုပေါင်း ၁၂ ပုံ ပါဝင်လေသည်။

"မောင်ရင်မောင် မမယ်မ" ဝတ္ထုကို ၁၉၀၄ ခုနှစ်၌ ပုံနှိပ် ထုတ်ဝေသည်။ ရန်ကုန်မြို့၊ ဖယ်ရာလမ်း၊ နံပါတ် ၇၁၊ ဗြိတိသျှဘားမား စာပုံနှိပ်တိုက်က ရိုက်နှိပ်သည်။ ထိုဝတ္ထုသည် အထူး အောင်မြင်ခဲ့သည်။ လူအများပင် ဝယ်ယူ ဖတ်ရှုကြသည်။ နှစ်သက် စွဲလမ်းကြသည်။ ထိုစဉ်က "မောင်ရင်မောင် မမယ်မ" အချစ်ဇာတ်လမ်းသည် လူအများ နှုတ်ဖျားဝယ် စွဲခဲ့သော အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပေသည်။ ထိုခေတ်က မိခင်များသည် သား သမီးငယ်တို့အား "မောင်ရင်မောင် မမယ်မ" ဇာတ်လမ်းကို အိပ်ရာဝင် ပုံပြင် ဇာတ်လမ်းအဖြစ်ပင် ပြောဆိုခဲ့ကြသည်ဟု ဆိုလေသည်။ ထိုဝတ္ထု အောင်မြင်သည်ကို အကြောင်းပြု၍ ဝန်စာရေး ဦးကြီးကလည်း အားကျကာ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း" ဝတ္ထုကို ရေးခဲ့သည်။ အခြား စာရေးဆရာများကလည်း အခြား ကာလပေါ် ဝတ္ထုများ ရေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ဖြင့် ကာလပေါ် ဝတ္ထုများ ပေါ်ထွက်လာသည်မှာ ယနေ့တိုင်အောင် ဖြစ်ပေသည်။

ဤ ပထမဆုံး ကာလပေါ် မြန်မာဝတ္ထုကို ရေးသူ ဦးလှကျော်သည် တောင်ငူခရိုင် ရွှေကျင်မြို့သား ဖြစ်သည်။ သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် ဖွားမြင်သည်။ ဖခင်မှာ ကုန်သည်ကြီး ဦးစွပ်၊ မိခင်မှာ ဒေါ်ဆိုင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်။ သားငယ်သည် ဗုဒ္ဓဟူးသား ဖြစ်သောကြောင့် "မောင်လှကျော်" ဟူ၍ပင် မှည့်ခေါ်သည်။ နောင်အခါတွင်မှ ဂျိမ်းလှကျော် ဟူ၍ အမည်တွင်ခဲ့သည်။ တွင်ခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ ဦးလှကျော် ကလေးအရွယ်မှာပင် မိဘနှစ်ပါး ကွယ်လွန်သွားသည်။ ဤတွင် အဒေါ်ဖြစ်သူ ဒေါ်မျှင်က လူလားမြောက်သည်အထိ ကျွေးမွေး စောင့်ရှောက်ခဲ့လေသည်။ ဒေါ်မျှင်ကား "ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း အတ္ထုပ္ပတ္တိကျမ်း" (ဘဝအလင်းပြသခင်ပကျမ်း) ရေးသူ ဝန်ထောက် ဦးညို၏ဇနီး ဖြစ်လေသည်။ မူလက ဦးညိုနှင့် ဒေါ်မျှင်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဦးညိုသည် သာမန် ဗုဒ္ဓဘာသာဝင် မည်ကာမတ္တ မဟုတ်။ အရိုးစု ကမ္မဋ္ဌာန်းကို စီးဖြန်းသူ ဖြစ်သည်။ ယင်းသို့ အရိုးစု ကမ္မဋ္ဌာန်းကို စီးဖြန်းရာ အတော်အတန် ပေါက်မြောက်သဖြင့် မကြာခဏပင် အရိုးစုသည် စိတ်အာရုံ၌ ဖြစ်ပေါ်လာသည်။ ကမ္မဋ္ဌာန်း စီးဖြန်းနေစဉ်တွင် မကဘဲ ရုံး၌ အလုပ် လုပ်နေစဉ်တွင် လည်းကောင်း၊ အိမ်၌ အေးအေးလူလူ နေစဉ်တွင် လည်းကောင်း မကြာ မကြာပင် အရိုးစုသည် စိတ်အာရုံ၌ ထင်လာသည်။ သို့ဖြင့် တစ်နေ့တွင် ပရိယတ် တတ်မြောက်ကျွမ်းကျင်သော ရဟန်းလူထွက်ကြီး တစ်ယောက်ကို ပင့်ဖိတ်ကာ ထိုအကြောင်း မေးကြည့်သည်။ ရဟန်းလူထွက်ကြီးက 'ဤ အရိုးစု ကမ္မဋ္ဌာန်းကို အာရုံထင်ဆဲ၌ ဘဝကူးခဲ့လျှင် ပြိတ္တာ ဖြစ်တတ်သည်' ဟု မဆင်မခြင် ပြောလိုက်သည်။ ဤတွင် ဦးညိုတို့ ဇနီးမောင်နှံသည် ဗုဒ္ဓဘာသာ တရားတော်ကို စိတ်ပျက်ကာ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ကြလေသည်။ (နောင်အခါ ဒေါ်မျှင် ကွယ်လွန်သည်။ ဦးညိုသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီး ဒေါ်မမကြီးနှင့် နောက်ထပ် အိမ်ထောင်ပြုသည်။ ထိုအတွင်း အတွေ့အကြုံ အမျိုးမျိုး ကြုံတွေ့ကာ ဗုဒ္ဓဘာသာဝင်အဖြစ် ပြန်လည်ကူးပြောင်းသည်။ ထိုအကြောင်းတို့ကို ဦးညိုက "ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း အတ္ထုပ္ပတ္တိကျမ်း" ၌ ရေးသား ဖော်ပြထားလေသည်။) ဦးလှကျော်ကို ခေါ်ယူ မွေးစားချိန်၌ ဦးညိုနှင့် ဒေါ်မျှင်တို့ ခရစ်ယာန်ဘာသာကို စွဲမြဲစွာ ယုံကြည်သက်ဝင်နေချိန် ဖြစ်သည်။ ထို့ကြောင့် မွေးစားသား ဦးလှကျော်ကိုလည်း





ခရစ်ယာန်ဘာသာဝင် အဖြစ် သွတ်သွင်းကာ ဂျိမ်းလှကျော် အမည်ကို ခံယူစေခြင်း ဖြစ်ပေသည်။

ဦးလှကျော်သည် ရှေးဦးစွာ ရွှေကျင်မြို့ အင်္ဂလိပ် မြန်မာ အစိုးရကျောင်းတွင် ပညာ ဆည်းပူးသည်။ ၇ တန်း အောင်သောအခါ ရန်ကုန်မြို့ ဆရာမှတ်ကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးသည်။ ထို့နောက် ရန်ကုန် ဟိုက်စကူးကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးရာ ထိုကျောင်းကပင် ဗင်္ဂလား စာမေးပွဲကို အောင်မြင်လေသည်။ ယင်းစာမေးပွဲကို ကွယ်လွန်သူ အရေးပိုင် ဦးဘိုးဗျော့နှင့် အတူ တစ်နှစ်တည်း အောင်မြင်သည်ဟု ဆိုလေသည်။

ထိုအချိန်၌ ဦးလှကျော်သည် အသက် ၂၀ ကျော် အရွယ် ရှိနေပြီ။ ထိုအချိန်သည် အထက်မြန်မာနိုင်ငံကို နယ်ချဲ့ အင်္ဂလိပ်များ သိမ်းပိုက်လိုက်သော အချိန်လည်း ဖြစ်ပေသည်။ ဦးလှကျော်သည် အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာကို ကောင်းစွာ တတ်မြောက် ကျွမ်းကျင်သူ ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ် စစ်တပ် စစ်မင်းကြီး၏ စကားပြန်အဖြစ် ဝင်ရောက်အမှုထမ်းကာ မန္တလေးသို့ လိုက်ပါသွားသည်။ မန္တလေး၌ စကားပြန်အဖြစ် အမှုထမ်းနေစဉ်မှာပင် နန်းတွင်း စိန်ရွှေရတနာကုန်သည် ဦးထယ်၏ သမီး၊ စုဖုရားလေး၏ အပျိုတော် ဒေါ်ခင်လေးငယ်နှင့် လက်ထပ်သည်။ ထို့နောက် မန္တလေးမှ ပြန်လာကာ ရန်ကုန် စာတော်ပြန်ဌာနတွင် အမှုထမ်းသည်။ ယင်းသို့ အမှုထမ်းရွက်ရင်း ဆေးပညာကို လေ့လာ ဆည်းပူးသည်။ တစ်ဖက်ကလည်း ရှေ့နေ စာမေးပွဲ၊ မြို့အုပ် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုရာ အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန် ဘုရင်ခံအိမ်တော်တွင် စာတော်ပြန် (စကားပြန်) မြို့အုပ်အဖြစ် ပြောင်းရွှေ့ အမှုထမ်းသည်။ ၅ နှစ်ခန့် လုပ်ကိုင်ပြီးနောက် ဟံသာဝတီ ငွေတိုက် ဝန်ထောက် အဖြစ် ထမ်းရွက်သည်။ တစ်ဖန် စစ်ကိုင်း၊ ချောင်းဦး၊ ဘုတလင်၊ မြင်းမူမြို့များသို့ ပြောင်းရွှေ့ကာ မြို့အုပ်၊ ငွေတိုက်ဝန်ထောက်၊ နယ်ပိုင်ဝန်ထောက် စသည့် ရာထူးများကို ထမ်းရွက်လေသည်။

ဦးလှကျော်သည် စာဖတ်လည်း ဝါသနာပါ၍ ဂီတ အနုပညာကိုလည်း ဝါသနာပါသူ ဖြစ်လေသည်။ သူသည် မိကျောင်းနှင့် စောင်းကောက်ကို ထူးချွန်စွာ တီးခတ်နိုင်သည်။ တယော၊ ပတ္တလားတို့ကိုလည်း ကျွမ်းကျင်စွာ တီးနိုင်သည်။ မြင်းမူ၊ ဘုတလင်မြို့များတွင် အမှုထမ်းစဉ် ပွဲကြိုက်သူပီပီ ရောက်လေရာ အရပ်တွင် ဇာတ်ပွဲများကို မကြာခဏ ကနိုင်းသောကြောင့် "ပွဲမြို့အုပ်" ဟူ၍ပင် အမည်တွင်ခဲ့လေသည်ဟု ဆိုလေသည်။

ဦးလှကျော်သည် မြင်းမူတွင် နယ်ပိုင်အဖြစ် အမှုထမ်းနေစဉ် မကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ခွင့်ယူကာ ရန်ကုန်သို့ ပြန်လာသည်။ ရန်ကုန်တွင် မိမိရောဂါကို အမျိုးမျိုး ကုသပါသော်လည်း မပျောက်ကင်းသဖြင့် အလုပ်မှ နုတ်ထွက်လိုက်လေသည်။ ထိုအချိန်၌ အသက် ၃၇ နှစ်ခန့်သာ ရှိသေးသည်။

ဦးလှကျော်သည် အလုပ်က နုတ်ထွက်ရလောက်အောင် ကျန်းမာရေး ချို့တဲ့သော်လည်း ဘဝကို အရှုံးပေးသူ မဟုတ်ပေ။ ရန်ကုန်မြို့ စဥ့်အိုးတန်းတွင် နေထိုင်လျက် ရှေ့နေလိုက်သည်။ တစ်ဖက်ကလည်း ဥပဒေ သင်တန်းကျောင်း ဖွင့်သည်။ထို့မှုမက ဝါသနာအလျောက် "မောင်ရင်မောင် မမယ်မ" အပါအဝင် ဝတ္ထုများ၊ ဆောင်းပါးများ၊ ဥပဒေကျမ်းများကို ရေးသားပြုစုလေသည်။ ဟံသာဝတီ သတင်းစာ၊ မြန်မာအဆွေ သတင်းစာ၊ ဘားမား ကရစ်တစ် သတင်းစာ၊ ဘားမားရီဗြူး သတင်းစာတို့တွင် ဦးလှကျော်သည် ဝတ္ထု၊ ဆောင်းပါးများ မပြတ် ရေးခဲ့သည်ဟု အမှတ်အသား ရှိလေသည်။

ဦးလှကျော်သည် ဥပဒေရေးရာကို လွန်စွာ ကျွမ်းကျင်သဖြင့် ရှေ့နေအဖြစ်လည်း လွန်စွာ နာမည်ရလေသည်။ ရန်ကုန်မြို့တွင်သာ မက စစ်ကိုင်း၊ ပခုက္ကူမြို့များသို့ တက်၍ ရှေ့နေလိုက်ခဲ့ရသည်။ ယင်းသို့ နာမည်ရသော်လည်း ဦးလှကျော်သည် လာသမျှ အမှုတိုင်းကို လက်မခံ။ မိမိ ဆောင်ရွက်နိုင်သမျှသာ လက်ခံသည်။ ကျန်အမှုများကို တပည့်တို့အား ခွဲဝေပေးတတ်သည်။ တစ်ခါတစ်ရံ ဦးလှကျော်ကိုမှ ငှားရမ်းလိုသော အမှုသည်များက ဦးလှကျော်အား 'စကားမပြောချင် နေပါ။ ရုံးမင်းရှေ့မှာ မျက်နှာ လိုက်ပြလျှင်ပင် တော်ပါပြီ' ဟု ဆိုကာ အတင်း အမှု ငှားခဲ့သည်ဟု ဆိုလေသည်။ မည်သို့ပင်ဖြစ်စေ ဦးလှကျော်က တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးလေ့ ရှိပေသည်။

ဦးလှကျော်သည် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပေးတတ်သည်နှင့်အမျှ စည်းကမ်းလည်း အလွန်ကြီးသူ ဖြစ်သည်။ အလုပ်ကို စည်းကမ်းထား၍ ဆောင်ရွက်လေ့ ရှိသည်။ အမှုသည်ပင် ဖြစ်စေ၊ အလုပ်ချိန် မဟုတ်လျှင် လက်ခံစကားမပြောဘဲ နေတတ်သည်။ သူ စာရေး စာဖတ်နေလျှင်လည်း မည်သူ့ကိုမျှ စကားမပြော။ အခြားသူများက လာစကားပြောလျှင်လည်း လက်မခံဟု ဆိုလေသည်။

သူ့ခမျာ ဉာဏ်၊ ဇွဲ၊ လုံ့လ၊ စည်းစနစ် ရှိသော်လည်း အနာရောဂါ၏ ရန်ကိုကား မတွန်းလှန်နိုင်ရှာပေ။ ကျန်းမာရေး ချို့တဲ့သည့် ကြားထဲမှ ရှေ့နေလိုက်၊ ဥပဒေ သင်တန်းပေး၊ ဝတ္ထု ဆောင်းပါး ရေးနေစဉ် သွက်ချာပါဒရောဂါ စွဲကပ်လာကာ လက်ဝဲလက် တစ်ခုလုံး သေသွားရှာပြန်လေသည်။ ဤတွင် ဆရာဝန်များ၏ ညွှန်ကြားချက်အရ အပူပိုင်းဒေသဖြစ်သော မိတ္ထီလာမြို့သို့ ပြောင်းရွှေ့





နေထိုင်သည်။ ထိုမြို့မှာပင် ဥပဒေ သင်တန်းကျောင်း ဆက်လက်ဖွင့်ကာ တစ်ဖက်က စာများ ဆက်လက်ရေးသားသည်။ ထို့နောက် မိတ္ထီလာမှ တစ်ဆင့် ရွှေဘိုမြို့သို့ ၁၉၁၂ ခု ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြောင်းရွှေ့ရပြန်သည်။ ရွှေဘိုမြို့တွင်လည်း ဥပဒေသင်တန်း ဆက်ဖွင့်သည်။ စာများ ဆက်ရေးသည်။ ထိုမြို့မှာပင် ၁၉၁၉ ခု၊ အသက် ၅၃ နှစ် အရွယ်တွင် အဖျားရောဂါဖြင့် ကွယ်လွန်သွားရှာလေသည်။

မကွယ်လွန်မီ ဦးလှကျော်သည် မည်သူမျှ တိုက်တွန်းသည် မဟုတ်ဘဲ ရွှေဘိုမြို့မှာပင် သူ့အလိုအလျောက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သည်။ ဆရာဦးလူကလေး ဆိုသူထံမှ သဂြိုဟ်ကျမ်းကို သင်ယူ လေ့လာကာ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ် စသည်တို့ကို ကျွမ်းကျင်နားလည်သည်အထိ လေ့လာကျင့်သုံး ဆောက်တည်ခဲ့သည်ဟု ဆိုလေသည်။ ဦးလှကျော်၏ အရိုးအိုးဂူကို သမီး သားမြေးများက ရွှေဘိုမြို့ရှိ မြတ်သိမ်းတန်စေတီ ဘုရားတံတိုင်း အတွင်း၌ တည်ထား ကိုးကွယ်လေသည်။

ဦးလှကျော်သည် အိမ်ထောင် လေးဆက် ရှိခဲ့သည်။ ပထမ အိမ်ထောင်မှာ ဦးထယ်၏ သမီး ဒေါ်ခင်လေးငယ် ဖြစ်သည်။ သမီးကြီး ဒေါ်တင်တင်၊ သားငယ် မောင်စံကျော်တို့ကို ဖွားမြင်ခဲ့သည်။ သားသမီးများ ထွန်းကားပြီးနောက်မှ အိမ်ထောင် မသာမယာ ဖြစ်ကာ တကွဲတပြား ဖြစ်ခဲ့သည်။ ဒေါ်ခင်လေးငယ် အနိစ္စရောက်ခဲ့သည်။ ထို့နောက် ဒုတိယ အိမ်ထောင် ဆက်သည်။ ဒုတိယ အိမ်ထောင်မှာ ရွာ သူကြီးသမီး ဒေါ်ဖွားမေ ဖြစ်သည်။ သားသမီး မထွန်းကားဘဲ ဒေါ်ဖွားမေ ကွယ်လွန်ခဲ့ရှာသည်။ ထို့နောက် တတိယ အိမ်ထောင် ဆက်သည်။ တတိယ အိမ်ထောင်မှာ ဒေါ်အေးမိဖြစ်သည်။ သားသမီး မထွန်းကား။ တာရှည် မပေါင်းသင်းဖြစ်ဘဲ ကွာရှင်းခဲ့ကြသည်။ ထို့နောက် စတုတ္ထ အိမ်ထောင်ဆက် ဖြစ်သူ ရွှေကျင်သူ ဒေါ်မင်းသာနှင့် လက်ဆက်သည်။ ဒေါ်မင်းသာ လက်ထဲမှာပင် ကွယ်လွန်လေသည်။

ဦးလှကျော်သည် "မောင်ရင်မောင် မမယ်မ" ဝတ္ထုကို ဒုတိယပိုင်း ဆက်လက်ရေးရန် ကြံစည်သေးသည်။ ထို ဒုတိယပိုင်းတွင် မောင်ရင်မောင် မမယ်မ ငယ်ချစ်နှစ်ဦး မျှိုမတတ် ချစ်ခင်ပုံ၊ အမွေအနှစ်များဖြင့် ချမ်းသာစွာ နေထိုင်ပုံများကို ဖွဲ့နွဲ့ရေးရန် စီစဉ်ထားသည်။ ယင်းသို့ စီစဉ်ဆဲ ကွယ်လွန်သွားသည်ဟု ဆိုလေသည်။

ဦးလှကျော်သည် စာအုပ် အတော်များများ ရေးခဲ့သော်လည်း ယခုခေတ်လူတို့မှာ အနည်းငယ်လောက်သာ လက်လှမ်းမီလိုက်သည်။ "မောင်ရင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မမယ်မ” ဆိုလျှင် အလွန် ရှားပါးလှသည်။ သူ၏သမီး ဒေါ်တင်တင်နှင့် မြေး ဒေါ်ခင်ထားဦး (ယခု ရွှေဘိုမြို့ အစိုးရ အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး) တို့က ၁၉၅၉ ခုတွင် ပြန်လည်ပုံနှိပ် ထုတ်ဝေ၍သာ ယခုခေတ်လူတို့ အလွယ်တကူ လေ့လာ ဖတ်ရှုနိုင်ခွင့် ရခဲ့ပေသည်။ ထိုစာအုပ်တွင် မြေး ဒေါ်ခင်ထားဦးက ဦးလှကျော်အကြောင်း ရေးထားသည်။ သူ၏ ရေးသားချက်အရ ဦးလှကျော် ရေးသားသော စာအုပ်များ စစ်အတွင်းက ပျက်စီးသွားကြောင်း သိရသည်။ ထိုအထဲတွင် ဦးလှကျော် မြို့အုပ်လုပ်စဉ်က ကြုံတွေ့ရပုံတို့ကို အခြေခံလျက် ရေးထားသည့် “ကိုမြို့အုပ်” ဝတ္ထုစာမူလည်း ပါသွားကြောင်း သိရသည်။

ဦးလှကျော် စီရင်ရေးသား၍ ၁၉၁၂ ခုနှစ်တွင် ရိုက်နှိပ် ထုတ်ဝေသည့် “ရှေ့နေ လိုက်လံမှု နျူပဒေသ ကျမ်း” အကြောင်းကိုမူ ဆရာ ဇေယျက ဆောင်းပါး ရေး၍ ဖော်ထုတ်ထားလေသည်။ ထိုကျမ်းသည် ဥပဒေဆိုင်ရာကျမ်း ဖြစ်သည်။ သို့ရာတွင် ဦးလှကျော်သည် လူ့သဘာဝ အဖွဲ့တွင် စိတ်ဝင်စားသူ ဖြစ်သောကြောင့် ဥပဒေစာအုပ်ကို ဝတ္ထုဆန်ဆန် ရေးထားသည်။ ထူးခြားလှပေသည်။

လွန်ခဲ့သော ၃ လခန့်က ကျွန်တော်သည် ရန်ကုန်မြို့ လမ်းဘေး စာအုပ်အဟောင်းဆိုင်ကလေး တစ်ဆိုင်မှ ဦးလှကျော် စီရင် ရေးသားသည့် ဥပဒေစာအုပ်တစ်အုပ် ရခဲ့သည်။ ထိုစာအုပ်သည် ဥပဒေ မေးခွန်းပုစ္ဆာများကို ဖြေဆိုထားသော ကျမ်း ဖြစ်သည်။ ဒီမိုင်းအရွယ်၊ စာမျက်နှာ ၂၅၀ ကျော် ရှိသည်။ ၁၉၂၆ ခုတွင် ထုတ်ဝေသည်။ ရန်ကုန်မြို့၊ ၃၂ လမ်း၊ အမှတ် ၁၁၂၊ ဟံသာဝတီ ပုံနှိပ်တိုက်က ရိုက်နှိပ်သည်။ စာအုပ်၌ ဦးလှကျော်သည် ရန်ကုန်မြို့ ဥပဒေအသင်းကြီး၏ ဥက္ကဋ္ဌ ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ကျန်းမာရေး ချို့တဲ့သော်လည်း ဘဝကို အရှုံးမပေး။ အလုပ် အမျိုးမျိုး လုပ်လျက် စာအမျိုးမျိုး ရေးခဲ့သော ဦးလှကျော်၏ အားမာန်မှာ လေးစား ချီးကျူးဖွယ်ရာ ဖြစ်ပေသည်။

ယနေ့ဆိုလျှင် ဦးလှကျော် ကွယ်လွန်သည်မှာ နှစ်ပေါင်း ၅၀ ခန့် ရှိလေပြီ။ ကာလ ကြာမြင့်ပြီ ဖြစ်သောကြောင့် သူ့အရိုး ဆွေးမြည့်သည်မှာ ကြာလေပြီ။ သို့သော် မြန်မာစာပေ သမိုင်း၌ သူ့အမည်၊ သူ့ဝတ္ထုတို့သည် တည်ရှိဆဲပင် ဖြစ်သည်။ သူ့ဇာတ်ကောင် “မောင်ရင်မောင် မမယ်မ” သည် ကျွန်တော်တို့

---

ပထမအကြိမ် ပုံနှိပ်ခြင်း အတွင်းမျက်နှာဖုံး (မူရင်းသတ်ပုံအတိုင်း)





Maung Yin Maung

AND

Ma Me Ma. Vatthu.

A novel in Burmese being the first in the language.

COMPILED BY

JAMES HLA GYAW

မောင်ရင်မောင်မမယ်မဝတ္ထု။

ကိုရင်မောင်ထားခဲ့သောစာများမှ

မောင်လှကျော်စီရင်သည်။

ရန်ကုန်မြို့၊ မြန်မာအဆွေပုံနှိပ်တိုက်။

RANGOON.

FRIEND OF BURMA PRESS.

1904.

*All rights reserved*

(ပဋမနှိပ်ခြင်း အတွင်းမျက်နှာဖုံး)



www.burmeseclassic.com

www.burmeseclassic.com





ကျိမ်းလှကျော်၏ ဇနီး ခင်ခင်ငယ်နှင့် သမီး တင်တင်

နှုတ်ဖျားဌ ဝဲပျံဆဲပင် ဖြစ်သည်။ သူ့ဝတ္ထုပါ အောက်ပါ မောင်ရင်မောင် ရေချခန်းသည် ကျွန်တော်တို့ရင်၌ စွဲတည်ဆဲပင် ဖြစ်သည်။

"နေဝင်၍ မှောင်လတ်သော် ယခင် ဆိုခဲ့သော အာဏာသား နှစ်ယောက်တို့သည် ထန်းရည် အရက်တို့ကို သောက်စား မူးယစ်သဖြင့် များစွာသော စကားကို ကျယ်လောင်စွာ ပြောဆိုလျက် ဝါးကပ်တစ်ခုကို ယူလာပြီးလျှင် အိတ်တွင်း၌ ရှိသော လူရှင် ကိုရင်မောင်ကို သေသူ ဆရာကြီး ဦးပေါ်လာ၏ အလောင်း ထင်မှတ်၍ ကြမ်းတမ်းစွာ ဆွဲငင်





ဝါးကပ်ပေါ်သို့ တင်ယူကြ၏။ ကိုရင်မောင်လည်း လူသေသဏ္ဌာန်ဖြင့် မိမိကိုယ်ကို တောင့်လျက် ခံရရှာ၏။ ထို့နောက် ထောင်အတွင်းမှသည် ထောင်ပြင်သို့ ရောက်လျှင် ထိုအခါ၌ မိုး စိတ်စိတ်ရွာ၍ လေပြည် ညင်းသဖြင့် အေးမြခြင်းကြောင့် ထောင်ပြင်သို့ ရောက်ကြောင်းကို အိတ်တွင်းမှ ကိုရင်မောင် သိရှိ၏။ ထို့နောက် တစ်ဖန် ရေစီးသည့် အသံကို ကြားရပြန်လျှင် ယခုကား မြစ်ကမ်းနားသို့ ရောက်လေပြီ ဟူ၍ သိ၏။

ထို အာဏာသား နှစ်ယောက်တို့သည် ထောင်တွင်းမှသည် မြစ်ကမ်းနားသို့ အရောက် လမ်းတစ်လျှောက်လုံး ထန်းရည် မူးယစ်သောကြောင့် များစွာသော စကားတို့ကို တစ်ဦးနှင့်တစ်ဦး အချေအတင် အပြန်အလှန် ပြောဆိုသွားကြရာ မြစ်ကမ်းပါးသို့ ရောက်လျှင် ဝါးကပ်ကို ခေတ္တချထားပြီးကာလ အိတ်တွင်းသို့ ခဲ၊ အုတ်၊ ကျောက် ထည့်သွင်းမှ သင့်မည်၊ သို့မဟုတ်လျှင် အလောင်း ပုပ်လာက ရေပေါ် တက်လာမည် ဆိုပြီးလျှင် အိတ်ထဲသို့ ကျောက်ခဲ၊ အုတ်ခဲများကို ရှာဖွေကြ၏။

ထိုအခါ ကိုရင်မောင်လည်း ယခုအခါ ငါ၌ ပါသော အရိုးမဲ့ သင်တုန်းဓားဖြင့် ဖျင်အိတ်ကို ဖောက်ဖျက် ထွက်ပြေးရသော် ငါ မုချ လွတ်ရန် အကြောင်းရှိသည်။ သည်ကဲ့သို့ ငါ ထွက်ပြေးရလျှင် မသင့်လျော်လော ဟူ၍ စဉ်းစား ဆင်ခြင်လိုက်ရာ ဆရာကြီး ဦးပေါ်လာသည် 'မကြောက်နှင့်' ဟူသော စကားကို တစ်ဖန် လာရောက် ပြောဆိုပြန်ဘိ သကဲ့သို့ ဆရာကြီး ဦးပေါ်လာ မျက်နှာကို ကိုရင်မောင် စိတ်တွင်း၌ ကွက်ကွက်ကွင်းကွင်း မြင်ပြန်လျှင် ငါ့အဘ မှာတိုင်းသာ မသွေမယွင်း ငါ လိုက်နာ ကျင့်ဆောင်ရသည်။ တစ်ကြောင်းလည်း ငါ သည်ကဲ့သို့ ထွက်ပြေးက ငါ့ကို ပြန်၍ ဖမ်းဆီးရန် အရပ်လေးမျက်နှာသို့ လူအမြောက် အမြား စေလွှတ်မည် ဧကန္တ ဖြစ်သည်။ ငါ ရေချခံ၍ တိတ်တဆိတ် ကူးပြေးမှုကား ငါသေပြီဟု လူအလုံးတို့ အထင်ရောက်ကြသဖြင့် ငါ့ကို လိုက်လံ ရှာဖွေ ဖမ်းဆီးတော့မည် မဟုတ်။ ငါ့အဘသည် လွန်စွာ မြော်မြင်တတ်သူ ဖြစ်သည်။ အဘ မှာတိုင်း တစ်သဝေမျှ မတိမ်းမလွဲ ရအောင် လိုက်နာ ပြုလုပ်အံ့ဟု အကြံပြု၏။ ထို့နောက် အာဏာသား တို့လည်း ရှာဖွေ ရရှိသမျှသော ကျောက်ခဲ၊ အုတ်ခဲများကို အိတ်တွင်းသို့ သွတ်သွင်းကြ၏။ ကိုရင်မောင်လည်း ငြိမ်ဝပ်စွာ အောင့်အည်း၍ ခံရှာ သည်။ ထို့နောက်မှ တစ်ဖန် မြင့်လှသော ကမ်းစောင်းသို့ ဝါးကပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်သွားပြီးလျှင် တစ်ဦးသော အာဏာသားက တစ်ကြိမ်၊ နှစ်ကြိမ် ငါပါးစပ်က ဆိုမည်၊ သုံးကြိမ် ဆိုလျှင်ဆိုချင်း ဝါးကပ်ပါ ရေထဲသို့ ပစ်ချလိုက်ရမည် မှာထားရာ တစ်ဦးကလည်း ကောင်းပါပြီဟု ပြော၏။ ထို့နောက် ကိုရင်မောင်လည်း အာဏာသားတို့က မိမိကို ရေသို့ ချမည် အပြုတွင် အသည်းနှလုံး တုန်လှုပ်ခြင်း ရှိသော်လည်း အာဏာသားတို့က တစ်ကြိမ် ဆိုမိလျှင် မိမိ၌ ပါသော အရိုးမဲ့ သင်တုန်းဓား ကို အဆင်သင့် လက်ယာလက်ဖြင့် မြဲမြံစွာ ဆုပ်ကိုင်၍ ထား၏။ နှစ်ကြိမ် ဆိုမိပြန်လျှင် သေမည့်ဆဲဆဲတွင် အဘ ဆရာ ဦးပေါလာ မှာထားခဲ့သော 'မကြောက်နှင့်' ဟူသော စကားကို အောက်မေ့မိသဖြင့် ကြောက်ရွံ့ခြင်း ကင်းရှင်း၏။ သုံးကြိမ်ဟူ၍ ဆိုသည်နှင့် တစ်ပြိုင်နက် မြစ်ထဲသို့ ပစ်ချ လိုက်ရာ မမယ်မကို အောက်မေ့လျက် ရေတွင် မြုပ်သွား၏။

အာဏာသားတို့လည်း မောင်ပေါလာ သည်တစ်ခါဖြင့် မပေါလာ နိုင်ပေဘူး ဆိုပြီးလျှင် လူသေအလောင်း မြုပ်သည်၊ ပေါ်သည်ကိုမျှ မကြည့် မရှုဘဲ ထောင်ကြီးသို့ ပြန်သွားကြ၏။ အကယ်စင်စစ်အားဖြင့် ထိုအခါ တွင် မိုးမှောင်ကြီး ကျရောက်ရှိနေသောကြောင့် အကယ် ကြည့်ရှုသော် လည်း မြင်နိုင်ဖွယ်ရာသော အကြောင်း မရှိ။ ကိုရင်မောင်လည်း ရေသို့ ချလိုက်ကာလ မြုပ်၍သွားသည်နှင့် တစ်ပြိုင်နက် ဖျင်အိတ်ကို ဓားနှင့် ဖောက်ခွဲပြီးလျှင် ရေကူးအရာတွင် ငါးမျှနီးနီး တတ်ကျွမ်းသူ မှန်သည့် အတိုင်း ရုတ်တရက် လက်ပစ်ကူးရသော် အာဏာသားနှစ်ဦးတို့ ကြား သိမည် စိုးသောကြောင့် မိမိကိုယ်ကို နှာခေါင်းပေါ်ရုံမျှ ဖော်ပြီးလျှင် ရေမျောခဲ့၏။"

ဒေါ်ဦးဖွန်း
(ပထမ လူမှုဝန်ထမ်း အမျိုးသမီး)



မြန်မာ့လူအိုရုံများ၏ မိခင်၊ တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ကျောင်းအမကြီး ဒေါ်ဦးဖွန်း

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့မှ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် အထက်သို့ ၇ မိုင်ခန့် ဆန်တက်လျှင် မင်းကွန်းသို့ ရောက်နိုင်ပေသည်။ မင်းကွန်းသည် ရွာငယ်ကလေးပင် ဖြစ်သည်။ သို့ရာတွင် မင်းကွန်းစေတီ၊ မင်းကွန်းခေါင်းလောင်း၊ မင်းကွန်း လူအိုရုံတို့ ရှိနေသဖြင့် အမိကရ ထင်ရှားသော နေရာတစ်ခု ဖြစ်နေပေသည်။

မင်းကွန်းစေတီနှင့် မင်းကွန်းခေါင်းလောင်းကို ဘိုးတော်ဘုရား တည်ခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းသည်နှင့်အမျှ ထိုစေတီ၊ ထိုခေါင်းလောင်းတို့သည် အိုခဲ့၊ ဟောင်းခဲ့ပေသည်။

သို့ရာတွင် မင်းကွန်း လူအိုရုံကား ထိုသို့ မဟုတ်။ တစ်နှစ်ထက် တစ်နှစ် အသစ်အသစ် တိုးပွားလာခဲ့သည်။ ဘိုးဘွား သုံးဦးဖြင့် အစ ပြုခဲ့သော ဤလူအိုရုံသည် ဘိုးဘွား ၃၀၀ အထိ လက်ခံ စောင့်ရှောက်ထားနိုင်သော အခြေသို့ ယနေ့ ရောက်ရှိနေပေပြီ။

မင်းကွန်း လူအိုရုံကို စတင် တည်ထောင်သူမှာ ဒေါ်ဦးဇွန်း ဖြစ်ပေသည်။ ဒေါ်ဦးဇွန်းသည် ယနေ့ မြန်မာနိုင်ငံ၌ ထမြောက် အောင်မြင်စွာ ဆောင်ရွက်လျက် ရှိသော ဘိုးဘွားများ (ဝါ) လူအိုများ စောင့်ရှောက်ရေး လူမှုဝန်ထမ်း လုပ်ငန်းကို မြန်မာလူမျိုးများထဲမှ ပထမဦးစွာ မျိုးစေ့ချခဲ့သူ ဖြစ်ပေသည်။

ဒေါ်ဦးဇွန်းကို ၁၂၃၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့တွင် ရတနာပုံ နေပြည်တော် (မန္တလေးမြို့)၌ ဖွားမြင်သည်။ ထိုအချိန်၌ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ် နယ်ချဲ့တို့ သိမ်းပိုက်ပြီး ဖြစ်သည်။ အထက်မြန်မာနိုင်ငံကိုမူ မင်းတုန်းမင်း အုပ်စိုးဆဲဖြစ်သည်။ ဒေါ်ဦးဇွန်း ၁၇ နှစ်သမီး အရွယ်သို့ ရောက်သော အခါတွင်မှ သီပေါမင်း ပါတော်မူခဲ့လေသည်။

ဒေါ်ဦးဇွန်း၏ ဖခင်မှာ ဦးအိ ဖြစ်၍၊ မိခင်မှာ ဒေါ်မျှင် ဖြစ်လေသည်။ ဦးအိသည် အမရပူရမြို့ ရက်ကန်းစင်များမှ ပိုးထည်၊ ချည်ထည်တို့ကို အရောင်းအဝယ် ပြုသော ပိုးကုန်သည်ကြီး ဖြစ်ရာ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသည်။ ရတနာပုံ နေပြည်တော်တွင် အိမ်ကြီးရခိုင်ဖြင့် နေထိုင်နိုင်သည်။





ဒေါ်ဦးဇွန်းသည် တစ်ဦးတည်းသော သမီးကလေး ဖြစ်သည်။ ရုပ်ရည်ရူပကာ လှပတင့်တယ်သည်နှင့်အမျှ စိတ်နေသဘောထားလည်း ထူးခြား မွန်မြတ်သူ ဖြစ်သည်။ ဒေါ်ဦးဇွန်း၏ အမူအကျင့်၊ စိတ်နေသဘောထားနှင့် ပတ်သက်၍ စာပေဗိမာန်ထုတ် "ဖွားဦးဇွန်း" အတ္ထုပ္ပတ္တိ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရသည်။

"ဒေါ်ဦးဇွန်းသည် အာဇာနည် အမျိုးသမီး ဖြစ်သည်။ သူ့၌ နူးညံ့သိမ်မွေ့သော စိတ်ဓာတ် ရှိသည်။ သို့သော် တစ်စုံတစ်ရာကို ပြုမည်ဟု ပြဋ္ဌာန်းလိုက်သည် ရှိသော် ထိုအရာကို မဖြစ်မနေ ပြုလုပ်တတ်သော သံမဏိ စိတ်ဓာတ်လည်း ရှိပေသည်။ xxx ဒေါ်ဦးဇွန်းသည် ငယ်ရွယ်စဉ်က ပွဲလမ်းသဘင် အပျော်အပါးတို့ကို မလိုက်စားခဲ့ချေ၊ အဝတ်အစား၌လည်း အခြားသော အမျိုးသမီးများကဲ့သို့ တစ်ဦးနှင့် ဟစ်ဦး ဂုဏ်တုဂုဏ်ပြိုင် ဝတ်စား ဆင်ယင်ခြင်း လုံးဝ မရှိဘဲ ပင်နီမှုလောက်နှင့်ပင် ရောင့်ရဲ တင်းတိမ်ခဲ့၏။ သာမှု နာမှု သွားသော အခါ၌ပင် ပင်နီချော၊ အမရပူရ လုံချည်မျှသာ ဆင်ယင်၍ စိန်ရွှေ စသည်တို့ကို အလျှင်း မဝတ်ဘဲ သွားလာလေ့ ရှိသည်။ သို့ရာတွင် ကုသိုလ်ကောင်းမှု ပြုမည်ဟု မိမိစိတ်က ပြဋ္ဌာန်းလိုက်လျှင် ထိုပြဋ္ဌာန်းချက်အတိုင်း အထ မြောက်အောင် ဆောင်ရွက်ရသည်တို့၌ကား စိတ်ပျော်ရွှင်မှု ဖြစ်သည်ဟု ယူဆလေ့ရှိသည်။ xxx ဒေါ်ဦးဇွန်းသည် ဗဟုသုတ ကြွယ်ဝသည်။ လူပေါင်းဆံ့သည်။ မင်္ဂလာ တရားတော်နှင့်အညီ ကိုးခြံသင့်သော အရာ၌ ခြိုးခြိုးခြံခြံ ကျင့်သုံး၍ ပေးထိုက် လှူသင့် လှူထိုက်သော အရာ၌ ရက်ရက်ရောရော ပေးကမ်း လှူဒါန်းတတ်သည်။ ခြိုးခြံရမည့် နေရာတွင် မိမိအဖို့ ထမင်းတစ်နပ်မျှနှင့်ပင် ရောင့်ရဲ တင်းတိမ်နိုင်သည်။"

ဒေါ်ဦးဇွန်းသည် ငယ်စဉ်ကပင် မိဘလုပ်ငန်းကို ကူညီ လုပ်ကိုင်ပေးခဲ့သည်။ အသက် ၁၆ နှစ် အရွယ်သို့ ရောက်သောအခါ မိဘလုပ်ငန်းကို ဦးစီးဦးဆောင် ပြု၍ပင် လုပ်ကိုင်ခဲ့ပေသည်။ ထို့ကြောင့် ပိုးထည် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အမြို့မြို့သို့ ရောက်ခဲ့၏။ လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံခဲ့၏။ သို့ရာတွင် အိမ်ထောင်သားမွေးကား မပြုခဲ့။ အပျိုကြီးဘဝဖြင့် အရိုးထုတ်ခဲ့လေသည်။

ဒေါ်ဦးဇွန်းသည် အသက် ၃၀ အရွယ်တွင် မန္တလေးမြို့ရှိ ပတ္တမြားဆရာတော်ဘုရားကြီးကို အုတ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့သည်။ ထိုမှစ၍ "ပတ္တမြားအုတ်ကျောင်းအမ ဒေါ်ဦးဇွန်း" ဟူ၍ ထင်ရှားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါး ကွယ်လွန်သောအခါ အမွေအနှစ် အားလုံးကို ဒေါ်ဦးဇွန်း ရလိုက်သည်။ ယင်းတို့မှာ နေထိုင်သော တိုက်အိမ်၊ ငွေသား တစ်သိန်းခွဲ၊ လယ်ယာမြေ စသည်တို့ ဖြစ်သည်။ ဒေါ်ဦးဇွန်းသည် မိဘနှစ်ပါး ရှိစဉ်ကပင် ပိုးကုန်သည်လုပ်ငန်းကို ဦးစီး လုပ်ကိုင်ခဲ့သည် ဖြစ်ရာ၊ မိဘနှစ်ပါး မရှိသော်လည်း လုပ်ငန်းအတွက် လုံးဝ အခက်အခဲမရှိ အောင်မြင်စွာ ဆက်လက် လုပ်ကိုင်နိုင်ခဲ့သည်။ ထို့ကြောင့် စီးပွားဥစ္စာတို့မှာ ဆုတ်ယုတ်မသွား၊ တိုးတက်၍ပင် လာခဲ့ပေသည်။ သို့ရာတွင် သူသည် စိမ်းစည်ဥစ္စာများ၌ မပျော်ပိုက်၊ စိတ်ပျော်ရွှင် ချမ်းမြေ့ခြင်း မရှိလှ။ ကွယ်လွန်သူ မိဘနှစ်ပါးကိုသာ သတိတရရ ဖြစ်နေသည်။

သို့ဖြင့် စိတ်ပြေလက်ပျောက် ဖြစ်စေရန် ရန်ကုန်သို့ အလည်အပတ် ဆင်းလာသည်။ ထိုအချိန်၌ ဒေါ်ဦးဇွန်းသည် အသက် ၄၀ အရွယ် ရှိပြီ။ ဒေါ်ဦးဇွန်း ရန်ကုန် ဆင်းလာချိန်တွင် ရန်ကုန်မြို့ စေတော်ကိတ်လမ်း (ယခု သိမ်ဖြူလမ်း) ၌ ခရစ်ယာန် သီလရှင်များ ဦးစီး ဆောင်ရွက်နေသည့် လူအိုရုံတစ်ရုံ ရှိသည်။ ယင်းသည် မူလက ဘရင်ဂျီ ဂိုဏ်းထောက် ဘုန်းတော်ကြီး ဘီဂင်ဒက် တည်ထောင်သော လူအိုရုံ ဖြစ်သည်။ ဘုန်းတော်ကြီး ဘီဂင်ဒက်သည် ခရစ်ယာန် သာသနာပြုရန် ပဲရစ်မြို့မှ မော်လမြိုင်မြို့သို့ ၁၈၅၆ ခုတွင် ရောက်ရှိလာသူ ဖြစ်သည်။ မြန်မာစကားကို ကောင်းစွာ တတ်ကျွမ်းသည်။ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်ပတ်သွားလာခဲ့ဖူးသည်။ ဗုဒ္ဓဘာသာဝင်များနှင့် ကြိမ်ဖန်များစွာ ဆွေးနွေးခဲ့ဖူးသည်။ မင်းတုန်းမင်းနှင့် တွေ့ဆုံ၍ ဘာသာရေး ကိစ္စများကို ဆွေးနွေးခဲ့ဖူးသည်။ မင်းတုန်းမင်း ပေးသော ဆင် သုံးစီး၊ လှေ တစ်စင်းဖြင့် ဘရင်ဂျီ ဘာသာဝင်များ ရှိရာ ဒေသများသို့ ဗန်းမော်မြို့ အထိ ဆန်တက်ခဲ့ဖူးသည်။ ဗုဒ္ဓ ဂေါတမ အတ္ထုပ္ပတ္တိ (Life and Legend of Gautama) စာအုပ်ကို ရေးသား၍ ၁၈၅၈ ခုတွင် ပုံနှိပ် ထုတ်ဝေခဲ့သည်။ ထိုဘုန်းတော်ကြီး ဘီဂင်ဒက်သည် ၁၈၈၉ ခုတွင် ထိုလူအိုရုံကို စတင် တည်ထောင်ခဲ့သည်။ နောင်သောအခါ သီလရှင်ဂိုဏ်းသို့ လွှဲပြောင်းပေးခဲ့သည်။

ရန်ကုန်သို့ ရောက်နေသော ဒေါ်ဦးဇွန်းသည် တစ်နေ့သောအခါ ထိုလူအိုရုံသို့ သွားရောက် လည်ပတ် ကြည့်ရှုသည်။ ခိုကိုးရာမဲ့ ဖြစ်နေသော ဘိုးဘွားများအား ခရစ်ယာန် သီလရှင်များက ကောင်းစွာ ကျွေးမွေးစောင့်ရှောက် ပြုစုထားသည်ကို တွေ့ရသည်။ ထိုအခါ ထိုလုပ်ငန်းကို ဒေါ်ဦးဇွန်း များစွာ နှစ်သက်သဘောကျသွားသည်။ ခိုကိုးရာမဲ့ ဖြစ်နေသော ဘိုးဘွားများကို ကျွေးမွေး စောင့်ရှောက်ခြင်းသည် မြတ်သောအမှု၊ မြတ်သောဒါန ဖြစ်သည် ဟူ၍ တွေးမိ သည်။ ခရစ်ယာန် သာသနာပြုတို့နည်းတူ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် လည်း





ထိုလုပ်ငန်းမျိုးကို လုပ်ဆောင်သင့်သည်ဟု အကြံ ဖြစ်မိသည်။ ယင်းသို့ တွေးမိ၊ အကြံ ဖြစ်မိရာမှ ထိုလုပ်ငန်းကို မိမိကပင် စတင် ဦးဆောင် လုပ်တော့မည်၊ ကွယ်လွန်သူ မိဘနှစ်ပါး ကိုယ်စား အသက်ထင်ရှား ရှိနေသော ခိုကိုးရာမဲ့ ဘိုးဘွားများကို ပြုစု စောင့်ရှောက်ခြင်းဖြင့် စိတ်ချမ်းသာမှုကို ရှာတော့မည် ဟူ၍ သန္နိဋ္ဌာန် ချလိုက်လေသည်။

သို့ဖြင့် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ ဒေါ်ဦးဇွန်းသည် ထိုလုပ်ငန်းကို စတင် အကောင်အထည် ဖော်လေသည်။ ရှေးဦးစွာ မင်းကွန်းရွာရှိ မင်းကွန်းစေတီနှင့် မင်းကွန်းခေါင်းလောင်းကြီး အနီး အေးချမ်းသာယာလှသော မြေနေရာတွင် ကမ္မဋ္ဌာန်းကျောင်း ၃ ကျောင်း ဆောက်သည်။ ထိုနောက် အဘိုးအို တစ်ဦးနှင့် အဘွားအို နှစ်ဦး၊ ပေါင်း ၃ ဦးကို ထားရှိသည်။ ယင်းတို့မှာ အသက် ၉၅ နှစ် အရွယ်ရှိ ဖိုးဆင့်၊ အသက် ၉၈ နှစ် အရွယ်ရှိ ဖွားစိုး၊ အသက် ၈၅ နှစ် အရွယ်ရှိ ဖွားမယ်တို့ ဖြစ်ကြသည်။ သူတို့ ၃ ဦးကို ဒေါ်ဦးဇွန်း ကိုယ်တိုင် အဖော် မိန်းကလေး တစ်ဦး၏ အကူအညီဖြင့် ကျွေးမွေး စောင့်ရှောက် ပြုစုသည်။ ၁၂၇၈ ခုမှ စတင် လုပ်ဆောင်ရာ ၁၂၈၀ ပြည့်နှစ်တွင် ဘိုးဘွား ၂၀ အထိ တိုးချဲ့ လက်ခံ ထားရှိနိုင်ခဲ့သည်။ ထို ၂ နှစ်အတွင်း ကုန်ကျစရိတ် အဝဝကို ဒေါ်ဦးဇွန်း တစ်ဦးတည်းကပင် ကျခံပေသည်။

ထိုနောက် ဒေါ်ဦးဇွန်း၏ လုပ်ငန်းကို အားပေးကူညီမည့် ပုဂ္ဂိုလ်နှစ်ဦး ပေါ်လာသည်။ ဦးဘချမ်းနှင့် ဦးမောင်ကြီး (ဘီ အိုင် အေ) တို့ ဖြစ်သည်။ မင်းကွန်း လူအိုရုံလုပ်ငန်းကို ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် သူတို့ ၃ဦး ပူးပေါင်းလျက် လူအိုရုံအသင်း တည်ထောင်ကာ ရန်ပုံငွေ ဖွင့်သည်။ အသင်း တည်ထောင်စ၌ အားပေးမည့်သူ နည်းပါးလှသဖြင့် ၈ နှစ်အတွင်း ရန်ပုံငွေ ရှစ်ထောင်သာ ရသည်။ သို့ရာတွင် မွန်မြတ်သော လုပ်ငန်းကို တိုင်းပြည်က တစ်စ တစ်စ သဘောပေါက် နားလည်လာကြသဖြင့် မကြာမြင့်မီပင် ရန်ပုံငွေ ရှစ်ထောင်မှ ၄ သိန်းအထိ တိုးတက် ရရှိလာသည်။ ထိုအခါ မင်းကွန်း လူအိုရုံကို ဘိုးဘွား ၂၅၀ အထိ တိုးချဲ့ လက်ခံနိုင်သော အခြေသို့ ရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ခေတ်မီ ရေလှောင်ကန်၊ မီးဖို၊ မွှောရုံ စသည်တို့ ထားရှိ၍လည်း လူအိုရုံ လုပ်ငန်းကို ခေတ်မီ စနစ်တကျ တိုးတက် ဆောင်ရွက်နိုင်ခဲ့သည်။ လူအိုရုံပိုင် မော်တော်ကား တစ်စီးပင် ထားနိုင်ကာ မန္တလေး ဆိပ်ကမ်းမှ မင်းကွန်း လူအိုရုံသို့ သွားလိုသူများကို အခမဲ့ နိဗ္ဗာန်ကူးတို့ပင် ပို့နိုင်ခဲ့လေသည်။

ယင်းသို့ မင်းကွန်းလူအိုရုံ တိုးတက် အောင်မြင်လာသောအခါ ဒေါ် ဦးဇွန်းသည် အခြား မြို့များတွင် လူအိုရုံများ တည်ထောင်နိုင်ရန် ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ သူသည် သူ့ငွေဖြင့်ပင် မ တည်ကာ ၁၂၈၉ ခုတွင် သထုံ မြသပိတ်တောင်ခြေ၌ လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်၌ လည်းကောင်း၊ ၁၂၉၅ ခုတွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌ လည်းကောင်း၊ ၁၂၉၉ ခုတွင် ပခုက္ကူ၌ လည်းကောင်း လူအိုရုံများ တည်ထောင်ခဲ့သည်။ ထိုနောက် သူ့၌ ရှိရှိသမျှသော ပစ္စည်းအားလုံး စုစုပေါင်း ၂ သိန်းဖိုးခန့်ကိုလည်း လူအိုရုံများသို့ ရက်ရောစွာ လှူဒါန်းလိုက်လေသည်။ လူအိုရုံ လုပ်ငန်းကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်နေရာမှ အသက် ၆၀ အရွယ် ရှိလာသောအခါ ဒေါ်ဦးဖွန်းသည် ပေါင်းတည်မြို့ လူအိုရုံ၌ သီလရှင် ဘဝသို့ ကူးပြောင်းလိုက်သည်။ (ဘွဲ့မှာ ဘွားသုမာလာ ဖြစ်သည်။) ယင်းသို့ သီလရှင် ဘဝသို့ ကူးပြောင်းသော်လည်း လူအိုရုံ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်မြဲ ဆောင်ရွက်သည်။

ဤအတွင်း မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက် ပြန့်ပွားလာသည်။ စစ်မီးသည် အခြားသော လုပ်ငန်းများနှင့် အတူ ဒေါ်ဦးဖွန်း၏ လူအိုရုံ လုပ်ငန်းကိုလည်း ဖျက်ဆီးခဲ့သည်။ စစ်ဒဏ်ကို အခြားလူအိုရုံများထက် နှင်းဆီကုန်း လူအိုရုံက ပို၍ ခံရသည်။ ရန်ကုန်မြို့ကို ဂျပန်က ဗုံးကြဲပြီးနောက် အင်္ဂလိပ်စစ်တပ်က မြို့သူမြို့သား အားလုံးအား ၂၈-၂-၄၂ နေ့ကို နောက်ဆုံးထား၍ မြို့မှ ထွက်ခွာသွားကြရန် အမိန့်ပေးသည်။ (ယင်းသို့ အမိန့်ပေးပြီးနောက် ၆-၃-၄၂ နေ့တွင် ရန်ကုန်မြို့ကို အနှံ့အပြား မီးရှို့ ဖျက်ဆီးခဲ့သည်။) ဤတွင် နှင်းဆီကုန်း လူအိုရုံမှ အဘိုးအဘွားများအား ဒေါ်ဦးဖွန်း ကိုယ်တိုင် ကြပ်မတ်လျက်

**သီလရှင်ဘဝ ဒေါ်ဦးဖွန်း**





၁၁-၂-၄၂ နေ့တွင် မင်းကွန်း လူအိုရုံသို့ ပြောင်းရွှေ့ပေးခဲ့လေသည်။ (မင်းကွန်း လူအိုရုံသည် နှင်းဆီကုန်း လူအိုရုံကဲ့သို့ စစ်ဒဏ်ကို ပြင်းထန်စွာ မခံစားရသော်လည်း အထိုက်အလျောက်ကား ခံစားခဲ့ရသေးသည်။ ဖက်ဆစ် ဂျပန်တို့သည် မင်းကွန်း လူအိုရုံပိုင် မော်တော်ကို သိမ်းပိုက်ခဲ့၏။ မင်းကွန်း လူအိုရုံပိုင် လျှပ်စစ်ဓာတ်မီးစက်ကိုလည်း သိမ်းပိုက်ခဲ့၏။ ထို့ပြင် လူအိုရုံ အဆောက်အအုံ အချို့ကို ဖျက်ဆီးခဲ့၏။)

နှင်းဆီကုန်း လူအိုရုံမှ ဘိုးဘွားများကို ဒေါ်ဦးဖွန်းကိုယ်တိုင် မင်းကွန်းသို့ ခေါ်ဆောင် ပြောင်းရွှေ့ပေးရာတွင် အချို့သာ လိုက်ပါကြသည်။ အချို့က မင်းကွန်းသို့ မလိုက်လိုဟု ဆိုကာ ရန်ကုန်၌ ဖွတ်အတင်း နေခဲ့ကြသည်။ သူတို့သည် တစ်နှစ်ကျော်ခန့် စောင့်ရှောက်သူ မရှိ၊ ဖရိုဖရဲ တကွဲတပြားစီ ဖြစ်နေကြသည်။ ဒေါ်ဦးဖွန်း ခမျာမှာလည်း သူတို့အတွက် မည်သို့မျှ မဆောင်ရွက်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဤတွင် ၁၉၄၃ ခု၌ စိတ်ထားမွန်မြတ်သူ ပုဂ္ဂိုလ်တစ်စုက စုပေါင်း၍ နှင်းဆီကုန်း ဘိုးဘွားစောင့်ရှောက်ရေး အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ စောင့်ရှောက်မည့်သူ ကင်းမဲ့နေသော ဘိုးဘွားတို့ကို ပြန်လည် စည်းရုံးကာ ပြုစု စောင့်ရှောက်ကြသည်။ ဒေါ်ဦးဖွန်း၏ လက်ငုတ်ကို ဆက်လက် လုပ်ကိုင်ကြသည်။ ယင်းသို့ လုပ်ကိုင်သည်ကိုလည်း မင်းကွန်းရှိ ဒေါ်ဦးဖွန်းထံ စာရေး၍ သတင်းကောင်း ပေးပို့ကြသည်။

ထိုအခါ ဒေါ်ဦးဖွန်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်-

**မိခင် ဒေါ်မျှင် (ဝဲ) နှင့် ဖျိုရွယ်စဉ် ဘဝ မဦးဖွန်း (ယာ)**



www.burmeseclassic.com

www.burmeseclassic.com



"'လူ့အိုရုံကြီးကို တာရှည် ကောင်းဖို့ မျှော်လင့်၍ စောင့်ရှောက်ရေးအဖွဲ့' ဟု တည်ထောင် ထူထောင်တော် မူကြသောကြောင့် နာယက ဆရာတော်မှ စ၍ အဖွဲ့ဝင် လူကြီးများအားလုံး ကြံတိုင်း အောင်ကြပါစေ၊ ကပ်သုံးပါးမှ ကျော်လွှားနိုင်ပါစေဟု မေတ္တာ ပို့ပါ၏။ ဥက္ကဋ္ဌကြီး ဦးတင်ထံက စာကို ရရှိသည်မှာ ရွှေထုပ် ငွေထုပ်ကို ရရှိသည်ထက် များစွာ အဖိုးတန်လှပါပေသည်။ လူ့အိုများအကျိုး လိုဟန် ဆောင်၍ လောဘ အတ္တဟိတ သမားများ တွေ့ရှိ ထင်မြင်ပါလျှင် နှိမ်နင်းပယ်ရှား နိုင်ပါစေ ဟု ဆုတောင်းပါ၏။"

ဟူ၍ ၂၈-၅-၄၃ နေ့စွဲဖြင့် စာ ပြန်ကြား ရေးသားခဲ့လေသည်။

ထိုအချိန်၌ ဒေါ်ဦးရွှန်းသည် ဇရာထောင်းနေပြီ။ ကျန်းမာရေးလည်း ချို့တဲ့နေပြီ။ ထို့ကြောင့် ၂၅-၁၀-၄၃ နေ့စွဲဖြင့် အဖွဲ့သို့ ရေးသားပေးပို့သော စာ၌ ဤသို့ ထည့်သွင်း မှာကြားခဲ့သည်။


"အဘွားလည်း အသက်အရွယ် ကြီးပါပြီ။ ကောင်းကောင်းလည်း မကျန်းမာသဖြင့် မောင်တို့ပဲ ဒီလုပ်ငန်းကို ဆက်လက် တာဝန်ယူကြပါ။ အဘွားတော့ မတတ်နိုင်တော့ပါ။"

ဤစာသည် ဒေါ်ဦးရွှန်း၏ နောက်ဆုံးစာပင် ဖြစ်သည်။ ဤစာ ရေးပြီး နောက် တစ်နှစ်ခန့် အကြာတွင် ဒေါ်ဦးရွှန်း ကွယ်လွန် အနိစ္စရောက်သွားရာလေသည်။ ဒေါ်ဦးရွှန်းသည် မွန်မြတ်လှသည့် လုပ်ငန်းကြီးကို ထူးချွန်စွာ ဆောင်ရွက်လျက် ဘဝကို တန်ဖိုးရှိစွာ အသုံးချ နေထိုင်သွားသူ ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေသည်။ သူ ကွယ်လွန်သည့် နေ့သည် ၁၁-၅-၄၄ နေ့ ဖြစ်၍ စစ်ကာလ အတွင်း ဖြစ်သည်။ ကွယ်လွန်ချိန်၌ အသက် ၇၆ နှစ်အရွယ် ရှိသည်။ သူ မြတ်နိုးခင်တွယ်လှသည့် မင်းကွန်း လူ့အိုရုံမှာပင် ကွယ်လွန်ရှာလေသည်။

ဒေါ်ဦးရွှန်း ကွယ်လွန်သော်လည်း သူ၏ လုပ်ငန်းကား မကွယ်ခဲ့။ တစ်နှစ်ထက် တစ်နှစ် တိုးတက်ကျယ်ပြန့်၍ပင် လာခဲ့ပေသည်။ ယနေ့ မြန်မာနိုင်ငံတွင် ဒေါ်ဦးရွှန်း အုတ်မြစ်ချပေးခဲ့မှုကြောင့် လူ့အိုရုံခေါ် ဘိုးဘွား ရိပ်သာများသည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေပြီ။ မင်းကွန်း၊ ရန်ကုန်၊ ပခုက္ကူ၊ သထုံ၊ ပေါင်းတည် တို့၌ သာမက ဖြူး၊ မော်လမြိုင်တို့၌လည်း ဘိုးဘွားရိပ်သာများ ရှိနေပြီ။ ထို့ပြင် ပုသိမ်၊ မန္တလေး၊ ပြည်၊ မြောင်းမြ စသည်တို့၌လည်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြပြီ။

ဒေါ်ဦးရွှန်း အုတ်မြစ်ချခဲ့သော လုပ်ငန်းကို ပုဂ္ဂိုလ်ကြီးများ၊ အသင်းအဖွဲ့များသာမက နိုင်ငံ အစိုးရကပါ အလေးအမြတ် ထား၍ ဆောင်ရွက်နေလေပြီ။

ဦးရွှေကြူး
(ပထမ ခေတ်သစ်မဂ္ဂဇင်း ထုတ်ဝေသူနှင့် အယ်ဒီတာ)



မြန်မာ့အလင်း မဂ္ဂဇင်း တည်ထောင် ထုတ်ဝေသူ
အယ်ဒီတာ ဦးရွှေကြူး

www.burmeseclassic.com

www.burmeseclassic.com

တလောက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌ မြန်မာ့အလင်း မဂ္ဂဇင်းဟောင်း အချို့ကို တွေ့ရသည်။ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တိုက်နံပါတ် ၅၁၊ ရွှေကြူးကုမ္ပဏီက ထုတ်ဝေသော မဂ္ဂဇင်းများ ဖြစ်သည်။ ရွှေကြူးကုမ္ပဏီမှာ ဦးရွှေကြူးပိုင် ကုမ္ပဏီ ဖြစ်သည်။ ဤတွင် မြန်မာ့အလင်း မဂ္ဂဇင်းကို ဦးရွှေကြူး ကပင် ထုတ်ဝေသည်ဟု မှတ်ယူသင့်ပေသည်။ ယင်းမဂ္ဂဇင်းများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၅ နှစ်ကျော် (၁၉၁၂ ခု) က ထုတ်ဝေခဲ့သည် ဖြစ်ရာ ကျွန်တော် တွေ့သော အချိန်၌ ဟောင်းမြင်း နွမ်းရိသော အခြေသို့ ရောက်နေပေသည်။

ကျွန်တော် တွေ့သော မြန်မာ့အလင်း မဂ္ဂဇင်းများ၌ အယ်ဒီတာ့ အမည် ဖော်ပြထားသည်ကို မတွေ့ရပေ။ ထို့ပြင် ဆောင်းပါး၊ ဝတ္ထု ရေးသူ စာရေးဆရာ များ၏ အမည်များ ဖော်ပြထားသည်ကိုလည်း မတွေ့ရပေ။ သို့ရာတွင် ပါဝင်သော ကဏ္ဍတို့မှာ ခေါင်းကြီးပိုင်း၊ ဆောင်းပါး၊ ဝတ္ထု၊ စာအုပ်ဝေဖန်ခန်း စသည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပေသည်။ ပါဝင်သော အကြောင်းအရာတို့မှာလည်း ဘာသာ ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စာပေရေး စသည်ဖြင့် ဘာသာရပ် စုံပေသည်။ တစ်နည်းအားဖြင့် ခေတ်သစ်ဉာဏ်များ သွတ်သွင်းထားသည် ဟု ဆိုသင့်ပေသည်။ ထို့ပြင် အရေးအသားမှာ စကားပြေကို ကာရံ နဘော မပါဘဲ ယနေ့ မဂ္ဂဇင်းများမှာ ကဲ့သို့ပင် ဖြောင့်ဖြောင့်တန်းတန်း ရှင်းရှင်းလွယ်လွယ် ရေးထားသည်။ ဤတွင် "ခေတ်သစ် မဂ္ဂဇင်းများအစ မြန်မာ့အလင်း မဂ္ဂဇင်းက" ဟု ဆိုကြသည်မှာ ဆိုသင့်ပါပေသည်ဟု ကျွန်တော် မှတ်ချက်ချမိသည်။

ကျွန်တော်တို့ သိရသမျှ မြန်မာမဂ္ဂဇင်း သမိုင်း၌ "မြန်မာ့မဂ္ဂဇိန်" သည် အစောဆုံး ဖြစ်သည်။ ယင်းကို မည်သည့်ခုနှစ်၌ စတင် ထုတ်ဝေသည်ကိုကား အတိအကျ မသိရပေ။ ထုတ်ဝေသူမှာမူ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မှ အလွတ် ပညာသင် ကျောင်းဆရာကြီး ဦးမောင်မောင် ဖြစ်သည်။ ဦးမောင်မောင်သည် အင်္ဂလိပ် ဝေါဟာရ "မဂ္ဂဇင်း" (Magazine) ကို မယူခဲ့။ "မဂ္ဂဇည" ဟု ပါဠိဘာသာဖြင့် ကြံလျက် ယူခဲ့သည်။ ယူပုံမှာ မဂ္ဂ=လမ်းခရီး၊ ဇည=လမ်းစဉ်၊





မဂ္ဂဇည → မဂ္ဂဇိန် = လူတို့ ကျင့်သုံး လိုက်နာရန် လမ်းစဉ် ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ထင်သည်။ မြန်မာ့မဂ္ဂဇိန်၌ ဝတ္ထု မပါ။ ခေတ်မီ ဆောင်းပါးများ မပါ။ ဘာသာရေးဆိုင်ရာ ဆောင်းပါးများနှင့် ဆေးအကြောင်း၊ ဗေဒင်အကြောင်း ဆိုင်ရာ ဆောင်းပါးများသာ ပါဝင်လေသည်။ မြန်မာ့အလင်း မဂ္ဂဇင်းကား ယင်းသို့မဟုတ်။ "မဂ္ဂဇိန်" ဟူသော ဝေါဟာရကို မသုံးခဲ့။ "မဂ္ဂဇင်း" (Magazine) ဟူသော ဝေါဟာရကို သုံးကာ ခေတ်မီ အကြောင်းအရာတို့ကို ခေတ်မီ အရေးအသားဖြင့် တင်ပြခဲ့ပေသည်။ ထို့ကြောင့်လည်း မြန်မာ့အလင်း မဂ္ဂဇင်းသည် ခေတ်သစ်မဂ္ဂဇင်းများတွင် အဦးဆုံး ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်ပေသည်။

ဆရာဇေယျက "၎င်း(မြန်မာ့အလင်း မဂ္ဂဇင်း) အလျင်က မဂ္ဂဇင်းများ ရှိခဲ့ကြဖူးသော်လည်း ထိုမဂ္ဂဇင်းများမှာ လူထုကို ခေတ်သစ်ဉာဏ်များ သွင်းပေး သော မဂ္ဂဇင်းများ မဟုတ်ဘဲ၊ ရှေးဟောင်း ကျမ်းဂန်များမှ လာသော ဆုံးမစာ များနှင့် ဘာသာရေးများသာ ပါရှိရာ၊ ဦးရွှေကြူး စီမံထုတ်ဝေသော မဂ္ဂဇင်းသစ် မှာမူကား ခေတ်သစ်ဉာဏ်များ သွတ်သွင်းပေးသော နည်းများ ပါရှိလာသဖြင့် 'မြန်မာ့အလင်းမဂ္ဂဇင်းမှာ ခေတ်သစ် မဂ္ဂဇင်းလောက အစ' ဖြစ်သည်ဟု ဆိုနိုင်ပေသည်" ဟူ၍ ဆိုထားပေသည်။

ဤတွင် မြန်မာ့အလင်း မဂ္ဂဇင်း ထုတ်ဝေသူ ဦးရွှေကြူးကို ပထမ ခေတ်သစ်မဂ္ဂဇင်း ထုတ်ဝေသူဟု ဆိုရပေမည်။ ထို့ပြင် ပထမ ခေတ်သစ်မဂ္ဂဇင်း အယ်ဒီတာဟုလည်း ခေါ်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဦးရွှေကြူးသည် မိမိမဂ္ဂဇင်း၌ ခေတ်မီ ဆောင်းပါး၊ ဝတ္ထုတို့ ပါဝင်အောင် စီစဉ်ခြင်း၊ မိမိကိုယ်တိုင် လည်း ပါဝင် ရေးသားခြင်း ပြုသောကြောင့် ဖြစ်ပေသည်။ ယင်းသို့ အယ်ဒီတာ အဖြစ် ဆောင်ရွက်ရာ၌ မြန်မာစာပေနှင့် ပါဠိစာပေတို့ကို ကျွမ်းကျင်သော လယ်တီ ပဏ္ဍိတ ဦးမောင်ကြီးနှင့် တွဲဖက် ဆောင်ရွက်သည်ဟု အမှတ်အသား ရှိပေသည်။ ပညာရှင်များ၏ အဆိုအရ မြန်မာ့အလင်း မဂ္ဂဇင်း အယ်ဒီတာမှာ ဦးရွှေကြူးနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ ဖြစ်သည်။ မဂ္ဂဇင်း၌ ပါဝင် ရေးသားသူများမှာ ဦးရွှေကြူး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဦးရွှေဖံအောင်၊ မော်ဘီ ဆရာသိန်းကြီး စသူတို့ ဖြစ်ပေသည်။

ဆရာ ဇော်ဂျီက–

"ဦးရွှေကြူးသည် မြန်မာနိုင်ငံ၌ ၁၉၀၀ ပြည့်နှစ်လောက်မှ စ၍ မြန်မာ သတင်းစာလောကနှင့် စာပေလောကတို့၌ ထင်ရှားခဲ့သော ခေတ်ပညာတတ် ခေတ်မီပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုလေသည်။ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ နှစ်ရပ်စလုံးကို တတ်ကျွမ်းသည်သာ မက မိမိ တတ်ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



သမျှကိုလည်း မြန်မာ သတင်းစာဆရာ တစ်ဦးအဖြစ်ဖြင့် သတင်းစာ မဂ္ဂဇင်းတို့၌ ရေးသား၍ တိုင်းပြည်၏ မျက်စိကို ဖွင့်ပေးခဲ့သူ ဖြစ်သည်ဟု လည်း ဆိုလေသည်။"

ဟူ၍ ဆိုထားပေသည်။

*

ဦးရွှေကြိုးကို မြန်မာသက္ကရာဇ် ၁၂၃၅ ခု တွင် ဖွားမြင်သည်။ ဦးရွှေကြိုးသည် ငွေကြေး အတန်ကြွယ်ဝသူတစ်ဦး ဖြစ်၍ မျိုးချစ်စိတ်ဓာတ် ရှိသူ တစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က နိုင်ငံခြားသားများသာ လက်ဝါးကြီးအုပ်လျက် ရှိသော မြန်မာ့စီးပွားရေးနယ်သို့ "ရွှေကြိုးကုမ္ပဏီ" အမည်ဖြင့် ကုမ္ပဏီ တည်ထောင်ကာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ခေတ်မီ ကုန်ပစ္စည်းများ၊ ဆေးဝါးများ စသည်တို့ကို နိုင်ငံခြားမှ မှာယူ၍ နိုင်ငံခြား ကုမ္ပဏီများနှင့် အပြိုင် ရောင်းချခဲ့သည်။ ထို့ပြင် စာပေသမားတစ်ဦး ဖြစ်ရာ တစ်ဖက်ကလည်း စာအုပ်စာတမ်းများ ရေးသားပြုစုခြင်း၊ ပုံနှိပ် ထုတ်ဝေခြင်းများ ပြုခဲ့ပေသည်။

မြန်မာစာဖတ် ပရိသတ်ကို အင်္ဂလိပ် ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ စာများနှင့် ရင်းနှီးမှုရှိအောင် ဆက်သွယ်ပေးသူတို့ အထဲတွင် ဦးရွှေကြိုးသည် ထိပ်ဆုံးက ပါဝင်ပေသည်။ ဦးရွှေကြိုးသည် ချားနှင့် မေရီလင့် (Charles & Mary Lamb) တို့က ဝတ္ထုပုံပြင်သဘော ပြန်ရေးထားသော ရှိတ်စပီးယား၏ ပြဇာတ် ၂ ပုဒ်ကို ၁၉၁၁ ခုတွင် မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ ယင်းတို့မှာ "ရိဇာလင်နှင့် အော်လင်းဒိုး" (As You Like It) နှင့် "အန်တိုနီယို ကုန်သည်ဖျို" (The Merchant of Venice) တို့ ဖြစ်သည်။ ထိုဝတ္ထု ၂ ပုဒ်မှာ အောင်မြင်ခဲ့သည်။ ထိုခေတ်က လူကြိုက် များခဲ့သည့်အပြင် မြန်မာပညာရှိပိုင်းကလည်း လက်ခံ ချီးကျူးခဲ့သည်။ ထို့ပြင် ဦးရွှေကြိုးက ရှိတ်စပီးယားနှင့် ဦးပုညကို နှိုင်းယှဉ်ပြလျက် "စလေဦးပုညသည် မြန်မာတို့၏ ရှိတ်စပီးယား ဖြစ်သည်" ဟု အဦးဆုံး ဆိုခဲ့လေသည်။ ထို အဆိုအမိန့်သည် ထက်မြက်သဖြင့် ယနေ့တိုင် မြန်မာစာပေ လောက၌ ထင်ရှားဆဲ၊ တည်ဆဲ ဖြစ်ပေသည်။

ဦးရွှေကြိုးသည် ထိုဝတ္ထု ၂ ပုဒ် အပြင် အင်္ဂလိပ်စာ လေ့လာသော မြန်မာတို့ အထောက်အကူ ရစေရန် "ရွှေကြိုး အသံထွက် အင်္ဂလိပ်–မြန်မာ အဘိဓာန်" ကိုလည်း ပြုစု ထုတ်ဝေခဲ့သေးသည်။ ယင်းအဘိဓာန်၌ အင်္ဂလိပ်–မြန်မာ ဝေါဟာရတို့ကို ဖွင့်ဆိုပြရုံသာမက အင်္ဂလိပ် ဝေါဟာရတို့၏ အသံထွက်ကို မြန်မာဘာသာဖြင့် အသံလှယ် တင်ပြထားသည်မှာ ချီးကျူးဖွယ်ရာ ဖြစ်ပေသည်။ ထို့ပြင် မြန်မာ ကလေးသူငယ်တို့ မြန်မာစာကို စနစ်တကျ





သင်ယူနိုင်ရန် မြန်မာပညာရှိ ဆရာကြီး ဦးလင်းနှင့် တွဲဖက်လျက် "ဒေါင်းတံဆိပ် မြန်မာ ဖတ်စာသစ်များ" ကိုလည်း တီထွင်ပြုစု ထုတ်ဝေခဲ့ပြန်လေသည်။

ယင်းသို့ လုံးချင်းစာအုပ်များ ထုတ်ဝေရသည်ကိုပင် အားမရနိုင်သဖြင့် ဦးရွှေကြိုးက "ကျွန်ုပ်တို့ နိုင်ငံဖွား မြန်မာအမျိုးသားတို့၏ ဉာဏ်ပညာ အင်အားကို တိုးပွားကြီးမြင့်၊ ရင့်သည်ထက် ရင့်သန်ကြလေအောင် ကြံဆောင်ရိုးရင်းနှလုံးသွင်း ရှိသည့်အတိုင်း ဤ မြန်မာ့အလင်း မဂ္ဂဇင်း သတင်းစာကို ကျွန်ုပ်တို့ ထုတ်ဝေရခြင်း အကြောင်းရင်း ဖြစ်ပါသည်။" ဟူ၍ ကြေညာကာ မြန်မာ့အလင်း မဂ္ဂဇင်းကို ထုတ်ဝေခဲ့လေသည်။

ဒေါင်းတံဆိပ် မြန်မာဖတ်စာသစ်များကို ပြုစု ထုတ်ဝေရာ၌ ဦးရွှေကြိုးသည် မြန်မာပညာရှိ ဆရာကြီး ဦးလင်း၏ အကူအညီကို ရယူခဲ့သည်။ ထိုနည်းတူ မြန်မာ့အလင်း မဂ္ဂဇင်းကို ထုတ်ဝေရာ၌ မြန်မာပညာရှိ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အကူအညီကို ရယူခဲ့လေသည်။ ဦးရွှေကြိုးနှင့် ဦးမောင်ကြီးတို့သည် ကောင်းစွာ အပေးအယူ ရှိခဲ့ကြဟန် တူသည်။ မြန်မာစာပေ၊ ပါဠိစာပေ ဗဟုသုတတို့ကို ဦးမောင်ကြီးက ဦးရွှေကြိုးတို့အား ဖြန့်ဝေပေးသည့် နည်းတူ၊ နိုင်ငံခြားစာပေ ဗဟုသုတတို့ကိုလည်း ဦးရွှေကြိုးက ဦးမောင်ကြီးအား ဖြန့်ဝေပေးဟန် တူပေသည်။ မြန်မာ့အလင်း မဂ္ဂဇင်း၌ လစဉ် အခန်းဆက် ဖော်ပြနေသော "မောင်သောက အိပ်မက်ခန်း ဝတ္ထု" သည် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ပထမဆုံး ဝတ္ထု ဖြစ်သည်ဟု ဆိုကြသည်။ ထိုဝတ္ထုသည် အင်္ဂလိပ် ဝတ္ထုဆရာ ဂျွန် ဗညန်း၏ ဝတ္ထု The Pilgrim's Progress ကို မှီး၍ရေးသော ဝတ္ထုဖြစ်သည်။ ဦးရွှေကြိုးက မူရင်း အင်္ဂလိပ်ဝတ္ထုကို ဖတ်၍ ဘာသာပြန် ပြောပြသည်ကို ဆရာ ဦးမောင်ကြီးက မြန်မာလို ဆီလျော်အောင် ပြန်ရေးခြင်း ဖြစ်ပေသည်။

ဦးရွှေကြိုးသည် စီးပွားရေး ကုမ္ပဏီပိုင်ရှင်တစ်ယောက် ဖြစ်သော်လည်း ငွေကြေးကို အဓိက မထား၊ ပညာ ဗဟုသုတကိုသာ အဓိက ထားသည်။ မြန်မာလူထု ခေတ်မီ တိုးတက်ရေးကိုသာ ရှေးရှုသည်။ ထို့ကြောင့် ပြည်တွင်း၌ နေ၍ ဆောင်းပါးများ ရေးနေသည်ကိုပင် အားမရနိုင်။ ပြည်ပသို့ ထွက်လျက် ဗဟုသုတ ရှာဖွေကာ နိုင်ငံခြား အတွေ့အကြုံတို့ကို ဆောင်းပါး ရေးသား တင်ပြရန် ကြံစည်ကြိုးပမ်းပြန်သည်။ ယင်းသို့ ကြံစည် ကြိုးပမ်းသည်ကို ၁၉၁၂ ခု ဩဂုတ်လထုတ် မြန်မာ့အလင်း မဂ္ဂဇင်း၌ ဤသို့ ဖော်ပြထားသည်။

"......ယခုအခါ ကျွန်ုပ်တို့ ကုမ္ပဏီမှ ရရှိသော ပညာ ဉာဏ်စ ဗဟုသုတများသည် အားရ နှစ်သက်စဖွယ် ကြီးကျယ် လှုံလောက်လှပြီ ဟူ၍




www.burmeseclassic.com

www.burmeseclassic.com



မထင်မြင်မိသေးသောကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီက စရိတ်ကြေးငွေ မြောက်မြားစွာ အကုန်အကျ ခံပြီးလျှင် အမျိုးသားတို့၏ အကျိုးကို သက်စွန့်ကြိုးပမ်း ထမ်းရွက် သယ်ပိုးလိုသော အာသာဆန္ဒ၊ မနသိကာရ သဘော ပြန့်ပြော ကြီးကျယ်စွာ ရှိနေကြသည်အတိုင်း ကျွန်ုပ်တို့ ကုမ္ပဏီ၏ ကိုယ်စားလှယ် အဖြစ်နှင့် မောင်ရွှေကြူးအား ယခု လာမည့် ၁၉၁၃ ခုနှစ်အတွင်း ကမ္ဘာမြေပြင် တစ်ဝန်းလုံးရှိ၊ အတိုင်းတိုင်း အပြည်ပြည်တို့သို့ လှည့်လည် သွားရောက်စေရန် ရည်သန် ကြံရွယ်လျက် ရှိနေကြပြီဖြစ်ပါကြောင်း။ ...... ဤသို့ အနှံ့အပြား သွားရောက် လှည့်လည်




မြန်မာ့အလင်းမဂ္ဂဇင်း။





စေသည်မှာ အခြား အကျိုးများကို ရွယ်ကိုး မျှော်လင့်၍ မဟုတ်။ ကျွန်ုပ်တို့ မဂ္ဂဇင်းတွင် ပညာဉာဏ် အလင်းနှင့် ဗဟုသုတ ကြီးပွားခြင်းများကို ထည့်သွင်း ဖော်ပြရန် ရည်သန်သည့် အတွက်ကြောင့်သာ ဖြစ်ပါသည်။ ......"

ဦးရွှေကြူး၏ အကြံအစည် မည်မျှ အောင်မြင်သည်ကိုကား မသိရပေ။ ၁၉၁၄ ခု ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ မြန်မာ့အလင်း မဂ္ဂဇင်းသည် စစ်သတင်းနှင့် ဓာတ်ပုံများကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြသည်ကိုမူ သိရှိရပေသည်။ ယင်းသို့ ဖော်ပြသည်ကို ပြည်သူလူထုက နှစ်သက် အားပေးသဖြင့် မဂ္ဂဇင်းကို တစ်လ တစ်ကြိမ် ထုတ်ဝေရာမှ၊ ၁၅ ရက် တစ်ကြိမ် ပြောင်းလဲ ထုတ်ဝေသည်။ ထို့နောက် မဂ္ဂဇင်းအပြင် "မြန်မာ့အလင်း စစ်ကြေးနန်းသတင်း" ဟူသော သတင်းလွှာကိုပါ ရက်ခြား ထုတ်ဝေသည်။ ထိုမှတစ်ဆင့် ၁၉၁၄ ခု စက်တင်ဘာလ ၂၁ ရက်နေ့မှ စ၍ "မြန်မာ့အလင်း စစ်ကြေးနန်းသတင်း" ကို နေ့စဉ် ထုတ်ဝေသည်။ ယင်းကိုပင် ၁၉၁၅ ခု မတ်လ ၁၅ ရက်နေ့မှ စ၍ "မြန်မာ့အလင်း သတင်းစာ" ဟု အမည်ပြောင်း ထုတ်ဝေသည်။ ဤတွင် နေ့စဉ် ထုတ် သတင်းစာ တာဝန်က ကြီးလေးလာသဖြင့် "မြန်မာ့အလင်း မဂ္ဂဇင်း" ကို ရပ်ဆိုင်းလိုက်ရလေသည်။

ဦးရွှေကြူးသည် မြန်မာ့လွတ်လပ်ရေးကို ပြန်လည် ရယူလိုသူ မျိုးချစ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်နှင့်အညီ သူ့သတင်းစာ၌ ပြည်သူတို့ နိုးကြားရာ နိုးကြားကြောင်း သတင်းများကို ဦးစားပေး ထည့်သွင်းဖော်ပြသည်။ ဤတွင် နယ်ချဲ့ ဗြိတိသျှ အစိုးရက မနှစ်မသက် ဖြစ်လာသည်။ ထိုအတွင်း တစ်နေ့တွင် နယ်ချဲ့ အစိုးရ ထိတ်လန့်စိုး၍ မနှစ်သက်နိုင်သော သတင်းတစ်ရပ် ပါလာသဖြင့် မြန်မာ့အလင်း သတင်းစာမှာ အပိတ်ခံရလေသည်။ ဦးစီး ထုတ်ဝေသူ ဦးရွှေကြူး သည်လည်း ပြည်နှင်ဒဏ်သင့်ကာ စင်္ကာပူမြို့သို့ အပို့ ခံရလေသည်။ ဤကိစ္စနှင့် ပတ်သက်၍ အချို့က ဦးရွှေကြူးသည် ယိုးဒယားနှင့် ကုန်သွယ်ရင်း ထိုစဉ်က ဆေးဂုံမြို့၌ စံနေသော မြင်ကွန်း မင်းသားကြီးထံသို့ အရောက်သွား၍ နိုင်ငံရေးအရ ဆက်သွယ်ခဲ့သည်။ ထိုအကြောင်းကို နယ်ချဲ့ ဗြိတိသျှ အစိုးရက သိသဖြင့် ဦးရွှေကြူးအား မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်ခွင့် မပေးဘဲ ထားသည်ဟု ဆိုကြသည်။ မည်သည့်အဆို မှန်သည်ကိုကား အတိအကျ မသိရပေ။ သိရသည်ကား ဦးရွှေကြူး သည် အမိနိုင်ငံသို့ ပြန်မလာရဘဲ နိုင်ငံခြားတွင် နှစ်အတန်ကြာအောင် နေရသည့် အချက်ပင် ဖြစ်သည်။

၁၉၁၈ ခုတွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားသော်လည်း ဦးရွှေကြူး



www.burmeseclassic.com

www.burmeseclassic.com



သည် မြန်မာနိုင်ငံသို့ ပြန်လာခွင့် မရရှာ။ ၁၉၂၁ ခုတွင်မှ ပြန်လာခွင့် ရပေသည်။ ထိုအချိန်၌ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ပြီးပြီ။ အမျိုးသားရေး လှုပ်ရှားမှုသည် အရှိန်ရနေပြီ။ ဤတွင် အနိုင်မခံ အရှုံးမပေးလိုသော ဦးရွှေကြူးသည် ခြေလှမ်းသစ်တစ်လှမ်း လှမ်းပြန်လေသည်။ အခြားမဟုတ်။ "လစ်ဘာတီ" အမည်ရှိ သတင်းစာတစ်စောင် ထုတ်ဝေရန် ကြိုးပမ်းပြန်ခြင်းပင် ဖြစ်သည်။

ထိုအတွင်း တစ်နေ့သ၌ ဒဂုန်မဂ္ဂဇင်းတိုက်တွင် ဦးရွှေကြူးနှင့် ဆရာဇေယျတို့ ဆုံမိကြသည်။ ထိုစဉ်က ဆရာဇေယျသည် အသက် ၂၀ ကျော် အရွယ်မျှသာ ရှိသေးသည်။ ဒဂုန် မဂ္ဂဇင်းတိုက်၌ အလုပ် လုပ်နေသည်။ ဦးရွှေကြူးမှာမူ အသက် ၄၈ နှစ် အရွယ် ရှိနေပြီ။ ဆရာဇေယျက သူနှင့် ဦးရွှေကြူး တွေ့ရပုံကို ဆောင်းပါးရေးခဲ့သည်။ ဆောင်းပါး၌ ဦးရွှေကြူး၏ ရုပ်သဏ္ဌာန်ကို တစေ့တစောင်း ဤသို့ ဖော်ပြထားသည်။

"ထိုလူ (ဦးရွှေကြူး) မှာ အသက် ၄၀ ကျော်၊ ၄၅ နှစ်တွင်းလောက် ထင်ရ၏။ အသားဖြူ၏။ လူရည် အလွန်သန့်လျက် ခံ့ညား၏။ အလွန် ဖော်ရွေသော မျက်နှာရှိ၏။ ကျွန်တော့်စိတ်က မြင်လျှင် မြင်ချင်းသိဖူးသည်၊ မြင်ဖူးသည်ဟု အောက်မေ့မိ၏။ သေသေချာချာ တွေးသောအခါမူကား ထိုသူကို တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူး။ ကျွန်တော် လုံးဝ မသိသောသူ တစ်စိမ်းသက်သက် ဖြစ်၏။"

ဦးရွှေကြူး၏ ကြိုးပမ်းချက်ကြောင့် မကြာမီ "လစ်ဘာတီ" သတင်းစာ ပေါ်ထွက်လာသည်။ သို့ရာတွင် ကြာရှည် မခံ။ အကြောင်း မညီညွတ်သဖြင့် ရပ်ဆိုင်းသွားသည်။ ဤတွင် ဦးရွှေကြူးသည် ရန်ကုန် မြူနီစီပါယ်အဖွဲ့တွင် အတွင်းရေးမှူး ဝင်လုပ်သည်။ ယင်းသို့ လုပ်ကိုင်စဉ် တစ်နေ့တွင် တွံတေးသို့ ခေတ္တ အလည်သွားသည်။ လမ်းခရီး သင်္ဘောပေါ်၌ ခလုတ်တိုက်သဖြင့် ခြေဖျား၌ ဒဏ်ရာ ရသွားသည်။ ထိုဒဏ်ရာမှ အနာဝင်ပြီး ကွယ်လွန်သွားရှာလေသည်။

ဦးရွှေကြူးသည် ၁၉၂၀ ပြည့်နှစ်၊ အသက် ၅၅ နှစ်အရွယ်တွင် ကွယ်လွန်သည်။ သူ ကွယ်လွန်သည်မှာ ကာလကြာပြီ။ သို့ရာတွင် သူ အစ ပြုခဲ့သော ခေတ်သစ်မဂ္ဂဇင်း လုပ်ငန်းကား မကွယ်ခဲ့။ အရှိန်အဟုန် ပြင်းစွာ အင်အားကြီးမား တိုးတက်လျက် ရှိနေပေပြီ။

ဦးဘိုးစိန်
(ပထမ ခေတ်သစ် ဇာတ်ဆရာ)



မင်းသားဘိုးစိန် ငယ်စဉ်က ပုံ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့တွင် ဘိုးစိန်လမ်းသည် လူသိများသော လမ်းတစ်လမ်း ဖြစ်သည်။ ဘိုးစိန်လမ်းသည် မူလက "တာမွေလမ်း" ပင် ဖြစ်သည်။ နောင်အခါ ထိုလမ်း၌ ဦးဘိုးစိန် နေထိုင်သည်ကို အကြောင်းပြုလျက် တာမွေလမ်း အမည်ပျောက်ကာ "ဘိုးစိန်လမ်း" အမည်တွင်နေခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် ဤ ဘိုးစိန်လမ်းကို မကြာခဏ ဖြတ်သန်းသွားကြသည်။ ဖြတ်သန်းသွားသည့် အခါတိုင်းလည်း ဦးဘိုးစိန် နေခဲ့သော တိုက်အိမ်ကြီးကို ကြည့်ကာ ဦးဘိုးစိန်ကို အမှတ်ရတတ်ကြသည်။

*

ဦးဘိုးစိန်ကား မြန်မာ သဘင်လောကတွင် သရဖူ ဖြစ်လေသည်။ ယနေ့ မြန်မာ ဇာတ်သဘင်လောကတွင် အခြားသော ကိစ္စများ၌ သဘော အယူအဆ မတူသည့် အချက်များ ရှိကောင်းရှိပေမည်။ သို့ရာတွင် ယနေ့ မြန်မာဇာတ်သဘင် ဤမျှအထိ ခေတ်မီ တိုးတက်လာသည်မှာ ဦးဘိုးစိန်က ပထမဦးစွာ အမျိုးမျိုး ကြံဆ တီထွင်ခဲ့၍ ဖြစ်သည်ဟု ဆိုလျှင်ကား အားလုံး တညီတညွတ်တည်း ခေါင်းညိတ်ကြမည် ဖြစ်ပေသည်။ မြန်မာ့သဘင် သမိုင်းကို ရေးလျှင် ဦးဘိုးစိန် အမည် မပါ၍ မဖြစ်ပေ။ မြန်မာသဘင်အကြောင်း ပြောလျှင် ဦးဘိုးစိန်အမည် မပါ၍ မပြည့်စုံနိုင်။

သဘင်ပညာတွင် ဦးဘိုးစိန် မည်မျှ ထူးချွန်သနည်း ဆိုမူ သူ့အမည် "ဦးဘိုးစိန်" သည် အဆိုကောင်း၊ အကကောင်း၊ အပြောကောင်းတို့ကို ကိုယ်စားပြုသည့် ဝေါဟာရသစ် တစ်ခုပင် ဖြစ်ခဲ့လေသည်။

ကျွန်တော်တို့သည် တစ်စုံတစ်ယောက် အဆိုကောင်းလျှင် ထိုသူကို "ဘိုးစိန်" ဟု ခေါ်လိုက်ကြသည် မဟုတ်ပါလား။ တစ်ဦးတစ်ယောက် အကကောင်းလျှင် ထိုသူကို "ဘိုးစိန်" ဟု ခေါ်လိုက်ကြသည် မဟုတ်ပါလား။ တစ်ယောက်ယောက် အပြောကောင်းလျှင် ထိုသူကို "ဘိုးစိန်" ဟု ခေါ်လိုက်ကြသည် မဟုတ်ပါလား။





ထိုသို့ ဝေါဟာရသစ် ဖြစ်လောက်အောင်လည်း ဦးဘိုးစိန်၏ အနုပညာသည် ထက်မြက် စူးရှပေသည်။ သဘင်တွင် အကသည် အလွန် အရေးပါသော ပညာတစ်ရပ် ဖြစ်သည်။ ဦးဘိုးစိန်သည် အလွန် အကကောင်းသူ ဖြစ်၏။ သူသည် ရုပ်ရည် ချောမောလှပသည့်ပြင် ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအဆစ် ကျန ပြေပြစ်သူ ဖြစ်၏။ ထိုသို့ အရိုးအဆစ် ကျန ပြေပြစ်မှုသည် ကခုန်ရာတွင် အထူး အထောက်အကူ ပြုနိုင်ခဲ့ပေသည်။ ဦးဘိုးစိန်သည် ရိုးရာ မြန်မာအကတို့ကို နိုင်နင်း တတ်ကျွမ်းသည်သာ မက အနောက်တိုင်း ခြေကကိုလည်း နိုင်နင်း တတ်ကျွမ်းသူ ဖြစ်သည်။ မြန်မာအကတွင် ခြေက ဟူ၍ သက်သက် မရှိပေ။ လက်ကသာ အဓိက ကပြီး ခြေက ဟန်သာ ရှိပေသည်။ ဤအချက်ကို ဦးဘိုးစိန် ကောင်းစွာ သတိပြုမိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ကပ္ပလီလူမျိုး အနောက်နိုင်ငံ ခြေကဝိဇ္ဇာတစ်ဦး ရောက်လာသောအခါ တစ်နာရီလျှင် ရွှေဒင်္ဂါး တစ်ပြား ပေး၍ Tap Dance ခေါ် ခြေကကို သင်ယူလေသည်။ ထိုခြေကကို အခြေပြုလျက် ဘိုးစိန် ခြေက၊ သို့မဟုတ် မြန်မာခြေက ဟူ၍ ဖြစ်လာအောင် တီထွင် ဖန်တီးခဲ့လေသည်။

ဦးဘိုးစိန်သည် ရုပ်သေး မင်းသားရုပ်ကို ကြည့်ပြီးလျှင် အရုပ်ကြိုးကကို ဖန်တီးခဲ့၏။ သွက်လက် ဖျတ်လတ်စွာ ကနည်းကဟန်ကို တီထွင်ခဲ့၏။ ထို့ပြင် ရှေးက နှစ်ပါးသွား က ရာတွင် မင်းသားသည် မင်းသမီး တစ်လက်တည်းသာ တွဲသည်ကို ဦးဘိုးစိန်က သူ့လက်ထက်တွင် မင်းသမီး နှစ်လက်၊ သုံးလက်၊ လေးလက်၊ ငါးလက် စသည်ဖြင့် မင်းသမီး အများနှင့် နိုင်နင်း ကျွမ်းကျင်စွာ တွဲက ခဲ့လေသည်။ ယနေ့ ဇာတ်သဘင်များ၌ မင်းသမီး နှစ်လက်၊ သုံးလက် စသည်ဖြင့် တွဲက နေကြသည်မှာ ထိုစဉ်က ဦးဘိုးစိန်၏ တီထွင်ချက်ပင် ဖြစ်ပေသည်။

မြန်မာသဘင်တွင် အကနည်းတူ အဆိုသည်လည်း အလွန် အရေးပါသော ပညာတစ်ရပ် ဖြစ်သည်။ ဦးဘိုးစိန်သည် အဆိုဘက်တွင်လည်း ထူးချွန်သူ ဖြစ်သည်။ သူသည် အသံကောင်းရုံသာမက မှင်မောင်းသံ ပါအောင်လည်း ဆိုနိုင်စွမ်း ရှိသည်ဟု ဆိုကြသည်။

ရှေးအခါက ဇာတ်ခုံပေါ်၌ သီချင်းဆိုလျှင် ငါးပေါက်သံကိုသာ ဆိုလေ့ရှိကြသည်။ ခြောက်ပေါက်သံကို မဆိုကြ။ ခြောက်ပေါက်သံကို အလှူအိမ် ဆိုင်းဝိုင်းတွင် ဘုန်းတော်ဘွဲ့ တီးရာ၌ လည်းကောင်း၊ မသာအိမ်တွင် နံနက်စောစော မျှောက်မင်းအူသံ တီးရာ၌ လည်းကောင်း ဆိုကြ တီးကြသည် ဆိုသည်။ ဦးဘိုးစိန်သည် ခြောက်ပေါက်သံ၏ ချိုအေးသာယာမှု ရှိပုံကို နှစ်သက်နေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခုံပေါ်၌ ခြောက်ပေါက်သံကို စတင် သီဆိုခဲ့ပေသည်။ ဦးဘိုးစိန်သည် မြန်မာသီချင်း အမျိုးမျိုးကို ကောင်းစွာ သီဆိုနိုင်သည်။ ဦးဘိုးစိန် ရတုသီဆိုလျှင် လည်းကောင်း၊ တေးထပ် သီဆိုလျှင် လည်းကောင်း ပရိသတ်က ပါးစပ် အဟောင်းသားနှင့် ငြိမ်သက်ငေးမော နားထောင်ကြရသည်။ ကုသဓာတ် ကပြစဉ် သီချင်း အပုဒ်ပေါင်း ၄၀ ကျော် သီဆိုခဲ့သည် ဆို၏။

ဦးဘိုးစိန်၏ သီချင်းများကို လယ်သမား၊ ယာသမား၊ အလုပ်သမား များသည် လယ်လုပ်ရင်း၊ ယာလုပ်ရင်း၊ အလုပ် လုပ်ရင်း သီဆိုခဲ့ကြပေသည်။ ဦးဘိုးစိန် သီဆိုသော–

ယာတော လယ်မှာ၊ ငါပြောမယ် ရှင်ဘုရင်ရဲ့၊ နင် ဆင်ခြင်အုံး။

အစရှိသော သီချင်း၊။

အန်ချင်စရာ ငါ့ပုံက ဆိုးသော်လည်း၊ မာန်ဝင်ကာ လှဂုဏ်ကိုးသူရဲ့၊ ဘုံကြီးပြတ် နတ်မိမယ်တောင်၊ ဓာတ်သီရင် မဖယ်လေဘူး၊ ကျုပ်လူထူး ပါရမီရှင်။

အစချီသော သီချင်း၊။

ဒွေးနှစ်ဖော် သံဝါညှိပါလို့၊ မပြေးသော် ကန်ရာ ရှိပါ့မလား၊ တန်ပါ အမိ မ ဘို့မယ်။

အစချီသော သီချင်း စသည်တို့သည် မြန်မာ တောသူတောင်သားတို့၏ နှုတ်ဖျားဝယ် ခန့်ပျံ လူးလာခဲ့ပေသည်။

ဦးဘိုးစိန်သည် မြန်မာသံ စစ်စစ်များကို သီဆိုရုံဖြင့် အားမရသေး။ အင်္ဂလိပ် သီချင်းအချို့မှ အသံကို ယူ၍ မြန်မာမှုပြုကာ ကိုယ်တိုင် စီကုံး သီဆိုခဲ့ပြန်သေးသည်။ ထို့ပြင် သူ့အိပ်ရာဘေးက သာယာလှသော "ဘစ်ဘင်" သံစုံနာရီသံကို ယူ၍ "ချောပေတာ၊ ချောလည်း ချောပေတာ။ လှပေတာ၊ လှလည်း လှပေတာ" စသည်ဖြင့် သီချင်းကို ကိုယ်တိုင်ရေး၍ ကိုယ်တိုင် သီဆိုခဲ့ပေသည်။

သဘင်ပညာတွင် အကကောင်း အဆိုကောင်းရုံဖြင့် မလုံလောက်သေး၊ အပြောကလည်း တကယ် ကောင်းရပေသည်။ ဦးဘိုးစိန်သည် အပြောလည်း အလွန်ကောင်းသူ ဖြစ်သည်။ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ကျကျနန ပြေပြေပြစ်ပြစ် အထစ်အငေါ့ မရှိ၊ ကရား ရေလွှတ်သလို တတွတ်တွတ် ပြောနိုင်လေသည်။ သို့ပြောရာ၌ သူသည် စာကျက်၍ ပြောသည် မဟုတ်၊ လက်တန်း ပြောခြင်း ဖြစ်သည်။ ထိုသို့ ပြောနိုင်အောင်လည်း ဦးဘိုးစိန်သည် စာ အလွန် ဖတ်ထားပေသည်။ မကြာခဏပင် သူ့ဓာတ်အဖွဲ့မှ စာရေးဆရာတို့သည် ဦးဘိုးစိန် စကားပြောသည်တို့ကို လိုက်မှတ်ကာ ပြန်လည်၍ သီချင်း စပ်ဆိုကြသည်ဟု ဆိုလေသည်။





ဦးဘိုးစိန်၏ ထူးခြားချက်မှာ ပညာကို ရပ်တန့် မထားလို၊ အရိုး အရွက်ကို အခြေပြုကာ အသစ်အသစ် တီထွင် ဖန်တီးလိုခြင်းပင် ဖြစ်သည်။ ထိုသို့ စိတ်ဆန္ဒရှိသည့် အတိုင်းလည်း အမျိုးမျိုး တီထွင် ဖန်တီးခဲ့ပေသည်။

ဦးဘိုးစိန် မတိုင်မီအခါက ဓာတ်သဘင် က ရာတွင် ဓာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ် ဓာတ်နိပါတ်တို့ကို ကပြလေ့ မရှိ။ ရွှေစကား လက်ပြတ်ဓာတ်၊ ငပျင်း ဓာတ်၊ ပေါက်ကျိုင်းဓာတ်၊ ဖာတစ်လုံး ခေါင်းကျား ဓာတ် စသည့် ဒဏ္ဍာရီ၊ ရာဇဝင်၊ သိုက်သမိုင်း ဓာတ်တို့ကိုသာ ကပြလေ့ ရှိသည်။ ဦးဘိုးစိန် လက်ထက်တွင်ကား ထိုဓာတ်တို့မှုဖြင့် မတင်းတိမ်နိုင်။ ဓာတ်နိပါတ်များကိုပါ တီထွင် က ပြလေတော့သည်။

ထိုသို့ တီထွင် မက၍လည်း မဖြစ်တော့ပေ။ ဦးဘိုးစိန် ဩဇာမှာ အလွန်ကြီးမားနေပြီ။ ဒဏ္ဍာရီ၊ ရာဇဝင်၊ သိုက်သမိုင်း ဓာတ်တို့ကို ကပြရာ၌ သူ့ပညာစွမ်းက ထက်မြက်လှသဖြင့် တစ်ခါတစ်ရံ မလိုလားအပ်သော အမှုကိစ္စများ ဖြစ်ပေါ်ခဲ့သည်။

ပဒ္မိကွရားဓာတ်ကို ဦးဘိုးစိန် ကပြရာ၌ သရုပ်ပါလွန်းလှသဖြင့် အချို့ မြန်မာ အမျိုးသမီးများ ကုလားကို ယူသည်အထိ ဖြစ်ခဲ့ရသည်။ မင်းညီနောင် ဓာတ်ကို ကပြီးသောအခါ ရွှေဖျဉ်းညီနောင်ကို ကိုးကွယ်မှုတို့ ပိုမို များပြားလာသည်။ ထီလပ်–ပိုး၃ ဓာတ်ကို ကပြရာ၌ တစ်နေ့တွင် အဖြစ်ဆိုး တစ်ရပ်ပေါ်ခဲ့သည်။ ထီလပ်–ပိုး၃ ဓာတ်မှာ ကိုယ်ပျောက်အတတ် ရရန် ဆိုကာ မယားကို ဖိုက်ခွဲသတ်၍ ဝမ်းထဲမှ အရှင်လတ်လတ် သားငယ်ကို မီးကင်စားသော ဓာတ်ဖြစ်သည်။ ဦးဘိုးစိန် ကပြသည်မှာ သရုပ်ပါလွန်းသဖြင့် တစ်နေ့တွင် မှော်အင်းကျောက်တန်းရွာမှ "ဆရာအစ်" ဆိုသူသည် မယားကို ဗိုက်ခွဲသတ်ကာ သားငယ်ကို မီးကင်စားခဲ့သည်။ ချက်ချင်းပင် ဂတ်ထဲ၊ ရုံးထဲ ရောက်သွားသည်။ (ထိုအဖြစ်အပျက်ကို ကြားသောအခါ ဦးဘိုးစိန်သည် ထိုဓာတ်ကို လုံးဝ မကတော့ပေ။)

မိမိ၏ အနုပညာစွမ်းက ထက်မြက်၍ မိမိ၏ ဩဇာက ကြီးမားလာသဖြင့် တစ်ခါတစ်ရံ ဤသို့သော မလိုလားအပ်သည့် အဖြစ်မျိုးများ ဖြစ်ပေါ်လာသောအခါ ဦးဘိုးစိန်သည် အထူး စိတ်မချမ်းမသာ ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ထိုအဖြစ်မျိုးမှ လွတ်မြောက်ရန် နည်းလမ်း ရှာခဲ့သည်။ နောက်ဆုံး ဘုရားဟောဓာတ်နိပါတ်များကို အာရုံပြုမိသည်။ ထိုဓာတ်တို့ကို ကပြလျှင် အပြစ် လုံးဝကင်းစင်မည့်အပြင် လောကီ၊ လောကုတ္တရာ နှစ်ဖြာအတွက်လည်း အကျိုးရှိမည့်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ဦးဘိုးစိန် ဆင်ခြင်မိသည်။ သို့ဖြင့် ဆရာတော်ကြီးများကို လျှောက်ထားကာ ဘုရားဟော ဇာတ်နိပါတ်များကို ဇာတ်စင်ပေါ် တင်ခဲ့ပေသည်။

ထိုဇာတ်တော်များကို ကြည့်မြင်ရသော ဆရာတော်အချို့က 'ဘိုးစိန် ဇာတ်နိပါတ်ကို ကပြတာဟာ တို့ တရားဟောတာထက် ပိုပြီးတော့ ဇာတ်တော်ကို ကွက်ကွက်ကွင်းကွင်း သရုပ်သဏ္ဍာန်နဲ့ မြင်အောင် ပြနိုင်တယ်' ဟူ၍ အားပေးစကား မြွက်ကြားသည် ဆိုသည်။

ဦးဘိုးစိန်သည် ဇာတ်နိပါတ်တော်များကိုသာ မက ဗုဒ္ဓဝင်ကိုပင် ကပြသေးသည်။ ရှေးက ဗုဒ္ဓဝင်ကို ရုပ်သေးစင်၌သာ ကပြကြသည်။ မည်သည့် ဇာတ်အဖွဲ့ကမှ မကပြ။ ကလည်း မကပြဝံ့။ ဦးဘိုးစိန်ကား ရဲဝံ့ အောင်မြင်စွာ ကပြလိုက်ပေသည်။

ဦးဘိုးစိန် တီထွင် စွန့်စားသည်မှာ ဤမျှဖြင့် မပြီးသေးပေ။ အမျိုးမျိုး ရှိသေးသည်။

ဦးဘိုးစိန် လက်ထက် မတိုင်မီက ဇာတ်ခုံတွင် လသာ မှန်အိမ်များကို အသုံးပြုကြသည်။ ဦးဘိုးစိန်သည် သူ့လက်ထက်သို့ ရောက်သောအခါတွင်ကား လသာမှန်အိမ်မျှဖြင့် မကျေနပ်နိုင်ပြီ။ ထို့ကြောင့် အောက်လင်းဓာတ်မီး၊ ထို့နောက် လျှပ်စစ်ဒိုင်နမိုဖြင့် ဓာတ်မီးများ ထွန်းကာ ဇာတ်ခုံကို ပထမဦးဆုံး တီထွင် တန်ဆာဆင်ခဲ့လေသည်။

ရန်ကုန်မြို့ သံဈေးရုံတွင် ကပြရာ၌ လျှပ်စစ်ဓာတ်မီးကို စတင် အသုံးပြုသည်။ တစ်ကြိမ်တွင် ဘိုးစိန်-ငွေစိန် နှစ်ပါးသွား ထွက်ခန်း၌ မီးလုံးများကို လင်းချည် မှိတ်ချည် ကစားပြလိုက်သည်။ သံဈေးရုံ နောက်ဆုံးဘက် အမြင့်ပေါ်မှ ထိုင်ကြည့်နေသူ တစ်ဦးသည် အထူး သဘောကျ ရွှင်မြူးသွားပြီး 'ဘိုးစိန်ကွ' ဟု ဟစ်အော် ကောင်းချီးပေးလိုက်သည်။ ဤတွင် နောက်သို့ ပက်လက်လန် ကျသွားကာ ဝင်းထရံ အချွန်များပေါ်သို့ ကျသွားလျက် ပွဲချင်းပြီး သေဆုံးသွားသည်ဟု ဆိုလေသည်။

ယခင်က ဇာတ်ပွဲများတွင် ပြဒါးရှင်လုံး ငုံ၍ ကောင်းကင်သို့ ပျံတက်ခန်း၊ ကိန္နရီ ကန္နရာ ပျံတက်ခန်း စသည်တို့ကို ကပြရာတွင် စက်သီးကြိုး စီးရာ၌ ဒန်းစင်လုပ်ကာ မင်းသား၊ မင်းသမီးတို့သည် ထစီး ထိုင်စီး ပြကြသည်။ ဦးဘိုးစိန်ကား ထိုမျှဖြင့် အားမရနိုင်၊ စက်သီးကြိုးဖြင့် ပေါင်လယ်ကို ကွင်းလျှိုလျက်၊ လည်ကုပ်ကို ချိတ်ဆွဲလျက် ဆိုင်းဝိုင်းပေါ် ရောက်သည်ထိ ပျံဝဲ ပြခဲ့လေသည်။

ရှေးက ဇာတ်သဘင် အဖွဲ့တွင် လူအနည်းငယ်သာ ပါဝင်သည်ကို ဦးဘိုးစိန်က လူပေါင်းများစွာ ပါဝင်စေခဲ့ပြန်သည်။ ဦးဘိုးစိန်၏ စိန်မဟာသဘင်





ဇာတ်အဖွဲ့တွင် လူပေါင်း ၁၈၀ အထိ ပါဝင်သည် ဆိုသည်။ ယနေ့ ဇာတ်သဘင်များတွင် လူများစွာ ပါဝင်နေသည်မှာ ဦးဘိုးစိန်၏ တီထွင် အစ ပြုချက်ပင် ဖြစ်သည်။

ဦးဘိုးစိန်သည် ရွက်ဖျင်ဇာတ်ရုံ တည်ရန်အတွက် အိန္ဒိယသို့ ပစ္စည်းများ သွားဝယ်သည်။ သို့ဝယ်စဉ် ဘုံဘေမြို့မှ အင်္ဂလိပ် ကပွဲတစ်ခုကို လေ့လာ ကြည့်ရှုသည်။ ထိုကပွဲ၌ မိန်းကလေးများ ပြိုင်တူ ယိမ်းနွဲ့ ကကြသည်ကို မြင်ခဲ့ရာ အထူးနှစ်သက်ခဲ့သည်။ သို့ဖြင့် မြန်မာပြည်သို့ ပြန်အရောက်တွင် သူ့ဇာတ်ဖွဲ့၌ ယိမ်းဟူသော ပုံသဏ္ဍာန် အသစ်ကို တီထွင်လိုက်ပြန်လေသည်။

မြန်မာဇာတ်သဘင်သည် ရှေးဦးစွာ မြေဝိုင်းက ကပြရာမှ ဇာတ်ခုံ၊ ဇာတ်ကားများဖြင့် ကပြသည့် အဆင့်သို့ တစ်ဆင့်ပြီး တစ်ဆင့် ရောက်လာခြင်း ဖြစ်သည်။ မြေဝိုင်းဇာတ် ကပြရာ၌ ဆိုင်းဆရာသည် ပတ်လုံး ဗုံ ၆ လုံးကို တီးသည်။ နောင်အခါ ပတ်လုံး ၆ လုံးမှ ၁၂ လုံးအထိ တိုးချဲ့၍ တီးလာကြသည်။ ဦးဘိုးစိန် လက်ထက်သို့ ရောက်သော အခါတွင်ကား ပတ်လုံး ၂၀ မှ ၂၂ လုံးအထိ တိုးချဲ့ တီးစေခဲ့ရာ ယနေ့တိုင် တီးဆဲ ဖြစ်လေသည်။

ဦးဘိုးစိန်သည် ချောမော လှပသော အင်္ဂလိပ် အစစ်နှင့် အင်္ဂလိပ် ကပြား အမျိုးသမီး ၂၀ ခန့်ကို ရှာဖွေ၍ အဆိုအက သင်ပေးကာ မြန်မာ အဝတ်ကို ဝတ်စေလျက် ယိမ်းကစေခဲ့သည်။ မြန်မာ ဇာတ်သဘင်ပညာကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန် အစရှိသော အနောက်နိုင်ငံများသို့ လှည့်လည် ပြသရန် ရည်ရွယ်ချက် ရှိသောကြောင့်ပင်။ သို့သော် ထိုသို့ လှည့်လည် သွားနိုင်လောက်အောင် ငွေရင်း စိုက်ထုတ်ပေးမည့်သူ မရှိသဖြင့် အကြံ မအောင်ခဲ့ပေ။ သို့ရာတွင် ကပြား အမျိုးသမီး လောကတွင် မြန်မာ ဝတ်စားဆင်ယင်မှုသည် ခေတ်စားခဲ့ပေသည်။

ဦးဘိုးစိန်သည် ပါရမီရှင်လည်း ဖြစ်သည့်အပြင် ဇာတ်သဘင်ပညာကို အရိုးစွဲ ဝါသနာထုံ၍ အစွမ်းကုန် အားရုံစိုက် လေ့လာကြိုးစားသူလည်း ဖြစ်လေသည်။

ဦးဘိုးစိန်သည် သူ့ဇာတ်အဖွဲ့၌ မင်းသမီး ကနေလျှင် ဘေးက စည်းလိုက်ပေးနေတတ်သည်။ လူပြက် ပြက်လုံးထုတ်နေသည်ကို သေချာစွာ နားထောင်ကာ ပရိသတ်နှင့်အတူ ရောရယ်တတ်သည်။ ပြက်လုံးတို့မှာ သူ့အဖို့ ရိုးနေပြီ ဖြစ်သော်လည်း သူက အသစ်အဆန်းပမာ သဘောထားသည်။

သူသည် အသက် ၇၀ အရွယ်၌ တစ်ချီတစ်မောင်း ဝင်ကသေးသည်။ သူ က ရန်အတွက် ကားလိပ် အနောက်ဘက်၌ သက်ဆိုင်ရာ လူတို့က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လဲပေးနေသည်။ ထိုအတွင်း အပြင်ဘက် ဆိုင်းဝိုင်းက လက်စွမ်းပြနေရာ သူသည် အဝတ်အစား လဲနေသည့် ကြားထဲကပင် ဆိုင်းချက်နှင့် အညီ ကိုယ်လှုပ်ချည်၊ လက်လှုပ်ချည်၊ ခြေလှုပ်ချည် လုပ်နေသည် ဟူ၍ မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသူ တစ်ဦးက ပြန်ပြောပြလေသည်။

ဦးဘိုးစိန်၌ အခြား ထူးခြားချက်တစ်ရပ်မှာ ပရိသတ်ကို အထူး ချစ်ခင်လေးစားမှု ထားခြင်း ဖြစ်သည်။ ပရိသတ်ကို ဘယ်တော့မှ မထီမဲ့မြင် မပြုခဲ့။ သူ့ကိုယ်သူ မပိုင်၊ ပရိသတ်ကသာ သူ့ကို ပိုင်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သူ အနုပညာရှင်ကြီး ဖြစ်လေသည်။

ထို့ကြောင့်လည်း ပရိသတ်က သူ့ကို ပြန်လည် မေတ္တာထားသည့်ဟု

---

**အသက် ၄၀ အရွယ် ဇာတ်မင်းသား ဦးဘိုးစိန်**





ထင်သည်။ သူ့ခေတ်က "ဘိုးစိန်ပွဲ" ဆိုလျှင် မကြည့်ဖူးသူ ဟူ၍ မရှိ၊ လူမျိုးမရွေး၊ တောနေ မြို့နေ မရွေး၊ လူတန်းစား မရွေး၊ ကျားမ မရွေး၊ ပျို အို မရွေး၊ ကလေး လူကြီး မရွေး အားလုံး ကြည့်ကြသည်သာ ဖြစ်သည်။ အကယ်၍ မိမိမြို့၌ ဘိုးစိန် မကဘဲ အနီးအနား မြို့ရွာ၌ ကပြသည် ဆိုလျှင် တကူးတကပင် သွားကြည့်တတ်ကြသည်။ ဥပမာ သံလျင် ဘုရားပွဲ၊ သာစုကန် ဘုရားပွဲ စသည်တို့၌ ကပြသောအခါ ရန်ကုန်သူ ရန်ကုန်သားတို့သည် တစ်ညအိပ်၊ နှစ်ညအိပ် တကူးတက သွား၍ပင် ကြည့်ကြသည်။ ထိုခေတ်က ကောလိပ်ကျောင်းသားများသည် "ဘိုးစိန်ပွဲ" ကပြီဆိုလျှင် အဆောင်မှ ခိုးထွက်၍ပင် ကြည့်တတ်ကြသည် ဆိုသည်။

---

**ပဒိုကျွရေးဇာတ်တွင် ဦးဘိုးစိန်အား တွေ့မြင်ရပုံ**



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးစိန်သည် ပဋိကွရားဇာတ်၌ ပဋိကွရားမင်းသား အဖြစ် ပါဝင်သရုပ်ဆောင်ရာတွင် ရွှေဦးထုပ် အစစ်၊ စုရတီဝေ့(စ်)ကုတ်၊ ရွှေခြည်ထိုး စုရတီဘောင်းဘီရှည်၊ ဖိနပ် ပြိုးပြိုးပြောင်ပြောင်ကို ဝတ်စား ဆင်ယင်သည်။ ထိုဇာတ်ကပြီးသောအခါ ကျားမ မရွေး စုရတီ လုံချည်များ ဝတ်ကြသည်မှာ နေရာအနှံ့ပင် ဖြစ်သည်ဟု ဆိုသည်။

ယခင်က ဇာတ်သဘင်ဆိုလျှင် အထင်သေး အမြင်သေး ရှိခဲ့ကြသည်။ ဦးဘိုးစိန် လက်ထက်တွင်ကား ထိုအထင်အမြင်သည် ကြေပျက်သွားတော့သည်။ ဦးဘိုးစိန်ပွဲ ကြည့်ရသည်ကိုပင် ဂုဏ်ရှိသည်၊ ဦးဘိုးစိန် အဝတ်လဲခန်းသို့ ဝင်ခွင့်ရလျှင်ပင် ဂုဏ်ရှိသည်၊ ဦးဘိုးစိန်နှင့် စကားပြောခွင့် ရလျှင်ပင် ဂုဏ်ရှိသည်ဟု ယူဆလာကြသည်။ ကြေးရတတ်များနှင့် ရာထူးရာခံ ရှိသူများသည် ပွဲထိုင်သွားသကဲ့သို့ပင် ဝတ်ကောင်းစားလှနှင့် စိန်ရွှေ တန်ဆာတို့ကို ဝတ်ဆင်လျက် ဦးဘိုးစိန်ပွဲကို သွားကြည့်ကြသည် ဟု ဆိုသည်။

မြန်မာတို့သာ မက တရုတ်၊ ကုလား၊ ပသျှူး၊ အင်္ဂလိပ် မျက်နှာဖြူများကပါ ဦးဘိုးစိန်ကို ချစ်ခင် စွဲလမ်းကြသည်။ မေတ္တာ ထားကြသည်။ အမျိုးသမီးအချို့သည် ဦးဘိုးစိန်အတွက် ဆေးလိပ်ထဲ၌ ရွှေဒင်္ဂါးလက်ဆောင်ပင် ထည့်ပေးကြသည်။

**မင်းသားဘိုးစိန်အား ကောလိပ်စိန်နှင့်အတူ ဇာတ်ဝင်ခန်းတစ်ခန်းတွင် တွေ့မြင်ရပုံ။**








ဦးဘိုးစိန်၏ အနုပညာကို လေးစား မြတ်နိုးကြသဖြင့် တိုင်းတစ်ပါးမှ နိုင်ငံခြား အမျိုးသမီး အချို့သည် ဦးဘိုးစိန်ထံမှ အကပညာကို လာရောက် ဆည်းပူးကြသည်။

ရုပ်ရှင်၊ သဘင် စသည့် အနုပညာ လောကတွင် ယနေ့အထိ ဦးဘိုးစိန်၏ ဝင်ငွေစံချိန်ကို ချိုးနိုင်သူ မပေါ်သေးဟု သိရသည်။ ထိုစဉ်က ဦးဘိုးစိန်သည် အင်္ဂလိပ်ပိုင် ဘီယာနာကာဖေး ဟိုတယ် တိုက်ကြီးကို ငွေ ၂ သိန်းကျော်ပေး၍ ဝယ်နိုင်ခဲ့သည်။ ရောင်းသူတို့က လိမ်လည်သည်နှင့် အမှုဖြစ်ရာ စုစုပေါင်း ၄ သိန်းခန့် ကုန်ဆုံးခဲ့သည်ဟု သိရသည်။

ထိုခေတ်က ဦးဘိုးစိန်၏ စိန်မဟာသဘင် ဇာတ်အဖွဲ့သည် "စလေဒင်" အမည်ရှိ ၂ ထပ် မီးသင်္ဘောကြီးကို ဝယ်ယူကာ သင်္ဘောပေါ်၌ နယ်လှည့်ကပြလေသည်။ ဦးဘိုးစိန်သည် သင်္ဘောတာဝန်ခံ အဖြစ် အင်္ဂလိပ် မျက်နှာဖြူအင်ဂျင်နီယာကို ခန့်ထား၏။ အခြား အင်္ဂလိပ်နှင့် ကပြား အမျိုးသားများကိုလည်း ယူနီဖောင်း ဝတ်ပေးကာ လက်မှတ်ရောင်း၊ အပေါက်စောင့် စသည်ဖြင့် ဆောင်ရွက်

၁၉၂၀ ပြည့်နှစ် တစ်ဝိုက်လောက်က ဦးဘိုးစိန် ကပြသော ဇာတ်ကွက်တစ်ခု။
**(ဝဲ မှ ယာ) ဦးတောက်ထိန်(လူရွှင်တော်)၊ ဦးဖုန်းငို(လူရွှင်တော်)၊ ဦးဘိုးစိန်၊ ဒေါ်စိန်မြိုင် (ဦးဘိုးစိန်၏ အစ်မ)၊ စိန်မြကြည်နှင့် ကောလိပ်စိန်။**





www.burmeseclassic.com

www.burmeseclassic.com





ဦးဘိုးစိန် နှစ်ပါးသွား ကဟန်။

စေ၏။ ဦးဘိုးစိန်၏ သဘင်ကြီး ရောက်လာလျှင် သက်ဆိုင်ရာ မြို့သား၊ ရွာသားများက ကမ်းလုံးညွတ် ကြိုဆိုကြသည်။ မျက်နှာဖြူ လက်အောက်တွင် နေရသော မြန်မာတို့သည် မျက်နှာဖြူများကို စေခန့်နိုင်သော ဦးဘိုးစိန်အတွက် ဂုဏ်ယူမဆုံး ရှိကြလေသည်။

ဦးဘိုးစိန်သည် သဲပုံစေတီ မပါ၊ ဘုရားစေတီပေါင်း ၆၈ ဆူ တည်ခဲ့သော ဘုရားဒါယကာကြီး ဖြစ်သည်။ သာမဏေပေါင်း ၁,၇၀၀ ကို ရှင်ပြု၍ သာသနာ့ဘောင် သွင်းခဲ့သူလည်း ဖြစ်သည်။ ပထမအကြိမ် သာမဏေ ၃၇ ပါးကို ရှင်ပြု၍၊ ရဟန်း ၃၀ ကို သာသနာ့ဘောင် သွတ်သွင်းရာတွင် ငွေ သုံးသောင်းကျော် အကုန်ခံ၍ လှူခဲ့သည် ဆို၏။ ဤမျှ လှူဒါန်းသည်ကို ထောက်၍ မည်မျှ ဝင်ငွေကောင်းခဲ့သည်ကို ခန့်မှန်းနိုင်ပေသည်။

*

ဦးဘိုးစိန်သည် ၁၂၄၄ ခုတွင် ပုသိမ်ခရိုင် ကျုံပျော်မြို့၌ ဖွားမြင်သည်။ အဖမှာ ဇာတ်မင်းသား ဦးစံဒွန်း၊ အမိမှာ ဇာတ်မင်းသမီး ဒေါ်ရွှေရုပ် ဖြစ်သည်။ ဦးဘိုးစိန် ငယ်မည်မှာ မောင်ဘိုးသိုက် ဖြစ်သည်။ သူသည် ၉ နှစ် သား အရွယ်က စ၍ ဆိုင်းနောက်တွင် လိုက်ကာ တေးဆိုခဲ့သည်။ စည်းတီးခဲ့သည်။ ထို့နောက် ၁၂ နှစ်သား အရွယ်ကစ၍ ဇာတ်စင်ပေါ် တက်လျက် ကပြခဲ့သည်မှာ ကွယ်လွန်ချိန် အသက် ၇၁ နှစ် အရွယ်အထိ ဖြစ်လေသည်။

ဦးဘိုးစိန်သည် ၁၃၁၅ ခု (၁၉၅၂ ခု ဒီဇင်ဘာလ ၂၂ ရက်နေ့)တွင် ကွယ်လွန်လေသည်။

ယနေ့ဆိုလျှင် ဦးဘိုးစိန် ကွယ်လွန်သည်မှာ ၁၅ နှစ် ကျော်ခဲ့လေပြီ။

သို့ရာတွင် သူ့အမည်နှင့် သူ့အနုပညာ ဂုဏ်သတင်းကား ယနေ့တိုင် သင်းပျံ့ ရှင်သန်ဆဲပင် ရှိနေပေသည်။

## စိန်ပေဒါ

(ပထမ နိုင်ငံခြားသွား ဆိုင်းဆရာ)



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ကျွန်တော်သည် စာစောင်တစ်ခု၌ အနောက်နိုင်ငံမှ ရုပ်ရှင်မင်းသားကြီး တစ်ဦး၏ ပြောစကားတစ်ရပ်ကို ဖတ်လိုက်ရသည်။ ထိုမင်းသားကြီးမှာ အန်ထော်နီကွင်း ဖြစ်၍ အိုင်းရစ်နှင့် မက်ဆီကန် ကပြား အမျိုးသား ကမ္ဘာကျော် ရုပ်ရှင်အနုပညာရှင်ကြီး ဖြစ်သည်။ သူသည် ရုပ်ရှင် အကယ်ဒမီ ဆုကို ၂ ကြိမ်တိုင် ဆွတ်ခူး ရရှိသည်။ ဒုတိယအကြိမ် အကယ်ဒမီဆုကို လက်ခံရရှိစဉ် ဆုပေးပွဲ၌ အန်ထော်နီကွင်းက 'ကျွန်တော်ဟာ ရုပ်ရှင် သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ မပြိုင်ပါဘူး၊ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ပြန်ပြိုင်ပါတယ်' ဟု ပြောခဲ့လေသည်။

ထိုစကားကို ဖတ်လိုက်ရသောအခါ ကျွန်တော်သည် ကွယ်လွန်သူ မြန်မာ ဆိုင်းဆရာ အနုပညာရှင်ကြီး စိန်ဗေဒါကို အမှတ်ရမိလေသည်။ စိန်ဗေဒါသည်လည်း အသက်ထင်ရှား ရှိစဉ်က ထိုသို့ပြော၍ ထိုသို့ ကျင့်ကြံခဲ့သူ ဖြစ်လေသည်။

မြန်မာ ဆိုင်းလောကတွင် စိန်ဗေဒါကို ယှဉ်ပြိုင်နိုင်သူမှာ သူ့အစ်ကို ဆိုင်းဆရာ ဆရာစိမ့် တစ်ဦးသာ ရှိသည်။ ဆရာစိမ့်သည် စိန်ဗေဒါကို ယှဉ်ပြိုင်နိုင်သည် ဆိုသော်လည်း အနိုင်ရသည်ကား မဟုတ်ပေ။ ဆရာစိမ့်က တစ်ဘာသာ ကောင်း၍ စိန်ဗေဒါက တစ်မျိုးကောင်းခြင်းသာ ဖြစ်သည်။ ဆရာစိမ့်၏ လက်သံသည် နွဲ့သည်၊ ညင်သာသည်။ စိန်ဗေဒါ၏ လက်သံမှာမူ ပြတ်သားသည်၊ ကြည်လင်သည် ဟူ၍ ပညာရှင်များက ဆိုကြလေသည်။

ဆရာစိမ့်သည် ၁၂၇၈ ခုတွင် ကွယ်လွန်သည်။ ဆရာစိမ့် ကွယ်လွန်ပြီးသည့် နောက်၌ကား မြန်မာ့ ဆိုင်းလောကတွင် စိန်ဗေဒါကို ယှဉ်ပြိုင်နိုင်သူမှာ ယနေ့အထိ မပေါ်သေးဟု ဆိုကြသည်။ စိန်ဗေဒါသည် ပြိုင်ဘက်ကင်းသော ဆိုင်းဝိဇ္ဇာ ဘဝသို့ ရောက်သော်လည်း ဆိုင်းတီး အလေ့အကျင့်ကို မရပ်နားခဲ့။ အမြဲတစေ လေ့ကျင့်သည်။

ထို့ကြောင့် တစ်နေ့တွင် မိတ်ဆွေတစ်ဦးက 'ဆရာရယ် ဆရာ့ကို ဘယ်သူမှလည်း မပြိုင်နိုင်ပါဘူး၊ ဒီလောက် လေ့ကျင့်နေဖို့ မလိုတော့ပါဘူး' ဟု ပြောသည်။





ထိုအခါ စိန်ဗေဒါက 'ကျုပ်က တခြားသူနဲ့ ပြိုင်ဖို့ လေ့ကျင့်တာ မဟုတ်ပါဘူး၊ ကျုပ်ကိုယ်ကျုပ် ပြန်ပြိုင်ဖို့ လေ့ကျင့်နေတာပါ။ မနေ့က စိန်ဗေဒါကို သည်နေ့ စိန်ဗေဒါက ချိုးနိုင်ရမယ်။ သည်နေ့ စိန်ဗေဒါကို နက်ဖြန် စိန်ဗေဒါက ချိုးနိုင်ရမယ်ဗျ' ဟု ပြန်ပြောခဲ့လေသည်။

*

မြန်မာ့ဂီတအကြောင်း ပြောလျှင် ဆိုင်းဝိုင်းအကြောင်း မပါ၍ မဖြစ်ပေ။ ဆိုင်းဝိုင်းသည် မြန်မာ့ဂီတနှင့် မြန်မာ့ ယဉ်ကျေးမှုတွင် အရေးပါသော အခန်းက ပါသောကြောင့် ဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် ထူးချွန်သူ ဆိုင်းဆရာများကို ဘွဲ့များ အပ်နှင်း၍ ရွာစားအရာပင် ပေးခဲ့လေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင်လည်း အစိုးရ ယဉ်ကျေးမှုဌာနက နိုင်ငံတော် ဆိုင်းဝိုင်းဟူ၍ပင် သီးခြားတည်ထောင် ဖွဲ့စည်းထားလေသည်။ တစ်ဖန် ဆိုင်းဝိုင်းအကြောင်း ပြောလျှင်လည်း စိန်ဗေဒါအမည် မပါ၍ မဖြစ်ပေ။ စိန်ဗေဒါသည် တစ်ခေတ်၌ တစ်ယောက် ထွန်းပေါက်သည် ဟူ၍ ဆိုစမှတ် ပြုလောက်အောင် ထူးချွန်သောကြောင့် ဖြစ်လေသည်။

မြန်မာ ဂီတလောကတွင် "ဆိုင်းဝိုင်း" ဟု ဆိုရာ၌ ပတ်ဝိုင်း၊ ကြေးဝိုင်း၊ ပတ်မကြီး၊ နှဲ၊ ဝါးလက်ခုပ် စသည်တို့ ပါဝင်သည်။ ထိုအထဲတွင် ပတ်ဝိုင်းသည် ဦးဆောင် အခရာ ဖြစ်သည်။ ထို့ကြောင့် အချို့က ဆိုင်းဝိုင်းကို ပတ်ဝိုင်းဟူ၍ပင် ခေါ်ကြသည်။ ပတ်ဝိုင်း ဆိုသည်မှာ ပတ်လုံးများကို ဝိုင်းဖွဲ့ထားခြင်း ဖြစ်သည်။ ပတ်ဝိုင်းတွင် ပတ်လုံးပေါင်း ၁၉ လုံးမှ ၂၁ လုံးအထိ ပါဝင်သည်။ ပတ်လုံးတို့ကို ပိတောက်သားဖြင့် လုပ်၍ နွားရေဖြင့် နှစ်ဖက်ပိတ်ပြီး ကြက်ထားသည်။ ထမင်းနှင့် မန်ကျည်းပြာ၊ ညောင်ပြာတို့ကို ညက်အောင် နယ်ထားသော ပတ်စာတပ်၍ အသံ ညှိရသည်။ တီးရသည်။ ပတ်လုံး အများကို မဆိုထားနှင့်၊ ပတ်လုံး တစ်လုံးတည်းကိုပင် အသံထွက်အောင် တီးရသည်မှာ လွယ်ကူသည် မဟုတ်ပေ။ ဂီတသံ ထွက်အောင် တီးရပါမူကား အထူး ဆိုဖွယ်ရာ မရှိပြီ။ ထို့ကြောင့် ပတ်ဝိုင်းဆရာ (ဝါ) ဆိုင်းဆရာ အဖြစ် ရောက်လိုသူသည် ဆရာသမားထံ ငယ်ရွယ်စဉ်က စ၍ နှစ်ရှည်လများ သင်ယူရလေသည်။ တစ်ဖန် ဆိုင်းဆရာ ဖြစ်ပြန်လျှင်လည်း ဆိုင်းသမားကောင်းတို့၏ အင်္ဂါရပ်များနှင့် ညီအောင် အထူးကြိုးပမ်းရလေသည်။ ထိုအင်္ဂါရပ်များကား ပတ်သံတည်ခြင်း၊ ပတ်သံညီခြင်း၊ ပတ်သံပီခြင်း၊ ပတ်သံကြည်ခြင်းတို့ ဖြစ်သည်။ ပတ်သံတည်သည် ဆိုသည်မှာ လက်ရင်း လက်ဖျား ပတ်လုံးများကို တီးခတ်သွားရာတွင် အသံ အတိုင်းအဆသည် ယိမ်းယိုင်ခြင်း မရှိရ၊ တည်ငြိမ်နေရမည်ဟု ဆိုလိုသည်။ ပတ်သံညီသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ တီးသွားသော ပတ်လုံးများမှ အသံထွက်ခြင်းမှာ အဆင်ပြေ၍ ချောမွေ့ညီညွတ်နေရမည်ဟု ဆိုလိုသည်။ ပတ်သံ ပီရမည်ဟု ဆိုသည်မှာ မည်သည့်ပတ်လုံးကိုပင် တီးလိုက်စေကာမူ ပတ်သံသည် ပီပီသသ အသံပြောင်ပြောင်ထွက်လာရမည် ဟု ဆိုလိုသည်။ ပတ်သံကြည်ရမည်ဟု ဆိုသည်မှာ ပတ်သံသည် သားရေပြား အသံ၊ သစ်သားသံ မပါစေရ၊ ကြည်ကြည်လင်လင် ပေါ်ထွက်လာရမည်ဟု ဆိုလိုပေသည်။

စိန်ဗေဒါကား ထိုအင်္ဂါရပ်တို့နှင့် အထူး ညီအောင် တီးနိုင်သူ၊ ထွင်ဉာဏ်ရှိသူ ပါရမီရှင် ဖြစ်လေသည်။ ထိုကြောင့် ဒေါ်အမာက "ယနေ့ ဆိုင်းလောက တစ်ခုလုံးသည် ရှာစား စိန်ဗေဒါကို မလေးစားသူ ဟူ၍ တစ်ယောက်မှ မရှိပေ၊ နံပါတ်တစ် နေရာက ရှိသည်။ ရှာစား ဦးဟန်ပသည် ဦးဗေဒါကို အစ်ကိုကြီးဟု ခေါ်သူ ဖြစ်သည်။ နံပါတ် ၂ နေရာတွင် ရှိသည်။ ဦးဘမောင်က 'စိန်ဗေဒါသည် ဆိုင်းလောကမှ တစ်ဆူတည်းသော ဘုရား' ဟု သမုတ်သူ ဖြစ်သည်။ ကျန် ဆိုင်းသမား အားလုံးက စိန်ဗေဒါကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အဖြစ် အသိအမှတ် ပြုကြသည်ချည်း ဖြစ်သည်" ဟု စိန်ဗေဒါ အတ္ထုပ္ပတ္တိ၌ မှတ်တမ်းတင်ထားပေသည်။

*

စိန်ဗေဒါသည် ဆိုင်းဆရာကြီး ဆရာဖေနှင့် နန်းတွင်းသူ ဒေါ်မမလေးတို့၏ သားဖြစ်သည်။ သီပေါမင်း ပါတော်မူခါနီး ၃ နှစ်အလို၊ ၁၂၄၄ ခု တွင် မန္တလေးမြို့၌ ဖွားမြင်သည်။ ဆရာစိမ့်နှင့် စိန်ဗေဒါတို့မှာ အဖေတူ အမေကွဲ ညီအစ်ကို တော်သည်။ ဖခင် ဆရာဖေသည် သီပေါမင်း၏ အထူး မြှောက်စားခြင်း ခံရသော ဆိုင်းဆရာကြီး ဖြစ်သည်။ သီပေါမင်းက ဆရာဖေကို သိုင်းအလံ လေးချက်၊ "ဘွဲ့ဖြူ" စိန်ဆိုင်းဝိုင်း တစ်စုံနှင့် ဆိုင်းဝိုင်းအထက်တွင် တပ်ဆင်ရန် ဖန်ပဒိုင်းများကို ချီးမြှင့်သည်။ နေမျိုးကျော်ခေါင်ဘွဲ့ ပေးအပ်၍ ပလိပ်မြို့ အနီးရှိ ဆိဆုံရွာကို စားစေသည်။ မန္တလေး၌ နေထိုင်ရန်လည်း မြေနေရာ ပေးခဲ့သည်။ စိန်ဗေဒါ၏ အမည်ရင်းမှာ ဦးမောင်ကလေး ဖြစ်သည်။ ဂီတ၌ ပါရမီဓာတ်ခံရှိသူ ဖြစ်သဖြင့် ငယ်စဉ် ကလေးဘဝကပင် ၁၂ လုံးဒိုးခေါ် နရီကို နားထောင်၍ မငြီးအောင် တီးနိုင်သည်။ ဖခင် ဆရာဖေ၊ ဆရာပေ၊ ဦးကျော်ခံ အစရှိသော ဆိုင်းဆရာကြီးများထံတွင် ဆိုင်းပညာကို ဆည်းပူးသည်။ ၁၆ နှစ်သား အရွယ်လောက်တွင်ပင် ဆိုင်းခေါင်းဆောင် ဖြစ်လာကာ ဆိုင်းခွဲ ထောင်နိုင်ခဲ့သည်။

ကိုမောင်ကလေးသည် ၁၆ နှစ်သား အရွယ်တွင် ရန်ကုန်သို့ ဆင်းလာ၍ ဆိုင်းတီးသည်။ သူသည် နောင်အခါ မြန်မာ့ သဘင်လောက၏ သရဖူ ဖြစ်လာမည့်





ဇာတ်မင်းသားကလေး ကိုဘိုးစိန်နှင့် တွဲဖက်မိသည်။ သူက ဆိုင်းတီးသောအခါ ကိုဘိုးစိန်က ဆိုင်းမင်းသားလုပ် က သည်။ သူတို့နှစ်ဦးသည် အသက်တူ အရွယ်တူ ဖြစ်သည်။ သူတို့နှစ်ဦး တွဲ၍ တီးလေ့ ကလေ့ရှိသည်မှာ ဓူဠာသမ္ဘာဝ–မဟာသမ္ဘာဝ ဇာတ် ဖြစ်သည်။ ကိုမောင်ကလေးက "ဗေဒါ–ဗေဒါ၊ နင့်ဘူး ဘယ်သူခွဲ့တယ်၊ ပြောဟဲ့ ဗေဒါ.... မိဗေဒါ" အစချီသော သီချင်းကို တီးရသည်။ သူ့လက်သံကို ရန်ကုန် လူထုက အထူး နှစ်သက်ကြသည်။ ထို့ကြောင့် "ဗေဒါ မောင်ကလေး" ဟု ခေါ်စမှတ် ပြုကြသည်။ ကိုမောင်ကလေး မန္တလေးသို့ ပြန်ရောက်သောအခါ သူ့သတင်းသည် ပိုမို ပျံ့နှံ့သွားသည်။ မန္တလေး လူထုက စိန်ဆိုင်းအမှုထမ်း ဆရာဖေ့ သား ဖြစ်သည်ကို အစွဲပြု၍ "စိန်ဗေဒါ" ဟု စိန်တစ်လုံး တိုးလျက် ချီးကျူး မှည့်ခေါ်ကြလေသည်။ ထိုမှစ၍ "စိန်ဗေဒါ"အမည် တွင်ခဲ့လေသည်။

စိန်ဗေဒါသည် မြန်မာနိုင်ငံ၌သာ မက အိန္ဒိယနိုင်ငံ၌ပင် လက်စွမ်းပြခဲ့သူ ဖြစ်သည်။ အိန္ဒိယပြည် ဘုံဘိုင်ပြည်နယ် ရတနာဂီရီ၌ စံနေရသော သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့သည် ၁၂၇၂ ခုတွင် တိုက်သစ်တက် မင်္ဂလာပွဲ ကျင်းပသည်။ သီပေါမင်းက ထိုမင်္ဂလာပွဲအတွက် မြန်မာနိုင်ငံမှ ဆိုင်းအဖွဲ့ တစ်ဖွဲ့ လာရောက်၍ တီးမှုတ်စေလိုသည်။ အင်္ဂလိပ် အစိုးရကလည်း ခွင့်ပြုသည်။ သို့ဖြင့် စိန်ဗေဒါ ဆိုင်းအဖွဲ့သည် ရတနာဂီရီသို့ သွားရောက် တီးမှုတ်သည်။ စိန်ဗေဒါ၏ ပညာစွမ်းကို သီပေါမင်းက အလွန် နှစ်သက်သည်။ ထိုကြောင့် "နေမျိုးဗလကျော်သူ" ဟူသော ရှာစား ဘွဲ့တံဆိပ်နှင့် ရွှေသိုင်းအလံ ၄ ချက်၊ ဖန်အိုးတို့ကို ချီးမြှင့်လိုက်လေသည်။

ဤတွင် နိုင်ငံခြားသို့ သွား၍ မြန်မာ့ ဆိုင်းပညာစွမ်းကို ပြခဲ့သူများ အထဲတွင် စိန်ဗေဒါသည် ပထမဆုံး ဖြစ်သည်ဟု ဆိုရပေမည်။ နိုင်ငံခြားသို့ သွားကာ မြန်မာ့ဆိုင်းပညာစွမ်းကို ပြခဲ့သော ဆိုင်းဆရာ ဟူ၍ စိန်ဗေဒါ၏ အလျင်က မပေါ်ခဲ့ဖူးပေ။ စိန်ဗေဒါ နောက်မှသာ ပေါ်ခဲ့ခြင်း ဖြစ်သည်။ လွတ်လပ်ရေး ရပြီးနောက် ထူးချွန်သော ဆိုင်းဆရာများသည် ရုရှ၊ တရုတ်၊ ယူဂိုဆလပ်၊ ရူမေးနီးယား၊ ချက်ကိုစလိုဗေးကီးယား၊ ယိုးဒယား စသည် နိုင်ငံများသို့ သွားကာ မြန်မာ့ဆိုင်းပညာ လက်စွမ်းကို ပြခဲ့ကြသည်။ ထိုသို့ သွားရောက် ပြရာတွင် ထိုပညာရှင်တို့သည် နိုင်ငံခြားသို့ ပထမဦးဆုံး သွားရောက် အစွမ်းပြခဲ့သော စိန်ဗေဒါကို အမှတ်ရကြမည် ထင်သည်။

၁၂၇၃ ခုတွင် သီပေါမင်း၏ သမီးတော်များ နားထွင်းမင်္ဂလာပွဲ ကျင်းပရာ စိန်ဗေဒါ ဆိုင်းအဖွဲ့ပင် သွားရောက် အသုံးတော် ခံရပြန်သည်။ ထိုအကြိမ်၌ စိန်ဗေဒါနှင့် အတူ ဇနီးဖြစ်သူ ဒေါ်စိန်မေလည်း အတူပါသွားသည်။ သီပေါမင်း၏



www.burmeseclassic.com

www.burmeseclassic.com




အလှူပွဲသို့ ဘုံဘိုင် ဘုရင်ခံ ဆာဂျော့ကလပ်လည်း လာရောက်သည်။ အလှူပွဲ၌ စိန်ဗေဒါ၏ ဆိုင်းအပြင် အိန္ဒိယပြည်ရှိ အနောက်တိုင်း ဘင်ခရာ တီးဝိုင်းလည်း ပါသည်။ ဘင်ခရာ တီးဝိုင်းက တူရိယာ သင်္ကေတများဖြင့် တီးမှုတ်သည်။ ထုံးစံအတိုင်း စိန်ဗေဒါတို့က တူရိယာ သင်္ကေတများ မပါဘဲ တီးမှုတ်သည်။ ထိုအခါ ဘုရင်ခံ ဆာဂျော့ကလပ်မှာ အံ့ဩမဆုံး ဖြစ်နေသည်။ နိုင်ငံခြားသားများ ပို၍ အံ့ဩမဆုံး ဖြစ်စေရန် စိန်ဗေဒါက ဘင်ခရာ တီးဝိုင်းကို နှစ်သက်ရာ သီချင်းတစ်ပုဒ် တီးမှုတ်စေသည်။ ထိုနောက် ထိုသီချင်းတီးလုံးကို နားဖြင့်မှတ်ကာ စိန်ဗေဒါက သူ့ ဆိုင်းအဖွဲ့နှင့် ပြန်တီးပြသည်။ ဘုရင်ခံသည် ပို၍ အံ့ချီးမဆုံး ဖြစ်သွားလေသည်။

စိန်ဗေဒါသည် အံ့ချီးဖွယ် ဂီတ အနုပညာရှင် ဖြစ်သည်။ သူသည် ဆိုင်းတစ်ခုတည်းကိုသာ ကျွမ်းကျင်စွာ တီးနိုင်သည် မဟုတ်။ စောင်း၊ မိကျောင်း၊ ပတ္တလား တို့ကိုလည်း ကောင်းစွာ တီးခတ်နိုင်သည်။ ထို့ပြင် နှဲကိုလည်း ကောင်းစွာ မှုတ်နိုင်သည်။ သီချင်းလည်း ဆိုနိုင်သည်။ ထို့ပြင် အနောက်တိုင်း တူရိယာများ ဖြစ်သော တယော၊ ဘင်ဂျို၊ မယ်ဒလင်၊ လက်ဆွဲ ဘာဂျာ၊ ကောနက် တို့ကိုလည်း ကောင်းစွာ တီးနိုင်၊ မှုတ်နိုင်သူ ဖြစ်သည်။

သူသည် ဂီတပညာ ပါရမီပါသူ ဖြစ်သည်သာမက အဖန်တလဲလဲ ဖွဲ့နပဲဖြင့် လေ့ကျင့်သူလည်း ဖြစ်သည်။ ဆိုင်းကို အမြဲ လေ့ကျင့်တီး၏။ ခရီးသွားလျှင် စောင်းကိုဖြစ်စေ၊ တယောကိုဖြစ်စေ ယူသွားကာ အချိန် အအားမထားဘဲ အမြဲ

**ရတနာဂီရိရှိ သီပေါမင်း ရွှေတော်၌ စိန်ဗေဒါနှင့် အဖွဲ့သားများ ကပြ အသုံးတော်ခံစဉ်။**



ရာပြည့်ဓာတ်ပုံတိုက်



တီးလေ့ရှိ၏။ ထိုးလေ့ရှိ၏။ အိပ်ရာထဲ၌ အနားယူ၍ လဲလျောင်းနေစဉ် အချိန်မှာပင် အအား မနေခဲ့။ စောင်းကို လက်တစ်ဖက်ဖြင့် တီးခတ်နေတတ်သည်ဟု ဆိုသည်။ သူ၏ ကြိုးပမ်း လေ့ကျင့်မှုတို့ကို ကြားသိရသောအခါ ထင်ရှား ကျော်စောလှသော နိုင်ငံခြား ဂီတအနုပညာရှင်တို့ကို အမှတ်ရမိသည်။ ထိုပညာရှင်တို့သည် လူထုရှေ့မှောက်တွင် နာရီဝက်ခန့် ဆိုပြရ၊ တီးပြရသော်လည်း နေ့စဉ် လေး ငါး နာရီခန့် အပင်ပန်းခံ၍ လေ့ကျင့်ယူကြပေသည်။

စိန်ဗေဒါသည် ရေဝတ်သူပမာ ဂီတပညာကို လိုချင် မက်မောစွာဖြင့် ဆည်းပူးယူတတ်သည်။ ဆည်းပူးရာ၌လည်း မည်သည့်ပညာရှင်ထံ၌ မဆို ဆည်းပူးရန် ဝန်လေးသူ မဟုတ်ပေ။ လမ်းဘေး၌ ပိုက်ဆံ တောင်းစားရသော မျက်မမြင် ပတ္တလားနှင့် တယောဆရာထံမှပင် ဂီတပညာကို ဆည်းပူးသင်ယူသည် ဟူ၍ အမှတ်အသား ရှိသည်။

စိန်ဗေဒါသည် အသက် ၆၀ အရွယ်၊ ၁၃၀၄ ခုတွင် ကင်ဆာရောဂါဖြင့် ရန်ကုန်၌ ကွယ်လွန်သွားရာသည်။ ထိုအချိန်က ထုတ်ဝေသော မန္တလေး တိုင်းချစ် သတင်းစာတွင် –

"မြန်မာသဘင် ပညာတွင် တပည့်ပေါင်း များစွာကို သင်ကြားပြသ၍ ကိုယ်တိုင်လည်း အထူး လေ့လာ အားထုတ်ပြီး တူရိယာပညာဘက်တွင် သူမတူ ပြိုင်ဘက်ကင်းအောင် ကျော်ကြားသည့် ရှာစားကြီး

ပတ်သံ တည်ခြင်း၊ ပတ်သံ ညီခြင်း၊ ပတ်သံ ပီခြင်း၊ ပတ်သံ ကြည်ခြင်း အင်္ဂါလေးရပ်တို့ဖြင့် ပြည့်စုံစွာ တီးခတ်နိုင်သော ဆိုင်းဆရာ **ရှာစားကြီး စိန်ဗေဒါ။**



www.burmeseclassic.com

www.burmeseclassic.com



> စိန်ဗေဒါသည် ခေတ္တနေထိုင်ရာ ရန်ကုန်မြို့၊ ရွှေတောင်တန်း၊ အိမ်နံပါတ် ၅၂ ၌ ၁၃၀၄ ခု တော်သလင်းလဆုတ် ၁၄ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်သည်ဟု သတင်းကြားသိရကြောင်း။”

စသည်ဖြင့် ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။ သူသည် ၁၀ နှစ်သား အရွယ်ခန့်မှ စ၍ ဆိုင်းတီးသူ ဖြစ်သည်။ ကွယ်လွန်ချိန်အထိ ဆိုင်းနှင့် လက်နှင့် မပြတ်ခဲ့ပေ။ သူ့လက်သံသည် နှစ်ပေါင်း ၅၀ တိုင် ရှင်သန်ခဲ့သည်။ အံ့ချီးဖွယ် ကောင်းသည်ကား သူ ကွယ်လွန်သော်လည်း သူ့လက်သံကား မကွယ်ခဲ့။ သူ့ပညာကား မပြယ်ခဲ့။ သူ့လက်သံများကို ဓာတ်ပြား ကုမ္ပဏီတို့က အမြတ်တနိုး ဓာတ်ပြား သွင်းကြသည်။ စုစုပေါင်း ဓာတ်ပြား ၆၄ ပြား ရှိသည်ဟု ဆိုသည်။ သူ့လက်သံသည် မြို့ရော၊ တောပါ မြန်မာနိုင်ငံ အနှံ့ ပျံ့နှံ့ခဲ့သည်။ လူထု၏ နှလုံးသား၌ ထူးခြားသော ဂီတ အရသာကို ခံစားစေနိုင်ခဲ့ပေသည်။

သူ့လက်သံတို့တွင် သူကိုယ်တိုင် သီဆို၍ သူကိုယ်တိုင် တီးခဲ့သော “ပြောညွန့်” သီချင်းသည် အထင်ရှားဆုံး ဖြစ်သည်။ ရေးပြောသီချင်းကို အခြေခံပြု၍ သူ တီထွင်ထားသော အလှူ တေးသီချင်း ဖြစ်သည်။

> “မြို့လယ်ကမဏ္ဍပ် … အရပ်မှာတဲ့ ကုသိုလ် … ကျောင်းအို အို …။ လက်ရန်းငယ်ပြို … ရှင်လူပျို တည်ကတည်းက မိုးစိုလို့ရွှဲ… တော့။ အရှေ့ကိုတဲ့ လျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင်… တံခွန်တိုင် ရွှေကုက္ကားနဲ့ ဘုရား … လေးလေး ဘုရား … လေးလေး ဘုရား … လေးလေး …ဘုရားကို မြင်။
>
> စာပုလွေ မောင်မှာ ပိုက်ပါလို့တဲ့၊ စာပုလွေ၊ စာပုလွေ ကိုယ်မှာ ပိုက်ပါလို့၊ စာပုလွေ မောင်မှာ ပိုက်ပါလို့၊ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်။ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်၊ ဘယ်စာ မောင် သင်မတုံးရယ်လို့၊ ဘယ်စာ ဘယ်နဝါ မောင် သင်မတုံးရယ်လို့၊ ဘယ်စာ မောင်သင်မတုံးရယ်လို့၊ မေလေးကို သံချိုနှောလို့ရယ်၊ ပြော … လေးလေး ပြော … လေးလေး၊ ပြောခဲ့ပါအုံး။”

ဤတေးကား လွန်ခဲ့သည် နှစ်ပေါင်း ၂၅ နှစ်ကျော် ကျွန်တော်တို့ ကလေးဘဝက ကြားခဲ့သော တေးဖြစ်သည်။ ထိုတေးသံသည် လူကြီးများ၏ နှလုံးသားကိုသာ မက ထိုစဉ်က ကျွန်တော်တို့ ကလေးငယ်များ၏ နှလုံးသားကိုပင် သိမ်းကျုံး ယူငင်နိုင်ခဲ့သည်။ ယနေ့တိုင် ကျွန်တော်တို့ရင်၌ ပဲ့တင်ထပ်ဆဲ ဖြစ်ပေသည်။ ။

ဦးဖေမောင်တင်

( ပထမ ပါမောက္ခ )



အသက် ၈၀ ပြည့် ဆရာကြီး ဦးဖေမောင်တင်

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်က မြန်မာ့ပညာရေးလောကတွင် မြန်မာလူမျိုး ပါမောက္ခ ဟူ၍ မရှိ။ အင်္ဂလိပ်၊ ပြင်သစ်၊ အိန္ဒိယ စသည့် နိုင်ငံခြားသား ပါမောက္ခများသာ ရှိသည်။ ၁၉၁၂ ခုတွင် ဆရာကြီး ဦးဖေမောင်တင် ပါမောက္ခ ဖြစ်လာသော အခါတွင်မှ မြန်မာလူမျိုး ပါမောက္ခ ဟူ၍ စတင် ပေါ်ထွန်းလာခြင်း ဖြစ်ပေသည်။

ဆရာကြီး ဦးဖေမောင်တင်ကို ၁၈၈၈ ခု ဧပြီလ ၂၄ ရက် အင်္ဂါနေ့၌ အင်းစိန်မြို့ ပေါက်တောရပ်၌ ဖွားမြင်သည်။ အဖမှာ ဝန်ထောက် ဦးဖေ ဖြစ်သည်။ အမိမှာ ဒေါ်မြိုင် ဖြစ်သည်။ ဆရာကြီး၏ အဘိုးသည် ဗုဒ္ဓဘာသာဝင်တို့ အထူး ရိုသေ အားထားသည့် မဟာသယ်ရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြစ်သည်။ သို့ရာတွင် ဆရာကြီး၏ မိဘတို့မှာမူ ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြသည်။ ဆရာကြီးလည်း ခရစ်ယာန် ဘာသာဝင်ပင် ဖြစ်သည်။ ဆရာကြီး၏ ဖခင်နှင့် ဦးလေးတို့သည် စာပေသမားများ ဖြစ်ကြသည်။ ဆရာကြီး၏ ဖခင် ဝန်ထောက် ဦးဖေသည် ဂျွန်ဗညန်း၏ The Pilgrim's Progress ဝတ္ထုကို မြန်မာပြန်ဆိုခဲ့ဖူးသည်။ ဆရာကြီး၏ ဦးလေး စာတော်ပြန် ဝန်ထောက် ဦးထွန်းငြိမ်းသည် ထင်ရှားလှသော အင်္ဂလိပ် –မြန်မာ အဘိဓာန်ကို ပြုစုခဲ့သည်။

ရှေးဦးစွာ ဆရာကြီးသည် အင်းစိန် မြန်မာစာသင်ကျောင်း၌ ပညာ ဆည်းပူးသည်။ ၈ နှစ်သားအရွယ် ရောက်သောအခါ ရန်ကုန် အစိုးရ ဟိုက်စကူး ကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးသည်။ ၁၉၀၉ ခု၊ အသက် ၂၁ နှစ် အရွယ်၌ ဝိဇ္ဇာဘွဲ့ရသည်။ ထိုနောက် ဆက်လက် ပညာဆည်းပူးပြန်ရာ ၁၉၁၁ ခု၊ အသက် ၂၃ နှစ် အရွယ်၌ ကာလကတ္တား တက္ကသိုလ်မှ ပါဠိဘာသာ မဟာဝိဇ္ဇာ ဘွဲ့ ရလေသည်။

ဆရာကြီးသည် ငယ်စဉ်ကပင် ပညာထူးချွန်၏။ ၇ တန်း စာမေးပွဲကို အောင်မြင်ရာ၌ မြန်မာတစ်နိုင်ငံလုံးတွင် ပထမ ရခဲ့သည်။ စကောလားရှစ်ဆု ရခဲ့သည်။ တစ်ဖန် အင်းထရင့် စာမေးပွဲကို အောင်မြင်ရာ၌လည်း မြန်မာ





တစ်နိုင်ငံလုံး၌ ပထမ ရခဲ့သည်။ ရနောင်း ဘုရင်ခံ ချီးမြှင့်သော "ရနောင်းဆု" ရခဲ့သည်။ ရန်ကုန်ကောလိပ် စာမေးပွဲများကိုလည်း ဘာသာရပ်တိုင်း၌ ပထမရကာ အောင်မြင်ခဲ့သည်။ ဝိဇ္ဇာ စာမေးပွဲကိုလည်း ဂုဏ်ထူးအမှတ်များ ရကာ အောင်မြင် ခဲ့သည်။ ထို့ပြင် ပါဠိဘာသာ မဟာဝိဇ္ဇာ စာမေးပွဲကို ကာလကတ္တား တက္ကသိုလ် တစ်ခုလုံး၌ ဒုတိယ ရလျက် အောင်မြင်ခဲ့လေသည်။ တရားမင်းကြီးချုပ် ဆာဂျွန် ဂျာဒင်း ချီးမြှင့်သော "ဂျာဒင်းဆု" ရခဲ့လေသည်။

ထို့ကြောင့်ပင် အာဏာပိုင်များက ဆရာကြီးကို အသက် ငယ်ငယ် ရွယ်ရွယ်နှင့် ပါမောက္ခ ခန့်လိုက်ခြင်း ဖြစ်ပေသည်။ ပါမောက္ခ ဖြစ်ချိန်၌ ဆရာကြီး သည် အသက် ၂၄ နှစ် အရွယ်သာ ရှိသေးသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဟူ၍ မရပ်တည်နိုင်သေး။ ရန်ကုန်ကောလိပ် ဟူ၍သာ ရှိသေးသည်။ ယင်းသည် ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံ ဌာနခွဲ တစ်ခုအဖြစ် ရပ်တည် ရသည်။ ပါဠိဘာသာသည် အိန္ဒိယ တက္ကသိုလ်များ၌ မသင်မနေရ ဘာသာရပ် ဖြစ်ရာ၊ ရန်ကုန် ကောလိပ်တွင်လည်း မသင်မနေရ ဘာသာရပ်ပင် ဖြစ်သည်။ ဆရာကြီးသည် ပါဠိဘာသာ ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ ဆရာကြီး မတိုင်မီက ပါဠိဘာသာကို ပြင်သစ်လူမျိုး ပါမောက္ခ ဒူရွာဆယ်က သင်ကြား ပို့ချသည်။ ဒူရွာဆယ် ပါမောက္ခ အလုပ်မှ နုတ်ထွက်သွားသဖြင့် ဆရာကြီးက ဝင်ရောက် အမှုထမ်းခြင်း ဖြစ်ပေသည်။

ဆရာကြီးသည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ ဓလေ့ထုံးစံတို့ကို မြတ်နိုး သူ ဖြစ်သည်။ နိုင်ငံခြား ဝတ်စုံကိုသာ ဝတ်ဆင်သည့် နိုင်ငံခြားသား ပါမောက္ခ များအကြားတွင် ဆရာကြီးသည် ပုဆိုးတောင်ရှည်၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်း တို့ကိုသာ ဝတ်ဆင်လျက် စာပေ ပို့ချလေ့ရှိသည်။ ထိုစဉ်က ရန်ကုန်ကောလိပ် သည် ရန်ကုန်ဆေးရုံကြီးရှေ့ (ယခု လသာ အမှတ် ၁ အ–ထ–က) ၌ ရှိသည်။ ဆရာကြီး၏ အိမ်မှာမူ အင်းစိန်၌ ရှိသည်။ ဤတွင် ဆရာကြီးသည် မော်တော် ဆိုင်ကယ် စီးလျက် ကျောင်းတက်သည်။ မည်သို့ မော်တော်ဆိုင်ကယ် စီးပါ သနည်း။ ပုဆိုးတောင်ရှည်ကို ခါးတောင်းကျိုက်လျက် ခေါင်းပေါင်းကြီး တကား ကားနှင့် မော်တော်ဆိုင်ကယ် စီးခြင်း ဖြစ်ပေသည်။ ထိုစဉ်က ပါမောက္ခ လခမှာ ၃၀၀ိ မှ ၅၀၀ိ အထိ ဖြစ်သည်။ ဆရာကြီးသည် ပညာထူးချွန်သည့် နည်းတူ အသင်အပြလည်း ထူးချွန်သဖြင့် ကောလိပ် ကျောင်းသားများသာမက နိုင်ငံခြား သား ပါမောက္ခများ၏ လေးစားခြင်းကိုပါ ခံရသည်။

ဆရာကြီးသည် "မူ" ရှိသူ ဖြစ်သည်။ လူသား အများပင် ငွေကြေး ချမ်းသာမှုကို အလိုရှိကြသည်။ ရာထူးရာခံကြီးတို့ကို မက်မောကြသည်။ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကား ထိုသို့မဟုတ်၊ ယင်းတို့ကို လျစ်လျူရှုလျက် မိမိ ဝါသနာပါသော ပညာရေးလောကသို့သာ ဝင်ခဲ့ပေသည်။ ဆရာကြီးတို့ခေတ်၌ ဘီ–အေ အောင်သူ အလွန်ရှားပါးသည်။ ဆရာကြီး ဘီ–အေ အောင်သောနှစ်တွင် စုစုပေါင်း ဘီ–အေ အောင်သူ ၉ ယောက်သာ ရှိသည်။ ဗြိတိသျှ အစိုးရက အုပ်ချုပ်ရေးဘက်တွင် ပညာတတ်များ အလိုရှိသဖြင့် ထိုပုဂ္ဂိုလ်တို့ကို အိမ်တိုင်ရာရောက် လိုက်ခေါ်ကာ ရာထူးကြီးများ ပေးအပ်ခဲ့သည်။ ဆရာကြီးသည် ရာထူး မယူခဲ့။ အစိုးရ ဟိုက်စကူးကျောင်းတွင် အထက်တန်းပြဆရာ ဝင်လုပ်သည်။ တစ်နှစ်ခန့် လုပ်ပြီး နောက်မှ ပါမောက္ခအလုပ်ကို ရရှိခြင်း ဖြစ်ပေသည်။

ရန်ကုန်ကောလိပ်၌ ပါမောက္ခ လုပ်ရာတွင်လည်း ဆရာကြီးသည် ငြိမ်ငြိမ်သက်သက် လုပ်နေသည် မဟုတ်ပေ။ ရန်ကုန်တက္ကသိုလ် တည်ထောင်ပေးရန် ဗြိတိသျှ နယ်ချဲ့အစိုးရကို ဆူပူ တောင်းဆိုသူတို့ အထဲတွင် ရှေ့တန်းမှ မားမားမတ်မတ် ပါဝင်ခဲ့ပေသည်။ ပြည်သူ့ဆန္ဒကို မလွန်ဆန်နိုင်သောကြောင့် ဗြိတိသျှ နယ်ချဲ့အစိုးရသည် ၁၉၂၀ ပြည့်နှစ်၌ ရန်ကုန် ယူနီဗာစီတီ (ရန်ကုန်တက္ကသိုလ်) ကို တည်ထောင် ပေးရလေသည်။ ထိုနှစ် ဒီဇင်ဘာလမှာပင် ယူနီဗာစီတီ အက်ဥပဒေကို မကျေနပ်သဖြင့် ပထမ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လေသည်။ ထိုအချိန်၌ ဆရာကြီးသည် မြန်မာနိုင်ငံတွင် မရှိပေ။ အာဏာပိုင်များ၏ စေလွှတ်ချက် အရ အင်္ဂလန်ပြည် အောက်စဖို့ တက္ကသိုလ်၌ ဆက်လက် ပညာဆည်းပူးနေလေသည်။

ယင်းသို့ အင်္ဂလန်၌ ပညာဆည်းပူးစဉ် ဆရာကြီးသည် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းနှင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ကျမ်းတို့ကို မူရင်း ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုလေသည်။ ဤကျမ်းနှစ်စောင်သည် လွန်စွာ ခက်ခဲနက်နဲလှသောကြောင့် ပညာရှင် အများပင် ဘာသာမပြန်ဆိုဝံ့ကြပေ။ ဆရာကြီး ဦးဖေမောင်တင်က ပြန်ဆိုမည်ပြုသော အခါ၌လည်း မအောင်မြင်နိုင် ဆိုကာ တားမြစ်ကြလေသည်။ သို့ရာတွင် ဆရာကြီးသည် နောက်မဆုတ်ခဲ့။ ဇီဇအားဖြင့် သူများ မသိသေးသည်ကို သိချင်သူ ဖြစ်သည်။ သူများ မလုပ်သေးသည်ကို လုပ်ချင်သူ ဖြစ်သည်။ အခက်အခဲကို နိုင်အောင် ကျော်လွှားချင်သူ ဖြစ်သည်။ ထို့ကြောင့် လုအား၊ ဉာဏ်အား အထူးစိုက်လျက် ပြန်ဆိုရာ အောင်မြင်ခဲ့လေသည်။ ထို့ပြင် ဝိသုဒ္ဓိမဂ်ထဲမှ "ပညာပိုင်း"ကို စာတမ်းရေး၍ တင်ရာ အောက်စဖို့ တက္ကသိုလ်က ဘီလစ်ဘွဲ့ ချီးမြှင့်လေသည်။

ဆရာကြီး ပြန်ဆိုသော ကျမ်းနှစ်စောင်သည် ဗုဒ္ဓဘာသာ တရားတော်ဆိုင်ရာ ကျမ်းများ ဖြစ်သည်။ ဆရာကြီးသည် ခရစ်ယာန် ဘာသာဝင် ဖြစ်သည်။





သို့ပါသော်လည်း ဆရာကြီးသည် မိမိကိုးကွယ်သော ဘာသာကိုမှ ဖော်ထုတ်ရမည် ဟူသော အစွဲမျိုး မထားခဲ့။ အရှေ့တိုင်း၏ ယဉ်ကျေးမှုလည်း ဖြစ်၍၊ နက်နဲသိမ်မွေ့သော တရားတော်လည်း ဖြစ်သော ဗုဒ္ဓဘာသာကို ကမ္ဘာက သိအောင် ဖော်ထုတ်သင့်သည် ဟူသော အမြင်မျိုး ထားကာ ကြိုးပမ်း ပြန်ဆိုခြင်း ဖြစ်ပေသည်။

ဆရာကြီးသည် အထက်ပါ ကျမ်း ၂ ကျမ်းကို ပြန်ဆိုရာ၌ မိမိ ဘာသာစကား မဟုတ်သည့် ပါဠိဘာသာစကားမှ မိမိဘာသာစကား မဟုတ်သည့် အင်္ဂလိပ်ဘာသာစကားသို့ ပြန်ဆိုသည်ကို သတိပြုသင့်သည်။ မည်မျှ ခက်ခဲမည်ကို မှန်းဆနိုင်သည်။ ယင်းသို့ ခက်ခဲငြားလည်း ပြန်ဆိုချက်မှာ အထူး ကောင်းမွန်လှသည်။ ယင်းသို့ ဝိသုဒ္ဓိမဂ်ကို ပြန်ဆိုနိုင်ခြင်းအတွက် အင်္ဂလိပ် အမျိုးသမီးကြီး မစ္စစ်ရိုက်ဒေးဗစ်က ဆရာကြီးအား "သူတော်စင်" ဟူ၍ပင် ချီးကျူး ခေါ်ဆိုခဲ့သည်။ မစ္စစ်ရိုက်ဒေးဗစ်သည် ပါဠိပညာရှင် ဖြစ်၍ ပါဠိဘာသာကို ထူးချွန်စွာ တတ်မြောက်သဖြင့် "ပါဠိဒေဝီ" ဟူ၍ပင် ချီးကျူး ခေါ်ဆိုခြင်း ခံရသူ ဖြစ်သည်။

ထို့ပြင် ဆရာကြီးအား ယိုးဒယားဘုရင်ကလည်း ဆု ရွှေဒင်္ဂါး ပေါင်တစ်ထောင် ချီးမြှင့်ခဲ့သည်။ သို့ရာတွင် ယင်းဆုငွေကို ဆရာကြီးသည် ကိုယ်ကျိုးအတွက် မသုံးစွဲဘဲ ဝိသုဒ္ဓိမဂ် ကျမ်းကို ပုံနှိပ်ထုတ်ဝေသော ပါဠိ ကျမ်းစာအသင်းသို့ပင် လှူဒါန်းလိုက်လေသည်။ သီဟိုဠ်(သီရိလင်္ကာ)မှ ပါဠိပညာရှင်ကြီး တစ်ဦးက ဆရာကြီး၏ ဘာသာပြန်ကို ဖတ်ပြီးမှ ဝိသုဒ္ဓိမဂ်ကျမ်းကို သဘောပေါက်ပါသည်ဟု ဝန်ခံပြောဆိုခဲ့သည်။ ဂျာမန်လူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အရှင်ဉာဏ တိလောကသည်လည်း ဆရာကြီး၏ ပြန်ဆိုချက်ကို မှီး၍ ယင်းဝိသုဒ္ဓိမဂ်ကို ဂျာမန်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့သည်။ တိုကျိုတက္ကသိုလ်မှ ဂျပန်ပါမောက္ခ ၂ ဦးသည်လည်း ဆရာကြီး၏ ပြန်ဆိုချက်ကိုပင် မှီး၍ ဝိသုဒ္ဓိမဂ်ကို ဂျပန်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့သည်။ ဟာဝေယံကျွန်းမှ အမျိုးသမီးကြီးတစ်ဦးက မိမိ၌ "ဒေါသကြီးသော ရောဂါ" ရှိခဲ့ကြောင်း၊ ဆရာကြီး၏ ဘာသာပြန် ဝိသုဒ္ဓိမဂ်ကျမ်းမှ "ဒေါသ" အခန်းကို ဖတ်ရှု ဆင်ခြင်ပြီးမှ ထိုရောဂါ ပြေပျောက်ခဲ့ရကြောင်း ဝန်ခံစကား ပြောကြားခဲ့လေသည်။

ထို့ကြောင့်ပင် သိပ္ပံမောင်ဝက "နိုင်ငံခြားတွင် ဗုဒ္ဓဘာသာ သာသနာ ထွန်းပြောင် တောက်ပရန် မြန်မာပြည်မှ တကယ်တမ်း ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးကြီး သုံးဦးတို့ကား လယ်တီ ဆရာတော်ဘုရားကြီး၊ ယစ်မျိုး မင်းကြီးဟောင်း ဦးရွှေဇံအောင်နှင့် ပါမောက္ခ ဆရာ ဦးဖေမောင်တင်တို့ ဖြစ်လေသည်။ လယ်တီ ဆရာတော်ဘုရားကြီးကား နိုင်ငံခြားမှ မေးမြန်းသမျှသော အခက်အခဲ သာသနာ



www.burmeseclassic.com

www.burmeseclassic.com



ရေး မေးခွန်း ပုစ္ဆာတို့ကို ဖြေဆိုခြင်းဖြင့် နိုင်ငံခြား သာသနာကို ပြုတော်မူခဲ့ပေသည်။ ဦးရွှေဇံအောင်ကား သဂြိုဟ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းအားဖြင့် နိုင်ငံခြား သာသနာကို ပြုခဲ့လေသည်။ ပါမောက္ခ ဦးဖေမောင်တင်ကား ဝိသုဒ္ဓိမဂ်ကျမ်း၊ အဋ္ဌသာလိနီကျမ်းတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းအားဖြင့် နိုင်ငံခြား သာသနာကို ပြုခဲ့လေသည်။ အလွန်တရာ ခက်ခဲ နက်နဲလှစွာသော အဘိဓမ္မာ ကျမ်းစာများကို ကျကျနန အင်္ဂလိပ်ဘာသာ ပြန်ဆိုရာမှာ လွယ်ကူသော အရာ မဟုတ်ပေ။ သာမန်လူတို့ စိတ်ကူးထဲပင် ထည့်ဝံ့ကြမည် မဟုတ်ပေ။ အာဇာနည် ပုဂ္ဂိုလ်ကျော်ကြီးတို့၏ အရာသာ ဖြစ်ပေသည်။” ဟူ၍ ဆောင်းပါးရေးသား ချီးကျူးခဲ့ဖူးလေသည်။

၁၉၆၅ ခု စာဆိုတော်နေ့၌ ဆရာကြီး ဦးဖေမောင်တင်ကို ဆရာကြီးရွှေဥဒေါင်းက ရှိခိုးကန်တော့ခဲ့လေသည်။ ရှိခိုးကန်တော့သည်မှာ ဝိသုဒ္ဓိမဂ် ကျမ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုနိုင်သောကြောင့် ဖြစ်ပေသည်။

ဆရာကြီးသည် ဤကျမ်းနှစ်စောင်ကိုသာမက မှန်နန်းရာဇဝင်ကိုလည်း အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့လေသည်။ ၁၉၂၂ ခုတွင် မစ္စတာလု(စ)နှင့် တွဲဖက်ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဆရာကြီးသည် အင်္ဂလန်၌ ၁၉၂၀ ပြည့်နှစ် မှ ၁၉၂၄ ခုနှစ်အထိ ၄ နှစ် နေထိုင်ခဲ့လေသည်။ ယင်းသို့ နေထိုင်စဉ် အရေးတစ်ခု ပေါ်ခဲ့သည်။ တစ်နေ့တွင် ဆရာကြီးသည် လန်ဒန်မြို့ မြန်မာအသင်း၊ မြန်မာကျောင်းသားအဖွဲ့ ဥက္ကဋ္ဌနေရာအတွက် အင်္ဂလိပ်လူမျိုး ဆာဟာဗေး အဒန်ဆင်နှင့် ယှဉ်ပြိုင်အရွေးခံသည်။ ရွေးကောက်ပွဲ၌ အဒန်ဆင်သည် မဲလိမ် အနိုင်ယူခဲ့သည်။ ထိုအခါ ဆရာကြီးက ငုံ့မခံ။ လန်ဒန် တရားရုံးတော်သို့ တက်ရောက် တိုင်ကြားသည်။ တရားရုံးတော်က စစ်ဆေးပြီးလျှင် ဆရာကြီး ဦးဖေမောင်တင်သာလျှင် ဥက္ကဋ္ဌ ဖြစ်ထိုက်ကြောင်း အဆုံးအဖြတ် ပေးခဲ့လေသည်။ ဤအရေးသည် နယ်ချဲ့အင်္ဂလိပ်များလောက၌ အတော်ပင် ဂယက်ရိုက်သွားသည်။ နယ်ချဲ့ အင်္ဂလိပ်များလုပ်သမျှ လက်အောက်ခံ မြန်မာတို့က ငုံ့မခံ ဟူသော သဘောထားကို ပြသရာရောက်သောကြောင့် ပင်တည်း။

*

၁၉၂၄ ခု၊ အသက် ၃၆ နှစ် အရွယ်၌ ဆရာကြီးသည် ရန်ကုန် တက္ကသိုလ်သို့ ပြန်ရောက်လာသည်။ အရှေ့တိုင်း ဘာသန္တရ ပါမောက္ခအဖြစ် ထမ်းရွက်သည်။ ထိုစဉ်က မြန်မာစာနှင့် ပါဠိဘာသာတို့သည် အရှေ့တိုင်း ဘာသန္တရ ပညာရပ်၌ အကျုံးဝင်သည်။ ဆရာကြီး ပြန်ရောက်လာသော အချိန်တွင် မြန်မာတို့၏ ဝံသာနုလုပ်ငန်းကြီးသည် များစွာ အရှိန်ရနေပြီ။ ၁၉၂၀ ပြည့် ကျောင်းသားသပိတ်





အရေးတော်ပုံကြောင့် အမျိုးသားကျောင်းများ ပေါ်ထွန်းနေပြီ။ ထိုအမျိုးသားကျောင်းများ၌ မြန်မာစာကို စတင် အလေးပေး သင်ကြားနေကြပြီ။

သို့ရာတွင် တက္ကသိုလ်၌ကား မြန်မာစာသည် အလေးပေး မခံရ။ နယ်ချဲ့ခြေဖဝါးအောက်၌ မလှုပ်သာ မလွန့်သာ ဖြစ်နေရှာလေသည်။ ကြည့်ပါ၊ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသော မြန်မာတက္ကသိုလ် ဖြစ်ပါလျက် မြန်မာစာဌာန ဟူ၍မရှိပေ။ မြန်မာစာပေကို သင်ကြားပို့ချမှု မရှိပေ။ မြန်မာစာစီစာကုံးကိုသာ သင်ကြားပို့ချမှု ရှိသည်။ တစ်ဖန် ရှိပြန်သော်လည်း ဥပစာတန်း၌သာ သင်ကြားခွင့်ရှိသည်။ တစ်ဖန် သင်ကြားခွင့် ရှိပြန်လျှင်လည်း ကျောင်းသားတိုင်း မသင်မနေရမဟုတ်။ သင်လိုသူမှ သင်နိုင်ခွင့် ရှိသည်။ ထိုအခါ တရုတ်၊ ကုလား၊ ကပြားစသော လူမျိုးခြား ကျောင်းသားများသည် မသင်ယူကြပေ။ မြန်မာ ကျောင်းသားများ အထဲမှလည်း အချို့သာ သင်ယူသည်။ အချို့ မသင်ယူကြ။ ထို့ပြင် မြန်မာစာပြ ဆရာဟူ၍လည်း ဆရာပွား တစ်ဦးတည်းသာ ရှိလေသည်။ ထိုဆရာကိုလည်း ကပြားကျောင်းသားများသည် လမ်း၌ တွေ့လျှင် ရုံဖန်ရုံခါ ပခုံးချင်းတိုက်သွားသည်အထိ မထီမဲ့မြင် ပြုကြသည်။ ထိုမှတစ်ပါး သင်ကြားရန် မြန်မာစာအုပ်ဟူ၍လည်း မရှိပေ။ သည်အထိ မြန်မာစာပေသည် နင်းပြားဘဝ၌ ရောက်နေပေသည်။

ထိုအခါ ဆရာကြီးသည် မရှုဆိတ်နိုင် ဖြစ်တော့သည်။ ဆရာကြီးသည် အင်္ဂလန်၌ ပညာသင်ကြားစဉ် အင်္ဂလိပ်တို့သည် မိမိတို့စာပေကို လွန်စွာ တန်ဖိုးထားကြသည်ကို တွေ့ခဲ့ရသည်။ ထိုစဉ်က အောက်စဖို့တက္ကသိုလ်၌ အင်္ဂလိပ်စကားမပြောဘဲ ပြင်သစ်စကား ပြောလျှင် ဒဏ်တပ်ပင် ခံရသည်။ တစ်ဖန် ဆရာကြီးသည် ပြင်သစ်သို့ အလည် သွားရောက်စဉ်တွင်လည်း ပြင်သစ်လူမျိုးများသည် မိမိတို့စာပေကို အမြတ်တနိုး ထားကြသည်ကို တွေ့ရပြန်သည်။ စာပေသာမက မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အဝတ်အဆင် စသည်တို့ကိုလည်း အထူးတန်ဖိုးထားကြသည်ကို တွေ့ရသည်။ ထိုစဉ်က နယ်ချဲ့လက်အောက်ခံ မြန်မာနိုင်ငံမှာမူ ထိုသို့ မဟုတ်၊ နယ်ချဲ့၏ လောင်းရိပ်အောက်၌ မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှု စသည်တို့သည် ညှိုးရော်လျက် ရှိသည်။ ဤတွင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေး ပုဂ္ဂိုလ်များက ဦးစီးဆောင်ရွက်သည့် နည်းတူမြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု ထွန်းကားရေးအတွက်လည်း ပညာရေး ပုဂ္ဂိုလ်များက ဦးစီးဆောင်ရွက်သင့်သည်ဟု ဆရာကြီး ယူဆမိလေသည်။ ထို့ကြောင့် မိမိသြဇာရှိသော တက္ကသိုလ်၌ မြန်မာစာပေ ထွန်းကားရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် တက္ကသိုလ်ကျောင်းသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး မြန်မာစာစီစာကုံးကို မသင်မနေရ ဖြစ်အောင် ဆောင်ရွက်သည်။ ထိုနောက် မြန်မာစာပေကို ဥပစာတန်း၊ ထိုနောက် ဝိဇ္ဇာတန်း၊ ထိုနောက် ဂုဏ်ထူးတန်း၊ ထိုနောက် မဟာဝိဇ္ဇာတန်းအထိ သင်ယူခွင့် ရအောင် ဆောင်ရွက်သည်။ တစ်ဖန် မြန်မာစာဌာန၊ မြန်မာအသင်း ဟူ၍ ဖြစ်လာအောင်လည်း ဆောင်ရွက်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်လည်း တစ်ဖက်က အာဏာပိုင်တို့ကို အမျိုးမျိုး အရေးဆိုရ၏။ တစ်ဖက်ကလည်း ဆရာပွားအပြင် ဆရာလင်း၊ ပုဂ်ဝန်ထောက် ဦးတင် စသော မြန်မာပညာရှိတို့ကို စည်းရုံး ခေါ်ယူရ၏။ တိမ်မြုပ်နေသော မြန်မာ စာဟောင်း ပေဟောင်းများကိုလည်း စုဆောင်းရ၏။ ကမ္ပည်းကျောက်စာများ စနစ်တကျ လေ့လာနိုင်ရေးကိုလည်း ကြိုးပမ်းရ၏။ ယနေ့ ကျောင်းသူ ကျောင်းသား၊ ပညာရှင်တို့ ပုဂံကျောက်စာများကို စနစ်တကျ လေ့လာနိုင်သည်မှာ ဆရာကြီး ဦးဖေမောင်တင် တစိုက်မတ်မတ် ကြိုးပမ်းခဲ့၍ ဖြစ်ပေသည်။ ဆရာကြီးသည် ကမ္ပည်းကျောက်စာများ စနစ်တကျ လေ့လာနိုင်ရေးအတွက် ပါမောက္ခလု(စ) ၏ အကူအညီကို ရယူကာ ပုဂံသို့ အကြိမ်ကြိမ် သွားရောက်ကြိုးပမ်းရသည်။ ထိုစဉ်က ပုဂံဒေသသို့ ခရီးအသွားအလာ အလွန်နည်းပါးသည်။ တစ်ခါသော် ဆရာကြီးသည် မျက်နှာဖြူ မိတ်ဆွေများနှင့် ပုဂံသို့ သွားရောက်လေ့လာစဉ် စားသောက်ရန် ဟင်းလျာမရှိ ကြုံရသည်။ ဤတွင် အနီးတစ်ဝိုက်၌ တောဘဲများ ရှိရာ ဟင်းလျာအတွက် သေနတ်တစ်လက်ဆွဲကာ ဘဲပစ် ထွက်ခဲ့သည်။ ကံအားလျော်စွာ တောဘဲတစ်ကောင် ရသည်။ ထိုတောဘဲကို စစ်ဆေးကြည့်သောအခါ ဘဲ မဟုတ်၊ ဟင်္သာ ဖြစ်နေသည်ကို တွေ့ရသည်။ ဟင်္သာသည် မွန်တို့ နေထိုင်ရာ အကြေ အရပ်၌သာ ကျက်စားလေ့ရှိသော ငှက်မျိုး ဖြစ်သည်။ ယခု ပုဂံတွင် ဟင်္သာ တွေ့ရသည်ကို ထောက်ရှုခြင်းဖြင့် ပုဂံသားနှင့် မွန်လူမျိုးတို့ အကူးအလူး အဆက်အသဲ ရှိခဲ့ရမည် ဟူ၍ တွေးဆမိသည်။ ထိုတွေးဆချက်ကို အခြေပြု၍ သုတေသနပြုရာတွင် မှန်ကန်ကြောင်း တွေ့ရသည် ဟူ၍ ဆရာကြီးက ပြောပြဖူးလေသည်။

ဆရာကြီးသည် ကမ္ပည်းကျောက်စာများ လေ့လာနိုင်ရေးကို ဆောင်ရွက်ရင်း မြန်မာစာအုပ်များ ပေါ်ထွန်းရေးကိုလည်း ကြိုးပမ်းရပြန်သည်။ မြန်မာစာပေ သင်ကြားရာတွင် မြန်မာစာအုပ် ဟူ၍ မည်မည်ရရမရှိ ဖြစ်နေရာ ဆရာကြီးသည် မြန်မာနိုင်ငံ သုတေသနအသင်း၏ အကူအညီဖြင့် ပျို့၊ လင်္ကာ၊ ရတု၊ ရာဇဝင်၊ မော်ကွန်း၊ ပြဇာတ်၊ ဝတ္ထု စသော မြန်မာ ရှေးဟောင်း ပေစာများထဲမှ အသင့်လျော်ဆုံးတို့ကို ရွေးချယ်ကာ စာအုပ် ဖြစ်လာအောင် တည်းဖြတ် ပုံနှိပ်ထုတ်ဝေခဲ့လေ





သည်။ ဆရာကြီး၏ ကြိုးပမ်းချက်ကြောင့် ၁၉၂၄ ခုမှ ၁၉၃၆ ခုနှစ်အတွင်း ရှေးဟောင်း မြန်မာစာပေ စာအုပ်ပေါင်း ၄၆ မျိုး ထုတ်ဝေနိုင်ခဲ့လေသည်။ ထို့ပြင် ဆရာကြီးကိုယ်တိုင် သုတေသန ဂျာနယ်၌ မြန်မာစာ၊ မြန်မာမှုဆိုင်ရာ စာတမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့လေသည်။ ထိုစဉ်က ရေးသားခဲ့သော စာတမ်းပေါင်းမှာ ၅၀ ကျော် ရှိသည်ဟု အမှတ်အသား ရှိသည်။

ဆရာကြီးသည် ယင်းသို့ ကြိုးပမ်းစဉ် တစ်ဖက်ကလည်း မြန်မာစာပေ ကြီးပွားတိုးတက်ရေးအတွက် အမျိုးမျိုး ဟောပြောခဲ့လေသည်။ ၁၉၃၂ ခု ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်း ဟောပြောပွဲတစ်ခု၌ ဆရာကြီးက ကျောင်းများနှင့် တက္ကသိုလ်များတွင် အင်္ဂလိပ်ဘာသာရပ်မှ တစ်ပါး ကျန်ဘာသာရပ် အားလုံးကို မြန်မာဘာသာဖြင့်သာ သင်ကြားသင့်သည်။ ယင်းသို့ သင်ကြားမှုလည်း အကျိုးထူးမည်။ ပညာရပ်ကို ကျောင်းသားများ အလွယ်တကူ သဘောပေါက်ကာ ပိုမိုသိနားလည်မည်။ ထိုသို့ သင်ကြားနိုင်ရန်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ဝိဇ္ဇာ သိပ္ပံ ပညာရပ်ဆိုင်ရာ စာအုပ်များကို မြန်မာဘာသာ ပြန်ဆိုသင့်သည်။ နာမ်နှင့်ဆိုင်သော အဘိဓမ္မာတရားတော် အခက်အခဲကိုပင် မြန်မာဘာသာဖြင့် ပြန်ဆို ရေးသားနိုင်လျှင် ရုပ်နှင့်သာ ဆိုင်သော ပညာရပ်များကို အဘယ်ကြောင့် မြန်မာဘာသာဖြင့် ပြန်ဆို မရေးသားနိုင်ဘဲ ရှိမည်နည်း ဟူ၍ ရဲဝံ့စွာ ပြောဆိုခဲ့လေသည်။

ပြောဆိုသည့် အတိုင်းလည်း စံနမူနာအဖြစ် "အဏုမြူ" နှင့် "အဏုမြူငှိကာ" သိပ္ပံကျမ်းနှစ်စောင်ကို ဆရာကြီးကိုယ်တိုင် မြန်မာပြန်ဆို ထုတ်ဝေခဲ့လေသည်။ ဆရာကြီး ဖြစ်စေလိုသော လုပ်ငန်းမှာ နှစ်ရှည်လုပ်ရမည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် သူ့အလုပ်သက်တမ်းတွင်ကား မအောင်မြင်ခဲ့။ သို့ရာတွင် ယခုခေတ်၌ကား သူ အစပျိုးခဲ့သော လုပ်ငန်းသည် အောင်မြင်နေလေပြီ။

ဆရာကြီး၏ ကြိုးပမ်းမှုတို့တွင် မြန်မာဝေါဟာရများ ထွန်းကားအောင် ကြိုးပမ်းမှုသည်လည်း ထင်ရှားလှပေသည်။ ယင်းကိစ္စတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာပွား၊ ဆရာလင်း၊ ဆရာရိတ် စသော မြန်မာ ပညာရှိများသည် ဆရာကြီးကို အထူး အကူအညီ ပေးခဲ့သည်ဟု ကြားသိရပေသည်။ သူတို့၏ ကြိုးပမ်းမှုသည် များစွာ ထိရောက်လှပေသည်။ ယခင်က "ယူနီဗာစီတီ" ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်ကို ဆရာကြီးတို့က "တက္ကသိုလ်" ဟု ခေါ်ဝေါ်သုံးစွဲအောင် ပြုပြင်နိုင်ခဲ့သည်။ ဝိဇ္ဇာ၊ သိပ္ပံ စသော ဝေါဟာရတို့မှာလည်း ဆရာကြီးတို့ ကြိုးပမ်းခဲ့သော ဝေါဟာရများပင် ဖြစ်ပေသည်။ ယနေ့ တိရစ္ဆာန်ရုံ၌ တိရစ္ဆာန်များ၏ အမျိုးအမည်ကို မြန်မာဝေါဟာရဖြင့် ခေါ်ဝေါ် သုံးစွဲနေနိုင်သည်မှာ ဆရာကြီး၏ ကြိုးပမ်းချက်ပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေ ထွန်းကားရေးအတွက် ရှေးဟောင်းစာပေများကို ဖော်ထုတ်လျက် စနစ်တကျ လေ့လာရန် လိုသည့်နည်းတူ၊ တစ်ဖက်ကလည်း ခေတ်နှင့် လျော်ညီသော စာပေသစ်ကို ရေးသားပြုစုရန် လိုပေသည်။ ထိုအချက်ကို ဆရာကြီးသည် ကောင်းစွာ သဘောပေါက်ထားလေသည်။ ထို့ကြောင့် တပည့်များအား စာပေသစ်ကို ရေးသားပြုစုရန် တိုက်တွန်းနှိုးဆော်လေ့ ရှိသည်။ တပည့်ဖြစ်သော သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မောင်သန့်စင်၊ မင်းသုဝဏ် စသူတို့က စာပေသစ်ကို ရေးသားပြုစုလာကြသောအခါ ဆရာကြီးသည် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။ အထူးအားပေးခဲ့သည်။ ထိုပုဂ္ဂိုလ်များ၏ စကားပြေများကို စုစည်းကာ "ခေတ်စမ်းပုံပြင်" ဟူ၍ အမည်ပေး ထုတ်ဝေခဲ့သည်။ ထိုပုဂ္ဂိုလ်များ၏ ကဗျာများကို စုစည်းကာ "ခေတ်စမ်းကဗျာ" ဟူ၍ အမည်ပေး ထုတ်ဝေခဲ့သည်။ တစ်ဖန် ယင်းတို့ကို ကျောင်းသုံးစာအုပ်များ အဖြစ်လည်း ရဲဝံ့စွာ ပြဋ္ဌာန်းပေးပြီးလျှင် အထက်တန်းကျောင်းများ၌ သင်ကြားစေလေသည်။

ယနေ့ မြန်မာစာပေသမိုင်း၌ သုံးစွဲနေသည့် "ခေတ်စမ်းစာပေ" ဟူသော ဝေါဟာရသည် ဆရာကြီး တီထွင် အသုံးပြုခဲ့သော ဝေါဟာရပင် ဖြစ်ပေသည်။ ခေတ်စမ်းစာပေနှင့် ပတ်သက်၍ ဆရာကြီးက 'ဆရာ့တပည့်တွေထဲက သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မောင်သန့်စင်၊ မင်းသုဝဏ်တို့ ထွက်လာတယ်။ မောင်ထင်၊ တက်ဘုန်းကြီး သိန်းဖေတို့လည်း ခေတ်စမ်းထဲက ပေါ်ထွက်သွားကြတာပဲ' ဟူ၍ ဝမ်းသာအားရ ပြောပြတတ်ပေသည်။

ဆရာကြီးသည် တက္ကသိုလ်၌ မြန်မာစာ ထွန်းကားရေးကို ဆောင်ရွက်ရုံဖြင့် အားမရသေး။ ပညာမင်းကြီး၏ အကူအညီကို ရယူကာ အထက်တန်းကျောင်းများသို့ ဆင်း၍ မြန်မာစာ ထွန်းကားရေးကို ကြိုးပမ်းဆောင်ရွက်ပြန်လေသည်။

ထိုစဉ်က အမျိုးသား ကျောင်းထွက်များသာ မြန်မာစာ တော်ကြသည်။ အခြား ကျောင်းထွက်များမှာ မြန်မာစာ မတော်ကြ။ အထူးသဖြင့် ခရစ်ယာန်သာသနာပြု ကျောင်းထွက်များမှာ မြန်မာစာ အထူးညံ့ကြသည်။ တက္ကသိုလ်သို့ ရောက်လာသော ထိုကျောင်းသားများ၏ အခြေအနေကို ဆရာကြီးသည် ကောင်းစွာ အကဲခတ်မိလေသည်။ စင်စစ်အားဖြင့် ထိုကျောင်းသားများ မြန်မာစာ ညံ့ကြသည်မှာလည်း မထူးဆန်းပေ။ သက်ဆိုင်ရာ ကျောင်းများက မြန်မာစာကို အလေးထားလျက် သင်မပေးကြသောကြောင့် ဖြစ်သည်။ အလေးထား၍ သင်ပေးလိုလျှင်လည်း မြန်မာစာအုပ်ကောင်း မရှိပေ။ ဤတွင် ဆရာကြီးသည် ဦးသြဘာသ၏ ဝေဿန္တရာဇာတ်၊ ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်၊ ဦးခ၏ ရွှေတာခြင်း စသည်တို့ကို ရဲဝံ့စွာ ပြဋ္ဌာန်းပေးခဲ့လေသည်။





ဤသို့ ပြဋ္ဌာန်းရာ၌ လွယ်လှသည် မဟုတ်ပေ။ အတိုက်အခံများကို ရင်ဆိုင်ရလေသည်။ ဝေဿန္တရာဇာတ်ကို ပြဋ္ဌာန်းလိုက်သောအခါ ခရစ်ယာန်သာသနာပြု ကျောင်းဆရာများက ဆရာကြီးကို ပြင်းပြင်းထန်ထန် အပြစ်တင်ကြ၏။ ခရစ်ယာန်သာသနာပြုကျောင်းများ၌ သည်စာအုပ်မျိုး သင်ရခြင်းသည် ဗုဒ္ဓဘာသာကို သင်နေရသည်နှင့်မခြား ဖြစ်သည်ဟု ဆိုကြ၏။ ဤတွင် ဆရာကြီးက 'ဗုဒ္ဓဘာသာ တိုင်းပြည်မှာ လာနေတဲ့အတွက် ဗုဒ္ဓဘာသာအကြောင်း သင်ရတာ အလွန် သဘာဝကျပါတယ်။ ကျေးဇူးတင်ဖို့တောင် ကောင်းပါသေးတယ်' ဟု ချေပပြောဆိုလိုက်သည်။ ထိုအခါ ထိုဆရာများသည် ပြန်လည် မချေပနိုင်တော့။ နှုတ်ပိတ်၍ လက်ခံလိုက်ရပေသည်။

ဆရာကြီး၏ ချေပပြောဆိုချက်သည် ထူးခြားလှပေသည်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်က သည်စကားမျိုးပြောလျှင် ထူးခြားသည် မဆိုသာ။ ခရစ်ယာန်ဘာသာဝင် ဖြစ်သော ဆရာကြီးက ပြောသည်မှာကား ထူးခြားသည်ဟု ဆိုရပေမည်။ ဆရာကြီးသည် ဘာသာရေး ဘက်လိုက်မှု ကင်းသူတည်း။ အမှန်တရားကို ရှေးရှုလိုသူတည်း။ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသူတည်း။

ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရာ၌လည်း ဤသဘောထားမျိုးထားကာ ပြန်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ဆရာကြီးသည် အထက်ပါ စာအုပ်များကို ပြဋ္ဌာန်းရုံဖြင့် မလုံလောက်ပြန်သောအခါ အလုပ်တာဝန်များ များပြားသည့်ကြားထဲက သူကိုယ်တိုင်လည်း ကျောင်းသုံးစာအုပ်များ ရေးသားပြုစုပေသည်။ ဆရာကြီးသည် မြန်မာစာပေသမိုင်းကို ပြုစု၏။ အထက်တန်းစကားပြေ ကောက်နုတ်ချက်၊ အထက်တန်းကဗျာ ကောက်နုတ်ချက်များကိုလည်း ရွေးချယ် တည်းဖြတ် ထုတ်ဝေခဲ့၏။ ထို့ပြင် သူငယ်တန်းမှ စတုတ္ထတန်းအထိ သင်ကြားရန် ခေတ်မီ မြန်မာ ဖတ်စာသစ်များကိုလည်း ရေးသားထုတ်ဝေခဲ့ပေသည်။ ထိုဖတ်စာများ၌ ပါသည့် နွားကျောင်းသူ မဖျိုင်း၊ အကျည်းတန်သော ဘဲကလေး၊ မောင်လူဒင်၊ တာတေ စသည့် ပုံပြင်များသည် ယနေ့ ကလေးစာပေ၏ မြစ်ဖျားခံရာ ရေသောက်မြစ်များပင် ဖြစ်ပေသည်။

*

၁၉၃၆ ခုနှစ်၌ တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့ အမှူးပြုသော အာဏာပိုင်များက တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို ကျောင်းထုတ်လိုက်သည်။ ထို့နောက် အိုးဝေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ ကိုအောင်ဆန်းကိုလည်း ကျောင်းထုတ်ရန် စီစဉ်လေသည်။ ဤဖိနှိပ်မှုတို့ကို အကြောင်းပြုလျက်



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ကျောင်းသားသပိတ်ကြီး ပေါ်လာလေသည်။ ထိုအခါ နယ်ချဲ့အစိုးရသည် လူမျိုးခြားကို ကျောင်းအုပ်ခန့်၍ဖြင့် မဖြစ်နိုင်တော့။ မြန်မာလူမျိုး တစ်ဦးကို ကျောင်းအုပ်ခန့်မှ ဖြစ်တော့မည်ဟု စဉ်းစားမိလာသည်။ သို့ဖြင့် တက္ကသိုလ်လောကဌ အထင်ရှားဆုံးလည်း ဖြစ်၍၊ ကျောင်းသားများ၏ ချစ်ခင်လေးစားမှုကိုလည်း ခံယူရရှိသော ဆရာကြီး ဦးဖေမောင်တင်ကို ကျောင်းအုပ်ကြီး ခန့်လိုက်လေသည်။

ထိုအခါ ကျောင်းသားများ သပိတ်မှောက်ကောင်စီက မြန်မာလူမျိုးကို ပထမဆုံးအကြိမ် ကျောင်းအုပ်ကြီး ခန့်အပ်ခြင်း ဖြစ်သောကြောင့် လည်းကောင်း၊ ဦးဖေမောင်တင်သည် ကျောင်းသားများအပေါ် စိတ်ကောင်း စေတနာကောင်း ထားသူ ဖြစ်သောကြောင့် လည်းကောင်း ယင်းသို့ ခန့်အပ်ခြင်းကို ကြိုဆိုကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့လေသည်။

ဤသို့ နယ်ချဲ့အစိုးရက ရာထူးကြီး၊ တာဝန်ကြီးကို ပေးအပ်သော်လည်း ဆရာကြီးသည် ဘယ်သောအခါမျှ သူတို့ဘက်က မရပ်တည်ခဲ့ပေ။ ကျောင်းသားများ ဘက်က လည်းကောင်း၊ တိုင်းပြည်ဘက်က လည်းကောင်း အစဉ် ရပ်တည်ခဲ့ပေသည်။

၁၉၃၈ ခုနှစ် တတိယ ကျောင်းသားသပိတ် အရေးတော်ပုံတွင် ကျောင်းသားများဘက်က ဆရာကြီး ရပ်တည်ခဲ့ပုံမှာ မှတ်တမ်းတင်လောက်ပေသည်။ ဤအကြောင်းကို "အရှေ့က နေဝန်းထွက်သည့်ပမာ" ဝတ္ထု၌ ဦးသိန်းဖေမြင့်က 'ဪ၊ ဒါထက် သတင်းတစ်ခု ကြားပြီးပြီလား။ မြင့်ကြီးတို့တော့ မြန်မာစာဌာနက ဆိုတော့ ဆရာကြီး ဦးဖေမောင်တင်နဲ့ ပတ်သက်ပြီး ပိုနီးစပ်တဲ့သတင်း ကြားတာပေါ့။ စစ်ကိုင်းကျောင်းဆောင်က ကျောင်းသားခေါင်းဆောင် ကိုလှမြတ်နိုးဟာ ဗိုလ်စာရင်းသွင်းပြီး ရေနံချောင်းကို သွားတယ် မဟုတ်လား၊ ဒီတော့ အဆောင်မှူး ပါမောက္ခ မက်ဂစ်က အရေးယူရမယ်လို့ တောင်းဆိုတယ်၊ ဒီတော့ ဆရာကြီး ဦးဖေမောင်တင်က ခုကိစ္စဟာ ကျောင်းသားတွေနဲ့ တက္ကသိုလ် ဘာမှ ဖြစ်တာ မဟုတ်ဘူး တဲ့။ ကျောင်းသားတွေဟာ ကျောင်းကို ဆူနေတာ မဟုတ်ဘူး၊ အစိုးရကို ဆူနေတာ။ ဒါကြောင့် အရေးမယူနိုင်ဘူးလို့ ဆိုလိုက်သတဲ့။ ဆရာကြီးကတော့ အရေးကျရင် သိပ်သတ္တိကောင်းတာ ထွန်းကလေးရဲ့' ဟူ၍ မှတ်တမ်းတင်ထားပေသည်။

ထို့ပြင် ဆရာကြီးသည် နယ်ချဲ့သမား၏ ရန်သူ၊ ပြည်သူတို့၏ မိတ်ဆွေဖြစ်သော တို့ဗမာ အစည်းအရုံးကို တိတ်တဆိတ် အားပေးခဲ့သူတည်း။ "အရှေ့က နေဝန်းထွက်သည့်ပမာ" ဝတ္ထု၊ တစ်နေရာမှာပင် ဦးသိန်းဖေမြင့်က 'ဆရာကြီး





ဦးဖေမောင်တင်သည် သခင်ဘသောင်း၊ သခင်ဗစိန်တို့ တက္ကသိုလ်ကို အခြေခံယူ၍ သခင်လုပ်ငန်း စ လုပ်ကြစဉ်က တိတ်တဆိတ် ငွေလှူလေ့ ရှိသည်။ တစ်ခါက ဒို့ဗမာ သတင်းစဉ် ထုတ်ဝေရန် အလှူငွေ ၃၀၀ိ ပါဝင်သည်ဟု ကျွန်တော် ကြားဖူးထားလေသည်' ဟူ၍ ဖော်ပြထားလေသည်။

ဆရာကြီးသည် တက္ကသိုလ် မြန်မာစာဌာနအတွက် မြန်မာပညာရှိများကို စုစည်းသောအခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို တမင် ချန်ထားခဲ့လေသည်။ ယင်းသို့ ချန်ထားသည်မှာ နိုင်ငံရေးဘက်တွင် ဆရာကြီး သခင် ကိုယ်တော်မှိုင်း မားမားမတ်မတ် ရှိစေလို၍ ဖြစ်ပေသည်။ ဆရာကြီးက ဆရာကြီး သခင် ကိုယ်တော်မှိုင်းအား 'နိုင်ငံရေးဘက်မှာ ဆရာ့ဦးဆောင်မှု လိုပါတယ်။ နိုင်ငံရေးဘက်ကပဲ ဦးဆောင် လုပ်သွားပါ' ဟု ပြောကာ ဆရာလင်းကိုသာ တက္ကသိုလ်သို့ ခေါ်ခဲ့သည်ဟု သိရလေသည်။

*

၁၉၄၃ ခု ဧပြီလ ၂၄ ရက်နေ့အထိ ဆရာကြီးသည် ကျောင်းအုပ်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့လေသည်။ ဂျပန်ခေတ်တွင် ၁၉၄၃ ခုမှ ၁၉၄၅ ခုအထိ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့လေသည်။ ထို့နောက် ဆရာကြီးသည် အငြိမ်းစားယူလိုက်လေသည်။

သို့ရာတွင် လွတ်လပ်သော မြန်မာအစိုးရက ဆရာကြီး၏ လုပ်အားကို အလိုရှိသဖြင့် ဆရာကြီးသည် အနားမယူခဲ့ပေ။ ပါဠိဂုဏ်ထူးဆောင် ပါမောက္ခ၊ ဘာသာပြန်စာပေအသင်း သုခမိန်အဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်ခဲ့ရပေသည်။ ယင်းသို့ ထမ်းဆောင်ရင်း ဆရာကြီးသည် သုဝါသနာပါသော ကျမ်းပြုခြင်း၊ ဆောင်းပါး စာတမ်းများ ရေးခြင်းတို့ကို မပြတ် ပြုခဲ့ပေသည်။

ဆရာကြီးသည် လွတ်လပ်သော မြန်မာနိုင်ငံတွင် မြန်မာစကားပြေ စနစ်တကျ ထွန်းကားစေချင်သည်။ မြန်မာစကားပြေ စနစ်တကျ ထွန်းကားမှလည်း ခေတ်မီပညာရပ်များကို ရေးသား ဖော်ပြနိုင်ကာ လူထုလက်သို့ ရောက်အောင် ပို့ဆောင်နိုင်မည်ကို ဆရာကြီး ကောင်းစွာ နှလုံးသွင်းထားပြီး ဖြစ်သည်။ ထို့ကြောင့် မြန်မာစကားပြေ စနစ်တကျ ထွန်းကားရေးအတွက် ဘာသာလောကကျမ်း၊ မြန်မာဝါကျဖွဲ့ထုံးကျမ်း၊ မြန်မာသဒ္ဒါကျမ်းများကို ကြိုးပမ်း ပြုစုပေးလေသည်။

ဆရာကြီးသည် မြစေတီ မွန်ကျောက်စာ၊ ရွှေစည်းခုံ မွန်ကျောက်စာ၊ ကျန်စစ်သားမင်း၏ နန်းတော် မွန်ကျောက်စာ စသည်တို့ကိုလည်း မြန်မာ ပြန်ဆို



www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၉ နှစ် အရွယ် ဆရာကြီး ဦးဖေမောင်တင်နှင့် ဇနီး၊ သားသမီးများ။


ခဲ့လေသည်။ ထိုအချိန်၌ ဆရာကြီးသည် အသက် ၇၀ နီးပါးအရွယ်ပင် ရှိနေလေပြီ။

ဆရာကြီးသည် သာမန် သုတေသန ပညာရှင် မဟုတ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို အထူးလိုလားသူ ဖြစ်သည်။ တစ်ဖန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှက်ဆောင်ရာတွင် တိုင်းရင်းသားများဆီသို့ မြန်မာစာပေကို ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြင့် နားလည်မှု၊ ရင်းနှီးမှု၊ ချစ်ခင်မှု၊ သွေးစည်းမှုတို့ ရနိုင်ကြောင်း ယုံကြည်ထားသူလည်း ဖြစ်သည်။ ထို့ကြောင့် ဆောင်းပါးတစ်စောင်၌ ဆရာကြီးက "မြန်မာစာပေကို အင်္ဂလိပ်ဘာသာ စသည်တို့ဖြင့် ပြန်ဆိုရေးသားပြီးလျှင် တစ်ကမ္ဘာလုံးသို့ ပြန့်ပွားအောင် ဆောင်ရွက်မည်ဟု ကြီးကြီးကျယ်ကျယ် ရည်ရွယ်ချက် ရှိကြပေမည်။ ယင်းသို့ ကြီးကြီးကျယ်ကျယ် ရည်ရွယ်ချက်ရှိသည် ဆိုလျှင်လည်း ဆရာတို့ ဝမ်းသာပါသည်။ သို့သော်လည်း ဆရာ့ထင်မြင်ချက်ကို ပြောရလျှင် မြန်မာစာပေကို မိမိတို့နှင့် ညီအစ်ကိုများ ဖြစ်ကြသည့် တောင်တန်းသားများဆီသို့ လက်ဦး ပြန့်ပွားအောင် ပြုလုပ်သင့်သည်ဟု ပြောလိုပါသည်" ဟူ၍ ဆိုထားပေသည်။

*







ဦးဖေမောင်တင်၏ နောက်ဆုံး လက်ရေးမူ။

ယနေ့ ဆရာကြီးသည် အသက် ၈၀ ကျော်နေပြီ။ ၁၃၃၀ ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ဆရာကြီး အသက် ၈၀ ပြည့် မွေးနေ့ အထိမ်းအမှတ်ပွဲကို မြန်မာနိုင်ငံ သုတေသနအသင်းက လည်းကောင်း၊ ဆရာကြီး၏ တပည့် သားမြေးများက လည်းကောင်း ကျင်းပခဲ့လေသည်။ ဆရာကြီးသည် အရွယ်နှင့် မလိုက်အောင် ကျန်းမာ သန်စွမ်းလျက်ပင် ရှိသည်။ အင်းလျားလမ်းနှင့် အဓိပတိလမ်းတစ်လျှောက်တွင် ကာကီဘောင်းဘီတိုကို ဝတ်လျက်၊ စပို့ရှပ်ကို ဝတ်လျက်၊ လက်ကိုင်တုတ်ကို လွှဲလျက် သွက်လက်သော ခြေလှမ်းကျဲကြီးများဖြင့် လမ်းလျှောက် ထွက်လေ့ရှိသော ဆရာကြီးကို မကြာခဏ တွေ့ရလေသည်။

ဆရာကြီးသည် ပညာဘက်၌ ထူးချွန်သကဲ့သို့ အားကစားဘက်၌လည်း ထူးချွန်ခဲ့သည်။ ပျိုရွယ်စဉ်က တင်းနစ်ကစားရာ၌ ထင်ရှားသည်။ တောလိုက်အမဲပစ်ရာ၌ ကျော်ကြားသည်။ ထို့ပြင် အနုပညာဘက်တွင်လည်း ထူးချွန်လေသည်။ ဆရာကြီးသည် တယောထိုး အလွန်ကောင်း၏။ ထိုခေတ်က အင်္ဂလိပ်တီးဝိုင်းများနှင့် ကပွဲများတွင် မကြာခဏ တယောဝင်ထိုးလေ့ ရှိသည်ဟု ဆိုသည်။ လန်ဒန် ဂီတကောလိပ်က ကျင်းပသော ဂီတ စာမေးပွဲတွင် ပထမ စွဲလျက် အောင်မြင်ခဲ့သည်ဟုလည်း သိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ငွေတာရီမဂ္ဂဇင်းက ဆရာကြီး အနှစ်သက်ဆုံး ဖြစ်သော မြန်မာစာအုပ် ၁၀ အုပ်နှင့် နိုင်ငံခြားစာအုပ် ၅ အုပ် စာရင်းကို သိလိုသဖြင့် တောင်းပန်တောင်းဆိုရာတွင် အောက်ပါအတိုင်း ဆရာကြီးက ပြန်ကြား ပေးပို့ခဲ့သည်။ (၁) ရှင်သီလဝံသ၏ ပါရာယနဝတ္ထု။ (၂) ရှင်ရဋ္ဌသာရ၏ ကိုးခန်းပျို့။ (၃) ဦးကုလား၏ မဟာရာဇဝင်ကြီး။ (၄) ဦးတိုး၏ ရာမရကန်။ (၅) နတ်ရှင်နောင်၏ ရတုများ။ (၆) ဦးပုည၏ ရေသည်ပြဇာတ်။ (၇) လယ်တီဆရာတော်၏ ဒီပနီကျမ်းများ။ (၈) ကျုံးဝန် ဘုမ္မဇေယျ၏ မနုကျယ် ဓမ္မသတ်။ (၉) လှိုင်ထိပ်ခေါင်တင်၏ ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး။ (၁၀) ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု။

(1) Asbvaghosa's Buddhacarita (Sanskrit) (2) Buddhagbosa's Visudd- himagga (Pali) (3) English Bible (4) Shakespeare's A Midsummer Night's Dream (5) Milton's Paradise Lost

ဆရာကြီးသည် ပညာကြီးသော်လည်း မာန မကြီး။ ရာထူးကြီးများကို ထမ်းဆောင်ခဲ့သော်လည်း စည်းစိမ်ဥစ္စာကို မမက်။ ဆရာဇော်ဂျီက 'လောဘနည်း၍ တင်းတိမ်ရောင့်ရဲတတ်သော အရာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ဆရာကြီး ဦးဖေမောင်တင်တို့ အလွန် တူကြသည်' ဟု ဆိုဖူးလေသည်။

ယခုအခါ ဆရာကြီးသည် အင်းလျားလမ်းဘက်ရှိ သေးငယ်လှသော အိမ်ကလေးတွင် ရိုးမြေကျ ပေါင်းလာသော ဇနီးသည် ဒေါ်ကြည်ကြည်နှင့်အတူ မထင်မရှား နေထိုင်လျက် ရှိပေသည်။ ဆရာကြီး၌ သား သမီး ငါးယောက် ရှိလေသည်။

ဆရာကြီးက သူ့ဘဝ သက်တမ်းတစ်လျှောက်တွင် ၁၉၂၄ ခုမှ ၁၉၃၆ ခုနှစ်အထိ ပါဠိနှင့် မြန်မာစာ ပါမောက္ခအဖြစ် ထမ်းဆောင်လျက် မြန်မာစာ ထွန်းကားရေးကို အပြင်းအထန် ကြိုးပမ်းလုပ်ကိုင်ရသော ဘဝမှာ အပျော်ဆုံးဖြစ်သည်ဟု ပြောလေ့ရှိသည်။ ဤသို့ ပြောရာမှ 'တပည့်ဟာ ဆရာထက် တော်ရမယ်ကွ။ တပည့်က ဆရာထက် ညံ့နေရင် လောကကြီးဟာ တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းသွားမှာပေါ့။ တပည့်က ဆရာ့ထက် မတော်ရင် ဆရာ ညံ့လို့ပေါ့' ဟူ၍လည်း ထည့်သွင်း ပြောပြတတ်လေသည်။ ။

ဦးအုန်းမောင်

( ပထမ ရုပ်ရှင် ပညာရှင် )



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၌ အနောက်တိုင်းမှ လာသော ခေတ်သစ် အနုပညာတစ်ရပ် ဖြစ်သည့် ရုပ်ရှင် အနုပညာကို စတင် မျိုးစေ့ချခဲ့သူမှာ အခြားသူ မဟုတ်။ မြန်မာပီပီ ဘွဲ့ဆောင်ထုံးထားသူ ဦးအုန်းမောင်ပင် ဖြစ်ပေသည်။

ဦးအုန်းမောင်သည် ဘွဲ့ဆောင်ထုံးကြီးနှင့် ဖြစ်သော်လည်း အင်္ဂလိပ်စာတတ် တစ်ယောက် ဖြစ်သည်။ ပန်းချီနှင့် ဓာတ်ပုံ အနုပညာကို ဝါသနာပါသည်။ ထို့ကြောင့် ပန်းချီပညာကို ဆရာ ဦးဘိုးဘနှင့် ဆရာ ဦးရွှေစိုးထံမှ သင်ယူသည်။ ဓာတ်ပုံပညာကိုမူ မစ္စတာဝဂ္ဂစတပ်ထံမှ သင်ယူသည်။ ထို့နောက် ဒီ၊ အေ၊ အဟူဂျာ ဓာတ်ပုံတိုက်တွင် လခစား ဓာတ်ပုံဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။

ယင်းသို့ လုပ်ကိုင်ရာမှ တစ်နေ့တွင် ဦးအုန်းမောင်သည် လခစား ဓာတ်ပုံဆရာဘဝကို စွန့်လွှတ်လိုက်သည်။ ယောက်ဖဖြစ်သူ ဓာတ်ပုံဆရာ ဦးမော်မောင်နှင့် တွဲဖက်လျက် "လန်ဒန်အတ် ဓာတ်ပုံကူးတိုက်" ဟူသော အမည်ဖြင့် ကိုယ်ပိုင် ဓာတ်ပုံကူးတိုက်တစ်တိုက် တည်ထောင်လိုက်သည်။ ဓာတ်ပုံလုပ်ငန်း အဝဝကို စိတ်တိုင်းကျ ရွက်ဆောင်လေသည်။ ထိုအချိန်မှာ ၁၉၁၄ –၁၅ ခုနှစ် ပတ်ဝန်းကျင်ပင် ဖြစ်သည်။ ဦးအုန်းမောင်သည် ဓာတ်ပုံပညာလည်း ကျွမ်းကျင်သည်။ လုံ့လ ဝီရိယလည်း ရှိသည်။ ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းသည်။ ထို့ကြောင့် သူ့လုပ်ငန်းမှာ အောင်မြင်လေသည်။

ယင်းသို့ အောင်မြင်သော်လည်း ဦးအုန်းမောင်သည် ရုပ်သေဓာတ်ပုံမျှဖြင့် မတင်းတိမ်နိုင်၊ ရုပ်ရှင်ရိုက်ကူးရန် စိတ်ဆန္ဒ ပြင်းပြနေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတွင် ရုပ်ရှင်ကားများ ရှိပါ၏။ သို့ရာတွင် အင်္ဂလိပ်၊ အမေရိကန် ကားများသာ ဖြစ်သည်။ မြန်မာရုပ်ရှင်ကား ဟူ၍ ပေါ်ထွက်ရန် ဝေးစွ၊ ကြားမျှပင် မကြားဖူးသေးပေ။ ဤသို့သော အခြေအနေတွင် ဦးအုန်းမောင်သည် အင်္ဂလိပ်၊ အမေရိကန်ကားများကို ကြည့်ရင်း မြန်မာရုပ်ရှင်ကား ရိုက်ကူးရန်ဆန္ဒ တဖွားဖွား ဖြစ်ပေါ်နေသည်။ ထိုစဉ်က အင်္ဂလိပ်၊ အမေရိကန် ရုပ်ရှင်ကားများကို မလွတ်တမ်း ကြည့်သော ဘွဲ့ဆောင်ထုံးကြီးနှင့် ဦးအုန်းမောင်အား မည်သူကမှ မြန်မာရုပ်ရှင်၏ ဖခင်ကြီး ဖြစ်လာလိမ့်မည် ဟူ၍ မထင်မှတ်ကြပေ။ ဦးအုန်းမောင်သည် ရုပ်ရှင် ပညာကို ယင်းသို့ ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှု၍လည်း လေ့လာ၏။ စာအုပ်





စာတမ်းများ ဖတ်ရှု၍လည်း လေ့လာ၏။ ထို့နောက် မြန်မာရုပ်ရှင်ကို စတင် ရိုက်ကူးရန် ခြေလှမ်းပြင်လိုက်လေသည်။

ဦးအုန်းမောင်သည် ရှေးဦးစွာ ရုပ်ရှင်ရိုက်ကူးရာတွင် လိုအပ်မည့် ပစ္စည်း ကိရိယာများကို စုဆောင်းသည်။ ထိုအချိန်မှာ ၁၉၁၈ ခုနှစ် ဖြစ်သည်။ ဦးအုန်းမောင်သည် အသက် ၂၇ နှစ် အရွယ်ခန့်သာ ရှိသေးသည်။ အနောက်နိုင်ငံ၌ ရုပ်ရှင်ကို ရုံတင်ပြသနိုင်သော အဆင့်သို့ ရောက်သည်မှာ အနှစ် အစိတ်ခန့်သာ ရှိသေးသည်။ အိန္ဒိယ၌ ရုပ်ရှင်ထွန်းကားနေပြီ ဟူ၍ မဆိုနိုင်သေး။ သတင်းကား လောက်သာ ရိုက်ကူးနိုင်၍ ဇာတ်လမ်းပါသော ရုပ်ရှင်ကို မရိုက်ကူးနိုင်သေးပေ။ ဦးအုန်းမောင်အဖို့ ရုပ်ရှင် ပစ္စည်းကိရိယာ ရရန်အရေးမှာ မလွယ်ကူ။ ကြီးစွာသော အခက်အခဲ ဖြစ်သည်။ ရုပ်ရှင် ပစ္စည်းကိရိယာကို အိန္ဒိယမှလည်း မမှာနိုင်။ အင်္ဂလန်၊ အမေရိကန်တို့မှ မှာရန်လည်း ငွေအင်အား မတောင့်တင်း။ သို့သော် ဦးအုန်းမောင်သည် မဖြစ်မနေ ဇွဲဖြင့် ရုပ်ရှင် ပစ္စည်းကိရိယာများကို မရ အရ လိုက်လံရှာဖွေသည်။

ကံအားလျော်စွာ အီး၊ အမ်၊ ဒီဆူဇာ ဆေးတိုက်၌ သုံးမရ၍ ချောင်ထိုး ထားသော ကင်မရာတစ်လုံးကို သွားတွေ့သည်။ ယင်းမှာ အိန္ဒိယက အလည်လာ သော ခရီးသည်တစ်ဦးက ပျက်နေ၍ ပစ်ထားခဲ့သော ကင်မရာ ဖြစ်သည်။ ယင်းကို ပင် ဦးအုန်းမောင်က ငွေတစ်ရာ ပေး၍ ဝယ်ယူသည်။ ကြံဖန် ပြုပြင်သည်။ သို့ရာတွင် ကင်မရာမှာ မှန်ဘီလူးမရှိ ဖြစ်နေပြန်သဖြင့် လိုအပ်သည့် မှန်ဘီလူးကို အိန္ဒိယသို့ မှာရပြန်သည်။ မရ။ နောက်ဆုံး စီနီမာဒီပဲရစ်ရုံပိုင်ရှင် မစ္စတာအချားက သူ့ထံ၌ ဧည့်သည်တစ်ဦး ပစ်ထားခဲ့သော မှန်ဘီလူးတစ်ခု ရှိသည်။ သုံးနိုင် မသုံးနိုင်ကား မသိပါ ဆိုသဖြင့် ဦးအုန်းမောင်က လိုက်ကြည့်သည်။ ကံအား လျော်စွာ မိမိ ဝယ်ထားသော ကင်မရာ၌ တပ်ဆင်အသုံးပြုနိုင်သော မှန်ဘီလူးမျိုး ဖြစ်သဖြင့် အလုပ်ဖြစ်အောင် ကြံဖန် ကြိုးစားနိုင်တော့သည်။

ထိုအကြောင်းကို ဦးအုန်းမောင်က 'ဟိုတုန်းက လုပ်ခဲ့တာတွေ ပြန် စဉ်းစား မိတဲ့အခါ ရယ်မိပါတယ်။ ဘာပြုလို့လဲဆိုတော့ ကင်မရာ ဆိုတာကလည်း ခုလို ဘယ်ဟုတ်မလဲ။ ထင်းရှူးသေတ္တာငယ်ကလေးမှာ မှန်ဘီလူး တပ်ထားပြီး လှည့်လို့ ရတာ တစ်ခုပဲ ရှိတယ်။ မှန်ဘီလူး ဆိုပြန်တော့လည်း ပုလင်းကွဲသာသာ ရှိတော့ လက်နဲ့ လှည့်လိုက်တိုင်းလည်း အရုပ်ထင်ချင်မှ ထင်တာဗျ။ ဒီအထဲ ရိုက်ရတဲ့ ဖလင်ကလည်း ခုခေတ်လို မကောင်းပြန်ဆိုတော့ အင်မတန် အခက်အခဲတွေ့ပြီး အရုပ်ထင်အောင် မနည်းကို ကြိုးစားခဲ့ရပါတယ်' ဟူ၍ နောင်လာနောက်သား ရုပ်ရှင်ပညာသည်များအား ပြောပြခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းမောင်သည် ယင်းသို့ အမျိုးမျိုး ပြုပြင်ဖန်တီးထားသည့် ကင်မရာကလေးကို ဦးမောင်မောင်၏ အကူအညီဖြင့် အစမ်း ရိုက်ကြည့်သည်။ ကျေနပ်စဖွယ် အောင်မြင်သည်ကို တွေ့ရသည်။ သို့ဖြင့် ပထမဦးစွာ ဇာတ်မင်းသား ဦးဘိုးစိန်၏ အကမျိုးစုံကို ရိုက်ကူးရန် ကြံစည်သည်။ သို့ရာတွင် ဦးဘိုးစိန်က သဘောမတူသဖြင့် အကြံပျက်သွားသည်။ ဦးဘိုးစိန်က မိမိအကကို ရုပ်ရှင်ရိုက်ကူးပြပါလျှင် မိမိဇာတ်ပွဲကို ကြည့်မည့်ပရိသတ် နည်းပါးသွားလိမ့်မည် ဟူ၍ ယူဆသဖြင့် သဘောမတူခြင်း ဖြစ်ပေသည်။

သို့ဖြင့် "ဘားမားဖလင်း ကုမ္ပဏီ" ကို တည်ထောင်လိုက်သည်။ မြန်မာအဆွေ ကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၏သား၊ ရုပ်ရှင် ဝါသနာအိုး ဟိုက်စကူး ကျောင်းသား ကိုညီပု၏ အကူအညီကို ရယူကာ "မေတ္တာနှင့်သူရာ" ရုပ်ရှင်ကားကို ရိုက်ကူးရန် ကြိုးပမ်းသည်။ "မေတ္တာနှင့်သူရာ" သည် ဆရာပီမိုးနင်း၏ ဝတ္ထုဇာတ်လမ်း ဖြစ်သည်။ ဇာတ်လိုက်အဖြစ် ကိုညီပု၊ မင်းသမီးအဖြစ် ကြည့်မြင်တိုင်သူမရီ၊ လူကြမ်းများအဖြစ် ပညာ့အလင်း သတင်းစာတိုက် မန်နေဂျင်း အယ်ဒီတာ ဦးပု (ဦးတုတ်ကြီး)၊ ဘောသမား မောင်မောင်ချစ်တို့က ဦးဆောင် ပါဝင်သည်။ ရိုက်ကူးရာ၌ ယခုကဲ့သို့ သင်ကြားပြသသူ ဒါရိုက်တာ ဟူ၍ စနစ်တကျ မရှိ။ ဦးအုန်းမောင်ကပင် ကြပ်မတ်လျက် ဦးမောင်မောင်၊ ဦးညီပု၊ ငွေကိုင်စာရေးကြီး ဦးပါကြီး၊ ဦးပု (ဦးတုတ်ကြီး)၊ ပေါင်း ၅ ဦး ဝိုင်းဝန်းကာ ကောင်းသလို ရိုက်ကူးကြသည်။ စကားပြောကိုမူ ဦးပု (ဦးတုတ်ကြီး) က သင်ပေးသည် ဆိုသည်။

ဤ "မေတ္တာနှင့် သူရာ" ကို စတင် ရိုက်ကူးဆဲမှာပင် ဘိလပ်သွား ကိုယ်စားလှယ်ကြီး တစ်ဦးဖြစ်သူ ဝံသာနုခေါင်းဆောင် ဦးထွန်းရှိန် ကွယ်လွန်သွားသည်။ ဦးထွန်းရှိန်သည် အနယ်နယ် အရပ်ရပ်သို့ ဝံသာနုတရားများ လှည့်လည် ဟောပြောစဉ် ကွယ်လွန်ခြင်း ဖြစ်သည်။ ကွယ်လွန်သောအခါ အသက် ၃၀ အရွယ်မျှသာ ရှိသေးသဖြင့် တစ်တိုင်းပြည်လုံး ဝမ်းနည်းကြေကွဲကြသည်။ ဦးထွန်းရှိန်၏ ဈာပန အခမ်းအနားကို ၁၂၈၂ ခု နယုန်လဆုတ် ၅ ရက် (၅-၆-၁၉၂၀) တွင် ကျင်းပရာ တက်ရောက်သော လူထုပရိသတ်မှာ မကြုံစဖူး အထူး များပြားလှသည်။ ဤတွင် ဦးအုန်းမောင်သည် ဤ ဈာပန အခမ်းအနားကို သတင်းကားအဖြစ် ကြားဖြတ် ရိုက်ကူးလေသည်။ ဦးမောင်မောင်က ကင်မရာ ထမ်းလျက်၊ ဦးအုန်းမောင်က ကိုယ်တိုင်ရိုက်ကူးသည်။ သူတို့ ဖန်တီးထားသော ကင်မရာမှာ တစ်ကြိမ်လျှင် ပေတစ်ရာသာ ရိုက်နိုင်သဖြင့် ဦးအုန်းမောင်သည် အကြိမ်ပေါင်း ၂၀ ဖလင်ထည့်ကာ ပေ ၂,၀၀၀ ရိုက်ကူးခဲ့လေသည်။

ဤသတင်းကားကို အစမ်းပြသကြည့်ရာ အောင်မြင်သဖြင့် စီနီမာဒီပဲရစ်ရုံ





ပိုင်ရှင် ကုလားသူဌေး မစ္စတာ အချားက တစ်ပေလျှင် တစ်ကျပ်နှုန်းဖြင့် ဦးအုန်းမောင် ထံမှ ငွေ ၂၀၀၀ ပေး၍ ဝယ်ယူလိုက်သည်။ ထိုနောက် ထိုသတင်းကားကို ထိုနှစ် (၁၉၂၀) မှာပင် ယခု ဗိုလ်ချုပ်ဈေးနေရာ၌ ရှိခဲ့ဖူးသော စီနီမာဒီပဲရစ်ရုံ၌ အင်္ဂလိပ်ဇာတ်ကား တစ်ကားနှင့်အတူ ပူးတွဲပြသသည်။ သတင်းကားပင် ဖြစ်လင့်ကစား ပထမဦးဆုံးသော မြန်မာရုပ်ရှင်ကား ဖြစ်သဖြင့် မြန်မာပရိသတ်တို့ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။ အထူး သြဘာပေး ချီးကျူးကြသည်။

ဦးအုန်းမောင်အဖို့ ပထမအဆင့် အောင်မြင်လေပြီ။ သို့ရာတွင် အဓိကဖြစ်သည့် ဇာတ်လမ်းပါ ရုပ်ရှင်ကားကို ရိုက်ကူး တင်ဆက်နိုင်မှ မြန်မာရုပ်ရှင်ပေါ်ထွန်းပြီဟု ဆိုနိုင်မည်။ သို့ဖြင့် ဦးအုန်းမောင်သည် ရိုက်လက်စ ဖြစ်သော "မေတ္တာနှင့်သူရာ" ဇာတ်ကားကို ဆက်လက်ကြိုးပမ်း ရိုက်ကူးသည်။ ရိုက်ကူးရာ၌ အပြင်ခန်းရော အတွင်းခန်းပါ ရိုက်ကူးသည်။ အတွင်းခန်းအတွက် ရွှေတိဂုံစေတီအရှေ့ဘက်ရှိ ဦးဘိုးလုတ် ခြံအတွင်း၌ ဝါးတိုင်ထူ၊ ပိတ်မိုး၍ ရိုက်ကူးသည်။ ဇာတ်ကား ပေအရှည် ၉,၀၀၀ ရှိသည်။ ၁၉၁၈ ခုနှစ်မှ စတင်ရိုက်ကူးရာ ၁၉၂၀ ပြည့်နှစ်တွင် ပြီးဆုံးသည်။ (အချို့က ၁၉၁၉ ခုတွင် စတင်ရိုက်ကူးသည် ဆိုသည်။) ကျောင်းသား ကိုညီပု ကျောင်းအားသော စနေ၊ တနင်္ဂနွေနေ့များတွင်သာ ရိုက်ကူးရသောကြောင့် လည်းကောင်း၊ ပစ္စည်းကိရိယာ အခက်အခဲကြောင့် လည်းကောင်း နှောင့်နှေးခဲ့ပေသည်။

ဤဇာတ်ကား ရိုက်ကူးသည်နှင့် ပတ်သက်၍ ဦးအုန်းမောင်က 'မြန်မာပြည်မှာ ပထမဆုံးဖြစ်တဲ့ "မေတ္တာနဲ့သူရာ" ဇာတ်ကားကို တစ်နေ့ အင်းလျားကန်စောင်း သွားရိုက်ကြတာမှာ ရိုက်တဲ့ အခန်းကတော့ လူဆိုး တုတ်ကြီးက ဇာတ်လိုက်မင်းသမီးကို မော်တော်ကားနဲ့ ခိုးပြေးလို့ လိုက်ကြတော့ မိရော ဆိုပါတော့။ အဲဒီလို မိတော့ မော်တော်ကားပေါ်က လမ်းဘေး ကန်စောင်းထဲ ထွေးလုံးပြီး လိမ့်ကျကြပါရော။ တယ်ကြည့်လို့ ကောင်းနေသပေါ့ဗျာ။ ကျွမ်းထိုးမှောက်ခုန်ကျလို့ ရေထဲလည်း ရောက်ခါနီးရော "ဟိုး ဟိုး၊ နေကြဦး၊ နေကြဦး" လို့ အော်သံကြားလို့ လှည့်ကြည့်ကြတော့ ဦးညီပုက သူ ရိုက်နေတဲ့ ကင်မရာက မှန်ဘီလူး ရှေ့စိုက် အရိုက်မှာ အပြင် ထွက်ကျသွားပြီ၊ ပြန်လုပ်ကြဦး ဆိုတော့ အကျိုးကို နည်းသွားတော့တာပဲ။ ကွဲသူလည်း ကွဲ၊ ပြဲသူလည်း ပြဲနေကြပြီ။ ကျွန်တော် ရိုက်နေတဲ့ ကင်မရာကလည်း မော်တော်ကားပေါ်မှာ တုတ်ကြီးတို့ ထိုးသတ်နေတုန်း ကတည်းက ဖလင် ကုန်သွားလို့ ရပ်လိုက်ရ၊ သူ့ကင်မရာကလည်း မှန်ဘီလူး ထွက်ကျနဲ့ အခက်ကြုံတော့တာပေါ့။ ဖလင်ကလည်း ကင်မရာတစ်လုံးမှာ ပေတစ်ရာသာ ဝင်တာကိုး။ ဒါနဲ့ ဒီကနေ့အဖို့ အချိန်ကုန် လူပန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းရပ်ပြီး ပြန်ခဲ့ကြရတာပေါ့။ အဲဒီလို အခက်အခဲမျိုးတွေနဲ့ ၂ နှစ်ကျော်ကျော် ရိုက်တော့မှပဲ အဲဒီ "မေတ္တာနဲ့သူရာ" ဓာတ်ထုပ်ကလေး ပြီးခဲ့ပါတယ်' ဟူ၍ ဖွင့်ဟ ပြောဆိုခဲ့လေသည်။

ရိုက်ကူးချိန် ကြာညောင်းလွန်း၍လား မသိ။ ဓာတ်ကား ဓာတ်သိမ်းခါနီးတွင် မင်းသမီး မရီ ယောက်ျားနောက် လိုက်ပြေးရာ လိုက်လံ ရှာဖွေနေရသောကြောင့် အချိန်အနည်းငယ် ပိုမို ကြန့်ကြာ သွားသေးသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ၊ "မေတ္တာနှင့် သူရာ" ဓာတ်ကားကို ၁၉၂၁ ခုတွင် အောင်မြင်စွာ ရုံတင် ပြသနိုင်ခဲ့သည်။ ပရိသတ်များက ကြည့်ရှုပြီးလျှင် ချီးကျူး အားပေးကြသည်မှာ တစ်နိုင်ငံလုံး ပဲ့တင်ထပ်သွားပေသည်။

"မေတ္တာနှင့် သူရာ" နှင့် ပတ်သက်၍ ယင်းဓာတ်ကား ရုံတင်ပြသသည်ကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုခဲ့ရသူ ကာတွန်းဦးဘဂျမ်းက ဆောင်းပါး တစ်စောင်တွင် ဤသို့ မှတ်တမ်းတင် ရေးသားဖော်ပြ ထားလေသည်။

" 'မေတ္တာနှင့်သူရာ ဓာတ်ကားကြီး ပြပါပြီ' ဟု ကြော်ငြာတွေ ဝေနေသောနေ့တွင် ရန်ကုန် ရုပ်ရှင်ပရိသတ်မှာ ထိုနေ့အဖို့ အထူးတလည် ပြင်ဆင်ကြတော့၏။ ယခု စကော့ဈေး(ဗိုလ်ချုပ်ဈေး)ရှိသော နေရာတွင် အနောက်ဘက်၌ အယ်လီဖင်စတုံးရုံ၊ အလယ်တွင် ဖာရစီပွဲများ ကပြသော အင်ပါယာ သီယေးတားရုံ၊ အရှေ့ဘက်တွင် ရွှိုင်ရယ် စိနိမာဒီပဲရစ်ရုံ ဟူသော ရုံသုံးရုံ စီတန်းလျက် ရှိ၏။ ထိုသုံးရုံအနက် အရှေ့ဘက်ဆုံး ရွှိုင်ရယ်စိနိမာဒီပဲရစ် ရုံမှာ အတွင်းကျ၍ ရှေ့တွင် ပန်းခြံနှင့် ဘေးတစ်ဖက်တစ်ချက်တွင် စမူဆာ၊ ပလာတာ၊ အဖျော်ရည်၊ လက်ဖက်ရည် ဆိုင်တန်းများ တခမ်းတနား သပ်ရပ်စွာ ရှိ၏။ ပထမ မြန်မာဓာတ်ကားကို ပြသသော ရုံမှာ ဤရုံပင် ဖြစ်လေသည်။

ပရိသတ်ကြီးမှာ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိ၏။ လက်မှတ် ရုံကလေးမှာလည်း လူတိုးအားကြီးသဖြင့် ယိမ်းယိုင်လဲပြိုမတတ် ဖြစ်၍ နေလေရာ၊ ရုံစောင့်များမှာ များစွာ တောင်းပန်ကာ လက်မှတ်များကို ဖြည်းဖြည်းသက်သာ ဝယ်ကြည့်ရန် ဖျောင်းဖျ ပြောဆိုနေကြရတော့၏။ ခြေကျင်တစ်မျိုး၊ လန်ချားတစ်ဖုံ၊ မြင်းရထားနှင့် တစ်ပြုံတစ်ခေါင်း။ လက်မှတ်ရောင်းသလောက် နေရာမရှိ။ မတ်တတ်ရပ်၍ ကြည့်ရသောသူများမှာ ဖွဲကောင်းကောင်းနှင့်ပင် ရပ်ကြည့်ကြရလေ၏။

ရုပ်ရှင်ပြချိန် နီးလေပြီ။ ပဏ္ဏာမ တီးဝိုင်းမှ သီချင်းစ၍ တီး၏။ ယခု တီးဝိုင်းမျိုး မဟုတ်။ ဘင်ဂျိုပင် မပေါ်သေး။ စန္ဒရား တစ်လုံး၊





မယ်ဒလင် တစ်လက်၊ တယော တစ်လက်နှင့် အဆိုတော်များသာ ပါဝင်၏။ ယခုခေတ် တီးဝိုင်းများလို ဆူဆူညံညံ မဟုတ်။ များစွာ သာယာ၍ ကြည့်သူများအဖို့ များစွာ ချိုအေးလှပေသည်။ ပရိသတ်များမှာလည်း တစ်မတ်တန်း အာဘောင်နီများမှ လွဲ၍ တခမ်းတနား အလှူအတန်း မင်္ဂလာပွဲများတွင် ပွဲထိုင်သကဲ့သို့ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်ဆင်ကာ ဂိုက်အမျိုးမျိုး ထုတ်လျက်ရှိ၏။ ဓာတ်ကားကို စ၍ ပြလေပြီ။ ထွက်လျှင်ထွက်ချင်းပင် ကားပေါ်တွင် ခပ်တုန်တုန် ခပ်မှုန်မှုန် သင်လာသော စာတန်းကား "ပထမ မြန်မာဓာတ်ကား ဖြစ်သဖြင့် တုန်ငြင်း မှုန်ခြင်းကို သည်းခံပါ" ဟူသော တောင်းပန်စာပင် ဖြစ်လေ၏၊ စာကိုဖတ်၍ ဆုံးသောအခါ၌ မည်မျှအထိ သည်းခံရမည်ကို တွေးတောကာ စိတ်ပျက်မည်ကို ဝေးစွ။ ဤစာတန်းကို သဲသဲကွဲကွဲ ဆုံးအောင် ဖတ်လိုက်ရသည်ကိုပင် ဝမ်းသာသလိုလို ရှိမိပေ၏။

မျက်နှာကို ခြယ်လှယ်မှု၊ ဓာတ်ပုံ အလင်းအမှောင်ယူမှု ဟူ၍ မရှိလှသေး။ ကားထဲတွင် ပါဝင်သူ အားလုံးလိုလိုပင် မည်းမည်းသဲသဲ ရှိလှ၏။ သို့သော် မြန်မာရုပ်ပုံများကို မြင်ရသည်မှာ ဤအကြိမ်သည် ပထမအကြိမ် ဖြစ်လေရာ အတော်ပင် ဂရုစိုက်၍ ကြည့်ကြရ၏။ တောင်းပန်စာနှင့် လိုက်လျောညီစွာ အရုပ်များမှာ တုန်လှ မှုန်လှပါပေ၏။ သို့သော် မြန်မာဓာတ်ကား ဖြစ်သဖြင့် ကြည့်ရသည်မှာ အလွန် အရသာ ရှိလှပါပေ၏။"

"မေတ္တာနှင့် သူရာ" ကို ပရိသတ်က အထူး လက်ခံအားပေးသော်လည်း ဦးအုန်းမောင် အဖို့မှု ငွေကြေးအနေဖြင့် အမြတ်အစွန်း မရရှာပေ။ အရှုံးပင် ပေါ်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် အောင်မြင်စွာ ရိုက်ကူးနိုင်သော်လည်း ရုံတင်ပြသနိုင်ရန် နိုင်ငံခြား အရင်းရှင်များလက်သို့ အပ်နှံ ရောင်းချလိုက်ရသော ကြောင့် ဖြစ်ပေသည်။ ဤဓာတ်ကား ရိုက်ကူးရာတွင် ကုန်ကျစရိတ်မှာ (ပါဝင် သရုပ်ဆောင်သူများအတွက် အခကြေးငွေ မပါ) စုစုပေါင်း ငွေ ၆,၀၀၀ ခန့်ဖြစ်၏။ နိုင်ငံခြား အရင်းရှင်များကို ရောင်းရာ၌ကား ငွေ ၅,၀၀၀ သာ ရလေသည်။

မည်သို့ပင်ဖြစ်စေ၊ ဦးအုန်းမောင်၏ ကြိုးပမ်းချက်သည် များစွာ ထိရောက်လှပေသည်။ "မေတ္တာနှင့် သူရာ" ဓာတ်ကား တုန်မှုန်သော်လည်း နောက် ဓာတ်ကားများမှာ တစ်ကားထက် တစ်ကား ကြည်လင်ပြတ်သားမှု ရှိလာသည်။ အစစ အရာရာ တိုးတက်လာသည်။ မြန်မာရုပ်ရှင်ကားများ တစ်ကားပြီး တစ်ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာသည်။ ရုပ်ရှင်ကုမ္ပဏီများလည်း တစ်ခုပြီး တစ်ခု ပေါ်ထွက်လာသည်။

ဦးအုန်းမောင်သည် "မေတ္တာနှင့် သူရာ" အပြီးတွင် "ကျေးတောသူမနု" ဇာတ်ကားကို ရိုက်ကူးသည်။ ဤဇာတ်ကားသည် နာမည်ကျော် ရုပ်ရှင်မင်းသမီးကြီး ခင်ခင်နု၏ ပွဲဦးထွက်ဇာတ်ကား ဖြစ်သည်။ ထိုနောက် ဦးအုန်းမောင်သည် ရွှေပေးလို့ မရ၊ တိမ်တစ်လုံး၊ စိတ်အာရုံ၊ ခင်ခင့်မှားတော်ပုံ၊ တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှပေါ် ဇာတ်ကားများကို ဆက်လက်ရိုက်ကူးသည်။ "ခင်ခင့်မှားတော်ပုံ" သည် ဦးအုန်းမောင် ရုပ်ရှင်ပညာစွမ်း ပြသော ဇာတ်ကားဖြစ်သည်။ ကင်မရာတွင် ကိရိယာ မစုံလင်ဘဲနှင့် လူတစ်ကိုယ်ကို နှစ်ကိုယ်ခွဲခန်းများ ရိုက်ကူးပြသသော ဇာတ်ကား ဖြစ်သည်။ "တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှ ပေါ်"သည် နာမည်ကျော် ရုပ်ရှင်မင်းသားကြီး ကိုဘတင့်၏ ပွဲဦးထွက် ဇာတ်ကား ဖြစ်လေသည်။

ဦးအုန်းမောင် ဦးစီးသော ဘားမားဖလင်ကုမ္ပဏီသည် ဇာတ်ကားများ တစ်ကားပြီး တစ်ကား ရိုက်ကူးနေရာမှ ငွေကြေး အခက်အခဲ တွေ့လာသည်။ အစုရှယ်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပြဿနာများ ပေါ်လာသည်။ ဤတွင် အနုပညာသမား ဦးအုန်းမောင်သည် စိတ်ရှုပ်မခံလိုသဖြင့် ဘားမားဖလင်ကုမ္ပဏီမှ

---

မြန်မာ့ရုပ်ရှင် ဖခင်ကြီး လန်ဒန်အတ် ဦးအုန်းမောင်။





နုတ်ထွက်လိုက်သည်။ ဘားမားဖလင် ကုမ္ပဏီသည် "နယူး ဘားမားဖလင် ကုမ္ပဏီ" အသွင် ပြောင်းလဲ လုပ်ကိုင်သည်။ ထိုနောက် ၁၉၂၃ ခုတွင် "မြန်မာ အဆွေ ကုမ္ပဏီ" သို့ လွှဲပြောင်းပေးလိုက်သည်။

ဘားမားဖလင် ကုမ္ပဏီမှ နုတ်ထွက်ခဲ့သော ဦးအုန်းမောင်သည် ဘာမျှ မလုပ်ဘဲ ၈ လခန့် အနားယူ နေလိုက်သေးသည်။ ထိုနောက်မှ မိမိ တစ်ဦးတည်းပိုင် "လန်ဒန်အတ် ကုမ္ပဏီ" ကို တည်ထောင်သည်။ ဒါရိုက်တာ ဦးတုတ်ကြီးနှင့် တွဲဖက်လျက် ပွဲဦးထွက်အနေဖြင့် "ရတနာပုံ" ဇာတ်ကားကို ရိုက်ကူးသည်။ ဤဇာတ်ကားသည် မြန်မာရုပ်ရှင်သမိုင်းတွင် ပေအရှည်ဆုံး ဇာတ်ကား ဖြစ်သည်။ ကိုဘတင့်၊ ခင်ခင်နု၊ မိမိခင်တို့ ဦးဆောင်ပါဝင်သည်။ ဤဇာတ်ကား ပေါ်ထွက်လာသောအခါ မြန်မာရုပ်ရှင် အဆင့်အတန်းသည် သိသာသာသာကြီး တိုးတက်သွားသည်။ ရှေးက မြန်မာရုပ်ရှင်ကားများကို ကြည့်ကြသည်မှာ အနုပညာ အရသာကို ခံလို၍ မဟုတ်။ အထူးအဆန်း အဖြစ် ကြည့်ခြင်းသာ ဖြစ်သည်။ "ရတနာပုံ" ဇာတ်ကားမှာ လူ့သဘော၊ လောကသဘောကို ဖော်ကျူးလျက် အနုပညာမြောက်အောင် ရိုက်ကူးထားသည် ဖြစ်ရာ ပရိသတ်များလည်း ရုပ်ရှင်မျက်စိ ကျယ်လာခဲ့ပေသည်။

ထိုနောက် ဦးအုန်းမောင်သည် ဒါရိုက်တာ ဦးတုတ်ကြီး၊ မင်းသား ကိုဘတင့်၊ မင်းသမီး ခင်ခင်နုတို့၏ အကူအညီဖြင့် ဇာတ်ကားကောင်း မြောက်မြားစွာကို ဆက်လက်ရိုက်ကူးခဲ့သည်။ အထူး အောင်မြင်ခဲ့သည်။ အောင်မြင်သည်နှင့် အမျှ စီးပွားကလည်း တစ်နေ့တခြား တိုးတက်လာသည်။ မကြာမီပင် ရုပ်ရှင်သူဌေး "လန်ဒန်အတ် ဦးအုန်းမောင်" ဘဝသို့ ရောက်လာခဲ့ပေသည်။

ယင်းသို့ စီးပွားဖြစ်ထွန်းသော်လည်း ဦးအုန်းမောင်သည် ငွေကြေး ဥစ္စာတို့ကို စုဆောင်းထားရန် ဝါသနာ မပါခဲ့။ ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်၍ ထူးသမျှ၊ ဆန်းသမျှ ပစ္စည်းများ၊ ကိရိယာများကို နိုင်ငံခြားမှ အဖိုးကြီး ပေး၍ မှာယူအသုံးပြုလေသည်။ ဥပမာ အခမ်းအနားအတွက် မြက်ခင်း အတု၊ အုတ်နံရံအတု၊ ကုလားထိုင် အတုများကို အမေရိကန်မှ မှာယူ အသုံးပြုခဲ့သည်။ နိုင်ငံခြားမှ ထုတ်ဝေသမျှ ရုပ်ရှင်စာစောင်၊ စာတမ်း၊ စာအုပ်များကိုလည်း မှာယူကြည့်သည်။ မိမိအတွက်လည်း ကောင်းပေ့ဆိုသည့် စီးကရက်၊ ကောင်းပေ့ဆိုသည့် ရှူးဖိနပ် စသည်များကို နိုင်ငံခြားမှ မှာယူ အသုံးပြုသည်။ မော်တော်ကား အသစ်ပေါ်တိုင်းလည်း လဲလှယ် စီးခဲ့သည်။ ယင်းသို့ ငွေ အသုံးအဖြုန်း များသဖြင့် ဦးအုန်းမောင်၏ စီးပွားရေး အခြေအနေမှာ ကျဆင်းစ ပြုလာသည်။ ထိုအတွင်း တစ်ကမ္ဘာလုံး စီးပွားရေး ကျပ်တည်းသော ဆိုးကြီးသည် မြန်မာနိုင်ငံသို့ ဝင်လာရာ လန်ဒန်



www.burmeseclassic.com

www.burmeseclassic.com



အတ် ကုမ္ပဏီကို အထူး ထိခိုက်လာသည်။ ဦးအုန်းမောင်မှာ ကြွေးမြီများပင် တင်စ ပြုလာသည်။ ထိုအချိန်တွင် ဦးအုန်းမောင်၏ ဇနီးသည် ဒေါ်အုန်းညွန့်လည်း ကွယ်လွန်သွားရှာသည်။ အစစအရာရာ စိတ်ရှုပ်စရာ၊ စိတ်မချမ်းသာစရာများကို ဦးအုန်းမောင် ရင်ဆိုင်ရလေသည်။ နောက်ဆုံး စိတ်အေးချမ်းသာယာမှု ရစေခြင်းငှာ ဦးအုန်းမောင်သည် ပစ္စည်းတန်ဖိုး ၄ သိန်းတန်ရှိသော မိမိကုမ္ပဏီကို အဆမတန် ဈေးလျှော့ချ ဖျက်သိမ်းကာ ကြွေးရှင်လက်သို့ အပ်လိုက်လေသည်။

စစ်ပြီးခေတ်တွင် ဦးအုန်းမောင်သည် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သော်လည်း အားမလျှော့သေး။ ဓာတ်ပုံလုပ်ငန်းဖြင့် အခြေစိုက်ကာ ရုပ်ရှင်လုပ်ငန်းကို ပြန်လည် ထူထောင်ပြန်သည်။ အချစ်ဦး၊ ဝသုန်ဤမြေ၊ ရဲခေါင်မဲခေါင် စသည့် ရုပ်ရှင်ဓာတ်ကားပေါင်း ၁၅ ကားခန့် ရိုက်ကူး ထုတ်လုပ်ခဲ့လေသည်။ အသက်အရွယ် ကြီးလာသဖြင့် ဖိဖိစီးစီး မလုပ်နိုင်သောကြောင့် ထင်သည်။ မရှုံးနိမ့်သော်လည်း ယခင်က ကဲ့သို့ကား အောင်မြင်ခြင်း မရှိပေ။

ကွယ်လွန်ခါနီးတွင်မူ ဦးအုန်းမောင်သည် ရုပ်ရှင်လုပ်ငန်းကို ကိုယ်တိုင် မလုပ်တော့။ အကူအညီ တောင်းလာသော နောင်လာနောက်သား ရုပ်ရှင် ပညာရှင်များကို တတ်စွမ်းသမျှ အကူအညီပေးရင်း အေးအေးလူလူ နေခဲ့ပေသည်။

ဦးအုန်းမောင်သည် ၁၉၆၄ ခု ဩဂုတ်လ ၁၅ ရက်နေ့၊ အသက် ၇၃ နှစ် အရွယ်တွင် ကွယ်လွန်သည်။ သား ၃ ယောက်၊ သမီး ၅ ယောက် ကျန်ခဲ့သည်။ ဦးအုန်းမောင်၏ မိဘများမှာ ရန်ကုန်မြို့ ပုဇွန်တောင် ညောင်တန်းဘက်မှ ကုန်သည် ဦးဖိုးထီနှင့် ဒေါ်အေးမြတို့ ဖြစ်သည် ဆို၏။

ဦးအုန်းမောင်သည် ရုပ်ရှင်သူဌေး ဖြစ်ခဲ့သော်လည်း စီးပွားရေးသမား မဟုတ်။ အနုပညာရှင် ဖြစ်သည်။ ထိုကြောင့်လည်း ဦးအုန်းမောင်က 'အမှန် ပြောရရင် ဒီရုပ်ရှင်နဲ့ ကျွန်တော်တို့ စီးပွားရှာ၊ ချမ်းသာချင်လို့ ကြံစည် ကြိုးစားသာတာ မဟုတ်ပါဘူး။ မြန်မာ့အစွမ်းပြချင်လို့ စိတ်တင်းပြီး မဖြစ် ဖြစ်အောင် ဇွဲကောင်းကောင်းနဲ့ ကြိုးစားခဲ့တာပါပဲ' ဟူ၍ မကွယ်လွန်မီက ဖွင့်ဟ ပြောဆိုခဲ့လေသည်။

ဦးအုန်းမောင်သည် နောင်လာနောက်သား ရုပ်ရှင်ပညာရှင်များအား ရုပ်ရှင်ပညာ အတွေ့အကြုံများကို ပြောပြတတ်သည်။ ယင်းသို့ ပြောပြရာမှ အောက်ပါ စကားကိုလည်း ထည့်သွင်း ပြောပြတတ်လေသည်။

"နိမ့်တုန်း မကြောက်ရဘူး၊
မြင့်တော့ ကြောက်ရတယ်"

ဦးဘကလေး (ရွှေတလေး)

( ပထမ ကာတွန်းဆရာ )



ရွှေတလေး၊ ရှေ့ရိုး နှစ်မည်ရ ဦးဘကလေး

www.burmeseclassic.com

www.burmeseclassic.com

အနောက်နိုင်ငံတွင် ၁၈၆၀ ပြည့်နှစ်မှ စ၍ ကာတွန်း ရုပ်ပြောင်များ ပေါ်ထွန်းသည်ဟု အဆိုရှိသည်။ မြန်မာနိုင်ငံတွင်မူ အနောက်နိုင်ငံ၌ ကာတွန်းပေါ်ထွန်းပြီး ၅၅ နှစ်အကြာ ၁၉၁၅ ခုတွင်မှ စတင် ပေါ်ထွန်းသည်။ ယင်းသို့ ပေါ်ထွန်းသည်မှာလည်း ဦးဘကလေး ခေါ် ရွှေတလေးက စတင် ရေးဆွဲလိုက်၍ ဖြစ်ပေသည်။

ဦးဘကလေးသည် ၁၉၁၅ ခုနှစ်ထုတ် ရန်ကုန် ကောလိပ်မဂ္ဂဇင်း၌ အင်္ဂလိပ်ဘာသာဖြင့် ကာတွန်းတစ်ခု ရေးဆွဲသည်။ မြို့အုပ် လုပ်ဖို့လောက်သာ ရည်ရွယ်၍ မြို့အုပ်ရူး ရူးနေသော ထိုခေတ် ကောလိပ်ကျောင်းသား အချို့ကို သရော်သော ကာတွန်း ဖြစ်သည်။ ထိုကာတွန်းသည် ပထမ မြန်မာ ကာတွန်းဆရာ ရေးဆွဲသော ပထမကာတွန်း ဖြစ်ပေသည်။

ထိုကာတွန်းကို ရန်ကုန်တိုင်း အင်္ဂလိပ်သတင်းစာ အယ်ဒီတာ မစ္စတာနော်လင်က များစွာ နှစ်သက် သဘောကျသွားသည်။ ထို့ကြောင့် ထိုနှစ် (၁၉၁၅ ခု) ရန်ကုန်တိုင်း သတင်းစာ ခရစ္စမတ် အထူးထုတ် စာစောင်အတွက် ဦးဘကလေးကို နောက်ထပ် ကာတွန်းတစ်ခု ရေးဆွဲစေသည်။ ဦးဘကလေးက ရေးဆွဲပေးရာ မစ္စတာနော်လင်က ဝမ်းမြောက်ဝမ်းသာ ထည့်သွင်း ဖော်ပြခဲ့သည်။ ထို အထူးထုတ်စာစောင်ကို မြန်မာနိုင်ငံ၌သာမက နိုင်ငံခြား တိုင်းပြည်များသို့လည်း တင်ပို့ ဖြန့်ချိသည်။ ဤတွင် မြန်မာ ကာတွန်းဆရာ၏ လက်ရာသည် မွေးဖွားစဉ်ပင် နိုင်ငံခြား တိုင်းပြည်များ အထိ ရောက်ရှိ ပျံ့နှံ့သွားပေသည်။

ဤကား အင်္ဂလိပ်ဘာသာဖြင့် ဦးဘကလေး ရေးဆွဲသည့် အစောဆုံး ကာတွန်းများ ဖြစ်ပေသည်။

မြန်မာဘာသာဖြင့် ဦးဘကလေး ရေးသည့် ပထမဆုံးသော ကာတွန်းမှာမူ ၁၉၁၇ ခု မတ်လထုတ် သူရိယ မဂ္ဂဇင်း၌ ပါရှိသည်။ ထိုကာတွန်းသည် ခေတ်ဆန်လွန်းသော ခေတ်အပျိုကလေးများကို သရော်သော ကာတွန်း ဖြစ်သည်။ ရှေးရိုး အဒေါ် အပျိုကြီးက ခေတ်အပျို တူမအား 'ညည်းတို့ခေတ်ဟာ မျက်ခုံးမွေး ဆွဲချင်ရတာနဲ့။ အင်္ကျီပါး ဝတ်ချင်ရတာနဲ့။ ဝတ္ထုဖတ်ချင်ရတာနဲ့။





မြင်းပွဲ သွားချင်ရတာနဲ့။ ရည်းစား ထားချင်ရတာနဲ့။ ရည်းစား ပျက်ရတာနဲ့။ တကတဲတော်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတာ ညည်းတို့ခေတ်ကျမှ မှန်နေတာပဲ' ဟု ပြောဆိုပုံ ကာတွန်းဖြစ်သည်။ ထိုကာတွန်းကို မြန်မာစာဖတ် ပရိသတ်က နှစ်သက် သဘောကျရာ၊ ဦးဘကလေး၏ အမည်သည် မြန်မာ စာနယ်ဇင်းလောက၌ တစ်မုဟုတ်ချင်း ကျော်ကြားသွားလေသည်။

ဤ ပထမကာတွန်းဆရာ ဦးဘကလေးသည် ပုသိမ်ဇာတိ ဖြစ်သည်။ ၁၂၅၄ ခုတွင် ဖွားမြင်သည်။ ဖခင်မှာ ပုသိမ်မြို့ အစိုးရ ဟိုက်စကူးကျောင်းမှ ကျောင်းဆရာကြီး ဦးသင်း၊ မိခင်မှာ ဒေါ်သဲမှုန် ဖြစ်သည်။ ဦးဘကလေးသည် ငယ်စဉ်ကပင် ပန်းချီပညာကို ဝါသနာပါသဖြင့် ကျောင်းသားဘဝမှ စ၍ ပန်းချီ ရေးဆွဲသည်။ ထိုစဉ်က ရန်ကုန်မြို့ မြန်မာလက်မှုပညာ ပြပွဲက ဦးစီးကျင်းပသော ကျောင်းသား ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ ရခဲ့သည်။ ဘုရင်ခံ၏ ဆုတံဆိပ် ချီးမြှင့်ခြင်း ခံရသည်။

ဦးဘကလေးသည် ပန်းချီ အနုပညာဘက်တွင်သာ မက ကျောင်းပညာဘက်တွင်လည်း ထူးချွန်သည်။ အသက် ၁၆ နှစ် အရွယ်မှာပင် ၁၀ တန်း စာမေးပွဲကို အင်္ဂလိပ်စာနှင့် သင်္ချာဘာသာတို့တွင် ဂုဏ်ထူးရကာ အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်ကောလိပ်သို့ တက်ရောက် ပညာဆည်းပူးသည်။ ယင်းသို့ ပညာဆည်းပူးစဉ် ကောလိပ် မဂ္ဂဇင်းများ၌ ဝါသနာအလျောက် ပန်းချီများ ရေးဆွဲသည်။ ဘီအေအတန်း အရောက်တွင် ပန်းချီ ရေးဆွဲရုံဖြင့် အားမရဘဲ ကာတွန်းကို စတင် ကြံစည် ရေးဆွဲလိုက်သည်။ ယင်းကို ၁၉၁၅ ခုနှစ်ထုတ် ကောလိပ်မဂ္ဂဇင်းတွင် ထည့်သွင်းခဲ့ရာမှ ပထမ မြန်မာ ကာတွန်းဆရာ ဘဝကို ရောက်ခဲ့ခြင်း ဖြစ်ပေသည်။

ဦးဘကလေးသည် ပညာထူးချွန်သော်လည်း ဘီအေ အောင်သည်အထိ ပညာဆည်းပူးခွင့် မရပေ။ ၁၉၁၆ ခုတွင် ဖခင်ဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားသဖြင့် ကောလိပ်ကျောင်းမှ နုတ်ထွက်လိုက်ရလေသည်။ ထို့နောက် မိမိ ပညာဆည်းပူးခဲ့သော ပုသိမ် အစိုးရ ဟိုက်စကူးကျောင်း၌ ကျောင်းဆရာ ဝင်လုပ်သည်။ သို့ရာတွင် ကြာရှည် မလုပ်ဖြစ်။ ထိုခေတ်က ပညာရေးလောကတွင် မျက်နှာဖြူ ပညာရေးအရာရှိများ ကြီးစိုးနေရာ၊ မျက်နှာဖြူ ပညာဝန် ထံပါး၌ ခယကျိုးနွံရသည်ကို မနှစ်မြို့သဖြင့် အလုပ်မှ နုတ်ထွက်လိုက်လေသည်။ ထို့နောက် ရန်ကုန်သို့ တက်လာကာ မြန်မာအဆွေ ကုမ္ပဏီတွင် ကြော်ငြာဘက်ဆိုင်ရာ မန်နေဂျာအဖြစ် ဝင်ရောက် လုပ်ကိုင်သည်။ တစ်ဖက်ကလည်း ကာတွန်းများ ရေးဆွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ရေးဆွဲရာ၌ ရေးဖော် အဖော် မရှိ။ နှစ် အတန်ကြာအောင်ပင် တစ်ဦးတည်းသော ကာတွန်းဆရာအဖြစ် မားမားမတ်မတ် ရပ်တည်ကာ ကာတွန်းပေါင်း များစွာကို ရေးဆွဲခဲ့လေသည်။ နောင်သော အခါတွင်မှ အဖော် ကာတွန်းဆရာများ ပေါ်လာသည်။ ၁၉၂၉–၃၀ ခု ပတ်ဝန်းကျင်တွင် ဦးဘကလေးနှင့်အတူ ကာတွန်း ရေးဆွဲလာသော ကာတွန်းဆရာများမှာ ဦးဟိန်းစွန်း၊ ဦးဘသော် (ဘီအေ)၊ စာရေးဆရာ ဇဝန၊ ဦးသက်ဝင်း၊ ဦးဘဂျမ်း၊ ဒေါက်တာကြီးမြင့် စသူတို့ ဖြစ်ပေသည်။

ကာတွန်းရေးဆွဲစဉ်၌ ဦးဘကလေးသည် ရေးဆွဲခ ငွေကြေးရဟန် မတူ။ နောင်အခါတွင်မှ ရလာသည်။ ထိုအကြောင်းကို ဦးဘကလေးက "ပထမ ရေးသော ကာတွန်းများမှာ တစ္စတ်တာမှ မရပါ။ အချို့ သတင်းစာများက 'တို့ မြှောက်လို့ မင်း မြောက်တာပါ'တဲ့၊ သာဓုဗျာ။ ဘာပြု၍ ဘလောက်ဖိုး ငွေကုန်ခံ၍ ထည့်သည် မပြောဟတ်ပါ" ဟူ၍ ၁၇–၂–၃၉ နေ့ထုတ် ကြီးပွားရေးမဂ္ဂဇင်း၌ ဆောင်းပါး ရေးသား ဖော်ပြခဲ့ဖူးလေသည်။

ထိုစဉ်က ဦးဘကလေး၏ ကာတွန်းများကို သူရိယ၊ ပညာ့အလင်း၊ လန်ဒန်အတ်၊ ဗန္ဓုလ၊ ဒိုးဒုတ် စသော မဂ္ဂဇင်း ဂျာနယ်များက လည်းကောင်း၊ သူရိယ၊ မြန်မာ့အလင်း စသော သတင်းစာများက လည်းကောင်း ထည့်သွင်း ဖော်ပြကြသည်။ ထို့ပြင် ရန်ကုန်တိုင်း၊ ရန်ကုန် ဂေဇက် စသည့် အင်္ဂလိပ် သတင်းစာများကလည်း ထည့်သွင်း ဖော်ပြကြလေသည်။ ဦးဘကလေးသည် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ ကျွမ်းကျင်သဖြင့် ကာတွန်းများကို အင်္ဂလိပ် ဘာသာဖြင့်လည်း ရေးဆွဲသည်။ မြန်မာဘာသာဖြင့်လည်း ရေးဆွဲသည်။ ရေးဆွဲရာ၌ ဘကြီးမေတ္တာတုံး၊ ရွှေတလေး၊ ဘကလေး စသော အမည်အမျိုးမျိုးဖြင့် ရေးဆွဲသည်။ "ရွှေတလေး" အမည်ဖြင့်မူ အများဆုံး ရေးဆွဲသည်။

ဦးဘကလေး၏ ကာတွန်းများကို လေ့လာလျှင် နိုင်ငံရေး၊ လူမှုရေး ဆိုင်ရာ ကာတွန်းများသာမက ကြော်ငြာကာတွန်းများပါ ပါဝင်သည်ကို မြင်နိုင်သည်။ မြန်မာနိုင်ငံတွင် ကြော်ငြာကာတွန်းကို ဦးဘကလေးကပင် ဦးစွာပထမ စတင် ရေးဆွဲသည်ဟု ဆိုကြ၏။ ဦးဘကလေးသည် မြန်မာအဆွေ ကုမ္ပဏီမှ ကုန်ပစ္စည်းများ အတွက် သာမက အခြားသော ကုမ္ပဏီများမှ ကုန်ပစ္စည်းများ အတွက်ပါ ကြော်ငြာ ကာတွန်းများ ရေးဆွဲပေးခဲ့သည်။ ယင်းတို့အနက် အိန်အန်တောင် ဆေးတိုက်မှ ဗလရှင်ဆေးပြား၊ ကျားဘမ်းပရုပ်ဆီ စသည့် ဆေးများ အတွက် ရေးဆွဲသော ကြော်ငြာကာတွန်းများသည် ထင်ရှားသည်။ ဘုံဆောဘားမား အိမ်ထောင် ပရိဘောဂတိုက်အတွက် ရေးဆွဲပေးသော ကြော်ငြာ ကာတွန်းများသည်လည်း ထင်ရှားသည်။





ဦးဘကလေး၏ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ ကာတွန်းများသည်လည်း ထင်ရှားသည်။ ကာတွန်း ပေါ်ထွန်းစပင် ဖြစ်သော်လည်း မြန်မာလူထုက ကောင်းစွာ နှစ်သက် လက်ခံခဲ့သည်။ မြန်မာကသာမက ကမ္ဘာကပါ နှစ်သက် လက်ခံခဲ့သည်။ ၁၉၃၁ ခု စက်တင်ဘာလ ၁၂ ရက်နေ့ထုတ် ရန်ကုန်တိုင်း သတင်းစာတွင် ဦးဘကလေးသည် အင်္ဂလိပ်ဘာသာဖြင့် ကာတွန်းတစ်ခု ရေးဆွဲလိုက်သည်။ ဂန္ဒီ နံငယ်ပိုင်း ဝတ်သည်နှင့် ပတ်သက်၍ ဘိလပ်သားများကို လှောင်ပြောင်သည့် ကာတွန်း ဖြစ်သည်။ အကြောင်းအရာကလည်း ထိမိ၊ ရုပ်ပြောင်များကလည်း ထိမိ၊ အင်္ဂလိပ် စာသားကလည်း ထိမိသဖြင့် လန်ဒန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေရသော "ရိဗျူးအော့ ရိဗျူး" မဂ္ဂဇင်းက တစ်ဆင့် ကူးယူဖော်ပြလိုက်ရာ၊ ကမ္ဘာကျော် ကာတွန်း ဖြစ်သွားလေတော့သည်။

ဦးဘကလေး၏ ကာတွန်းများသည် ပြုံးရုံ၊ ရယ်ရုံသက်သက် မဟုတ်။ တိုင်းပြုပြည်ပြု သဘောလည်း ပါဝင်သည်။ ထိုကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက–

"ရွှေတလေး အမည်ခေါ်လို့မို့
ပြည်ပေါ် စည်တော်ရွမ်းသည့်နှယ်
ကာတွန်း ရယ်စရာ အရုပ်တွေနှင့်
ပြည်ရွာ အလုပ်တွေ ဆောင်သယ်ပိုးရာက ..."

ဟူ၍ ကဗျာဖွဲ့ဆို ချီးကျူးခဲ့ပေသည်။

ဦးဘကလေးသည် ထူးချွန်သော ကာတွန်းဆရာ ဖြစ်သည်သာမက ထူးချွန်သော ရုပ်ရှင် အနုပညာရှင်လည်း ဖြစ်သည်။ ၁၉၂၃ ခုတွင် မြန်မာအဆွေ ကုမ္ပဏီက "တောမြိုင်စွန်းက လွမ်းအောင်ဖန်" ဇာတ်ကားကို ရိုက်ကူးတင်ဆက်သည်။ ယင်းဇာတ်ကား၌ ဦးဘကလေးသည် ဦးညိုပု၊ မောင်မောင်စိုး၊ မခင်သစ်တို့နှင့်အတူ တွဲဖက်ပါဝင်သည်။ ဇာတ်လိုက်မင်းသား မောင်ဘဒွေး (ဦးညိုပု) ၏ လူယုံတော် အဘိုးကြီး "ဦးရွှေရိုး" အဖြစ် ရုပ်ဖျက်ပါဝင် သရုပ်ဆောင်သည်။ အမူအရာ ကောင်းလှသဖြင့် ဇာတ်ရုံအခန်းမှ ပါဝင်ရလင့်ကစား "ဦးရွှေရိုး" အမည်သည် လူထု၏ ပါးစပ်ဖျား၌ စွဲကျန်ခဲ့ပေသည်။ သို့ဖြင့် အဘရေ၊ တောသားလေး ရွှေရိုး၊ ရွှေမင်းဝံ၊ တစ်ခိုင်လုံးရွှေ၊ တစ်ခိုင်လုံး စိန်၊ ပလုတ်တုတ်တုတ်၊ မှိုင်းဝေဝေ၊ ရွှေတလေး၊ ရွှေရိုး ဘယ်မှာလဲ၊ ကြင်စဦး၊ ဝေလွင်လွင်၊ ကိုလူပျို၊ သုံးပွင့်ဆိုင်၊ ခင်မောင်ကြီး၊ ရွှေပေလွှာ စသည့် ဇာတ်ကားများတွင် ပါဝင်ခဲ့ပေသည်။

ယင်းသို့ ပါဝင်ရာ၌ အချို့ဇာတ်ကားများတွင် အဓိက ဇာတ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com





၁၉၁၅ ခု ထုတ် ကောလိပ်မဂ္ဂဇင်း၌ ရေးဆွဲသော ရွှေတလေး၏ ပထမ ကာတွန်းလက်ရာ။

မင်းသားနေရာက ပါဝင်သည်။ အချို့ ဇာတ်ကားများတွင် ဇာတ်ရံနေရာက ပါဝင်သည်။ ရံဖန်ရံခါလည်း ရုပ်ဖျက်၍ ပါဝင်သည်။ ဥပမာ ပလုတ်တုတ်တုတ် ဇာတ်ကားတွင် မိုးကျမယ် မိန်းမအသွင် တစ်မျိုး၊ အာဇာနည် ရွှေရိုး မင်းသား အသွင် တစ်ဖုံ ပါဝင်သည်။ ရွှေတလေး ဇာတ်ကားတွင် လန်ခြား ကုလား ရန်ကနားအဖြစ် ပါဝင်သည်။ မိုင်းဝေဆေ ဇာတ်ကားတွင်မူ ကောလိပ်ကျောင်းသား မောင်သက်ဖေ အသွင်တစ်မျိုး၊ အဘိုးကြီး ဦးသက်ဖေ အသွင် တစ်ဖုံ၊ ကိုယ်ပျက် နေသူ အနူ ငဆွံ့အသွင် တစ်နည်း၊ ၁၄ နှစ်သားအရွယ် ဘုန်းကြီးကျောင်းသား သာဂိအသွင် တစ်သွယ်၊ အမျိုးမျိုး ရုပ်ဖျက် ပါဝင်သည်။ အလွန် ရုပ်ဖျက်ကောင်း သဖြင့် နီးစပ်သူများပင် မသိကြဟု ဆိုသည်။

ယင်းသို့ ရုပ်ဖျက် ကောင်းသည်နှင့်အမျှ အမူအရာကလည်း အလွန်





ကောင်းလှသည်။ အလွမ်း၊ အသော၊ အကြမ်း မည်သည့် အမူအရာမျိုးကိုမဆို ထူးချွန်စွာ လုပ်ဆောင်နိုင်သည်။ အဘရေ ဇာတ်ကားတွင် လူပျော်ကြီး ဦးရွှေရိုး အဖြစ် သရုပ်ဆောင်၍ ပုဆိုး ခါးတောင်းကျိုက်လျက်၊ ပုသိမ်ထီး ဆောင်းလျက် ခြေက က ခဲ့သည်။ ထိုဇာတ်ကား ရုံတင်ပြသပြီး မကြာမီပင် ဦးရွှေရိုး အဝတ် အဆင်၊ ဦးရွှေရိုး အက ဟူ၍ တစ်နိုင်ငံလုံးအနှံ့ ပေါ်ပေါက်ခဲ့သည်မှာ ယနေ့တိုင် အောင်ပင် ဖြစ်သည်။ တစ်ဖန် ဝေလွင်လွင်နှင့် ကြင်စဦး ဇာတ်ကားတွင် ခင်မေကြီး နှင့် တွဲဖက်လျက် လေးလေးနက်နက် အမူအရာ လုပ်ဆောင်ပြသွားသည်။ စိတ်ထိခိုက်စဖွယ် အလွမ်း သရုပ်ဆောင် ပြသွားသည်။ ရွှေမင်းဝံ ဇာတ်ကားတွင်မူ ဓားခုတ် လှံထိုးလျက် စွန့်စားခန်းများ လုပ်ဆောင်ပြသွားသည်။

ဤသို့ ထူးချွန်စွာ သရုပ်ဆောင်နိုင်အောင်လည်း ဦးဘကလေးသည် လူအမျိုးမျိုး၊ လူ့သဘာဝ အထွေထွေကို ကျနစွာ လေ့လာ ဆည်းပူးခဲ့ပေသည်။ ဤအချက်နှင့် စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်း၌ "ဦးဘကလေးသည် သရုပ် ဆောင်ရမည့် ဇာတ်ကောင်ကို ကိုယ်တိုင်ကိုယ်ကျ အချိန်ယူ လေ့လာပြီးမှ ပါဝင် ရိုက်ကူးလေ့ ရှိသဖြင့် သဘာဝအလွန်ကျခြင်း ဖြစ်သည်။ ဘုန်းကြီးကျောင်းသား သာဂိအဖြစ် သရုပ်ဆောင်ရန် သရက်တောကျောင်းတိုက်ဝမှ နေ၍ ဘုန်းကြီး ကျောင်းသားများ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံတို့ကို လေ့လာသကဲ့သို့ အနူ ငဆွံ့အဖြစ် သရုပ်ဆောင်ရန် အနူရုံသို့ သုံးလေး ရက် သွားရောက်၍ အနူများ လမ်းလျှောက်ပုံ၊ နေပုံ၊ ထိုင်ပုံ၊ အယားဖျောက်ပုံ တို့ကို လေ့လာလေသည်။" ဟူ၍ ဖော်ပြထားပေသည်။

ထို့ပြင် သရုပ်ဆောင်ရာတွင် ဦးဘကလေး ထူးချွန်သည်မှာ "လောကရှိ လူအမျိုးမျိုးတို့၏ စိတ်သဘောထားနှင့် အကြောင်းအားလျော်စွာ ဖြစ်ပျက် ကြုံတွေ့ ရမြဲ ဓမ္မတာကို အထူးဂရုပြု ရှာဖွေ ဆည်းပူးခြင်းကြောင့် ဖြစ်သည်။" ဟူ၍လည်း ထိုခေတ်ထုတ် ရုပ်ရှင်ပညာအကြောင်း ဝေဖန်ပြသည့် စာအုပ်တစ်အုပ်၌ ဖော်ပြ ထားပေသည်။

ဦးဘကလေးသည် ရုပ်ရှင် အနုပညာ အရာတွင် သရုပ်ဆောင်သူ အဖြစ် သာ မက ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ အဖြစ်လည်း စွမ်းဆောင်နိုင်သူ ဖြစ်သည်။ ကြင်စဦး၊ ဝေလွင်လွင်၊ ကိုလှပျို၊ သုံးပွင့်ဆိုင် စသော ဇာတ်ကားများကို ကိုယ်တိုင် ဇာတ်ညွှန်းရေး၊ ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ကိုယ်တိုင် မင်းသားအဖြစ် ပါဝင် ရိုက်ကူးခဲ့သည်။ ယင်းသို့ ရိုက်ကူးခဲ့ရာတွင် မြန်မာ ရုပ်ရှင်သမိုင်း၌ မှတ်တမ်း တင်လောက်အောင်လည်း ထူးခြားခဲ့သည်။ ကြင်စဦးနှင့် ဝေလွင်လွင် ဇာတ်ကား နှစ်ကားကို ကြည့်ပါ။ ယင်းဇာတ်ကား နှစ်ကားသည် ပျော်ရွှင်စွာ ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကိုသာ နှစ်သက်သော မြန်မာ ရုပ်ရှင်ပရိသတ် အလိုကို ဆန့်ကျင်လျက် အလွမ်းဇာတ်သိမ်းဖြင့် ရိုက်ကူးသော ဇာတ်ကားများ ဖြစ်သည်။ သဘာဝကျ၍ အနုပညာ မြောက်သဖြင့် အောင်မြင်ခဲ့သည်။ ယင်းဇာတ်ကား နှစ်ကားနှင့် ပတ်သက်၍ စာပေဗိမာန်ထုတ် နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ စာအုပ်၌ "လူ့ဘဝ ဖြစ်စဉ်နှင့် နီးကပ်စွာ ရိုက်ကူး တင်ပြနိုင်သူတစ်ဦး ပေါ်ပေါက်ခဲ့သည်။ ကာတွန်းရွှေတလေး အမည်ခံ ဦးဘကလေးသည် တစ်ခေတ်တည်းပေါ် ရုပ်ရှင်ကားများနှင့် မတူ၊ တစ်မူထူးခြားသော ဝေလွှင်လွှင် (၁၉၂၈)၊ ကြင်စဦး (၁၉၂၉) ဇာတ်ကားများကို ကိုယ်တိုင် ခေါင်းဆောင် ပါဝင် ရိုက်ကူးခဲ့သည်။ ဇာတ်ပေါင်းလျှင် ပျော်ရွှင်စွာ အဆုံးသတ်ခြင်းကိုသာ နှစ်ခြိုက်သော မြန်မာ ရုပ်ရှင်ပရိသတ်၏ လိုလားချက်ကို ဆန့်ကျင် ရိုက်ကူးခဲ့သော်လည်း သဘာဝကျ၍ အဆင့်အတန်း မြင့်သဖြင့် အောင်မြင် ကျော်ကြားခဲ့လေသည်။" ဟူ၍ မှတ်တမ်းတင်ထားပေသည်။

---

**ဦးရွှေရိုးအသွင် ရုပ်မျက်ထားသော အသက် ၃၀ အရွယ် ဦးဘကလေး(ဤပုံကို ယောဂီဆေးတိုက်မှ ဆေးကြော်ငြာတွင် အသုံးပြုရန် တောင်းပန်သဖြင့် ဦးဘကလေးက ခွင့်ပြုခဲ့သည်)။**





ဤသို့ မှတ်တမ်းတင်ခြင်း ခံရသည့် အနုပညာရှင် ဦးဘကလေးသည် တစ်နေ့တွင် ရန်ကုန်မြို့ လွှတ္တလမ်း(ဆိပ်ကမ်းသာလမ်း)ရှိ သူ နေထိုင်ရာတိုက်နောက်ဖေးဆောင် ပြိုကျသဖြင့် ဒဏ်ရာရ၍ ခါးဆစ်လွဲသွားသည်။ ဆရာဝန်များနှင့် ကုသ၍ လမ်း အနည်းငယ် လျှောက်နိုင်လာသော်လည်း မကျန်းမာသေးသဖြင့် မိမိ ဇာတိ ပုသိမ်သို့ သွားရောက် အနားယူနေသည်။ ယင်းသို့ အနားယူနေစဉ် စိတ္တဇရောဂါ စွဲကပ်လာသည်။ ထိုအတွင်း ပုသိမ်ခရိုင် ဓနိုင်ကြီးမြို့သို့ ပြောင်းရွှေ့နေထိုင်ရာ ထိုမြို့မှာပင် ၁၉၄၅ ခု ဇွန်လ ၅ ရက်နေ့၌ ကွယ်လွန်သွားရှာသည်။ ကွယ်လွန်ချိန်၌ အသက် ၅၂ နှစ်အရွယ် ရှိသည်။

ဦးဘကလေးသည် အိမ်ထောင် နှစ်ဆက် ကျဖူးသည်။ ပထမအိမ်ထောင်မှာ မြန်မာအဆွေ သူဌေး ဦးဘညွန့်၏ သမီး ဒေါ်ခင်ခင် ဖြစ်သည်။ ဒေါ်ခင်ခင်နှင့် ကာလအတန်ကြာ ပေါင်းသင်းနေထိုင်ပြီးနောက် စိတ်သဘောချင်း မတိုက်ဆိုင်

---

၁၉၃၀ ပြည့်နှစ် မြန်မာ့အလင်း သတင်းစာ၌ ရေးဆွဲသော ရွှေတလေး၏ "ခွဲရေး–တွဲရေး" ကာတွန်းရုပ်ပြောင်။ (မူရင်း စာလုံးပေါင်း သတ်ပုံအတိုင်း)




ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com




သဖြင့် ကွဲကွာခဲ့ကြသည်။ ဒုတိယ အိမ်ထောင်မှာ အရေးပိုင် ဦးဖေ၏ သမီး ဒေါ်ခင်ထား ဖြစ်သည်။ ဒေါ်ခင်ခင်နှင့် ကွဲကွာပြီးနောက် ဒေါ်ခင်ထားနှင့် လက်ဆက်ခြင်း ဖြစ်သည်။

ဦးဘကလေးနှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့သည် အလွန် ခင်မင် ရင်းနှီးကြသည်။ သူရိယ မဂ္ဂဇင်းတွင် ရေးသော ဦးဘကလေး၏ ကာတွန်းများ အတွက် သရုပ်ဖော် စာသား ကဗျာများကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ရေးပေးသည် ဆိုသည်။ ထိုစဉ်က ဆရာကြီး သခင် ကိုယ်တော်မှိုင်းသည် သူရိယ အယ်ဒီတာ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ "ရွှေတလေး" ဟူသော အမည်သည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပေးသော အမည် ဖြစ်သည်ဟုလည်း ဆိုသည်။ ဦးဘကလေးသည် ကာတွန်းဆရာ လုပ်နေရာမှ ရုပ်ရှင်နယ်ထဲသို့ ရောက်သွားသော အခါ ကာတွန်းမဆွဲဘဲ လေး ငါး နှစ်ခန့် ရပ်နားနေခဲ့သည်။ ဆရာကြီး သခင် ကိုယ်တော်မှိုင်းက ကာတွန်း ပြန်ဆွဲရန် တိုက်တွန်းသော အခါတွင်မှ ပြန်လည်၍ ကာတွန်းဆွဲခဲ့သည် ဆိုသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ကာတွန်းဘက်တွင် ထူးချွန်သော ရွှေတလေး (ဦးဘကလေး) ကို ကဗျာဖွဲ့ဆို ချီးကျူးခဲ့သည်။ အလားတူပင် ရုပ်ရှင်ဘက်၌ ထူးချွန်ပြန်သော ဦးရွှေရိုး (ဦးဘကလေး) ကို အောက်ပါအတိုင်း ကဗျာဖွဲ့ဆို ချီးကျူးခဲ့ပြန်လေသည်။

"ဘဝင်ရယ်မြိန်
ပဋ္ဌသိန် နတ်လူပြက်လိုပ
အူတက်အောင် ပျော်တော်ဆက်မယ် လို့
တစ်သက်ဝယ် မှန်း။
သရုပ်ကယ်ဆင်
အလုပ် ယဉ်ယဉ်နှင့်
ရုပ်ရှင်တွင် ဦးရွှေရိုး ရယ်လို့
(အိုဗျာ) ထိုးရော့ မော်ကွန်း။"

ဦးဘညာဏ်
( ပထမ ခေတ်သစ် ပန်းချီဆရာ )



ဦးဘညာဏ်၏ ကိုယ်တိုင်ရေး ပုံတူ (၁၉၃၇)

www.burmeseclassic.com

ကျွန်တော်သည် ကွယ်လွန်သူ ပန်းချီဆရာကြီး ဦးဘဉာဏ်၏ "ရွှေတိဂုံ စေတီတော်"၊ "လှည်းစခန်း"၊ "မြစ်ဆိပ်ကမ်းဝယ်" စသော ဆီဆေး ပန်းချီကားကြီးများကို အရသာခံ၍ ကြည့်ဖူးသည်။ ၁၉၃၉ ခုနှစ်၌ ပုံနှိပ် ထုတ်ဝေသော ဆရာမင်းသုဝဏ်၏ "မောင်ချွေးဖို့" ကဗျာ စာအုပ်တွင် ဦးဘဉာဏ် ရေးဆွဲသည့် တစ်ကြောင်းဆွဲ သရုပ်ဖော်ပုံများကိုလည်း အရသာခံ၍ ကြည့်ဖူးသည်။ ထိုပန်းချီ၊ ထိုပုံတို့သည် အနုပညာလက်ရာ မြောက်လှသဖြင့် မြန်မာ ပန်းချီလောက၌ ဦးဘဉာဏ် ကျော်နေသည်မှာ ကျော်ထိုက်ပါပေသည်၊ သူ သေသော်လည်း သူ့အမည် ရှင်သန်ဆဲ ဖြစ်နေသည်မှာ ရှင်သန်ထိုက်ပါပေသည် ဟူ၍ မှတ်ချက်ချမိလေသည်။

ဦးဘဉာဏ်သည် ထူးချွန်သော ပါရမီရှင် ပန်းချီဆရာကြီး ဖြစ်သည်သာမက မြန်မာပန်းချီ လောက၌ ယနေ့ ခေတ်စားနေသော ဥရောပ ပန်းချီနည်းကို စတင် အုတ်မြစ်ချခဲ့သူ ပန်းချီဖခင်ကြီး တစ်ဦးလည်း ဖြစ်ပေသည်။

မြန်မာပန်းချီ သမိုင်းကို ကြည့်လျှင် မြန်မာနိုင်ငံသို့ ရှေးဦးစွာ သက်ဆင်းလာသော ပန်းချီပညာသည် ရှေးအိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ ထွန်းကားသော ပန်းချီပညာ ဖြစ်သည်။ ထိုပန်းချီပညာသည် ခရစ်နှစ် ၁၀၀၀ ကျော်တွင် ပုဂံပြည်သို့ ဆင်းသက်လာသည်။ ပုဂံသားတို့သည် ဂူ၊ ဘုရား၊ သိမ်၊ ကျောင်း၊ ဥမင် စသည်တို့၏ နံရံများ၌ ထိုပန်းချီပညာနည်းဖြင့် ရေးဆွဲကြသည်။ ထိုပန်းချီပညာ နည်းကား အခြားမဟုတ်။ မျဉ်းရေး ဆေးခြယ်နည်း (ဝါ) ကောက်ကြောင်းနည်း ဖြစ်သည်။ အသုံးပြုသော ဆေးရောင်တို့မှာ မြေနီရောင်၊ မြေဝါရောင်၊ အပြာရောင်၊ အဖြူရောင်၊ အမည်းရောင်တို့ ဖြစ်သည်။ ရေးဆွဲသော အရုပ်အရွယ်မှာ ၃ လက်မခန့်မှ လူတစ်ရပ်အထိ အရွယ်ကြီးငယ် အမျိုးမျိုး ဖြစ်သည်။ အရုပ်တို့၏ အသွင်အပြင်မှာ မြန်မာ့ အသွင်အပြင် မဟုတ်ပေ။ ရေးသော အကြောင်းအရာသည် များသောအားဖြင့် ဗုဒ္ဓဝင် ဇာတ်နိပါတ်တို့ ဖြစ်လေသည်။

ခရစ်နှစ် ၁၃၀၀ ခန့်သို့ ရောက်၍ ပုဂံပြည်ကြီး ပျက်သုဉ်းသွားသော အခါ ထိုပန်းချီ အမူအရာသည် မဇ္ဈိမဒေသ ပန်းချီ အမူအရာ မဟုတ်တော့။ မြန်မာ့ အမူအရာသို့ တစ်စတစ်စ ပြောင်းလာလေသည်။ အရုပ်တို့၏ အသွင်





အပြင်သည် မြန်မာ ဖြစ်လာလေသည်။ ထိုအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စက္ကူလုပ်သောအတတ် ရောက်လာကာ ပုရပိုက်သုံးခေတ် ရောက်လာသည်။ ဤတွင် နံရံပန်းချီ ကွယ်လေသည်။ ပုရပိုက်ပန်းချီ ထွန်းကားလာသည်။ ပုရပိုက်ပေါ်၌ ပန်းချီရေးရာတွင် တရုတ်မင်၊ မြေဖြူ၊ ကံ့ကူ၊ ဟင်္သပဒါး၊ ဓွေ့နီ၊ မဲနယ်၊ ဆေးဒန်း တို့ကို သုံး၍ ခေါင်တံ၊ စုတ်တံတို့ဖြင့် ရေးသည်။ ရေးသော အကြောင်းအရာမှာ ဗုဒ္ဓဝင် ဇာတ်နိပါတ်တို့သာမက မင်းခမ်းတော်ပုံ၊ အဆောင်အရွက် အစီးအနင်းပုံ၊ စီးတော်ဆင်ပုံ၊ မြင်းခင်းသဘင်ပုံ၊ ဂုလိသဘင်ပုံ၊ ဆင်ကျုံးသွင်းပုံ၊ နက္ခတ်တာရာပုံ စသည်တို့ ဖြစ်လာသည်။ ပုရပိုက်အရွယ်သည် များသောအားဖြင့် အလျား ၁၈ လက်မ၊ အနံ ၈ လက်မခန့်သာ ရှိသည်။ ဤငြင် ပန်းချီကားအရွယ်သည် ငယ်လာသည်။ အရုပ်အရွယ်သည် ငယ်လာသည်။ ရေးနည်းမှာ ပုဂံခေတ် နည်းအတိုင်းပင် ဖြစ်သည်။ မျဉ်းရေး ဆေးခြယ်နည်း (ဝါ) ကောက်ကြောင်းနည်းပင် ဖြစ်သည်။ ပန်းချီကားများတွင် အလင်းအမှောင် မသုံး။ အပူအအေး သဘော မသုံး။ မျဉ်းဖြင့် အဝေးအနီး ရှေ့နောက်ပြသော သဘောကို မလိုက်။ ရုပ်လုံးပေါ် ရေးနည်းကို မသုံး။ မျဉ်းရေး ဆေးခြယ်နည်းဖြင့် အပြားသက်သက်သာ ရေးသည်။ လူရုပ်ပုံများကို ရေးဆွဲရာ၌ တစ်ဦးစီ၏ တကယ်ပုံတူ သဘောထက် လူတို့၏ ယေဘုယျ လက္ခဏာ သဘောကိုသာ ရေးဆွဲသည်။ ပန်းချီ၌ အသားပေး ဖော်ပြလိုသော အရုပ်ကို ဖော်ပြရာတွင် အကြီး၊ အငယ် ခွဲခြား၍ ပြသည်။

ဥပမာ– သံဃာတော်များ အလယ်၌ မြတ်စွာဘုရား တရားဟောနေပုံကို ရေးဆွဲရာ၌ အသားပေး ဖော်ပြလိုသော မြတ်စွာဘုရား ပုံတော်ကို ကြီးကြီးရေးသည်။ သံဃာတော်တို့ ပုံကို သေးသေးငယ်ငယ် ရေးသည်။ အဝေးအနီး ပြလိုလျှင် ရုပ်ကြီး ရုပ်ငယ်ကို မပြ။ အရုပ် တစ်ရုပ်ပေါ် တစ်ရုပ် ဆင့်၍ ပြတတ်သည်။ ပန်းချီ အယူအဆမှာလည်း မျက်မြင်ကို အခြေခံ၍ ရေးသည်ထက် စိတ်မျက်စိ၌ သိမြင်လာသည်ကို ရေးခြင်းဖြစ်သည်။ ဥပမာ– မိန်းမပျို၏ မျက်လုံးအလှကို ရေးဆွဲပါက မျက်မြင်တွေ့ရသော မျက်လုံးအလှကို မရေး။ လှပတင့်တယ်သည်ဟု လက်ခံထားသည့် ပဒုမ္မာကြာဖူးဖြင့် တင်စား၍ ကြာဖူးသဏ္ဌာန် ရေးပြလေသည်။

ဥရောပ ပန်းချီနည်းကား ထိုသို့ မဟုတ်ပေ။ မျဉ်းရေး ဆေးခြယ်နည်းကို မသုံးပေ။ ရောင်စုံ ရေဆေး ဆီဆေးတို့ကို သုံး၍ စက္ကူ ကတ်ထူပြား စသည်တို့ အပေါ်တွင် ရေးသည်။ တစ်ဖန် ရေးဆွဲရာ၌ အဝေး အနီး၊ အလင်း အမှောင်၊ အနုအရင့်၊ အပူအအေး သဘောကို သုံးသည်။ ထို့ပြင် အပြားသဘော မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လုံးဖော်သဘော ရေးသည်။ ပန်းချီ အယူအဆမှာ စိတ်မျက်စိဖြင့် ထင်မြင်လာသည်ကို အခြေခံရေးသည်ထက် မျက်မြင်ကို အခြေခံ၍ ရေးသော အယူအဆဖြစ်သည်။ ရေးသော အကြောင်းအရာမှာ ကျယ်ပြန့်သည်။ ပုံတူရေးမှု၊ ရှုခင်းမြင်ခင်း ရေးမှု၊ ပတ်ဝန်းကျင် မြင်မြင်သမျှ ရေးမှုကို အလေးမှုလေသည်။

ထိုဥရောပ ပန်းချီနည်းသည် ခရစ်နှစ် ၁၈၀၀ ကျော်၌ မြန်မာနိုင်ငံသို့ ဝင်လာသည်။ အီတာလျံ ပန်းချီဆရာနှစ်ဦးသည် မန္တလေးနန်းတော်၌ အမှုထမ်းဖူးသည်ဟု အဆိုရှိသည်။ သို့ရာတွင် ထိုဆရာနှစ်ဦးထံမှ ပန်းချီပညာကို မြန်မာတို့ မယူခဲ့ကြပေ။ ဗြိတိသျှနယ်ချဲ့ လက်အောက်သို့ ရောက်၍ အနောက်တိုင်းသား ပန်းချီဆရာများနှင့် အဆက်အဆံ များလာသော အခါတွင်မှ ဥရောပ ပန်းချီနည်းကို မြန်မာတို့ လက်ခံယူကြသည်ဟု ဆိုသည်။ အထူးသဖြင့် အင်္ဂလိပ်အမျိုးသား ပန်းချီပညာရှင် ပါမောက္ခ မစ္စတာဝဒ်နှင့် မစ္စတာကင့်(ချ) စသူတို့ထံမှ ထိုပန်းချီပညာကို သင်ယူခဲ့ကြသည်ဟု ဆိုသည်။ သို့ရာတွင် စနစ်တကျ သင်ယူခြင်း၊ သုံးစွဲခြင်းကား မရှိသေးပေ။

ခရစ်နှစ် ၁၉၀၀ ကျော်တွင် ဦးဘဉာဏ်နှင့် ဦးဘဇော်တို့ ဥရောပသို့ သွား၍ ဥရောပ ပန်းချီပညာကို စနစ်တကျ လေ့လာကာ တစ်ဆင့် ပြန်လည်ဖြန့်ဖြူးသော အခါတွင်မှ မြန်မာနိုင်ငံတွင် ဥရောပ ပန်းချီနည်း (ဝါ) ခေတ်သစ်ပန်းချီနည်းသည် စနစ်တကျ ထွန်းကားခဲ့ပေသည်။

ထို့ကြောင့် ဦးဘဉာဏ်အား ဥရောပ ပန်းချီနည်းကို မြန်မာနိုင်ငံ၌ စနစ်တကျ အုတ်မြစ်ချခဲ့သူ ပန်းချီ ဖခင်ကြီးတစ်ဦးအဖြစ် ဆိုရပေသည်။

ဦးဘဉာဏ်သည် မအူပင်ခရိုင် ပန်းတနော်မြို့သား ဇာတိ ဖြစ်သည်။ ဦးဘအိုနှင့် ဒေါ်ညိုတို့၏သား ဖြစ်သည်။ ငယ်စဉ် ကျောင်းသားဘဝကပင် ပန်းချီပညာကို ဝါသနာပါသဖြင့် ကျောင်းမှ ထွက်လိုက်သည်။ ဆရာ ဦးဘိုးမောင် ထံတွင် ရှေးရိုး မြန်မာပန်းချီ ပညာကို လေ့လာ ဆည်းပူးသည်။

တစ်နေ့သောအခါ အင်္ဂလိပ်လူမျိုး မအူပင် အရေးပိုင်သည် ပန်းတနော်သို့ နယ်လှည့် ရောက်လာသည်။ သူသည် ပန်းချီဝါသနာရှင် တစ်ဦး ဖြစ်သည်။ ပန်းတနော်မြို့မှ ပန်းချီလက်ရာများကို ကြည့်ရှုရင်း ပန်းချီဆရာကလေး မောင်ဘဉာဏ်၏ လက်ရာများကို တွေ့သွားသည်။ နှစ်သက်သဖြင့် ဦးဘဉာဏ်ကို မော်လမြိုင်မြို့ရှိ အင်္ဂလိပ်လူမျိုး ပန်းချီဝါသနာရှင် မစ္စတာကင့်(ချ)ထံ ပို့ပေးသည်။ မစ္စတာကင့်(ချ)သည် ထိုစဉ်က စိန့်မက်သယူးကျောင်း၏ ကျောင်းအုပ်ကြီး ဖြစ်သည်။ ဦးဘဉာဏ်ကို ကောင်းစွာ လက်ခံပြီးလျှင် မိမိ တတ်မြောက်သော ပန်းချီပညာကို သင်ကြားပေးသည်။ အင်္ဂလိပ်စာလည်း သင်ကြားပေးသည်။





ထို့နောက် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခ မစ္စတာဝဒ်ထံ ဆေးရောင်ကိုင်နည်း ပညာကို သွားရောက် သင်ယူစေသည်။ သို့ သင်ယူနိုင်ရန်လည်း ရန်ကုန် အစိုးရကျောင်းတွင် အလုပ်ရအောင် စီမံပေးလေသည်။ သို့ဖြင့် ဦးဘဉာဏ်သည် ဥရောပ ပန်းချီပညာကို အခြေခံရကာ ဘိလပ်သို့ ပန်းချီပညာတော်သင် သွားနိုင်ခြင်း ဖြစ်ပေသည်။

ဦးဘဉာဏ်သည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသော ၁၉၂၅ ခုနှစ်ထုတ် "မြန်မာပြည်သားမဂ္ဂဇင်း" တွင် "အင်္ဂလန်ပြည်ရောက် မြန်မာပန်းချီဆရာ" ဟူသော ဆောင်းပါးကို ရေးခဲ့ဖူးသည်။ ထိုဆောင်းပါး၌ ဦးဘဉာဏ်က သူ့ဆရာနှစ်ဦး၏ ဂုဏ်ကျေးဇူးကို ဤသို့ ဖော်ထုတ်ထားသည်။

"အင်္ဂလန်နိုင်ငံသို့ မသွားမီ မြန်မာပြည်၌ ကျွန်ုပ်ဒ ဂား ပန်းချီပညာ အခြေအမြစ်ကို လက်ထပ် သင်ကြားပြသခဲ့သော ပုဂ္ဂိုလ်သည် 'ဤမြန်မာပြည်သား' မဂ္ဂဇင်းဆရာ အယ်ဒီတာကြီး မစ္စတာ အီး၊ ဂျီ၊ ကင့်(ချ) ပင် ဖြစ်ပေကြောင်း။ မြန်မာပြည် အစိုးရမင်းတို့က ကျွန်ုပ်အား ပန်းချီပညာသင် အဖြစ်ဖြင့် အင်္ဂလန်နိုင်ငံသို့ စေလွှတ်ဖြစ်ခြင်း သည်လည်း ၎င်းဆရာကြီး၏ တိုက်တွန်းနှိုးဆော်ချက် အရပင် ဖြစ်ပေကြောင်း။ ကျွန်ုပ်ကိုယ်၌လည်း ပန်းချီပညာကို ဝါသနာဘာဂီ အထုံပါသည်နှင့် အညီ ငယ်စဉ်အခါမှ စ၍ ပုံဆွဲခြင်း၊ စုတ်ရေးခြင်း အတတ်တို့ကို မပြတ်မလပ် လေ့ကျင့်လာခဲ့သဖြင့် ဤမဂ္ဂဇင်း ပန်းချီ အယ်ဒီတာ မစ္စတာ ဒီဟော့တင်ဂျာနှင့် အတူ မော်လမြိုင်ကျောင်း၌ နေထိုင်ခဲ့ဖူးကြောင်း။ ထိုစဉ်အခါက ကျွန်ုပ် ပုံဆွဲတတ်သည်ဟု မဆိုလောက်သေးချေ။ ဤမဂ္ဂဇင်း အယ်ဒီတာကြီးနှင့် တွေ့ကြုံ၍ ပုံဆွဲနည်းသရည်းကို လက်ထပ် သင်ပြသော အခါမှသာလျှင် တစ်စတစ်စ ခေတ်မြောက်လာသည်ဟု ဆိုရပေမည်။ ထိုနည်းအားဖြင့် သက်ရှိသက်မဲ့ အရာဝတ္ထုတို့ကို မည်ကဲ့သို့ ခြစ်ဆွဲယူခြင်းဖြင့် ရုပ်ပုံသဏ္ဌာန် ဖြစ်လာကြောင်း နည်းပေါင်းများစွာတို့ကို မြန်မာပြည်သား မဂ္ဂဇင်း အယ်ဒီတာကြီးက သင်ကြားပြသ၍ ပရော်ဖက်ဆာ ကေအမ်ဝဒ်က စုတ်ရေးစုတ်ခြယ်ခြင်း အတတ်ကို လက်ထပ် သင်ကြား ပြသကြသဖြင့် ထိုပုဂ္ဂိုလ်ကြီး ၂ ဦး၏ ပညာနို့ကို သောက်စို့ရခြင်းကြောင့်ပင် ကျွန်ုပ်၏ စွမ်းရည်ကို အစိုးရမင်းတို့က မြင်ပြီးလျှင် အင်္ဂလန်နိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်ကြောင်း အထူး ဖော်ပြလိုပေသည်။"

ဦးဘဉာဏ်သည် အင်္ဂလန်သို့ ၁၉၂၁ ခုနှစ်တွင် ပန်းချီ ပညာတော်သင် အဖြစ် သွားသည်။ ထိုစဉ်က သူသည် အသက် ၂၄ နှစ် အရွယ်သာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးထဲမှ နိုင်ငံခြားသို့ ပထမဦးဆုံးအကြိမ် ပန်းချီ ပညာတော်သင်အဖြစ် သွားရသူ ဖြစ်သည်။ ဦးဘဇော်သည် ဦးဘညွန့် သွားပြီး ၆ နှစ်အကြာ၊ ၁၉၂၇ ခုနှစ်တွင်မှ သွားရခြင်း ဖြစ်သည်။

ရှေးဦးစွာ ဦးဘညွန့်သည် လန်ဒန်မြို့ (ရွိုင်ရယ်ကောလိပ် အော့ အတ်ခေါ်) တော်ဝင် ပန်းချီကောလိပ်၌ ပညာဆည်းပူးသည်။ ထိုကောလိပ်တွင် ဘွဲ့ရရန်မှာ လက်တွေ့ ပန်းချီပညာသာမက စာဖြင့် ရေးဖြေသော ပန်းချီပညာကိုပါ ဖြေကြားရသည်။ ဦးဘညွန့်သည် လက်တွေ့ပန်းချီပညာကို ကောင်းစွာ သင်ယူနိုင်သည်။ သို့ရာတွင် အင်္ဂလိပ်စာ အခြေခံနည်းသဖြင့် ရေးဖြေ ပန်းချီပညာကိုကား ကောင်းစွာ မသင်ယူနိုင်။ ထို့ကြောင့် ထိုကောလိပ်တွင် တစ်နှစ်ကျော် သင်ယူပြီးနောက် ပန်းချီဆရာကြီး မစ္စတာ စပင်းလပ်၏ ကျောင်းသို့ ပြောင်းရွှေ့ သင်ယူလေသည်။

ဦးဘဇော်သည် တက္ကသိုလ်ကျောင်းထွက် ဖြစ်၍ အင်္ဂလိပ်စာ အခြေခံကောင်းသည်။ ထို့ကြောင့် ထိုတော်ဝင်ပန်းချီ ကောလိပ်၌ သင်ရိုးကုန် သင်နိုင်ခဲ့သဖြင့် အေ၊ အာရ်၊ စီအေ ဘွဲ့ ရခဲ့သည်။ ယနေ့အထိ မြန်မာလူမျိုးထဲမှ ထိုဘွဲ့လက်မှတ်ကို ရရှိသူမှာ ဦးဘဇော် တစ်ဦးတည်းသာ ရှိသေးသည် ဆိုသည်။ ဦးဘညွန့်မှာမူ အင်္ဂလိပ်ဘာသာစကား အခက်အခဲကြောင့် ထိုကောလိပ်မှ ထိုဘွဲ့ကို ရခဲ့ပေ။ သို့သော် ရွိုင်ရယ်အက်ချာခေါ် ဘွဲ့လက်မှတ်ကား ရခဲ့လေသည်။ ဦးဘညွန့်သည် တော်ဝင်ကောလိပ်၌ သင်ရိုးကုန် မသင်ခဲ့နိုင်သော်လည်း မစ္စတာ စပင်းလပ်၏ ပန်းချီကျောင်း၌ကား ကျနသေချာစွာ သင်ယူနိုင်ခဲ့လေသည်။

ထိုအကြောင်းတို့ကို ဦးဘညွန့်က သူ့ဆောင်းပါးထဲ၌ ဤသို့ ထည့်သွင်း ရေးထားလေသည်။

"လစ်ဗာပူးမြို့သို့ ရောက်သောအခါ ရန်ကုန်မြို့ ကောလိပ်ကျောင်းမှ ပရော်ဖက်ဆာ လုစ်က ကျွန်ုပ်အား ဆီး၍ ကြိုယူပြီးလျှင် ဘီလပ်မြို့တော်သို့ ခေါ်သွားကြောင်း၊ ၎င်းနောက် ရွိုင်ရယ်ကောလိပ် ပန်းချီသိပ္ပံကျောင်းကြီးသို့ သွတ်သွင်းပေးကြောင်း၊ ထိုပန်းချီသိပ္ပံကျောင်းကြီးတွင် တစ်နှစ်ကျော် နေထိုင်ပြီးသောအခါ ပရော်ဖက်ဆာ ဝါဒ်က ကြပ်မတ်၍ သွင်းပေးသဖြင့် ပန်းချီပညာ အဆီအနှစ်ကို တွက်စစ်၍ သင်ပြသော ကျောင်းတစ်ကျောင်းသို့ ရွှေ့ပြောင်း သင်ကြားခွင့် ရလေသည်။ ထိုကျောင်းကို 'တံခါးဝါကျောင်း' ဟု အမည်တွင်ပြီးလျှင် ဥရောပနိုင်ငံတွင် ပြိုင်စံဘက်ရှားသော ပန်းချီဆရာကြီး (မစ္စတာစပင်းလပ်) က သင်ကြားပြသလျက် ရှိလေသည်။





ထိုကျောင်းတွင် ပညာသင် တပည့်ပေါင်း လေး ငါး ယောက်မျှသာ လက်ခံလေသည်။ ဤကျောင်းတွင် နေခွင့်ရရန် များစွာ ခဲယဉ်း၏။ သင်ခကြေးငွေ ကြီးမြင့်၍သာ မဟုတ်ချေ။ ထိုကျောင်းကို နေခွင့်ရရန် ၁ နှစ်၊ ၂ နှစ်က ကြိုတင် လျှောက်ထားရလေသည်။

ထိုပန်းချီဆရာကြီးသည် တပည့်များကို လွန်စွာ ဂရုစိုက်၍ လက်ထပ် သင်ကြား ပြသသဖြင့် ကျွန်ုပ် ထိုကျောင်းတွင် နေထိုင် သင်ကြားခဲ့ရသည်မှာ များစွာ ကုသိုလ်ကံကောင်းသည်ဟု ဆိုရပေမည်။"

ဦးဘညွန့်သည် အင်္ဂလန်၌ ပန်းချီပညာ ဆည်းပူးစဉ် လွန်စွာ ကြိုးပမ်းအားထုတ်ခဲ့သည်။ ပန်းချီကားပေါင်း မြောက်မြားစွာကို လေ့ကျင့် ရေးဆွဲခဲ့သည်။ မြန်မာနိုင်ငံသို့ အပြန်တွင် ဘီလပ်၌ သူ ရေးဆွဲခဲ့သည့် ကားပေါင်းများစွာ အနက်မှ ကားပေါင်း ၃၀၀ ကျော် သူနှင့်အတူ ပါလာခဲ့သည်။ ထိုသို့ ကြိုးပမ်း ရေးဆွဲပုံတို့သည် သူ့ဆောင်းပါး၌ အထင်အရှား ပေါ်လွင်နေပေသည်။ ရေးထားသည်မှာ–

"အင်္ဂလန်ပြည်၌ ပန်းချီပညာသင် ကျောင်းသားများသည် အခြားကျောင်းသားများကဲ့သို့ ကျောင်းသို့ နေ့စဉ်တက်ရသည် မဟုတ်ချေ။ များသောအားဖြင့် မိမိတို့အလုပ်ကို မိမိတို့ လုပ်ကိုင်လျက် ရှိကြလေသည်။ ကျွန်ုပ်သည်လည်း မကြာမကြာ မြို့စွန်မြို့ဖျား အရပ်ဒေသများသို့ သွား၍ တောပုံ တောင်ပုံ ရှုမျှော်ခင်း ကားများကို ဆွဲကျင့်ရသည့်ပြင် ကျောင်းတွင်လည်း ကိုယ်အင်္ဂါ ဆွဲသားနည်း နိဿရည်းကိုလည်း လေ့ကျင့်ရသဖြင့် ကျွန်ုပ်မှာ ကျောင်းနှစ်ကျောင်းသို့ တက်နေရသည်နှင့် တူလေသည်။


ကျောင်းပိတ်ရက်များတွင်မူ ပန်းချီပညာသင်တို့သည် တောအုံကနားသို့ သွားရောက်လျက် ပုံကြမ်းများကို အဆွဲကျင့်ရလေသည်။ ကျွန်ုပ်သည်လည်း ဘီလပ်မြို့ပြင် ပတ်ဝန်းကျင် တောကလေးများ၏ ပုံများကို မည်မျှခန့် ရေးသားခဲ့သည်ကို မပြောနိုင်တော့ချေ။

ကျွန်ုပ်ကိုယ်တိုင် ရေးဆွဲခဲ့သော ပုံကလေးများသည် တစ်ပုံလျှင် တစ်နာရီ၊ နှစ်နာရီခန့်သာ ဆွဲသားရလေသည်။ တိမ်တောင် တိမ်လိပ် မိုးသားများ လွင့်စဉ်နေပုံ တိမ်ကားများကို ရေးသားသောအခါ မိုးသားများသည် လျင်မြန်စွာ ပြောင်းလဲတတ်သဖြင့် ထိုပုံများကို လေး ငါး မိနစ် အချိန်ခန့်တွင် ပြီးစီးအောင် ရေးဆွဲရလေသည်။ .... ကျွန်ုပ်သည် မြို့ပြင်သို့ ထွက်၍ ပုံရေးဆေးခြယ်ခြင်းကို နေပူမရှောင် မိုးရွာမရှောင် ထီးတစ်လက်ကို ဆောင်လျက် မကြာမကြာ လေ့ကျင့် ရေးဆွဲခဲ့ရပေသည်။ ဆောင်းဥတု အခါတွင်မူကား ထိုအရပ်၌ အလွန် အေးမြသော



www.burmeseclassic.com

www.burmeseclassic.com




ဦးဘညၢဏ်၏ "ရွှေတိဂုံစေတီတော်" ဆီဆေး ပန်းချီကား။

ကြောင့် လက်အိတ်များကို လက်ဖျား နေရာများ၌ ညှပ်လျက် လက်တွင် စွပ်၍ အသုံးပြုသော အခါမှ စုတ်များကို ကောင်းမွန်စွာ လိုရာသို့ ရောက်အောင် ရေးဆွဲနိုင်လေသည်။"

ဦးဘညၢဏ်သည် ဤသို့ ပန်းချီပညာကို မနားမနေ ကြိုးပမ်းစဉ် တစ်ဖက်ကလည်း အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ တတ်မြောက်အောင် ကြိုးပမ်းရရှာသည်။ သူ့ အင်္ဂလိပ်စာ လေ့လာဆည်းပူးပုံကို လည်းကောင်း၊ အင်္ဂလိပ်စာ အရေးပါပုံကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် ခေတ်ပညာရပ်တို့ကို မြန်မာဘာသာသို့ ပြန်ဆိုသင့်ပုံကိုလည်းကောင်း ဆောင်းပါးတွင် ရေးသားထားရာ သူ့စိတ်ဓာတ်နှင့် သူ့စိတ်စေတနာကို ကောင်းစွာ သိမြင်နိုင်ပေသည်။ ရေးထားသည်မှာ–

"ကျွန်ုပ် မြန်မာပြည်တွင် ရှိနေစဉ်အခါ အင်္ဂလိပ်ပညာကို မသင်ကြားမိခဲ့၍ အင်္ဂလန်ပြည်သို့ ရောက်သောအခါ ကျွန်ုပ်သည် အင်္ဂလိပ်စကားကို များစွာ မပြောတတ်ချေ။ ထိုအရပ်သို့ ကျွန်ုပ် သွားရောက်ခြင်း၏ အကြောင်းရင်းမှာလည်း အင်္ဂလိပ်ပညာကို သင်ကြားရန် မဟုတ်။ ပန်းချီစုတ်ရေးခြင်း အတတ်ကို သင်ကြားရန် သွားရောက်ခြင်း ဖြစ်သောကြောင့် ပန်းချီကျောင်း၌ အင်္ဂလိပ်ဘာသာ စကားကို များစွာ ပြောဆိုခြင်းမပြုဘဲ





အငြိမ်မင်းသမီး တစ်ဦးကို ဆီဆေးဖြင့် ပုံတူရေးဆွဲနေစဉ်။

ရှိနေခဲ့လေသည်။ ကျွန်ုပ်သည် ယင်းကဲ့သို့ အင်္ဂလိပ်စကား ပြောခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းတို့ကို ထိုက်သင့်အားလျော်စွာ လေ့ကျက်ခြင်း မပြုခဲ့သည်မှာ လွန်စွာ မှားယွင်းခြင်း ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ပုံရေးခြင်း၊ စုတ်ဆွဲခြင်း၊ ဆေးစပ်ခြင်း စသည့် ပညာရပ်တို့မှာ အမြောက်အမြား အင်္ဂလိပ်ဘာသာ စာများနှင့်သာ ရေးသားထားသဖြင့် ကျွန်ုပ်သည် ရုတ်တရက် နားလည်အောင် ဖတ်ရှုခြင်းငှာ မစွမ်းနိုင်ချေ။

သို့ အားလျော်စွာ ခြောက်လခန့် ကြာသောအခါမှ နောင်တကြီး ရလျက် စကားပြောခြင်း၊ စာဖတ်ခြင်းတို့ကို အားလပ်သည့် အချိန်တွင် လေ့ကျင့် လာခဲ့လေရာ ယခုအခါတွင်မူကား အတော်အတန်ပင် တိုးတက်လျက် ရှိလေပြီ။

ထို့ကြောင့် ကျွန်ုပ်ကဲ့သို့ မဖြစ်ကြရန် ဤမြန်မာပြည်သား မဂ္ဂဇင်းကို ဝယ်ယူဖတ်ရှုကြသူတိုင်း ဤမဂ္ဂဇင်း၌ ပါရှိသော အင်္ဂလိပ်ဘာသာစာများကို တစ်လုံးမကျန် ဖတ်ရှုကြရန် အထူး သင့်လျော်လေသည်။ သို့မှသာလျှင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော လောကီပညာရပ်တို့ကို သိကျွမ်း နားလည်ကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com




ဝမ်းနည်းဖွယ်ရာ တစ်ခုမှာ ယခုခေတ် အခါတိုင်အောင်ပင် လွန်စွာ မှတ်သားအပ်သော လောကီပညာရပ်များကို မြန်မာဘာသာဖြင့် ပြန်ဆိုထားခြင်း မရှိသောကြောင့် ကျွန်ုပ်တို့ မြန်မာပြည်တွင် လောကီပညာများသည် ထွန်းကားသင့်သလောက် မထွန်းကားဘဲ ရှိနေလေကြောင်း။"

ဤသို့ ရေးပြီးလျှင် ဦးဘဉာဏ်သည် အင်္ဂလိပ် ဘာသာစကား လေ့လာရာ၌ သူကိုယ်တိုင် လေ့လာခဲ့သည့် ထိရောက်သောနည်းကို တင်ပြခဲ့လေသည်။

"အင်္ဂလိပ်စကား ပြောခြင်း၊ စာရေးခြင်း၊ စာဖတ်ခြင်းများနှင့် ပတ်သက်၍ ကျွန်ုပ် ပြောလိုသေးသည်မှာ ကျွန်ုပ်သည် အင်္ဂလန်ပြည်တွင် ရှိစဉ် ညနေတိုင်းလိုပင် ဝတ္ထုများကို ဖတ်လျက် ကျွန်ုပ်၏ မိတ်ဆွေများအား ဝတ္ထုကြောင်းကို ပြန်ပြောပြရလေသည်။ ရံဖန်ရံခါ ကျွန်ုပ်သည် ဝတ္ထုကြောင်းကို မေ့လျော့ခြင်းကို လည်းကောင်း၊ အင်္ဂလိပ် စကားပြောမှားခြင်းကို လည်းကောင်း၊ ကပေါက်ချိ ကပေါက်ချာဖြစ်လျက် သေချာစွာ မပြောနိုင်သည်ကို တွေ့ရှိကြသောအခါ ၎င်းတို့က ရယ်မောကြလေသည်။ သို့ရာတွင် ဤနည်းသည် အကောင်းဆုံး ဖြစ်လေသည်။ .... စကားမှားသောကြောင့် နားထောင်သော သူများက ဝိုင်း၍ ရယ်မောကြသော်လည်း စိတ်ပျက်ခြင်း မဖြစ်ရာ။ ဤကဲ့သို့ လေ့ကျင့်ခဲ့လျှင် တစ်နေ့ထက်တစ်နေ့ အင်္ဂလိပ်စကား ပြောဆိုရာ၌ အမှားနည်းပါးလျက် အမှန်များ၍ လာကြောင်း တွေ့ရှိလိမ့်မည် ဖြစ်ကြောင်း"

ဦးဘဉာဏ်သည် အင်္ဂလန်ရှိ ပန်းချီကျောင်းများ၌ ၁၉၂၁ မှ ၁၉၂၄ ခုနှစ်

ဘိလတ်တွင် ရှိနေစဉ် ရေးဆွဲခဲ့သော ဦးဘဉာဏ်၏ လက်ရာတစ်ခု။





အထိ ၃ နှစ်တိုင် ပညာ ဆည်းပူးသည်။ ထိုနောက် ပညာတော်သင် နှစ်စေ့၍ မြန်မာနိုင်ငံသို့ ပြန်လာပြီးလျှင် အစိုးရကျောင်းတွင် အလုပ် လုပ်သည်။ မကြာမီပင် ဦးဘဉာဏ်သည် နယ်လှည့်ပန်းချီ ပညာတော်သင်ဆု ရကာ ဥရောပနိုင်ငံများသို့ လှည့်လည်၍ ပန်းချီပညာရပ်များကို ဆည်းပူးပြန်လေသည်။ ဦးဘဉာဏ်သည် အင်္ဂလန်၊ ဆွစ်ဇာလန်၊ အီတလီ၊ စပိန်၊ ပြင်သစ်၊ ဟော်လန်၊ ဘဲလဂျီယမ်၊ ဂျာမနီ စသည်တို့တွင် ဥရောပပန်းချီနည်း အမျိုးမျိုးကို လေ့လာ ဆည်းပူးလေသည်။ ပညာတော်သင် နှစ်စေ့သောအခါ ဦးဘဉာဏ်သည် မြန်မာနိုင်ငံသို့ မပြန်သေး။ အင်္ဂလန်၌ ပန်းချီဆရာအဖြစ် သက်မွေးဝမ်းကျောင်းပြုကာ ဆက်လက်နေထိုင်လေသည်။

တစ်နေ့တွင် ဦးဘဉာဏ်သည် သိမ်းမြစ်ထဲရှိ ကုန်တွဲကြီးများပေါ်တွင် ပန်းချီ ရေးဆွဲနေသည်။ ထိုအခိုက် အင်္ဂလိပ် အမျိုးသားတစ်ယောက် ရေထဲလိမ့်ကျသွားသည်။ သူသည် ရေကူးမတတ်သဖြင့် နစ်မြုပ်အံ့ဆဲဆဲ ဖြစ်နေသည်။ ဤတွင် ရေကူးကျင်လည်သော ဦးဘဉာဏ်က မြစ်တွင်းသို့ ခုန်ဆင်းကာ ကယ်ဆယ်ခဲ့ရသည်။ ရေနစ်သူကား အခြားသူမဟုတ်၊ ဂျော့ဘုရင်၏ ဆွေတော်မျိုးတော် တစ်ဦး ဖြစ်ကြောင်း နောင်အခါမှ သိရသည်။ ဂျော့ဘုရင်သည် ဦးဘဉာဏ်ကို ကျေးဇူးတင်လှသဖြင့် ဂုဏ်ပြု ညစာခံပွဲ ကျင်းပကာ ဂုဏ်ထူးဆောင် လက်မှတ်တစ်ခု ချီးမြှင့်ခဲ့လေသည်။

ဦးဘဉာဏ်သည် ထူးချွန်သူ ဖြစ်သည်။ ဘိလပ်ရှိ ပန်းချီဆရာကြီးများကြားတွင် အောင်မြင် ထူးချွန်သော ပန်းချီဆရာ တစ်ယောက်အဖြစ် ကောင်းစွာ ရပ်တည်နိုင်ခဲ့သည်။ သူသည် ပန်းချီကားပေါင်း မြောက်မြားစွာ ရေးဆွဲကာ

ဥရောပသို့ ရောက်စဉ် ရေးဆွဲခဲ့သော ပင်လယ်ရှုမျှော်ခင်း၊ ပုံကြမ်း (၁၉၂၇)။



www.burmeseclassic.com

www.burmeseclassic.com



တွင်ကျယ်စွာ ရောင်းချနိုင်ခဲ့သည်။ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ သတင်းစာများက သူ့ကားများကို ချီးကျူး ဝေဖန်ခဲ့ကြသည်။ အင်္ဂလန်၌ "ဘာလင်တန် အနုပညာ ဗိမာန်" ပြတိုက်ဟူ၍ ရှိသည်။ ထိုပြတိုက်သည် ထူးချွန်သော ပန်းချီဆရာများ၏ ကားများကိုသာ ချိတ်ဆွဲကာ ရောင်းချပေးသည်။ ဦးဘဉာဏ်၏ ပန်းချီကားများ သည် ထိုပြတိုက်၌ ချိတ်ဆွဲခြင်း ခံရကာ၊ ဝါသနာရှင်များ၏ ဝယ်ယူအားပေးခြင်း ကို ခံရသည်။ ပြင်သစ်ပြည် ပဲရစ်မြို့ရှိ "ပဲရစ်ပြခန်းဆောင် ပြတိုက်"တွင်လည်း ဦးဘဉာဏ်၏ ပန်းချီကားများသည် ချိတ်ဆွဲခြင်း ခံခဲ့ရသည်။ ဝယ်ယူအားပေးခြင်း ခံခဲ့ရသည်။

ဦးဘဉာဏ်သည် ဤအကြိမ်တွင် နိုင်ငံခြား၌ လေးနှစ်ခွဲ နေထိုင်ခဲ့သည်။ ထိုနောက် မြန်မာနိုင်ငံသို့ ပြန်လာကာ နာမည်ကျော် ပန်းချီကားကြီးများကို ရေးဆွဲသည်။ တစ်ဖက်ကလည်း သူ့ပညာကို စနစ်တကျ ဖြန့်ဖြူးပေးသည်။ သူသည် သူ့ပညာကို မြန်မာပြည် ပန်းချီအသင်းက တစ်ဆင့်လည်း ဖြန့်ဖြူးပေး ခဲ့သည်။ ဒီးဒုတ်ဦးဘချိုတို့နှင့် တွဲဖက်ကာ အမျိုးသား ပန်းချီအသင်းကို ဖွင့်လှစ် တည်ထောင်၍လည်း ဖြန့်ဖြူးပေးခဲ့သည်။ ဆရာဖြစ်သင် ကောလိပ်၌ အမှုထမ်း၍

**မင်းကြီးကတော် ဒေါ်မြမေ၏ ပုံတူတွင် တည်ငြိမ်ခြင်း၊ နုညံ့ခြင်း သဘော ပေါ်လွင်အောင် ဦးဘဉာဏ်က ရေးဆွဲထားသည်။**





လည်း ဖြန့်ဖြူးပေးခဲ့သည်။ ယနေ့ မျက်မှောက်ခေတ်တွင် ထင်ရှားသော ပန်းချီ ဆရာကြီးများ ဖြစ်သည့် ဦးငွေကိုင်၊ ဦးဘကြည်၊ ဦးအုန်းလွင် စသူတို့သည် ဦးဘဉာဏ်၏ တပည့်ရင်းများ ဖြစ်ကြလေသည်။

ဦးဘဉာဏ်သည် ၁၈၉၇ ခုနှစ်၌ ဖွားမြင်၍ ၁၉၄၅ ခု၊ အသက် ၄၈ နှစ် အရွယ်တွင် ကွယ်လွန်သွားရှာလေသည်။ ဇနီးနှင့် သားသမီး ၅ ယောက် ကျန်ခဲ့ လေသည်။ ဦးဘဉာဏ်၏ လက်ရာကောင်း ပန်းချီကား အမြောက်အမြားသည် နိုင်ငံခြားသို့ ရောက်ကုန်သည်။ မြန်မာနိုင်ငံ အမျိုးသားပြတိုက်နှင့် အချို့ပုဂ္ဂိုလ်များ ထံတွင်မှ အချို့အဝက် ကျန်ရှိသေးသည်။ သူ ကွယ်လွန်သော်လည်း သူ့ပညာ၊ သူ့အမည်၊ သူ့ကျေးဇူးတို့ကား မကွယ်။ အထင်အရှား ရှိဆဲ ဖြစ်လေသည်။

ဦးဘဉာဏ်သည် သူ၏ ဆောင်းပါး၌ သူ၏ ပန်းချီဝါဒကို ဤသို့ တင်ပြ ထားလေသည်။

> "ပန်းချီဆရာများသည် ကြွယ်ဝချမ်းသာသော သူများ မဟုတ် ကြောင်း သိအပ်လေသည်။ ပန်းချီဆရာသည် တစ်ခါတစ်ရံ မိမိ၏ ကားတစ်ကားကို ရောင်းသောအခါ သိန်း သောင်းမျှပင် ရရှိသော်လည်း


**ဂျပန်ခေတ်က ရေးဆွဲခဲ့သော ဦးဘဉာဏ်၏ နောက်ဆုံး ရေဆေးလက်ရာတစ်ခု။**



www.burmeseclassic.com

www.burmeseclassic.com





ဆရာဖြစ်သင် ကောလိပ်တွင် မှူရယ်နံရံပန်းချီ ရေးဆွဲစဉ်က ဦးဘညာဏ် နမူနာထုတ်သည့် ပုံစံ။


တစ်ပြားတစ်ချပ်မျှ မရနိုင်သော ကားများကို အမြောက်အမြား ဆွဲသားလျက် နေကြောင်းကို စဉ်းစားကြည့်လျှင် သိနိုင်လေသည်။ များသောပန်းချီဆရာတို့သည် ပိုက်ဆံကြေးငွေ အလို့ငှာ ပန်းချီ စက်ရေးခြင်းအလုပ်အကိုင်ကို လုပ်သည် မဟုတ်ချေ။ ပန်းချီအတတ်ကို နှစ်သက်မြတ်နိုးကြခြင်းအတွက် သက်သက်ဖြင့်သာ ရှာဖွေ ရရှိသော ပစ္စည်းဉစ္စာတို့ကို ဆေးမင်ရည်၊ စုတ် စသော ပန်းချီ ကိရိယာတို့ အပေါ်တွင် အမြောက်အမြား အကုန်အကျ ခံလျက် သုံးစွဲလေသည်။

"ပန်းချီပညာသည် ဂဏန်းသင်္ချာများကဲ့သို့ သင်ပြလျှင် နားလည်တတ်မြောက်နိုင်သော ပညာမျိုး မဟုတ်ချေ။ ဆွဲနည်း နိဿရည်းကို နားလည်တတ်မြောက်သဖြင့် ရုပ်ပုံသဏ္ဍာန်နှင့် တူအောင်ကား ဆွဲနိုင်လျှင် ဆွဲနိုင်ပေမည်။ သို့ရာတွင် ပန်းချီဆရာ ဟူသော အမည်ကို ခံယူရန် ထိုမျှလောက်သော အရည်အချင်းနှင့် ပြည့်စုံခါမျှဖြင့် ပန်းချီဆရာ ဟူသော အမည်ကို မခံထိုက်သေးချေ။ ပန်းချီဆရာ မည်သည် ထင်မြင်နိုင်သော စွမ်းရည်သတ္တိ ရှိလေသည်။ 'ထင်မြင်' နိုင်ခြင်း ဟူသည်ကား မိမိ လိုသော ရုပ်ပုံကို ဉာဏ်မျက်စိတွင် ထင်ရှားစွာ မြင်နိုင်ခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့ မြင်နိုင်ရန်လည်း အလေ့အထ များစွာရှိရန် လိုလေသည်။

"ပန်းချီပညာ လိုလားသူတိုင်း ဓမ္မတာ သဘာဝတ္ထုတွင် ရှိသည့်အတိုင်း ကြည့်၍ ဆွဲသားကြရပေမည်။ အခြားသူများ ဆွဲသားထားသော ပုံကို ကူး၍ ရေးခြင်းသည် အလျှင်းပင် အကျိုးမရချေ"။ ။

## ဒေါက်တာ ဝါလတာ ချစ်ထွန်း

( ပထမ ကိုယ်ကာယ အလှ ဖော်ထုတ်သူ )



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ကျွန်တော်သည် မောင်ဗမာ ပြိုင်ပွဲတစ်ခုကို သွားရောက် ကြည့်ရှုသည်။ မောင်ဗမာလောင်း တစ်စုသည် ကိုယ်ကျပ် ဘောင်းဘီတိုကလေးများ ကိုယ်စီဝတ်လျက် ကြွက်သား အထစ်ထစ်နှင့် အချိုးအစား ကျနပြေပြစ် တင့်တယ်သော ကိုယ်ကာယအလှကို အသီးသီး ထုတ်ဖော်ပြကြလေသည်။ သူတို့သည် ကျွမ်းကျင် လိမ္မာသော ဂရိကျောက်ဆစ်ဆရာ ထုလုပ်ထားသည့် ဂရိကျောက်ရုပ်များနှင့်ပင် တူနေတော့သည်။ သူတို့ကို ကြည့်ရသည်မှာ ရှုချင်ဖွယ်ရာလည်း ဖြစ်သည်။ အားတက်ဖွယ်ရာလည်း ဖြစ်သည်။

ကျွန်တော်သည် သူတို့ကို ကြည့်လျက် ရွှင်လန်း အားတက်မိရာမှ ကွယ်လွန်သူ ဆရာဝန်ကြီး ဒေါက်တာ ဝါလတာချစ်ထွန်းကို အမှတ်ရမိလေ သည်။

ဒေါက်တာ ဝါလတာချစ်ထွန်းကား မြန်မာနိုင်ငံတွင် ကိုယ်ကာယ အလှကို လူထုပရိသတ် ရှေ့မှောက်၌ ပထမဦးဆုံး ဖော်ထုတ် ပြသခဲ့သူ ဖြစ်လေသည်။ ယခုကဲ့သို့ ကိုယ်ကာယအလှကို မြန်မာများ တန်ဖိုးထား လေ့ကျင့် လိုက်စားလာအောင် ဒေါက်တာ ဝါလတာချစ်ထွန်းက မျက်စိဖွင့်ပေးခဲ့ခြင်း ဖြစ်လေသည်။ တစ်နည်းအားဖြင့် "ကိုယ်ကာယအလှ အစ ဝါလတာချစ်ထွန်းက" ဟု ဆိုသော် ဆိုသင့်ပေသည်။

*

ဒေါက်တာ ဝါလတာချစ်ထွန်းသည် မွန်အမျိုးသား ဖြစ်သည်။ ၁၈၉၈ ခုတွင် မော်လမြိုင်၌ ဖွားမြင်သည်။ အဖမှာ ဆရာဝန်ကြီး ဦးချစ်ထွန်း၊ အမိမှာ ဒေါ်သိန်းငွေ ဖြစ်၍ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြလေသည်။ ဝါလတာ ချစ်ထွန်းသည် ရှေးဦးစွာ ရန်ကုန်မြို့ စိန်ပေါကျောင်း၌ ပညာဆည်းပူးသည်။ ထို့နောက် ရန်ကုန်ကောလိပ်ကျောင်း၌ ပညာဆည်းပူးသည်။ ဤသို့ ကောလိပ်ကျောင်း၌ ပညာဆည်းပူးစဉ် တစ်နေ့သ၌ အင်္ဂလိပ်ရုပ်ရှင် ဇာတ်ကားတစ်ကားကို သွားရောက်ကြည့်ရှုသည်။ ထိုဇာတ်ကားထဲတွင် ကာယဗလသမား လူသန်ကြီး "မက်ဆစ်" ကို သူ တွေ့မြင်ခဲ့ရသည်။ ထိုအခါ သူသည် လွန်စွာ နှစ်သက်အားကျမိသည်။ သို့ဖြင့် အိမ်သို့ ပြန်အရောက်တွင် စာအုပ်ကိုဖတ်၍ အလေးမ လေ့ကျင့်ခန်းကို စတင် လေ့ကျင့်လေတော့သည်။ ဆန္ဒပြင်းပြင်း၊ ဇွဲသန်သန်နှင့် မှန်မှန်လေ့ကျင့်ရာ





မကြာမီပင် သူသည် ကိုယ်ကာယ သန်စွမ်းလာသည်။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း အချိုးအစား ကျနပြေပြစ် လှပလာလေသည်။

ထို့ကြောင့် ၁၉၁၇ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ရန်ကုန် ကောလိပ်ကျောင်း စစ်ရန်ပုံငွေ အလှူပွဲတွင် သူ၏ ကိုယ်ကာယအလှကို တက်ရောက် ပြသခဲ့သည်။ သူ၏ ကြွက်သားများကို အမျိုးမျိုး လှုပ်ရှား ပြသခဲ့သည်။ ဤသို့ ကိုယ်ကာယ အလှပြခြင်း၊ ကြွက်သား လှုပ်ရှားပြခြင်းမှာ မြန်မာလူမျိုးများ အနေဖြင့် ပထမဆုံးအကြိမ် ဖြစ်သည်။ မြင်တွေ့ရသော လူထုပရိသတ်မှာ နှစ်ထောင်အားရ ရှိကြသည်။ ချီးကျူးသြဘာ ပေးကြသည်။ တစ်မဟုတ်ချင်းပင် သူ၏ အမည်၊ သူ၏ ဂုဏ်သတင်း၊ ကိုယ်ကာယအလှလေ့ကျင့်မှု အတတ်ပညာတို့သည် မြန်မာနိုင်ငံ တစ်ဝန်းလုံး ကျော်စော ထင်ရှားသွားလေသည်။

ဝါလတာချစ်ထွန်းသည် ရန်ကုန် ကောလိပ်ကျောင်းမှ ဘီအက်စ် အောင်ပြီးသောအခါ အိန္ဒိယပြည် ကာလကတ္တား ဆေးကောလိပ်တွင် အစိုးရ အထောက်အပံ့ဖြင့် ဆရာဝန်အတတ်ကို သွားရောက် သင်ကြားသည်။ သို့ သင်ကြားစဉ် တစ်ဖက်ကလည်း အလေးမ လေ့ကျင့်ခန်းများကို ဆက်လက် လေ့ကျင့်သည်။ အိန္ဒိယပြည် ကာယဗလပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ကာယဗလပြပွဲများတွင် တက်ရောက် ပြသသည်။ သူ၏အမည်နှင့် သူ၏ ဂုဏ်သတင်းသည် အိန္ဒိယပြည်အနှံ့ ထင်ရှားခဲ့လေသည်။ သူ့အတွက် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများမှာလည်း အထူး ဂုဏ်တက်ခဲ့ပေသည်။

စင်စစ် သူသည် မြန်မာနိုင်ငံမှာထက် အိန္ဒိယပြည်၌ ပို၍ပင် ထင်ရှားကျော်စောလေသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယပြည်၌ ရှိစဉ် သူသည် အလေးမရာ၌ ကမ္ဘာ့စံချိန်ကို လည်းကောင်း၊ အင်္ဂလန်စံချိန်ကို လည်းကောင်း၊ ဘင်္ဂလားစံချိန်ကို လည်းကောင်း ချိုးနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် သူ၏ ကိုယ်ကာယအလှမှာ အိန္ဒိယပြည်ကသာမက ကမ္ဘာကပင် ချီးကျူးခြင်း ခံရလေသည်။ သူ၏ စွမ်းရည်နှင့် ပတ်သက်၍ ၁၉၃၆ ခု ဇူလိုင်လ ၄ ရက် နေ့ထုတ် သူရိယသတင်းစာ ၂၅ နှစ်မြောက် အထူးထုတ်တွင် တခမ်းတနား ဖော်ပြခဲ့သည်။

"ကမ္ဘာ့ချန်ပီယံ ဖြစ်ဖူးသော ကာယဗလ ဆရာဝန် ဦးချစ်ထွန်း" ဟူ၍ ခေါင်းစဉ်တပ်ကာ ဓာတ်ပုံများဖြင့် စေ့စေ့ဆာဆာ ဖော်ပြထားသည်မှာ လွန်စွာ အားရစဖွယ် ကောင်းလှပေသည်။ ထိုသတင်းဆောင်းပါးများတွင် အိန္ဒိယပြည်၌ ပညာဆည်းပူးနေစဉ် ဝါလတာချစ်ထွန်း၏ စွမ်းရည်၊ ဝါလတာ ချစ်ထွန်း၏ ကြိုးပမ်းမှုများနှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလကတ္တားၙ ရှိစဉ်က ဦးချစ်ထွန်းသည် ပေါင် ၁၉၀ ရှိသော အလေးကို ရှေးစံနစ်အရ မ နိုင်လေသည်။ ထို မ ခြင်းမှာ ဒုတိယအရစ်တွင် မေးစေ့အောက်မှ မ ရခြင်း ဖြစ်ကြောင်း၊ ပခုံးပေါ် ထိအောင်မူ ပေါင် ၃၀၀ မ ဖူး၏။

အံ့ဩ ချီးမွမ်းဖွယ်ကောင်းသော အချက်တစ်ရပ်ကား ဦးချစ်ထွန်းသည် 'ပူးလ်အိုဗာ' နှင့် 'ပွတ်(ရှ)အွန်ဘက်(ခ)' ခေါ် မ နည်းမျိုးတွင် ပေါင် ၃၃၀ မ နိုင်လေသည်။ ထိုအခါက ကမ္ဘာ့စံချိန်မှာ ပေါင် ၃၂၅ မျှသာ ဖြစ်၍ အမေရိကန်လူမျိုး ဂျော့အမ်ဂျိုဝက် ဆိုသော ပုဂ္ဂိုလ်၏ စံချိန် ဖြစ်ကြောင်း။

ဤစနစ်မျိုး အလေးမခြင်းမှာ ဦးချစ်ထွန်းသည် ကမ္ဘာ့စံချိန်ကို ချိုးနိုင်လေသည်။ (ဝါ) ကမ္ဘာ့ချန်ပီယံ ပင်တည်း။

မှတ်သားဖွယ် အချက်တစ်ရပ်မှာလည်း ထိပ်ဝ အကျယ် တစ်လက်မခွဲ ရှိ၍ ၂၂၅ ပေါင် လေးသော ဒမ်ဘယ်လ် ၂ ခုကို မ၍ ပြခြင်း ဖြစ်၏။ ကာလကတ္တားတွင် ဆေးကျောင်းသား အဖြစ်ဖြင့် ရှိနေစဉ်က ဦးချစ်ထွန်းသည် ဗြိတိသျှ အလေးမ အသင်းကြီးက ရွေးချယ်ထားသော မ နည်း ၄၂ မျိုး အားလုံးလိုလိုပင် မ ခဲ့ဖူး၏။ ယခု အလေး မ ကြသော ပုဂ္ဂိုလ်တို့မှာ များသောအားဖြင့် အိုလံပစ် မ နည်း ၃ မျိုးကို သာလျှင် မ လျက် ရှိနေကြကြောင်း။

၁၉၂၂ ခုနှစ်က အင်္ဂလန်ပြည်တွင် နာမည်ကျော်ကြားသော မစ္စတာ တီဒဗလျူကလပ်သည် ၂၅၂ ပေါင်ကို လက်နှစ်ဖက်ဖြင့် မ ၏။ ဦးချစ်ထွန်းသည် နာမည်ကျော်ကြားသော မစ္စတာ ဂိုဗီးယားနှင့် စကော့တလန် ပြည်သားများ၏ ရှေ့တွင် ၂၅၅ ပေါင်ကို မပြလိုက်သေး၏။ ဦးချစ်ထွန်းသည် အင်္ဂလိပ်စံချိန်ကို ချိုးလိုက်ပြန်၏။

မစ္စတာ ဂိုဗီးယားဆိုသော ပုဂ္ဂိုလ်ကြီးမှာ အလေးချိန် ၂၄၅ ပေါင် ရှိ၍ တစ်လက်မ သုံးမတ်ရှိသော လက်ကိုင်တပ်ထားသည့် သံလုံးကြီးရှိရာ ထိုပုဂ္ဂိုလ်ကြီးမှာ ပခုံးသို့ မည်သည့်အခါမျှ လွတ်အောင် မ မ နိုင်ချေ။ ထိုသံလုံးကြီးကို ဦးချစ်ထွန်း မ ပြလိုက်၏။ ချီးမွမ်းဖွယ်ပင်။

ဦးချစ်ထွန်းမှာ ၂၆၅ ပေါင် လေးသော "ဘလ်" ကြီးကို အလွယ်ကလေး မ နိုင်၏။ ထိုဘလ်ကြီးမှာ "ပလိတ်" ခေါ် သံပြားကြီး တစ်ခုနှင့် တစ်ခုမှာ လက်မ ၃၀ မျှသာ ဝေးကွာကြ၏။ ယခုမှ ၄၈ လက်မ ဝေးကွာအောင် ထားသဖြင့် မ ရန် ပိုမို မလွယ်ကူသည်ကို နှလုံးပြုကြရာ၏။





ဤပုဂ္ဂိုလ်ကြီး ကိုယ်ကာယမှာ ကမ္ဘာတစ်ဝန်းလုံးတွင် မည်သူနှင့် မဆို ယှဉ်ပြိုင်နိုင်၏။ ၎င်းကိုယ်ကာယကို ကမ္ဘာကျော် မက်ဖာဒင်က အံ့ဩ ချီးမွမ်းဖူးကြောင်း၊ ကြွက်သားများ လှုပ်ပြရာတွင် အင်္ဂလန်ပြည်တွင် မိုလ်စွဲနေသူထက် ပိုမို လှပ ကောင်းမွန်အောင် လှုပ်ပြနိုင်သည် ဟုလည်း မက်ဖာဒင်က ဝန်ခံရသေး၏။

ဆရာဝန် ဝါလတာချစ်ထွန်း၏ ကာယဗလ အကြောင်းနှင့် စပ်လျဉ်း၍ သေချာ စေ့စပ်အောင် ပြရမည်ဆိုလျှင် သတင်းစာ ကော်လံ လောက်တော့မည် မထင်။

ဦးချစ်ထွန်းမှာ ပကာသန လိုလားသူ မဟုတ်သဖြင့် အလေးမ ပြိုင်ပွဲများတွင် အလိုအလျောက် ဝင်ရောက်ပြသခြင်း မရှိပေ။ သို့ရာတွင် တစ်ခါက ဘင်္ဂလားချန်ပီယံ ဆံဒိုကြီး မစ္စတာ ဘင်းဘဝါနီက ၁၉၂၆ ခုနှစ်က "မိုလ် မထားဘူး၊ မိုလ်ရှိလျှင် ထွက်ခဲ့" ဟူသော ကြိမ်းဝါးခြင်း ပြုရာ ဝံသနွယ်လာ မျိုးမြန်မာအစစ် ဖြစ်သော ဦးချစ်ထွန်းမှာ ဇာတိမာန် ဇာတိသွေး၊ တဖွေးဖွေး တဖွပ်ဖွပ် ထကြွကာ မြန်မာ့သတ္တိ၊ မြန်မာ့စွမ်းရည်၊ မြန်မာ့ဂုဏ်ရည်ကို ပြဖို့ရာ အချက်ကောင်း ပေါ်လာပြီ ဖြစ်သဖြင့် ၎င်းဘင်္ဂလား ဆံဒိုကြီးနှင့် ဝင်ရောက် ယှဉ်ပြိုင်ရာ ကုလားကြီး လိမ့်သွားတော့၏။ အပြတ်အသတ် ရှုံးတော့၏။ ဤကား ကျွန်ုပ်တို့ ဂုဏ်ယူဖို့ပင် ဖြစ်၏။ ထို ဘင်းဘဝါနီ ဆိုသူမှာ ဧရာမလူကြီး ဖြစ်၍ ထိုသူ နာမကျန်း ဖြစ်စဉ်က ၎င်းကြီးမားသန်စွမ်း ဝလွန်လွန်းသဖြင့် ဆရာဝန်မှာ ၎င်း၏ နှလုံးခုန်ခြင်းကိုပင် နားထောင်၍ မကြားနိုင်ပေ။

ဦးချစ်ထွန်း၏ အံ့ဖွယ်သရဲ ပြသခြင်းတစ်ရပ်မှာ ပက်လက်လှန်၍ ခြေ ၂ ဖက်၊ လက် ၂ ဖက် မြှောက်ထားပြီး ပေါင် ၆၀ လေးသော သံပြားကြီးကို ခြေ ၂ ဖက်၊ လက် ၂ ဖက်ပေါ်တွင် တင်ထားပြီး ပေါင် ၁၂၀ လေးသော လူတစ်ယောက်အား ၎င်းသံပြားကြီးပေါ်တွင် တက်၍ ထိုင်စေခြင်း ဖြစ်ကြောင်း။

သဝိဉာဏက သက်ရှိသူကို မ ရခြင်းသည် အဝိဉာဏက သက်မဲ့ အရာဝတ္ထုကို မ ရခြင်းထက် များစွာ ပိုမိုခဲယဉ်းခြင်းကို နှလုံးပြုစေလိုကြောင်း၊ ၎င်းပြင် ခြေပေါ်တွင် ပျဉ်ပြားကိုတင်၍ ၎င်း ပျဉ်ပြားပေါ်တွင် လူ ၂ ယောက်ကို တက်၍ ထိုင်ပြစေခြင်းတို့မှာလည်း အံ့ဩဖွယ်ပင်။ ထိုမျှမကသေး၊ ဦးချစ်ထွန်းမှာ ကိုက် ၁၀၀၊ ကိုက် ၂၀၀ ပြေးပွဲများနှင့် တန်းခုန်ခြင်း အစရှိသော ကစားခုန်စားမှုများတွင် ကာလကတ္တားၙ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စွဲခဲ့သေး၏။ လက်ဖေ့သတ်ရာတွင်လည်း နာမည်ကြီးသူ တစ်ဦး ဖြစ်ကြောင်း။”

အထက်ပါအတိုင်းပင် ဒေါက်တာ ဝါလတာချစ်ထွန်း၏ အစွမ်းသတ္တိကို သူရိယသတင်းစာ၌ ချီးကျူး ဖော်ပြထားလေသည်။ မြန်မာများ အနေဖြင့် လွန်စွာ အားတက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပေသည်။

သူသည် ကမ္ဘာ့စံချိန်၊ အင်္ဂလန်စံချိန်၊ ဘင်္ဂလားစံချိန်တို့ကို ချိုးနိုင်သည် အထိ သန်စွမ်းသည့်နှင့်အမျှ သူ၏ ကိုယ်ကာယ အလှမှာလည်း လွန်စွာ အချိုးကျလှပေသည်။ လှပပြေပြစ် တင့်တယ်လှပေသည်။

သူ၏ ကိုယ်ကာယ အလှနှင့် ပတ်သက်၍ ကာလကတ္တားမြို့ထုတ် “အင်းဂလိ(ရှ)မင်း” အမည်ရှိ အင်္ဂလိပ်သတင်းစာ (၁၉၂၂ ခု၊ ဩဂုတ်လထုတ်) ၌ ဤသို့ ချီးကျူး ရေးသားခဲ့ဖူးလေသည်။

“သူ၏ ကိုယ်ကာယ အလှမှာ ဂရိတ်လူမျိုးများ ထုထားသော ကျောက်ရုပ်နှင့် တူလှပေ၏။ ထိုသို့ ကျောက်ရုပ်သဏ္ဍာန် လှပသူကား အသူနည်း။ ကာလကတ္တား ဆေးသိပ္ပံကျောင်းတွင် ပညာသင်ကြား နေသော မြန်မာလူမျိုး မစ္စတာ ချစ်ထွန်းပင် ဖြစ်ပေသည်။”

ဤသို့ ကိုယ်ကာယ လှပသဖြင့်လည်း ဗန္ဓုလရုပ်ရှင် ကုမ္ပဏီက သူ့ကို မောင်တင့်တယ်အဖြစ် သရုပ်ဆောင်စေလျက် “ပန်းပဲ မောင်တင့်တယ်” ဇာတ်ကားကို ရိုက်ကူးခဲ့လေသည်။ ဝါလတာချစ်ထွန်းသည် ၁၉၂၃ ခု၊ နွေရာသီ ကျောင်းပိတ်ရက်၌ ကာလကတ္တား ဆေးကောလိပ်မှ မြန်မာပြည်ရှိ မိဘများထံ ခေတ္တ ပြန်လာသည်။ ဤတွင် ဗန္ဓုလရုပ်ရှင်က သူ၏ ကိုယ်ကာယ အလှပြခန်းကို ရုပ်ရှင် သတင်းကား တစ်ပိုင်း ရိုက်ကူးသည်။ ဤသို့ ရိုက်ကူးရာမှ ဝါလတာ ချစ်ထွန်းကို “မောင်တင့်တယ်အဖြစ် ရိုက်ကူးရသော် ကောင်းလေစွ” ဟု အကြံ ရကာ ပန်းပဲ မောင်တင့်တယ် ဇာတ်ကားကို ရိုက်ကူးခြင်း ဖြစ်သည်။ ဒါရိုက်တာမှာ ပထမ၌ ဦးပါကြီး ဖြစ်သည်။ ကားမပြီးမီ ဦးပါကြီးနှင့် ဗန္ဓုလ ကုမ္ပဏီပိုင်ရှင်တို့ စကားများကြသဖြင့် ဒါရိုက်တာ ဦးမောင်ကြီးက ဆက်လက် ရိုက်ကူးရသည် ဆိုလေသည်။

ဒေါက်တာ ဝါလတာချစ်ထွန်းသည် အရပ်မြင့်မြင့်နှင့် ကိုယ့်ကာယ အချိုးအစား ကျနပြေပြစ်လှပသူ ဖြစ်သည်။ ၁၉၃၆ ခု၊ အသက် ၃၇ နှစ် အရွယ်တွင် သူ၏ ကိုယ်ကာယ အချိုးအစား အတိုင်းအတာမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| အရပ် | ၅ ပေ ၁၀ လက်မ |
| အလေးချိန် | ၁၂ စတုံခွဲမှ ၁၃ စတုံ |
| လက်မောင်း | ၁၇ လက်မ |
| လက်ဖျံ | ၁၄ လက်မ |
| လည်ပင်း | ၁၆ လက်မခွဲ |
| ရင်ဘတ်(ရိုးရိုး) | ၄၅ လက်မ |
| ရင်ဘတ်(အားပြုထားလျှင်) | ၄၈ လက်မခွဲ |
| ပေါင် | ၂၅ လက်မ |
| သလုံးသား | ၁၆ လက်မ |
| ခါး | ၃၂ လက်မ |






သူသည် ကာယဗလသမား အနေဖြင့် ထူးချွန်သကဲ့သို့ ဆရာဝန် တစ်ယောက် အနေဖြင့်လည်း ထူးချွန်သည်။ အထူးသဖြင့် စိတ်ရောဂါများကို ကုသနိုင်သည်။ ထို့ကြောင့် ရန်ကုန်မြို့ တံတားကလေး စိတ်ရောဂါ အထူးကုဆေးရုံ၌ ဆရာဝန် အဖြစ် အမှုထမ်းခဲ့သည်။

ဒေါက်တာ ဝါလတာချစ်ထွန်းသည် ၁၉၄၇ ခု နိုဝင်ဘာလ ၁၉ ရက်နေ့ (အသက် ၄၉ နှစ်အရွယ်) တွင် ကွယ်လွန်ရှာသည်။ နာဖျားမကျန်း ဖြစ်၍ ကွယ်လွန်သည်ကား မဟုတ်။ မော်တော်ဆိုင်ကယ် စီးသွားစဉ် မော်တော်ကားဖြင့်

မြန်မာ့ဂုဏ်ဆောင် ရုပ်အချိုးသား ဒေါက်တာ ဝါလတာ ချစ်ထွန်း။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ တိုက်မိကာ ကွယ်လွန်သွားရှာခြင်း ဖြစ်ပေသည်။ လွန်စွာ နှမြောဖွယ် ကောင်းလှပေသည် တကား။

*

ကျွန်တော်သည် သူ့ကို သူ မကွယ်လွန်မီ တစ်နှစ်အလို ၁၉၄၆ ခုနှစ်၌ တွေ့ခဲ့ဖူးသည်။ တွေ့သည်ဆိုရာ၌ သူ ကိုယ်ကာယအလှ ပြသည်ကို လည်းကောင်း၊ ကြွက်သားများ လှုပ်ရှားပြသည်ကို လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခြင်း ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် အိုင်၊ အေ အောက်တန်းတွင် ပညာဆည်းပူးနေသည်။ ဒေါက်တာ ဝါလတာချစ်ထွန်း၏ သမီးနှစ်ယောက်မှာလည်း တက္ကသိုလ်တွင် ပညာဆည်းပူး နေကြသည်။ တစ်နေ့တွင် ရန်ကုန်တက္ကသိုလ် လက်ဝှေ့အသင်းက လက်ဝှေ့ပြိုင်ပွဲ ကျင်းပသည်။ တကောင်း ကျောင်းဆောင်နှင့် ပြည်ကျောင်းဆောင်ရှေ့ မြက်ခင်းပြင်တွင် ကျင်းပသည်။ ထိုလက်ဝှေ့ပွဲ တစ်ဝက် ရပ်နားနေစဉ် ဒေါက်တာ ဝါလတာချစ်ထွန်းသည် စင်မြင့်ပေါ်သို့ တက်ကာ ကိုယ်ကာယ အလှနှင့် ကြွက်သားများ လှုပ်ရှားခြင်းကို ပြသလေသည်။ ထိုစဉ်က သူသည် အသက် ၄၈ နှစ်အရွယ် ရှိနေပြီ။ သို့ရာတွင် လွန်စွာ အရွယ်တင်၍ နုပျိုလှသည်။ အသက် ၃၅ နှစ်နှင့် ၄၀ ကြား အရွယ်လောက်ဟုသာ ထင်ရသည်။ ထိုအရွယ်တိုင်အောင် သူ၏ ကိုယ်ကာယအလှမှာ လှပတုန်းပင်။ တင့်တယ် ပြေပြစ်တုန်းပင်။ ကြွက်သားများမှာလည်း သန်မာ၍ အပြိုင်းပြိုင်း ထ ကာ အမျိုးမျိုး လှုပ်ရှားပြသနိုင်ဆဲပင်။ ကျွန်တော်တို့သည် သူ့ကို ကြည့်လျက် ရွှင်လန်း အားတက်မိကြသည်။ အံ့သြချီးကျူးမိကြသည်။ သတင်းကြားနှင့် အညီ စွမ်းပါပေသည်တကား ဟူ၍လည်း မြည်တမ်းကာ တစ်ခဲနက် သြဘာပေးခဲ့ကြလေသည်။

ယခုကား သူ မရှိတော့ပြီ။ သူ ကွယ်လွန်သည်မှာ အနှစ် ၂၀ ပင် ကျော်ခဲ့လေပြီ။ သို့ရာတွင် သူ့အမည်ကား မသေ။ သူ့ဂုဏ်သတင်းကား မပြယ်။ သူ့ကျေးဇူးကား မကွယ်။ ခေတ်အဆက်ဆက် ရှင်သန် တည်ရှိနေဦးမည်သာ ပင်။ ။

ဦးညိုပု

( ပထမ ရုပ်ရှင်မင်းသား )



www.burmeseclassic.com

www.burmeseclassic.com

မြန်မာရုပ်ရှင် သုတေသီများ၏ စစ်တမ်းအရ ၁၉၆၄ ခုတွင် မြန်မာနိုင်ငံ၌ ရုပ်ရှင်ကုမ္ပဏီပေါင်း ၁၅ ခု ရှိသည်။ ရုပ်ရှင် ထုတ်လုပ်သူပေါင်း ၉၆ ဦး ရှိသည်။ ရုပ်ရှင် စတူဒီယိုပေါင်း ၂၉ ခု ရှိသည်။ ရုပ်ရှင် ဒါရိုက်တာပေါင်း ၉၃ ဦး ရှိသည်။ ဇာတ်ညွှန်းရေးဆရာ ၂၅ ဦး ရှိသည်။ ဇာတ်ဆောင်မင်းသား ၆၄ ဦး ရှိသည်။ ဇာတ်ဆောင်မင်းသမီး ၇၄ ဦး ရှိသည်။ ဇာတ်ရံ အမျိုးသား ၂၉ ဦး ရှိသည်။ ဇာတ်ရံ အမျိုးသမီး ၂၃ ဦး ရှိသည်။ လူရွှင်တော် ၁၄ ဦး ရှိသည်။ ရုပ်ရှင် ဓာတ်ပုံဆရာ ၂၆ ဦး ရှိသည်။ အသံဖမ်း အသံသွင်းဆရာ ၁၂ ဦး ရှိသည်။ ကားကူး ကားဆေးဆရာ ၉ ဦး ရှိသည်။ လျှပ်စစ် စက်ဆရာ ၁၀ ဦး ရှိသည်။ ရုပ်ရှင်ကား တည်းဖြတ်သူ ၈ ဦး ရှိသည်။ စတူဒီယို လုပ်သားပေါင်း ၁၁၆ ဦး ရှိသည်။ အခြား လုပ်သားပေါင်း ၂၆ ဦး ရှိသည်။ ရုပ်ရှင်ရုံပေါင်း ၄၇၆ ရုံ ရှိသည်။ ထိုင်ခုံပေါင်း ၃၈၀,၈၀၈ ခုံ ရှိသည်။ တစ်နှစ်အတွင်း ရုပ်ရှင်ကြည့်သူပေါင်း ၁၅၆ သန်း ရှိသည်။ တစ်နှစ်အတွင်း (၁၉၆၄ ခု အတွင်း) ဇာတ်ကားပေါင်း ၆၅ ကား ပေါ်ထွက်လေသည်။

ဤစစ်တမ်းကို ကြည့်ပါက ရုပ်ရှင်ပညာနှင့် ရုပ်ရှင်လုပ်ငန်းသည် မြန်မာနိုင်ငံ၌ အခိုင်အခံ့ တည်ရှိပြီကို ကောင်းစွာ မြင်နိုင်ပေသည်။ ဤတွင် သည်ပညာ၊ သည်လုပ်ငန်းကို အစ ပြုခဲ့သူများကို ကျွန်တော်တို့ ပြန်လည် အမှတ်ရသင့်ပေသည်။ သူတို့၏ စွမ်းဆောင်မှုကို ဂုဏ်ပြုသင့်ပေသည်။

မြန်မာရုပ်ရှင် လောက၌ အမှတ်ရသင့်၊ ဂုဏ်ပြုသင့်သော ပုဂ္ဂိုလ်များအထဲတွင် ဦးညီပုသည် ထိပ်ဆုံးက ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဦးညီပုသည် ပထမဦးဆုံးသော မြန်မာရုပ်ရှင်မင်းသားအဖြစ် ရဲဝံ့စွာ တီထွင်စွန့်စား လုပ်ကိုင်၍ မြန်မာရုပ်ရှင် သမိုင်းအစမှ ပါဝင်ခဲ့သူ ဖြစ်သောကြောင့် ပင်တည်း။

*

၁၉၁၄–၁၅ ခု ပတ်ဝန်းကျင်တွင် ဦးအုန်းမောင်သည် လန်ဒန်အတ် ဓာတ်ပုံကူးတိုက်ကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၈ လမ်းထောင့် နေရာ၌ ဖွင့်လှစ်လိုက်သည်။ ထိုစဉ်က ဓာတ်ပုံကူးတိုက်ဟူ၍ နိုင်ငံခြားသားများပိုင် ဓာတ်ပုံကူး





တိုက်များသာ ရှိသည်။ ယင်းသို့သော အခြေအနေတွင် မြန်မာပိုင် ဓာတ်ပုံကူးတိုက် ဟူ၍ ထီးထီးမားမား ပေါ်လာရာ မြန်မာများက အားပေးကြသည်။ မိတ်ဆွေအများက ဓာတ်ပုံတိုက်သို့ ဝင်ထွက် သွားလာကြသည်။ ယင်းသို့ အားပေးဝင်ထွက်သွားလာသူတို့ အထဲတွင် "ကိုညီပု" ဆိုသော လူငယ်တစ်ယောက်လည်း ပါသည်။ ကိုညီပုသည် မြန်မာအဆွေ ကုမ္ပဏီပိုင်ရှင် ဦးဘညွန့်နှင့် ဒေါ်ငြိမ်းရှင်တို့၏ စတုတ္ထမြောက် သားဖြစ်သည်။ ထိုစဉ်က အသက် ၁၅ နှစ်သား အရွယ်ခန့်သာ ရှိသေး၍ ဟိုက်စကူးကျောင်း၌ ၇ တန်းတွင် ပညာဆည်းပူးလျက် ရှိသည်။ ကိုညီပုသည် ဓာတ်ပုံပညာကို အလွန် ဝါသနာပါသဖြင့် အစ်ကိုဖြစ်သူနှင့် အတူ ဦးအုန်းမောင်၏ ဓာတ်ပုံတိုက်သို့ အလည်အပတ် သွားရောက်လေ့ ရှိသည်။ ဓာတ်ပုံ ရိုက်ကူးသည်ကို လေ့လာမှတ်သား ကြည့်ရှုလေ့ရှိသည်။ ဦးအုန်းမောင်နှင့် ခင်မင်ရင်းနှီးစွာ စကားစမြည် ပြောလေ့ရှိသည်။ ယင်းသို့ စကားစမြည် ပြောရာမှ ဦးအုန်းမောင်က ဓာတ်ပုံမျှဖြင့် မကျေနပ်နိုင်၊ မြန်မာရုပ်ရှင်ဟူ၍ ပေါ်ထွန်းလာအောင် ကြိုးပမ်း ရိုက်ကူးမည် ဆိုသောအခါ ကိုညီပုက ဝမ်းမြောက်ဝမ်းသာ အားပေးသည်။ မိမိလည်း မြန်မာရုပ်ရှင် ပေါ်ထွန်းလာအောင် ကြိုးပမ်းလိုသူဖြစ်သည်။ ယခုကဲ့သို့ ဦးအုန်းမောင်က ကြိုးပမ်းမည် ဆိုသောအခါ မိမိကလည်း အစွမ်းကုန် ကူညီပါမည် ဟူ၍ ပြောဆို ကတိပေးလေသည်။

သို့ဖြင့် ၁၉၁၈ ခုနှစ်သို့ ရောက်လာသည်။ ကိုညီပုသည်လည်း အသက် ၁၈ နှစ်အရွယ် ရောက်လာသည်။ အထက်တန်းကျောင်းသား ဖြစ်လာသည်။ ထိုအချိန်၌ ရုပ်ရှင်ရိုက်ကူးရန် မနားမနေ ကြိုးပမ်းနေသော ဦးအုန်းမောင်၌ ရုပ်ရှင်ပစ္စည်းကိရိယာ အတော်ပင် စုဆောင်းမိနေပြီ။ ရုပ်ရှင် ရိုက်ကူးနိုင်သော အဆင့်သို့ ရောက်နေပြီ။ သို့ဖြင့် ဦးအုန်းမောင်သည် ကိုညီပုနှင့် တိုင်ပင်ကာ ဆရာ ပီမိုးနင်း၏ "မေတ္တာနှင့်သူရာ" ဝတ္ထုဇာတ်လမ်းကို ရုပ်ရှင်ရိုက်ရန် စိစဉ်သည်။ ရုပ်ရှင် ဇာတ်လမ်းကား ရပါပြီ။ မင်းသားကား အဘယ်မှာနည်း။ ဦးအုန်းမောင်၏ မျက်စိထဲတွင် မင်းသားအဖြစ် အခြားသူကို မမြင်၊ ကိုညီပုကိုသာ မြင်နေသည်။ ကိုညီပု၏ ရုပ်ရည်၊ ကိုညီပု၏ ဝါသနာ၊ ကိုညီပု၏ စိတ်ဓာတ်တို့ကို ဦးအုန်းမောင်က နှစ်သက်မဆုံး ဖြစ်နေသည်။ ထို့ကြောင့် 'မောင်ညီပု.... ဘယ့်နှယ်လဲ၊ မင်းသားလုပ်မလား' ဟု မေးလိုက်သည်။ ကိုညီပုက ခေါင်းကလေး ယမ်းလိုက်သဖြင့် ဦးအုန်းမောင်မှာ စိတ်အားလျော့သွားသည်။ 'တကယ် မလုပ်ချင်ဘူးလားကွယ်' ဟူ၍ ဦးအုန်းမောင်က လျှာလေးကြီးနှင့် ထပ်မေးလိုက်သည်တွင် ကိုညီပုက 'ဟာ လုပ်မှာပေါ့ ခင်ဗျာ' ဟူ၍ ပြုံးဖြဲဖြဲနှင့် ပြောလိုက်ရာ၊ ဦးအုန်းမောင်မှာ ဆွေ့ဆွေ့ခုန်မျှ ထ က ရတော့မလောက် ဝမ်းသာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ်၌ ရုပ်ရှင်မင်းသား ဆိုလျှင် သူသူငါငါ လုပ်ချင်နေကြပြီ။ ထိုခေတ်ကမူ ပထမဦးဆုံးသော မင်းသားအဖြစ် တီထွင် လုပ်ကိုင်ရမည် ဖြစ်သဖြင့် တော်တော့်လူ မလုပ်ဝံ့။ ကိုညီပုသာလျှင် ဝါသနာလည်း ပါ၊ မြန်မာရုပ်ရှင် ပေါ်ထွန်းစေလိုသော ဆန္ဒလည်း ရှိသဖြင့် ရဲဝံ့စွာ စွန့်စားလုပ်ကိုင်ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ကိုညီပု၏ မိဘများ သိလျှင် ကန့်ကွက်နေမည် စိုးသဖြင့် လျှို့ဝှက်စွာ တိတ်တဆိတ် ရိုက်ကူးရန် လည်းကောင်း၊ ကျောင်းတက်နေရသဖြင့် စနေ၊ တနင်္ဂနွေ နေ့များ၌သာ ရိုက်ကူးရန် လည်းကောင်း စီစဉ်ကြသည်။

မင်းသားအတွက်ကား စိတ်အေးရပါပြီ။ သို့ရာတွင် မင်းသမီး အဘယ် မှာနည်း၊ လူကြမ်း အဘယ်မှာနည်း။ ဦးအုန်းမောင် အခက်တွေ့ပြန်သည်။ ဤတွင် အပေါင်းအသင်း အဆက်အသွယ်ကောင်းသော ကိုညီပုက မင်းသမီးနေရာမှ ပါဝင်ရန် ကြည့်မြင်တိုင်သူ မရီကို ခေါ်လာသည်။ လူကြမ်း နေရာမှ ပါဝင်ရန် ပညာ့အလင်း သတင်းစာတိုက် မန်နေဂျင်းအယ်ဒီတာ ဦးပုကို ခေါ်လာသည်။ (နောင်အခါ ဦးပုသည် ဒါရိုက်တာ ဦးတုတ်ကြီး ဖြစ်လာသည်။) ဘောသမား မောင်မောင်ချစ်ကိုလည်း ခေါ်လာသည်။ ဤသို့ဖြင့် ပထမဦးဆုံးသော ဇာတ်လမ်းပါ မြန်မာရုပ်ရှင်ကား "မေတ္တာနှင့်သူရာ" ကို စတင် ရိုက်ကူးနိုင်လေသည်။ ရိုက်ကူးရာ၌ မရီအတွက် သရုပ်ဆောင်ခငွေ အပြီးအငြိမ်း ၃ဝိ ပေးရသည်။ ကိုညီပုနှင့် အခြားသူများကမူ တစ်ပြားတစ်ချပ်မှ မယူ၊ အပျော်တမ်း ပါဝင် သရုပ်ဆောင်ကြခြင်း ဖြစ်ပေသည်။

"မေတ္တာနှင့် သူရာ" ဇာတ်ကားသည် အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ပြီးနောက် ၁၉၂၁ ခုတွင် လူထုရှေ့မှောက်သို့ ရောက်လာခဲ့လေသည်။ ဤဇာတ်ကားနှင့် အတူ ပထမ ရုပ်ရှင်မင်းသား ကိုညီပုသည်လည်း လူထုရှေ့မှောက်သို့ ရောက်လာခဲ့လေသည်။ တစ်ချိန်တည်းပင် လူထု၏ ချီးကျူး ဩဘာပေးခြင်းကိုလည်း ခံခဲ့ရပေသည်။

ဦးအုန်းမောင်သည် "မေတ္တာနှင့် သူရာ" ရိုက်ကူးပြီးနောက် ဒုတိယ ခြေလှမ်း အနေဖြင့် "ကျေးတောသူ မနု" ဇာတ်ကားကို ရိုက်ကူးသည်။ ထိုဇာတ်ကားတွင်လည်း မင်းသားအဖြစ် ကိုညီပုပင် ပါဝင်သည်။ ပထမ ဇာတ်ကားမှာ ကဲ့သို့ပင် သရုပ်ဆောင်ခ မယူခဲ့ပေ။ ပထမတစ်ကား ရိုက်ပြီးနောက် မရီသည် ရုပ်ရှင်လောကကို စွန့်ခွာသွားသဖြင့် မင်းသမီး လိုလာပြန်သည်။ ဤတွင် ကိုညီပုကပင် မငွေမြိုင်ကို ခေါ်လာသည်။ မငွေမြိုင်ကား အခြားသူ မဟုတ်။ နောင်အခါ ရုပ်ရှင်မင်းသမီးကြီး ခင်ခင်နုအဖြစ် ထင်ရှားလာသော အနုပညာရှင် အမျိုးသမီး ဖြစ်ပေသည်။





ဤ "ကျေးတောသူ မနု" ဇာတ်ကား မရိုက်ကူးမီ မြန်မာနိုင်ငံရေး သမိုင်း၌ ထင်ရှားလှသည့် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး ပေါ်ခဲ့သည်။ ဤကျောင်းသား သပိတ်ကြီးတွင် ၁၀ တန်းကျောင်းသား ကိုညီပုသည် အထက်တန်းကျောင်းမှ သပိတ်မှောက် ကျောင်းသားခေါင်းဆောင် တစ်ဦးအဖြစ်၊ရှေ့တန်းက ပါဝင်ခဲ့သည်။ ယင်းသို့ ပါဝင်ရာမှ သပိတ်အရေး ပြီးဆုံးသောအခါ ကျောင်းပြန် မသွားတော့၊ တစ်ခါတည်း နုတ်ထွက်လိုက်သည်။ ဤသို့ ကျောင်းမှ နုတ်ထွက်ပြီးနောက် "ကျေးတောသူ မနု" ဇာတ်ကားတွင် ပါဝင်ခြင်း ဖြစ်သည်။ "ကျေးတောသူ မနု" ဇာတ်ကား ရုံတင် ပြသောအခါ "ကိုညီပုနှင့် ခင်ခင်နု" စုံတွဲသည် ပရိသတ် အသည်းစွဲ ဖြစ်သွားပေသည်။

ထိုနောက် ကိုညီပုသည် မိဘများ၏ တိုက်တွန်းချက်အရ အင်္ဂလန် နိုင်ငံသို့ ကူးသန်းရောင်းဝယ်ရေးပညာ သွားရောက် သင်ယူရန် စီစဉ်သည်။ မသွားမီ ပညာအခြေခံ ကောင်းရန် မော်လမြိုင်မြို့ ပညာဝန်ထောက် မစ္စတာ ဝါဒါစပွန်ထံ သွားရောက်ကာ တစ်လ ၂၅ဝိ ပေး၍ ပညာဆည်းပူးသည်။ ထိုနောက် ရန်ကုန် ပြန်ရောက်လာကာ အင်္ဂလန်သို့သွားရန် ပြင်ဆင်သည်။ ဤအတွင်း ဦးအုန်းမောင်သည် "တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှ ပေါ်" ဇာတ်ကား ရိုက်ကူးရင်း ငွေကြေး အခက်အခဲ တွေ့နေသဖြင့် ကိုညီပုက ငွေအား လူအားဖြင့် ဝင်ရောက် ကူညီသည်။ ယင်းသို့ ကူညီရင်း အင်္ဂလန် မသွားမီ မိမိကိုယ်တိုင် ဒါရိုက်တာလုပ်၍ ဇာတ်ကား တစ်ကား ရိုက်ကူးလိုသော ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ဖြင့် ဦးအုန်းမောင်၏ ခွင့်ပြုချက်အရ "တောမြိုင်စွန်းက လွမ်းအောင်ဖန်" ဇာတ်ကားကို ရိုက်ကူးသည်။ ရိုက်ကူးရာ၌ ကိုယ်တိုင် ဒါရိုက်တာ၊ ကိုယ်တိုင် မင်းသား လုပ်သည်။ ခင်ခင်နုနှင့် တွဲသည်။ ပြင်ဦးလွင်သို့ တက်၍ ရိုက်ကူးရာ တစ်နှစ်ခွဲ ကြာသည်။ ကြာသည်နှင့် အမျှ အထူးအောင်မြင်သည်။ ဤဇာတ်ကားတွင် "မောင်ဘဋ္ဌေး" အမည်ဖြင့် ပါဝင်ရာ၊ မောင်ဘဋ္ဌေး အမည်သည် တစ်နိုင်ငံလုံး ဟိုးလေးတကျော် ဖြစ်သွား သည်။ မောင်ဘဋ္ဌေး၏ အမူအရာ၊ မောင်ဘဋ္ဌေး၏ အပြောအဆို၊ မောင်ဘဋ္ဌေး၏ အဆင်အပြင်တို့ကို ပရိသတ်က နှစ်သက်မဆုံး ရှိကြသည်။ မောင်ဘဋ္ဌေး ဆံတောက်ပုံစံကို အတုယူ ညှပ်ကြသဖြင့် "မောင်ဘဋ္ဌေး ဆံတောက်" ဟူ၍ပင် ပေါ်ခဲ့သေးသည်။

ဤဇာတ်ကား ရိုက်ကူးပြီးနောက်၊ဦးအုန်းမောင်တို့ ဘားမားဖလင် ကုမ္ပဏီမှာ အစုစပ်လုပ်ငန်းများနှင့် ပတ်သက်၍ ပြဿနာများ ပေါ်လာသည်။ ဤတွင် လူရင်းဖြစ်သော ကိုညီပုအား ပြဿနာများကို ဖြေရှင်းပေးရန် ထိုးအပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကိုညီပုသည် အင်္ဂလန်သို့ သွားမည့် အစီအစဉ်ကို ဖျက်လိုက်ကာ ရုပ်ရှင်နယ်ထဲသို့ ခြေစုံပစ်၍ ဝင်ခဲ့ပေသည်။

*

ရုပ်ရှင်မင်းသားအဖြစ် ဦးညီပု သရုပ်ဆောင် ပါဝင်ခဲ့သော ဇာတ်ကားပေါင်းမှာ စုစုပေါင်း ၉ ကား ရှိသည်။ ယင်းတို့မှာ မေတ္တာနှင့်သူရာ (၁၉၂၁)၊ ကျေးတောသူမနှ (၁၉၂၁)၊ တောမြိုင်ဇွန်းက လွမ်းအောင်ဖန် (၁၉၂၃)၊ တစ်နိုင်လုံးရွှေ (ဇာတ်ရုံနေရာမှ ပါဝင်သည်) (၁၉၂၄)၊ မှိုင်းဝေဝေ (၁၉၂၅)၊ ဆုထူးပန် (၁၉၂၉)၊ မြိုင်နန်းစံ (၁၉၂၉)၊ ရွှေနှင်းဆီ (၁၉၃၁)၊ ဂျပန့်ရင်သွေး (၁၉၃၅) ဇာတ်ကားများဖြစ်သည်။ ယင်းတို့အနက် မှိုင်းဝေဝေ ဇာတ်ကားသည် မြန်မာရုပ်ရှင် သမိုင်းတွင် ဒုတိယ ပေအရှည်ဆုံး ဇာတ်ကား ဖြစ်သည်။ ပထမ ပေအရှည်ဆုံး ဇာတ်ကားမှာ ဦးအုန်းမောင် ရိုက်ကူးသော "ရတနာပုံ" ဇာတ်ကား ဖြစ်သည်။ ပေ ၄၉,၀၀၀ ရှည်၍ ၄၉ ပိုင်း ရှိသည်။ မှိုင်းဝေဝေမှာ ပေ ၄၈,၀၀၀ ရှည်၍ ၄၈ ပိုင်း ရှိသည်။ ယင်းတို့ကို ရုံတင် ပြသရာ၌ ပထမအပတ်တွင် ပထမ ၈ ပိုင်း၊ ဒုတိယအပတ်တွင် ဒုတိယ ၈ ပိုင်း စသည်ဖြင့် ၈ ပိုင်းစီ ခွဲ၍ အခန်းဆက် တင်ပြရသည်။ မှိုင်းဝေဝေ ဇာတ်ကားကို ဦးညီပုသည် ကိုယ်တိုင် ပါဝင်ရုံမက၊ ကိုယ်တိုင် ဒါရိုက်တာ လုပ်၍လည်း ရိုက်ကူးသည်။ ၃ နှစ်ကြာ ရိုက်ကူးခဲ့သည်။ အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ဆောင်းတွင်းပုံပြင် ပြဇာတ် ( A Winter's Tale ) ကို မှီး၍ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ဝတ္ထုဇာတ်လမ်း ရေးစေကာ ရိုက်ကူးသော ဇာတ်ကား ဖြစ်သည်။ အဆင့်အတန်းမြင့်၍ အနုပညာ မြောက်လှသည်။ လူထုကလည်း လက်ခံအားပေး ကြည့်ရှုကြသည်။ ဦးညီပုက သူရိုက်သော ဇာတ်ကားများကို လူထုက လက်ခံအားပေး ကြည့်ရှုကြသော်လည်း သူ့အနေဖြင့် တစ်ခုခု ချို့တဲ့ချက် ရှိနေသေးသည်ဟု ယူဆကာ စိတ်တိုင်းကျမဖြစ်ခဲ့သေးပါ။ "မှိုင်းဝေဝေ" ဇာတ်ကားကိုမူ ရိုက်သမျှ ကားများထဲတွင် အတော်အတန် စိတ်တိုင်းကျ ဖြစ်ခဲ့ပါသည်ဟု ဆိုခဲ့ဖူးလေသည်။

အသက် ၆၅ နှစ်အရွယ် ဦးညီပုနှင့် ဇနီး (ဒေါ်စန်းရင်)၊ သမီး၊ သား၊ မြေးများ။



"ဆုထူးပန်" ဇာတ်ကားသည်လည်း ဦးညီပု၏ လက်ရာမြောက်သော ဇာတ်ကားတစ်ကား ဖြစ်သည်။ ထိုကားကို ကိုယ်တိုင် ဒါရိုက်တာ၊ ကိုယ်တိုင် မင်းသားလုပ်၍ ပါဝင်သည်။ မင်းသမီးမှာ ခင်ခင်နု ဖြစ်သည်။ ထိုစဉ်က မြန်မာရုပ်ရှင်လောကတွင် အဆင့်အတန်း အမြင့်ဆုံး ဇာတ်ကားတစ်ကားဖြစ်သည်ဟူ၍ ချီးကျူးခံရသည်။ ယင်းကို အင်္ဂလန်သို့ပင် တင်ပို့ ပြသခဲ့သည်။ ထိုအချိန်၌ မြန်မာအသံထွက် ဇာတ်ကားများ မပေါ်သေး။ ဆုထူးပန် ဇာတ်ကားသည် အသံတိတ်ကားပင် ဖြစ်သည်။ ဤတွင် ဤဇာတ်ကားကို အင်္ဂလန်၌ ပြရာတွင် တူရိယာ သံစုံသွင်း၍ လည်းကောင်း၊ ဇာတ်လမ်းကို (ယခုခေတ် သတင်းကားများ ကဲ့သို့) အင်္ဂလိပ်ဘာသာဖြင့် တောက်လျှောက် အသေးစိတ် ပြောပြ၍လည်းကောင်း ပြသည်ဟု ဆို၏။ အနောက်တိုင်းသို့ တင်ပို့ပြသသော မြန်မာဇာတ်ကားများအနက် "ဆုထူးပန်" သည် ပထမဦးဆုံးသော ဇာတ်ကား ဖြစ်၏။ ဤတွင် မြန်မာ ရုပ်ရှင်မင်းသားများထဲတွင် ဦးညီပုသည် အနောက်တိုင်း လူထုရှေ့မှောက်သို့ ပထမဆုံးအကြိမ် ရောက်ခဲ့သော မင်းသားဖြစ်သည်ဟု ဆိုရပေမည်။

ဦးညီပု ထူးခြားစွာ ပါဝင် သရုပ်ဆောင်ခဲ့သော ဇာတ်ကားမှာ "ဂျပန့်ရင်သွေး" ဇာတ်ကား ဖြစ်သည်။

၁၉၃၄ ခု မေလတွင် ဦးညီပုသည် ညီဖြစ်သူ ဦးတင်ဖေ (ဦးမောင်မောင်စိုး) နှင့် အတူ ရုပ်ရှင်လုပ်ငန်းများကို လေ့လာရန် ဂျပန်ပြည်သို့ သွားသည်။ ဂျပန်ပြည်၌ မြင်တွေ့ရသော ရှုခင်းများကို "လေးလရာသီ ဂျပန်ပြည်" ဟူ၍ အမည်ပေးကာ ရိုက်ကူးခဲ့သည်။ ထို့နောက် လက်တွေ့ပညာရစေရန် ဂျပန် ရုပ်ရှင်ပညာရှင်များနှင့် ပူးပေါင်းကာ ဂျပန်ပြည်၌ပင် ရုပ်ရှင် ဇာတ်ကားတစ်ကား ရိုက်ကူးသည်။ ယင်းကားမှာ "ဂျပန့်ရင်သွေး" ဇာတ်ကား ဖြစ်သည်။ မင်းသားအဖြစ် ကိုညီပု၊ မင်းသမီးအဖြစ် နာမည်ကျော် ဂျပန် ရုပ်ရှင်မင်းသမီး ဧမိစံတို့ ပါဝင်သည်။ ညီဖြစ်သူ မောင်မောင်စိုးလည်း ပါဝင်သည်။

ဇာတ်လမ်းမှာ မြန်မာ ယောက်ျားပျိုကလေးနှင့် ဂျပန် မိန်းမပျို

www.burmeseclassic.com



ကလေးတို့၏ အချစ်ဇာတ်လမ်း ဖြစ်သည်။ တစ်နေ့သောအခါ ကောင်းကင်ယံတွင် စွန့်စားပြလိုသော မြန်မာလူငယ် ညီအစ်ကို ၂ ယောက်သည် ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်လာသည်။ သူတို့ ၂ ဦးသည် တိုကျိုမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် မနားတမ်း တောက်လျှောက် စွန့်စား ပျံသန်းရန် ရည်ရွယ်ချက်ဖြင့် ရောက်လာခြင်း ဖြစ်သည်။ ယင်းသို့ စွန့်စား ပျံသန်းရန် သူတို့ ၂ ဦးသည် ဂျပန်ပြည်၌ အစမ်း လေ့ကျင့် ပျံသန်းကြသည်။ တစ်နေ့ လေ့ကျင့် ပျံသန်းစဉ် လေယာဉ် စက်ချွတ်ယွင်းသဖြင့် တစ်နေရာသို့ ထိုးချလိုက်ရသည်။ လေယာဉ်မှာ ပျက်စီးသွားသော်လည်း ညီအစ်ကို ၂ ဦးမှာ အသက်ဘေးမှ ချမ်းသာရာ ရခဲ့သည်။ သူတို့ ၂ ဦးကို ဂျပန် မိန်းမပျိုကလေး "ဇမိစံ"က ပြုစု စောင့်ရှောက်ထားသည်။ မကြာမီ အစ်ကို (ဦးညိုပု) နှင့် ဇမိစံတို့ မေတ္တာမျှမိကြသည်။ ဤတွင် အစ်ကိုသည် မိမိတို့ လာရင်းအကြံ ဖြစ်သည့် ကောင်းကင်ယံ စွန့်စားခြင်း အလုပ်ကို စွန့်ကာ ဇမိစံအနားမှ တစ်ဖဝါးမှ မခွာဘဲ နေလေသည်။ ဤတွင် ဇမိစံက အနစ်နာခံလျက် ညီအစ်ကို နှစ်ဦး၏ ရည်ရွယ်ချက်အကြံ အောင်မြင်စေရန် ဖန်တီးပေးခဲ့သည်။ သို့ဖြင့် ညီအစ်ကို ၂ ဦးသည် ကောင်းကင်ယံ စွန့်စားခြင်းကို အောင်မြင်စွာပြုကာ မြန်မာနိုင်ငံသို့ ချောမောစွာ ပြန်ရောက်သွားကြလေသည်။ ထိုအချိန်တွင် ချစ်သူ၏ အောင်မြင်မှု သတင်းကို ကြားသိရင်း ဇမိစံသည် လွမ်းဖျား လွမ်းနာကျ၍ ကွယ်လွန်သွားရှာလေသည်။

ဤကား "ဂျပန့်ရင်သွေး" ဇာတ်ကား ဇာတ်လမ်းအကျဉ်း ဖြစ်သည်။

"မှိုင်းဝေဝေ" ဇာတ်ကားမှ ဦးညိုပု၏ အမူအရာ။





အသံထွက်ကား ဖြစ်သည်။ ယင်းကို ၁၉၃၅ ခုတွင် ဂျပန်၊ ယိုးဒယား၊ မြန်မာ နိုင်ငံတို့၌ ပြသခဲ့ပေသည်။

ဦးညိုပုသည် ဂျပန်ပြည်၌ ရုပ်ရှင်ပညာရပ်များကို လေ့လာ ဆည်းပူးစဉ် ဂျပန် အမျိုးသမီးကလေး တစ်ဦးနှင့် တွေ့ဆုံ မေတ္တာမျှခဲ့သည်။ သူတို့ တွေ့ဆုံ မေတ္တာမျှကြပုံမှာလည်း ရုပ်ရှင်ဆန်သည်။ ဂျပန် အမျိုးသမီးကလေး ၏ အမည်မှာ တကာကို ဆူဇကီး ဖြစ်သည်။ ရုပ်ရည် လှပချောမွေ့၍ အသက် ၁၈ နှစ်ခန့် အရွယ်သာ ရှိသေးသည်။ တကာကိုသည် ကြွယ်ဝချမ်းသာသော အင်ဂျင်နီယာတစ်ဦး၏ သမီး ဖြစ်သည်။ တစ်နေ့တွင် အဒေါ်လုပ်သူက တကာကို အား သူဌေးတစ်ယောက်နှင့် လက်ထပ်ပေးစားမည် ပြုသည်။ တကာကိုသည် ထိုသူဌေးကို လုံးဝ မေတ္တာမရှိ။ ထို့ကြောင့် နေအိမ်မှ တိတ်တဆိတ် ထွက်ပြေးလာပြီး ဟိုတယ်တစ်ခုတွင် ငွေကိုင် စာရေးမလေး လာလုပ်နေသည်။ ထို ဟိုတယ်သို့ ဦးညိုပု သွားရောက်တည်းခိုရာမှ တကာကိုနှင့် တွေ့ဆုံကာ မေတ္တာမျှခဲ့ခြင်း ဖြစ်သည်။ ချက်ချင်းပင် ဦးညိုပုသည် တကာကို၏ မိဘများကို ခွင့်ပန်ကာ ဂျပန်ပြည်၌ လက်ထပ်ထိမ်းမြားခဲ့လေသည်။ လက်ထပ်ချိန်၌ ဦးညိုပုသည် အသက် ၃၅ နှစ်အရွယ် ရှိလေသည်။ လက်ထပ်ပြီးလျှင်ပင် တကာကိုက "ဒေါ်စန်းရင်" အမည်ကို ခံယူသည်။ ထိုနောက် သူတို့ ၂ ဦး မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြလေသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဦးညိုပုသည် ရုပ်ရှင်မင်းသားအဖြစ် လုံးဝ ပါဝင်ခြင်း မပြုတော့ပေ။ "ဂျပန့်ရင်သွေး" ဇာတ်ကားသည် သူနောက်ဆုံး ပါဝင်ခဲ့သော ဇာတ်ကားပင်တည်း။ သို့ရာတွင် ဖခင်၏ အေမွ်း

ဒါရိုက်တာ ဦးညိုပု ကိုယ်တိုင် ပါဝင်ရိုက်ကူးသော "ဆုထူးပန်" ဇာတ်ကား(၁၉၂၈)မှ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကုမ္ပဏီကို အုပ်ချုပ်လုပ်ကိုင်ကာ ရုပ်ရှင် ထုတ်လုပ်သူအဖြစ် လည်းကောင်း၊ ဒါရိုက်တာအဖြစ် လည်းကောင်း အခွင့်သင့်သလို ဆောင်ရွက်ခဲ့ပေသည်။

ယနေ့အထိ ဦးညီပု ဒါရိုက်တာအဖြစ် ဆောင်ရွက် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ ကားပေါင်း ၂၀ ရှိသည်။ ယင်းတို့မှာ တောမြိုင်ဇွန်းက လွမ်းအောင်ဖန် (၁၉၂၃)၊ ကျားသစ်မယ် (၁၉၂၃)၊ တစ်ခိုင်လုံးရွှေ (၁၉၂၄)၊ မှိုင်းဝေဝေ (၁၉၂၅)၊ ပလုတ်တုတ်တုတ် (၁၉၂၅)၊ ရွှေမင်းဝံ (၁၉၂၆)၊ မြတဘက် (၁၉၂၇)၊ မြအေးယဉ် (၁၉၂၇)၊ ဆုထူးပန် (၁၉၂၉)၊ မြိုင်နန်းစံ (၁၉၂၉)၊ ရွှေနှင်းဆီ (၁၉၃၁)၊ သမိုင်းညွန့်ပေါင်း (၁၉၃၂)၊ ချစ်ရေစင် (၁၉၃၄)၊ သံခမောက် (၁၉၃၅)၊ စမ်းရေယဉ် (၁၉၃၆)၊ ချစ်သူယောင် (၁၉၃၈)၊ ပန်သစ္စာ (၁၉၅၃)၊ ချစ်သံသရာ (၁၉၅၆–၅၇)၊ “၅၂၈” (၁၉၅၆–၅၇)၊ နန်းထက်က ပန်းတစ်ခက် (၁၉၆၂) ဇာတ်ကားတို့ ဖြစ်သည်။

၁၉၅၃ ခုတွင် ဦးညီပုသည် အေဝမ်း ရုပ်ရှင်ကုမ္ပဏီမှ ခွဲထွက်ပြီးလျှင် ကိုယ်ပိုင် မဟာဝိဇ္ဇာမိုရ်ဖလင်း ကုမ္ပဏီကို တည်ထောင် လုပ်ကိုင်သည်။ ဒါရိုက်တာ လုပ်ငန်းထက် စက်မှုလုပ်ငန်းဘက်ကို အားသွန်ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည်။

ဦးညီပုသည် ၁၉၀၀ ပြည့်နှစ်တွင် ဖွားမြင်သည်။ ပြည်မြို့ဇာတိ ဖြစ်သည်။ ဦးညီပု အပါအဝင် ညီအစ်ကို မောင်နှမ ၉ ယောက်ရှိသည်။ ယင်းတို့မှာ ဒေါ်မြခင်၊ ဦးတင်နွယ်၊ ဒေါ်ခင်ခင်၊ ဦးညီပု၊ ဒေါ်ခင်ညွန့်၊ ဦးတင်ဖေ (ဦးမောင်မောင်စိုး)၊ ဒေါ်ခင်ရီ၊ ဦးတင်မောင်၊ ဒေါ်ခင်ထွေးတို့ ဖြစ်သည်။

ယနေ့ ဦးညီပုသည် အသက် ၆၈ နှစ်အရွယ် ရှိပြီ။ ဇနီး ဒေါ်စန်းရင်၊ သား ၃ ယောက်၊ သမီး ၂ ယောက်၊ မြေးငယ်တို့နှင့်အတူ ကုက္ကိုင်းလမ်း နေအိမ်၌ အေးချမ်းစွာ နေထိုင်လျက် ရှိသည်။

ဦးညီပုသည် ဇရာပိုင်းသို့ ရောက်လာသော်လည်း အရွယ်တင်တုန်းပင်၊ ဖျတ်လတ် သွက်လက်တုန်းပင်၊ အနားမယူဘဲ ရုပ်ရှင်လုပ်ငန်းကို ကြိုးပမ်း ဆောင်ရွက်တုန်းပင်။ ။

## ဦးဘဂျမ်း

( ပထမ ကာတွန်းရုပ်ရှင်ဆရာ )



www.burmeseclassic.com

ကာတွန်း ဦးဘဂျမ်းကို ကျွန်တော် လူချင်း မသိကျွမ်းခဲ့ပေ။ တစ်ကြိမ်သာ မြင်ဖူးလေသည်။ မြင်ဖူးသည်မှာလည်း ပထမဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ် မြင်ဖူးခြင်းသာ ဖြစ်လေသည်။

သူ မကွယ်လွန်မီ ၃ နှစ်ခန့်၊ ၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်မည် ထင်သည်။ တက္ကသိုလ် သမဂ္ဂတွင် ဆရာ ဇေယျ၊ ဆရာ ဇဝနတို့နှင့် အတူ ဆရာ ဦးဘဂျမ်းသည် ကျောင်းသားများ သိမှတ်ဖွယ်ရာ ကိုယ်တွေ့ အဖြစ်အပျက်များကို လာရောက် ဟောပြောလေသည်။

ဦးဘဂျမ်းသည် အသားညိုညို၊ မျက်လုံး မျက်ဖန် ကောင်းကောင်းနှင့် ဆံပင်ကို သေသပ်စွာ ဖြီးသင်ထားလေသည်။ ထိုစဉ်က သူသည် အသက် ၅၀ ခန့် ရှိနေပြီ ဖြစ်သော်လည်း သူ့ရုပ်ရည်မှာ ၅၀ ရွယ်နှင့် မတူ၊ အလွန် နုလှသည်။ အသက် ၄၀ ခန့်လောက်သာ မှတ်ထင်ရသည်။

စကားပြောရန် စင်မြင့်ပေါ်သို့ သူ တက်လာသောအခါ ကျွန်တော်တို့က အားပါးတရ ကျယ်လောင်စွာ သြဘာပေးကြလေသည်။ ဦးဘဂျမ်းသည် ကျွန်တော်တို့၏ အချစ်တော်ပင်တည်း။ သူ့ကို ယခုမှသာ လူကိုယ်တိုင် မြင်ဖူးရသော်လည်း ကျွန်တော်တို့သည် သူ့ကာတွန်းများနှင့် ကလေးဘဝကပင် ရင်းနှီးခဲ့ကြပေသည်။ သူ့ဇာတ်ကောင်များ ဖြစ်သော ကိုပြုံး၊ ခပြုံး၊ ကြွက်ဖြူလေး၊ ဘခွေး၊ မအေး၊ တက်ပု၊ ငညို စသူတို့သည် ကလေးဘဝက ကျွန်တော်တို့၏ အသည်းစွဲ များ ဖြစ်ပေသည်။

ဦးဘဂျမ်း၏ ကျေးဇူးသည် အထူး ကြီးမားလှပေသည်။ သူသည် ကျွန်တော်တို့ ကလေးများ၏ နုနယ်သော စိတ်ကို လမ်းမှားသို့ မပို့၊ အမှောင်သို့ မညွှန်း။ လမ်းသရဲနယ်သို့ မခေါ်၊ မိုက်ရူးရဲဇာတ်ထဲသို့ မသွင်း။ သူများ မကောင်းကြံလျှင် ကိုယ်ဒဏ်ခံရမည်။ သူများအကျိုး ဆောင်ရမည်။ အားနည်းသူကို ကူညီရမည်။ မတရားမှုကို ရှောင်ကြဉ်ရမည်။ အချင်းချင်း ချစ်ခင်ရမည်။ တိရစ္ဆာန်များကို





သနားကြင်နာရမည်၊ မရက်စက်ရ စသည်ဖြင့် စိတ်ကောင်း စိတ်မြတ်တို့ ပေါ်ပေါက်ရန် လှုံ့ဆော် အားပေးခဲ့သူ ဖြစ်လေသည်။

တစ်ဖန် ကျွန်တော်တို့ အရွယ်ရောက်၍ လူလားမြောက်လာသော အခါတွင်လည်း ဦးဖျောက်ဆိပ်၊ မောင်မြေဇာ၊ အဘ၊ ဂွက်ထော် စသော ဇာတ်ကောင်တို့ကို ဖန်တီးကာ ကျွန်တော်တို့အား နိုင်ငံရေးပညာ၊ စာပေပညာ၊ လူမှုရေးပညာတို့ကို သင်ပေးခဲ့သူ ဖြစ်လေသည်။ လူ့သဘော၊ လောကသဘော၊ ခေတ်သဘောတို့ကို မြင်အောင်၊ ဆင်ခြင် သုံးသပ်နိုင်အောင် အလင်းရောင်ပေးခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သူ့ကို မမြင်ဖူးဘဲ အလိုလို ရင်းနှီးချစ်ခင် နေရာမှ ယခုကဲ့သို့ လူကိုယ်တိုင် တွေ့မြင်ရသောအခါ ဝမ်းသာမဆုံး ရှိကြခြင်း ဖြစ်လေသည်။

ဦးဘဂျမ်းသည် စကားပြောလည်း အလွန်ကောင်းသူ ဖြစ်သည်။ နန္ဒင်းဝါဝါ၊ မျက်တွင်းဟောက်ပက်၊ သွားခေါ်ခေါ်နှင့် ကုလားမသာ ချသွားပုံ၊ ထိုကုလားမသာ နောက်မှ မသာဘင်တီးဝိုင်းက "ချစ်စရာကောင်းသူလေးရယ်၊ မောင့်စိတ်ထဲမှာ စွဲလမ်းတယ်" အစရှိသော သီချင်းကို တီးမှုတ်သွားပုံ စသည်ဖြင့် လောကကြီး၏ အမြီးအမောက် မတည့်ပုံတို့မှ အစ သူ ကာတွန်း ဆရာဘဝရောက်လာပုံ အကြောင်းစုံအထိ ကိုယ်တွေ့ အဖြစ်အပျက်များကို ပြောပြရာ ကျွန်တော်တို့မှာ နားထောင်မငြီးနိုင်အောင် ဖြစ်ကြရလေသည်။

*

ဦးဘဂျမ်းသည် ညောင်တုန်းဇာတိ ဖြစ်သည်။ ၁၂၆၃ ခု တပို့တွဲလဆန်း ၁၃ ရက် နေ့တွင် ဖွားမြင်သည်။ ပိုးကုန်သည် ဦးဖောင်၊ ဒေါ်မြစ်တို့၏ သားသမီး ၆ ယောက်အနက် ဦးဘဂျမ်းသည် ပဉ္စမမြောက် ဖြစ်သည်။ ငယ်စဉ် ကလေးဘဝကပင် ပန်းချီ ပုံဆွဲ ဝါသနာပါခဲ့သည်။ ကလေးဘဝ၌ ရှိစဉ်ကပင် အိမ်ရှိ စာအုပ်စာတမ်းများနှင့် အိမ်နံရံတို့တွင် အရုပ်များ ရေးဆွဲခဲ့လေသည်။ သူသည် ညောင်တုန်းမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင် ကျောင်းတွင် စတင် ပညာ ဆည်းပူးသည်။ ထိုနောက် ရန်ကုန်မြို့ ကူရှင်ကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးသည်။ ထိုကျောင်းမှပင် ၁၀ တန်း အောင်ခဲ့ရာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာဆည်းပူးသည်။ တက္ကသိုလ်သို့ ရောက်သောအခါ ပန်းချီရုပ်ပုံများကို ပိုမိုရေးဆွဲလေသည်။ ထိုနောက် ကာတွန်းများ ရေးဆွဲကာ တက္ကသိုလ် မဂ္ဂဇင်းများတွင် ထည့်သွင်းသည်။ သူသည် ဘီ-အေ အောင်သည် အထိ မနေ၊ အိုင်-အေ အထက်တန်း အထိသာ ပညာဆည်းပူးပြီးလျှင် တက္ကသိုလ်မှ ထွက်လိုက်သည်။ အတွင်းဝန်ရုံးတွင် စာရေး ဝင်လုပ်သည်။ စာရေးလုပ်ရင်း တစ်ဖက်မှ ပန်းချီ ရေးကျင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းများကို မနားတမ်း ရေးဆွဲသည်။ ကာတွန်း အမြောက်အမြား ရေးဆွဲခဲ့သော်လည်း သူ့အစွမ်းကို သူ မယုံကြည်သေးသဖြင့် သတင်းစာကြီးများသို့ မပို့ဝံ့။ ခြေမှ ပစ်လိုက်သည်သာ ဖြစ်သည်။

တစ်နေ့တွင်မူ စာရေး လုပ်ငန်း၍သာ ပန်းချီကာတွန်း အလုပ်ကို ထိရောက်စွာ မလုပ်ဝံ့ဘဲ ဖြစ်နေသည်။ စာရေးအလုပ်မှ ထွက်၍ အလုပ်မရှိ၊ ဝင်ငွေမရှိဘဲ ဖြစ်နေလျှင် ပန်းချီလောက၊ ကာတွန်းလောကကို ခြေစုံပစ် ဝင်နိုင်မည်ဟု ယူဆကာ အလုပ်မှ နုတ်ထွက်လိုက်လေသည်။

၁၅ ရက်ခန့် ကြာသောအခါ ကာတွန်းတစ်ခု ဆွဲပြီး၊ ထိုခေတ်က ထိပ်တန်းအကျဆုံး ဖြစ်သော ရန်ကုန်ဂေဇက် အင်္ဂလိပ် သတင်းစာသို့ ကိုယ်တိုင် သွားပို့လေသည်။ အင်္ဂလိပ်လူမျိုး အယ်ဒီတာချုပ်က သူ့ကာတွန်းကို ကြည့်ကာ တခစ်ခစ် ရယ်မောပြီးလျှင် 'အဲသလို ရယ်စရာကောင်းတဲ့ အကြံတွေများ မင့် ခေါင်းထဲကို ဝင်လာရင် ခပ်မြန်မြန်သာ ရေးပြီး ယူခဲ့ပါကွာ။ မင့်ကာတွန်း ကြည့်ရတာ ငါ သိပ်သဘောကျတာပဲ' ဟု ပြောကာ သူ့ ကာတွန်းကို ရွေးချယ်လိုက်လေသည်။ သို့ဖြင့် ကာတွန်း ၂ ပုံ ထပ်မံ ဆက်လက်ပေးပို့ရာ ထိုသတင်းစာက တစ်ခုမှ မပယ်ဘဲ ထည့်သွင်းဖော်ပြပေးလေသည်။ သို့ရာတွင် ကာတွန်း ရေးဆွဲခ တစ်ပြားတစ်ချပ်မှ မရသဖြင့် ဦးဘဂျမ်းသည် စိတ်ပျက်နေသည်။ မကြာမီ ကာတွန်း ၃ ပုံ အတွက် ငွေ ၆ဝ တန် ချက်လက်မှတ်ကို စုပေါင်းပေးရာ ဦးဘဂျမ်းမှာ ဝမ်းသာမဆုံး ဖြစ်သွားလေသည်။ အချိန်ကား ၁၉၁၆ ခုနှစ် ပတ်ဝန်းကျင် ဖြစ်ပေသည်။ ထိုမှစ၍ ရန်ကုန်ဂေဇက် သတင်းစာတွင် ကာတွန်းများ တစ်ပတ်တစ်ကြိမ် မှန်မှန် ရေးဆွဲကာ ကာတွန်းဆရာဘဝကို ရောက်ခဲ့လေသည်။ ထို့နောက် မြန်မာ့အလင်း၊ သူရိယ သတင်းစာတို့တွင် လည်းကောင်း၊ ကြီးပွားရေး မဂ္ဂဇင်း၊ သူရိယ မဂ္ဂဇင်း စသည်တို့တွင် လည်းကောင်း ကာတွန်းများ မှန်မှန် ရေးဆွဲခဲ့လေသည်။

ထိုစဉ်က ကာတွန်းဆရာ ဘဝမှာ ယခုခေတ်နှင့် မတူ။ ဝင်ငွေ မကောင်းရှာသဖြင့် ဦးဘဂျမ်းမှာ ငွေကြေးဘက်တွင် အတော် ကသီလင်တ ဖြစ်ခဲ့ရသည်။ အစ်ကိုဖြစ်သူ အရေးပိုင် ဦးဘသော်နှင့် စက်ရှင်မင်းကြီး ဦးဘမော်တို့က သူ့ပါရမီကို ဖြည့်ဆည်းသော အနေဖြင့် ကူညီထောက်ပံ့ကြ၍သာ သက်သာရာ ရခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ ဦးဘဂျမ်းသည် ဝင်ငွေ နည်းသည်၊ များသည်ကို ပမာနမထား၊ ဆင်းရဲသည်ကိုလည်း မတုန်လှုပ်၊ သူ့လက်စွမ်းကိုသာ ထက်မြက်အောင် ကြိုးစားခဲ့ပေသည်။ သူ့ဝါသနာ၊ သူ့ဘဝကို ကျေနပ်ခဲ့ပေသည်။

ဦးဘဂျမ်းသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကာတွန်း ရေးရုံဖြင့် မတင်းတိမ်သေးဘဲ ကာတွန်းရုပ်ရှင်ကို ကြိုးပမ်း ရိုက်ကူးခဲ့လေသည်။





မြန်မာနိုင်ငံ၌ ရုပ်ရှင်ပေါ်ထွန်းပြီး ၉ နှစ်အကြာ ၁၉၂၉ ခုတွင် "မြန်မာကာတွန်းရုပ်ရှင်" ဟူ၍ ပေါ်ထွန်းလာရန် စတင် ကြိုးစားခဲ့ကြသည်။ ကောလိပ်ကျောင်းသား ဦးသိန်း (စာရေးဆရာ ဇဝန) နှင့် ဦးဟိန်စွန်းတို့ ၂ ယောက်ပေါင်းကာ "လာမယ် လာမယ် မကြည်ရဲ့" သီချင်း သရုပ်ဖော် ကာတွန်းကို ရေးဆွဲပြီး ရုပ်ရှင် ရိုက်ကူးခဲ့သည်။ ယင်းကို ဗန္ဓုလ ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်သည်။ ငါးမိနစ်ကြာမျှ ပိတ်ကားပေါ်၌ ပြသနိုင်ခဲ့သည်။ ထိုနောက် ကာတွန်းရုပ်ရှင် ဟူ၍ ပေါ်မလာတော့ပေ။ ၁၉၃၂ ခု၊ ဦးဘဂျမ်း လက်ထက်တွင်မှ ပြန်ပေါ်လာသည်။ ပေါ်လာသည် ဆိုရာ၌ ယခင်ကနှင့် မတူ။ မြန်မာ ကာတွန်းရုပ်ရှင်ကား ဟူ၍ လက်ညှိုးညွှန်ပြနိုင်လောက်အောင် ဇာတ်လမ်း ဇာတ်ကွက်နှင့် ကျကျနန ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာရုပ်ရှင် သမိုင်းတွင် ဇာတ်လမ်းပါ ကာတွန်းရုပ်ရှင်ကို ပထမဦးဆုံး တီထွင် ရိုက်ကူးသူမှာ ကာတွန်း ဦးဘဂျမ်း ဖြစ်သည် ဟူ၍ မှတ်တမ်းတင်ထားခြင်း ဖြစ်ပေသည်။

ဦးဘဂျမ်း၏ ကာတွန်း ရုပ်ရှင်ဇာတ်ကား ၂ ကားမှာ "ကြက်တောင်ကွ" နှင့် "အသူရာ" ဖြစ်သည်။ ယင်းတို့ကို ပဲရော့ ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်သည်။ "ကြက်တောင်ကွ" ဇာတ်ကားသည် ပေပေါင်း ၈၀၀ ကျော်ရှည်သည်။ "အသူရာ" ဇာတ်ကားသည် ပေပေါင်း ၁,၀၀၀ ကျော် ရှည်သည်။ ဦးဘဂျမ်းသည် ကာတွန်း ဦးဟိန်စွန်း၊ ဦးချစ်တင်၊ ဦးချစ်ဆွေတို့၏ အကူအညီဖြင့် ရေးဆွဲ ရိုက်ကူးသည်။ ဤကား ၂ ကား ဖြစ်မြောက်ရန် ၂ လခွဲအတွင်း ကားချပ်ပေါင်း ၂၁,၀၀၀ ကို အအိပ်ပျက်၊ အစားပျက်ခံကာ မနားမနေ ရေးဆွဲခဲ့ရလေသည်။ ထိုစဉ်က ဤကားမျိုး ရိုက်ကူးရန် မြန်မာပြည်တွင် နည်းမှီး အတုယူဖွယ် အထောက်အထား မရှိသေးသဖြင့် ရှိသမျှနှင့် ဉာဏ်ကွန့်ပြီး ကြိုးစားခဲ့ရသည်။ "မြန်မာကလည်း ကိရိယာ မစုံပေမဲ့ လုပ်နိုင်ပါတယ်" ဟု ကမ္ဘာကို ကြေညာချင်လွန်း၍သာ လုပ်ကိုင်ခဲ့သည်ဟု ဦးဘဂျမ်းက ဖွင့်ဟပြောဖူးသည်။ ထို့ကြောင့်ပင် ဦးဘဂျမ်းသည် ကိုယ်တိုင် ခါးတောင်းကျိုက်ကာ မှန်ရှေ့တွင် ကိုယ်လက်လှုပ်ရှားပြပြီးလျှင် ထိုကိုယ်လက်လှုပ်ရှားပုံကို တစ်ဆင့်ပြီးတစ်ဆင့် မှတ်သား ရေးဆွဲခဲ့လေသည်။ တီထွင် ကြိုးပမ်းသလောက်လည်း အောင်မြင်မှု ရရှိခဲ့သည်။ ပရိသတ်က အထူးနှစ်သက် ဖွဲ့လမ်းခဲ့ကြသည်။

ဤဇာတ်ကား ၂ ကားအနက် "ကြက်တောင်ကွ" ဇာတ်ကား ရိုက်ကူးသည်နှင့် ပတ်သက်၍ စစ်ပြီးခေတ်ထုတ် **စာပဒေသာ** စာစောင်၌ ဦးဘဂျမ်းက ဆောင်းပါး ရေးသား တင်ပြဖူးသည်။ ဆောင်းပါး၌ ကြိုးပမ်းရိုက်ကူးရသည်နှင့် ပတ်သက်၍ ရေးထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"*ကြက်တောင်ကွ* ဓာတ်ကားမှာ ပေရှစ်ရာမျှ ရှည်လျား၍ စာသားများအတွက် ကားချပ်ပေါင်း ရှစ်ထောင်ငါးရာလောက် ရေးဆွဲရပေသည်။ လှုပ်ရှားမှုများကို ကျွန်တော်က ရှေ့ဆောင်ရေးဆွဲ၍ ထပ်ခြင်း၊ ကူးခြင်း၊ ဖြည့်ခြင်းများကို ဦးဟိန်စွန်း၊ ကိုချစ်တင်၊ ကိုချစ်ဆွေတို့က ကူညီကြရာ လေးဦးသား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလျက် လက်ဖက်ရည်ကြမ်းအိုးမှာ မှန့်မပါ သော်လည်း တစ်အိုးပြီးတစ်အိုး ချော၍ သွားလေ၏။ တနင်္ဂနွေ တစ်ပတ် ကြာလျှင် ကျွန်တော်တို့ ရေးဆွဲပြီးသလောက် ကားများကို ဓာတ်ပုံရိုက်ရန် ပဲရော့ရုပ်ရှင်ခြံသို့ သွားကြ၏။ ကျွန်တော်၏ ဓာတ်ကား ရိုက်ရန်အတွက် ဓာတ်ပုံရိုက်စက် (Camera) စနစ်တကျ ပြင်ဆင်ထားခြင်း မရှိ။ အခြား ဓာတ်ထုပ်များအတွက် စာတန်းများ ရိုက်ရန် အသုံးမပြုသော အခါတွင် ကမန်းကတန်း ဝင်၍ ရိုက်ရသဖြင့် ကား ခပ်များများ ရေးဆွဲပြီးလျှင် ဓာတ်ပုံရိုက်စက်ကို အသင့်ရရန် ချောင်းမြောင်းရသည်မှာလည်း တာဝန်ကြီး တစ်ခု ဖြစ်၏။ အနောက်နိုင်ငံတွင် စက်ကို တစ်ခါလှည့်လျှင် မီးတစ်ခါပွင့်၍ ဓာတ်ပုံ တစ်ခါရိုက်ပြီး ဖြစ်သော်လည်း ကျွန်တော့်အဖို့ ကား တစ်ခါတစ်ရံ ဓာတ်ထုပ်တွင်ပါသော စာတန်းများကို နေပူထဲတွင် ရိုက်ရ၏။ ဓာတ်ပုံဆရာ ကိုညိမ်းကား စိတ်ရှည် လက်ရှည် ကြိုးစား၍ ရိုက်၏။ ကျွန်တော်ကလည်း သူ့အား ကူညီသောအားဖြင့် ထီးမိုး၍ ပေးရ၏။

အိတ်နှင့်ပိုက်ဆံ အလွန်ဝေးသော ထိုအခါတွင် ကားရိုက်ကူးခ စရန်ငွေ ရထားသဖြင့် သူဌေးဖြစ်၍နေရာ ဓာတ်ကားရိုက်ရာမှ အပန်းဖြေနားကြသော အချိန်တွင် ရုပ်ရှင်ခြံထောင့်ရှိ ကာကာ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် တစ်ခွက်နှင့် ဗယာကြော် တစ်ခုစီ မှန်မှန်ကြီး ဘုဉ်းပေးနိုင်ကြသဖြင့် များဗွာ ပျော်ပျော်ရွှင်ရွှင် ရှိကြလေ၏။ ရေးလိုက် ရိုက်လိုက်နှင့်ပင် တစ်လမှ နှစ်လ ကူးခဲ့လေ၏။ ဓာတ်ကားပြီးရန် အနည်းငယ်သော ဓာတ်သိမ်းခန်းသာ ကျန်တော့ရာ ခပ်အေးအေးပင် ရေးဆွဲနေစဉ် တစ်နေ့သော နံနက်တွင် ကိုချစ်ဆွေ သတင်းစာတစ်စောင်ကို ကိုင်၍ ဝင်လာလေ၏။ ထိုသတင်းစာတွင် နောက် ငါးရက်ကြာလျှင် "မြကျောက်လွှာ" ဓာတ်ကားနှင့် တွဲကာ "ကြက်တောင်ကွ" ကာတွန်းဓာတ်ထုပ်ကို ပြပါတော့မည်ဟု ကြော်ငြာထားသည်ကို တွေ့ရလေ၏။ ကျွန်တော့်တွင် မျက်လုံးဝိုင်း၍ သွားမိကာ ပဲရော့တိုက်သို့ အမြန် သွားရောက် မေးမြန်းရာတွင် ပြီးလိမ့်မည် ထင်သည်နှင့် ကြော်ငြာလိုက်





ကြောင်း၊ ပြီးရန် ကြိုးစားစေလိုကြောင်းကိုသာ နားထောင်၍ စိတ်လေးလေးနှင့် ပြန်ခဲ့ရလေ၏။ ကျန်သေးသော ဓာတ်ကွက်အတွက် သုံးရက်လောက်သာ ရေးရက် ရှိတော့သဖြင့် မီးကုန်ယမ်းကုန် ကြဲရန်သာ ရှိသည်ဖြစ်ရာ နေ့တွင်သာမက ညကိုပါ အလုပ်ဆင်းကြရန် ဦးဟိန်စွန်းနှင့် ကိုချစ်တင်အား မှာကြားလိုက်ရလေ၏။

ပထမညတွင် တစ်ညလုံး ထိုင်လျက် လက်ဖက်ရည်သောက်လိုက်နှင့် ရေးဆွဲကြရာ ဦးဟိန်စွန်းမှာ ဖျားလေ၏။ မောင်ချစ်တင်မှာ ဗလ အတော်ကောင်းသူ ဖြစ်သော်လည်း ဒုတိယည သုံးနာရီလောက်တွင် နှာခေါင်းသွေးလျှံသဖြင့် ကျွမ်းပြန်၍ သွားပြန်ရာ ကျွန်တော် တစ်ယောက်သာ ငုတ်တုတ်ကျန်လေပြီ။ ထမင်း၀၀ စားလျှင် အိပ်ချင်မည် စိုးသဖြင့် ပေါင်မုန့်လေးချပ်နှင့် လက်ဖက်ရည် တစ်ခွက်ကိုသာ တစ်နေ့ သုံးကြိမ် စားသောက်ရ၏။ နံနက် ရေချိုးပြီး လမ်းတစ်ပတ်လျှောက်၍ နောက်တစ်နေ့လုံး ရေးဆွဲ၊ ည မိုးအလင်း တစ်ညလုံး ရေးခြင်းဖြင့် ကျန်နေသေးသော ဓာတ်ကွက်ကို အပြေးအလွှား ဖြည့်ရလေ၏။

ရေးဆွဲပြီး၍ ဓာတ်ပုံရိုက်ခြင်း၊ ကားဆက်ခြင်းများ ပြုလုပ်ပြီး "ကြက်တောင်ကွ" ဓာတ်ထုပ်မှာ ပြီးမြောက်၍ သွားလေ၏။ သုံးည မအိပ်ရ၊ ထမင်း၀၀ ခြောက်နပ်လောက် မစားရသဖြင့် အလွန် ခြေပန်းလက်ပန်း ကျ၍ သွားသော်လည်း ကျွန်တော်၏ ဓာတ်ကားကို ပရိသတ်က မည်သို့ မည်ပုံ သဘောထားမည်ကို တွေးတောကာ စိုးရိမ် ပူပန်ခြင်းဖြင့် နားချင်စိတ် ပျောက်လျက် ရှိလေ၏။

နောက်တစ်နေ့တွင် ပိုစတာကားတွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ယခု အိုဒီရုံ (မဂျစ်စတစ်) ရုံတွင် ပွဲဦးထွက် ပြသလေ၏။ ကျွန်တော်၏ မျက်လုံးများကား ကျိန်းစပ်လျက် ရှိသော်လည်း ရုပ်ရှင်ရုံ အပေါ်ထပ် လူပြတ်သော နေရာတွင် အမှောင်ခိုကာ ခပ်ကုပ်ကုပ် ထိုင်နေလိုက်လေ၏။ ဆယ့်နှစ်နာရီခွဲသည်နှင့် တစ်ပြိုင်နက် "ကြက်တောင်ကွ" ဓာတ်ကွက် စတင်၍ ပြလေ၏။

ပထမ စာများ ကားပေါ်တွင် မပေါ်မီ မြန်မာ စစ်ဝတ်တန်ဆာနှင့် စစ်သားနှစ်ယောက် ရပ်နေပုံ ပေါ်လာရာ ပရိသတ်မှာ ငြိမ်သွားလေ၏။ ထိုနောက် စစ်သားရုပ်ကလေးများက ခြေလှမ်းမှန်မှန် လှမ်းရင်း ကန့်လန့်ကာကို လက်တစ်ဖက်စီဖြင့် ဆွဲကိုင် ဖွင့်လှစ်လိုက်ရာ ငြိမ်လျက်ရှိသော ပရိသတ်ကြီးမှာ အသက်ဝင်၍လာကာ လက်ခုပ်လက်ဝါးသံများ၊ စေချွန်



www.burmeseclassic.com

www.burmeseclassic.com





ကာတွန်း ရုပ်ပြောင်ဖြင့် နိုင်ငံအကျိုး ဆောင်ခဲ့သူ ဦးဘဂျမ်း။

သံများဖြင့် ဆူညံလှုပ်ရှား၍ သွားလေ၏။ ဓာတ်လမ်းအစမှ အဆုံးအထိ များစွာ သဘောကျလျက် တဟားဟားပင် ရှိကြသဖြင့် ရင်တမိုမိုနှင့် ချောင်နို၍ နေရာမှ ကျေနပ်သွားကာ သက်ပြင်းတစ်ချက် မှုတ်၍ ထုတ်လိုက်ပြီးနောက် အောက်ထပ်သို့ ဆင်းခဲ့လေ၏။

အောက်ထပ်တွင် ကျွန်တော့်အား ဝမ်းသာစွာ နှုတ်ဆက်ကြသော ကောလိပ်ကျောင်းသား မိတ်ဆွေဟောင်းများနှင့်တကွ ကာတွန်းဆရာ ဦးဘကလေးကို တွေ့ရလေ၏။ ဦးဘကလေးအား အကျိုးအပြစ်ကို မေးမြန်းရာ 'ဆက်ပြီး လုပ်သွားနိုင်ရင်တော့ သိပ် နေရာကျမှာပဲဗျာ။ ဒါပေမဲ့ ကျုပ်ဆိုရင်တော့ စိတ်မရှည်ဘူး၊ ခင်ဗျားပဲ ဒါလောက် စိတ်ရှည် လက်ရှည် လုပ်တယ်' ဟု ရယ်မောပြောဆို နေကြစဉ်မှာပင် ကျွန်တော်၏ မျက်လုံးမှာ မပွင့်တပွင့်သာ ရှိတော့သဖြင့် ဦးဆန်နီအား ခပ်မြန်မြန် လိုက်၍ ရှာရလေ၏။

တွေ့သောအခါ ငွေနှစ်ရာကို ထုတ်ယူပြီးနောက် ကုဋေ ရှစ်ဆယ်ကြွယ်သော သူဌေးသည် မြင်းဆယ်ကောင် က သော ယာဉ်ပေါ်သို့ တက်သော ဂိုက်မျိုးဖြင့် ခြေတော်တော်သွက်ပုံရသော ကုလား က သော လန်ချားပေါ်သို့ လှမ်းတက်ကာ မဂိုလမ်း(ရွှေဘုံသာလမ်း)ဘက် ထွက်ခဲ့လေ၏။

သုံးရက်မျှ မကျေမနပ် ဖြစ်နေသော အစာအိမ်ကို ဖိမ်ယူ၍ ပြည့်တင်းပြီးစီးလျှင် မျက်လုံးများမှာ စောစောကထက်ပင် လေးလံကာ လန်ချားပေါ်တွင်ပင် အိပ်ချင်သလိုလို ဖြစ်၍လာသဖြင့် ကြိုးစားကာ အိမ်အရောက် ပြန်ခဲ့ရလေ၏။ ကျွန်တော် အိမ်သို့ ရောက်သောအခါ နေ့လယ် နှစ်နာရီ ထိုးလေပြီ။ တာဝန်ကြီးတစ်ခု ခေါင်းပေါ်မှ လျှောကျသွားသဖြင့် များစွာ ပေါ့ပါးသွားသည့်အလျောက် ကြမ်းပြင်ပေါ်သို့





ခေါင်းအုံးတစ်လုံး ပစ်၍ချကာ လှဲလိုက်၍ မကြာမီပင် အိပ်မောကျ၍ သွားရာ နောက်တစ်နေ့ နံနက် အရုဏ်တက်မှပင် တစ်ရေးနိုးလေသတည်း။"

ဦးဘဂျမ်းသည် ကာတွန်းရုပ်ရှင်ကို ဤ ၂ ကားမျှဖြင့် ရပ်ခဲ့ရသည်။ ရပ်ခဲ့ရသည်မှာ ငွေအင်အား၊ စက်အင်အား မလိုက်နိုင်၍ ဖြစ်သည်။ ယင်းသို့ မလိုက်နိုင် ဖြစ်ရပုံကိုလည်း ဦးဘဂျမ်းက သူ့ဆောင်းပါး၌ ဤသို့ မြည်တမ်းထားလေသည်။

"အနောက်နိုင်ငံမှ လာသော ကာတွန်း ဓာတ်ထုပ်ဓာတ်ကား

---

**နိုင်ငံရေးသမား အချို့ကို သရော်ထားသော ဦးဘဂျမ်း၏ ကာတွန်းလက်ရာတစ်ခု။ (မှုရင်း သတ်ပုံအတိုင်း)**



www.burmeseclassic.com



များကို ကြည့်ရသော အချိန်အခါများတွင်ကား၊ သူတို့နှစ်ဦး (ကြက်တောင်ကွ ဇာတ်ကားမှ မောင်ကြက်တောင်နှင့် ခင်ခင်ပြုံး) အား အမြဲပင် သတိရကာ လွမ်းဆွတ်တသမိပါ၏။ အနောက်နိုင်ငံ ကာတွန်းဇာတ်ကားများ၏ အခြေအနေကို မြင်ရတိုင်း ငွေပေါသော သခင်တိုင်းပြည်နှင့် ဆင်းရဲနွမ်းပါးသော ကျွန်တိုင်းပြည်၏ ကွာခြားမှုကို ပြေး၍ တွေးမိ၏။ ဆင်းရဲသော တိုင်းပြည်တွင် ဇာတ်လိုက်ဖြစ်ရရှာသော ကျွန်တော်၏ ဇာတ်လိုက် မောင်ကြက်တောင်နှင့် ခင်ခင်ပြုံးတို့၏ ဇာတ်ကြောင်းကို ပြန်ပြောင်း တွေးတောကာ သနားမိပါသည်။ သူတို့ တိုင်းပြည်တွေလို ငွေအားကောင်းလျှင် မောင်ကြက်တောင်နှင့် ခင်ခင်ပြုံးမှာ ယနေ့ထက်တိုင် ချမ်းချမ်းသာသာနှင့်ပင် မြန်မာ ရုပ်ရှင်ပရိသတ်အား ပိတ်ကားပေါ်မှ ဖြေဖျော်လျက် ရှိမည် ဖြစ်ပေသည်။"

ဦးဘဂျမ်းသည် ဤ ကာတွန်းရုပ်ရှင်ဇာတ်ကား နှစ်ကားအပြင် စစ် မဖြစ်မီက လစဉ်ထုတ် "ရုပ်ပြောင်" စာစောင်ကိုလည်း ကိုယ်တိုင် ထုတ်ဝေခဲ့လေသည်။

*

စစ်ပြီးခေတ်တွင် ဦးဘဂျမ်း၏ ကာတွန်းများသည် ပိုမိုလှုပ်ရှားလာသည်။ သူသည် ဦးဖျောက်ဆိပ် ကာတွန်းများကို ဗမာ့ခေတ် သတင်းစာတွင် လည်းကောင်း၊ မောင်မြေဇာ ကာတွန်းများကို ဟံသာဝတီ သတင်းစာတွင် လည်းကောင်း အပတ်စဉ် ရေးဆွဲခဲ့သည်။ အခြား ကာတွန်းမျိုးစုံကိုလည်း ဂျာနယ် မဂ္ဂဇင်း အသီးသီးတွင် ရေးဆွဲခဲ့လေသည်။

ယင်းသို့ ရေးဆွဲရာ၌ သူ့ကာတွန်းကို အယ်ဒီတာများက ပယ်လျှင် လက်ခံသော်လည်း ပြင်ဆင်ခြင်း ပြုသည်ကိုမူ လုံးဝ လက်မခံပေ။ တစ်ဖန် အယ်ဒီတာတို့က သူ့ကို အကြံဉာဏ်ပေး၍ ရေးဆွဲစေခြင်းမျိုးကိုလည်း လက်မခံပေ။ တစ်ခါက သတင်းစာကြီး တစ်စောင်မှ အယ်ဒီတာ တစ်ဦးက သူ့အား အကြံဉာဏ်ပေး၍ ကာတွန်းရေးဆွဲစေရာ သူသည် ထိုသတင်းစာတွင် ကွယ်လွန်သည် အထိ လုံးဝ ကာတွန်းရေးဆွဲခြင်း မပြုဘဲ နေခဲ့သည် ဆို၏။

ဦးဘဂျမ်းသည် တစ်ခေတ်၌ တစ်ယောက်သာ ပေါ်ထွန်းသော ပုဂ္ဂိုလ်ထူးမျိုး ဖြစ်ပေသည်။ သူသည် နဂိုဗီဇအားဖြင့် ဟာသဓာတ်ခံရှိသူ ဖြစ်သည့်အပြင် လူသားတို့၏ ဒုက္ခ၊ သုခတို့ကို လည်းကောင်း၊ လောကကြီး၏ အမြီးအမောက် မတည့်သော ကိစ္စတို့ကို လည်းကောင်း၊ ဟန်ဆောင်မှု အဝတို့ကို လည်းကောင်း၊ အပြင်ပန်း အလှတို့ကို လည်းကောင်း ကောင်းစွာ မြင်သူ ကြားသူ ဖြစ်ပေသည်။ တစ်ဖန် ထိုအကြားအမြင်တို့ကိုလည်း အကောင်းအဆိုး ခွဲခြား၍








၁၉၄၁ ခု အောက်တိုဘာ ၅ ရက် ထုတ် ဟံသာဝတီဂျာနယ်မှ ဦးဘဂျမ်း၏ လက်ရာ
(မူရင်း သတ်ပုံအတိုင်း)



www.burmeseclassic.com

www.burmeseclassic.com




ဆင်ခြင်သုံးသပ်နိုင်သူ ဖြစ်လေသည်။ ထို့ကြောင့် သူ၏ ကာတွန်းတို့မှာ အကြောင်းအရာအားဖြင့် ပြောင်းမြောက်နေခြင်း ဖြစ်သည်ဟု ယူဆမိသည်။


ယင်းသို့ အကြောင်းအရာက ပြောင်းမြောက်သည်သာမက အရုပ်တို့မှာလည်း အထူး အသက်ပါ၍ ပြောင်းမြောက်လှပေသည်။ ပန်းချီပညာကို မလျှော့သော ဇွဲလုံ့လဖြင့် လေ့လာမှုကြောင့်ပင် ဖြစ်ပေသည်။ သူသည် ကလေးဘဝမှ စ၍ ပန်းချီပညာကို လေ့လာခဲ့ပေသည်။ တက္ကသိုလ်ကျောင်းသား ဘဝ၌ ရှိစဉ် စာသင်ချိန် အတန်းထဲ၌ပင် ဒုတိယခုံတန်း၌ ထိုင်ကာ တက္ကသိုလ် ပျို့ဖြူတို့၏ ဆံထုံးပုံ အမျိုးမျိုးကို ရေးဆွဲကာ ပန်းချီလေ့ကျင့်ခန်း ဝင်ခဲ့သည်။ စာရေးဘဝ၌ ရှိစဉ်လည်း ရုံးစေများ၊ ရုံးစောင့်များ၏ ပုံတူကို ရေးဆွဲ လေ့ကျင့်ခဲ့သည်။ ကာတွန်းဆရာအဖြစ် လူသိများလာပြီးနောက် မြန်မာပြည် ပန်းချီအသင်းသား ဖြစ်လာသော အခါတွင်လည်း နေပူ မိုးရွာ မရှောင် ပန်းချီပညာကို ဆက်လက် ဆည်းပူးခဲ့သည်။ ဆရာ ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးငွေကိုင်၊ ဦးအုန်းလွင်တို့နှင့် အသိအကျွမ်းဖြစ်ကာ လူ၏ ကိုယ်နေဟန်ထားတို့ကို ပိုမို လေ့လာခဲ့ပြန်သည်။ သွားလေရာရာသို့ ပုံဆွဲစာအုပ် တစ်အုပ် ယူသွားကာ မြင်မြင်သမျှသော သူတို့ကို ပန်းချီမျက်စိဖြင့် ကြည့်ရှု လေ့လာကာ ရေးဆွဲခဲ့လေသည်။

ဦးဘဂျမ်း၏ ကာတွန်းတို့မှာ အကြောင်းအရာနှင့် အရုပ်တို့ပါ ပြောင်မြောက်သည်သာမက ကာတွန်း၌ပါသော စာသားတို့မှာလည်း ထူးခြား ပြောင်မြောက်လှသည်ကို တွေ့ရ၏။ သူသည် အလွန်စာဖတ်သူ ဖြစ်၏။ ထို့ကြောင့် သူ့စာများ ပြောင်မြောက်သည် ထင်သည်။ ဦးဘဂျမ်းသည် ကာလပေါ် ဝတ္ထုမှ

"ကြက်တောင်ကွ" ကာတွန်းရုပ်ရှင်မှ ဦးဘဂျမ်း၏ လက်ရာ။







၁၉၄၁-ခု နိုဝင်ဘာ ၈ ရက်နေ့ထုတ် "ဟံသာဝတီ" ဂျာနယ်မှ ဦးဘဂျမ်း၏ လက်ရာ။

စ၍ ဘုရား တရားစာ အထိ တွေ့သမျှ စာတို့ကို ဖတ်သူဖြစ်သည်။ "ကိုရန်" ကျမ်းကိုပင် တစိမ့်စိမ့် ဖတ်ရှုသူ ဖြစ်သည်။

ဦးဘဂျမ်းသည် ကာတွန်းပါ စာတို့သာမက ဆောင်းပါး၊ ဝတ္ထုများလည်း အရေးကောင်းသူ ဖြစ်သည်။ သူသည်၊ ကာတွန်း ဦးဘဂျမ်း အမည်များဖြင့် ဝတ္ထု၊ ဆောင်းပါးများ ရေးခဲ့သည်။ "ညိုမလေး" အမည်ရှိ လုံးချင်းဝတ္ထုကိုပင် ရေးသား ထုတ်ဝေခဲ့ဖူးသည်။


စာရေးဆရာ သော်တာဆွေ၏ နာမည်ကျော် ဟာသဝတ္ထု အချို့မှာ ဦးဘဂျမ်း၏ အကြံဉာဏ်အချို့ ပါသည်ဟု ဆို၏။ သော်တာဆွေသည် အချို့သော ဟာသဝတ္ထုတို့ကို ချက်ချင်း ရေးမချသေးဘဲ စိတ်ထဲမှာပင် ဇာတ်ကွက် ဇာတ်လမ်းဆင်ကာ ဦးဘဂျမ်းအား ဇာတ်ကွက် ဇာတ်လမ်းကို အစ အဆုံး ပြောပြသည်။ ရံဖန်ရံခါပင် ဦးဘဂျမ်းက 'အေး ဒီနေရာလေး ဒီလိုပြင်လိုက်ရ မကောင်းဘူးလား၊ ဘယ်ဒင်း ဘယ်လို ဖြည့်လိုက်ကွာ' စသည်ဖြင့် အကြံဉာဏ် ပေးတတ်ရာ သော်တာ



www.burmeseclassic.com

www.burmeseclassic.com





ဦးဘဂျမ်း၏ ကာတွန်း ဇာတ်လိုက်များ။

ဆွေကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သည်ဟု သိရ၏။ သော်တာဆွေ၏ “ပန်းပုဆရာ မောင်ရှုဝံ” နှင့် “ဟယ် သေခြင်းဆိုး မိုးကြိုးပစ်” ဝတ္ထုတို့မှာ ဦးဘဂျမ်း၏ စိတ်ကူးဉာဏ်သက်သက်သာ ဖြစ်၍ သော်တာဆွေက ဇာတ်အိမ် ဇာတ်ကွက် ဖွဲ့နွဲ့ရုံသာ ဖြစ်သည်ဟု သော်တာဆွေက ပြောပြဖူးသည်။

အနုပညာရှင်တစ်ယောက် အနေဖြင့် ဦးဘဂျမ်း၏ အထူးခြားဆုံး ဂုဏ်အင်္ဂါမှာ ငွေမမက်ခြင်း ဖြစ်သည်။ ဦးဘဂျမ်းသည် ငွေရရန်အတွက် ကာတွန်းဆွဲသည် မဟုတ်၊ သူသည် တိုင်းပြည်အတွက် ကာတွန်းဆွဲနေသည် ဟူသော ယုံကြည်ချက်ဖြင့် ရေးဆွဲခြင်း ဖြစ်သည်။ လွတ်လပ်ရေး ရပြီးစ အချိန်တွင် အစိုးရပိုင်းမှ အာဏာရ ပုဂ္ဂိုလ်ကြီးတစ်ဦးက ဦးဘဂျမ်းကို ရာထူးကြီး တစ်ခုပေးရန် ကမ်းလှမ်းခဲ့သည်။ ဦးဘဂျမ်းက အစိုးရအလုပ် လုပ်လျှင် အစိုးရ၏ ဟာကွက်များကို ကာတွန်းဖြင့် သတိမပေးနိုင် ဖြစ်လိမ့်မည်၊ သူ့အနေဖြင့် ပြည်သူလူထုဘက်မှ အစဉ်ရပ်တည်ရပါမည် ဆိုကာ ထိုရာထူးကို ငြင်းပယ်လိုက်လေသည်။

*

ဦးဘဂျမ်းသည် သူ အလွန်တရာ ချစ်မြတ်နိုးလှသော ဇနီးသည် ဒေါ်ခင်ကြည် ကွယ်လွန်ပြီး ၄ နှစ်အကြာ ၁၉၅၃ ခု ဖေဖော်ဝါရီလ ၁၈ ရက်၊ အသက် ၅၃ နှစ် အရွယ်တွင် ကွယ်လွန်ရှာသည်။ အနာပဆုပ်ရောဂါ၊ အစာမကြေ ရောဂါတို့ဖြင့် ကွယ်လွန်ခြင်း ဖြစ်သည်။ တစ်ဦးတည်းသော သားကလေး မောင်ကျော်ညွန့် (ကိုခွေး) ကျန်ရစ်ခဲ့သည်။ ဦးဘဂျမ်းသည် သန်တုန်း၊ မြန်တုန်း၊ ဉာဏ်ထက်မြက်တုန်း ကွယ်လွန်ခြင်းဖြစ်ရာ လွန်စွာ နှမြောဖွယ်ရာပင် ဖြစ်ပေသည် တကား။ ။

## ဇော်ဂျီ

( ပထမ ခေတ်စမ်း ကဗျာဆရာ )



အသက် ၂၉ နှစ်အရွယ် ဆရာဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာကဗျာ သမိုင်းကို ရေးလျှင် ခေတ်စမ်းကဗျာ အခန်း မပါ၍ မဖြစ်ပေ။ မြန်မာကဗျာအကြောင်း ပြောလျှင်လည်း ခေတ်စမ်းကဗျာအကြောင်း မပါ၍ မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်စမ်းကဗျာသည် အကြောင်းအရာ သဘော၌ လည်းကောင်း၊ ပုံသဏ္ဍာန် သဘော၌ လည်းကောင်း ရှေးရိုး မြန်မာ ကဗျာ လမ်းဟောင်းမှ ခွဲထွက်ခဲ့သော ကဗျာသစ် ဖြစ်သောကြောင့်ပင်။ ခေတ်သစ် ကဗျာဟု ခေါ်နေကြသည့် ယနေ့ မျက်မှောက်ခေတ် ကဗျာများကို ဖွဲ့ဆိုနိုင်ကြသည်မှာ ခေတ်စမ်းကဗျာ၏ ကျေးဇူးကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ ခေတ်စမ်းကဗျာက လမ်းဖွင့် ပေးလိုက်သောကြောင့်သာ သူ့ခေတ်နှင့်အညီ လွတ်လပ်စွာ ရေးဖွဲ့နိုင်ကြခြင်း ဖြစ်သည် ဟုလည်း ဆိုနိုင်သည်။ "ခေတ်သစ်ကဗျာ အစ ခေတ်စမ်းကဗျာက" ဟု ဆိုကြသည်မှာ ဆိုထိုက်သော စကားပင် ဖြစ်ပေသည်။

တစ်ဖန် ခေတ်စမ်းကဗျာအကြောင်း ရေးလျှင်၊ ခေတ်စမ်းကဗျာ အကြောင်း ပြောလျှင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်၏ အမည် မပါ၍ မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုစာဆို နှစ်ဦးသည် ခေတ်စမ်းကဗျာ လောက သစ်ကို တည်ထောင်သူများ ဖြစ်သောကြောင့်ပင်။ ထိုစာဆို နှစ်ဦးအနက် ဆရာ ဇော်ဂျီသည် ပထမဦးစွာ မျိုးစေ့ချခဲ့သူ ဖြစ်ပေသည်။

ဆရာဇော်ဂျီ၏ အမည်ရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ၁၉၀၇ ခု ဧပြီလ ၁၂ ရက်နေ့၌ ဖျာပုံမြို့တွင် ဖွားမြင်သည်။ အဖမှာ ဦးယော၊ အမိမှာ ဒေါ်စိန်ညွန့် ဖြစ်သည်။ ဆရာဇော်ဂျီသည် ရှေးဦးစွာ ဖျာပုံမြို့ ဘုန်းတော်ကြီးကျောင်း၌ စာသင်ခဲ့ဖူးသည်။ ထိုနောက် ထိုမြို့ မြန်မာကျောင်းတွင် ၃ နှစ် ပညာဆည်းပူး သည်။ ထိုနောက် ထိုမြို့ အင်္ဂလိပ်–မြန်မာ အစိုးရကျောင်းတွင် ပညာဆည်းပူး သည်။ ဆရာဇော်ဂျီသည် ငယ်စဉ်အခါကပင် မြန်မာစာပေ၏ အရသာကို ခံစားခွင့် ရခဲ့သည်။ ရခဲ့သည်မှာလည်း ကျောင်းမှာထက် အိမ်မှာ ပို၍ရခြင်း ဖြစ်သည်။ ထိုစဉ်က သူ့အိမ်တွင် လူကြီးများသည် စာဝိုင်း ကဗျာဝိုင်း ပြုလေ့ရှိသည်။ ထိုအခါ ဇော်ဂျီကလေးသည် ထိုဝိုင်းနား၌ ထိုင်လျက် ပျော်မွေ့စွာ နားထောင်တတ်သည်။





တစ်ခါတစ်ရံ သူ့အဘိုး၊ သူ့အမိ တို့က တေးကဗျာ ရွတ်ဆိုပြတတ်သည်။ သူ့ဦးလေး၊ သူ့ဒွေးတော်တို့က ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီး များကို သံနေသံထားဖြင့် ဖတ်ပြတတ်သည်။ အထူးသဖြင့် သူ့အဘိုးထံမှ စာပေ ဝါသနာကို ရခဲ့သည်။ သူ့အဘိုး စာစင်၌ ငါးရာငါးဆယ် နိပါတ်များနှင့် မှန်နန်း ရာဇဝင်တို့ ရှိရာ သူ ယူဖတ်တတ်သည်။ သူ့အမိ၏ နန်းတွင်းဇာတ်တော်ကြီးများ၊ ခေတ်ပေါ် ပြဇာတ်များ၊ တေးကဗျာများ စသည်တို့ကိုလည်း ယူဖတ်တတ်သည်။ ထို့ပြင် သူ့အဖ၏ မောင်ရင်မောင် မမယ်မ ဝတ္ထု၊ ရော်ဘင်ဆင် ကရူးဆိုး ဝတ္ထု၊ ပသီပုံပြင် ဝတ္ထု စသည်တို့ကိုလည်း ယူဖတ်တတ်လေသည်။

ဆရာဇော်ဂျီသည် ၇ တန်း အရောက်တွင် ၁၉၂၀ ပြည့်နှစ် ပထမ တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ဆင်နွှဲခဲ့သည်။ ထိုသပိတ်ကြီးကို အကြောင်းပြု ၍ မြန်မာနိုင်ငံ၌ အမျိုးသားကျောင်းများ အနှံ့အပြား ပေါ်ထွန်းလာရာ ရှေးဦးစွာ ဖျာပုံမြို့ အမျိုးသားကျောင်း၌ ဆက်၍ ပညာသင်သည်။ အမျိုးသားကျောင်း များတွင် အစိုးရကျောင်းများ၌ မသင်ကြားသော မြန်မာနိုင်ငံသမိုင်းကို သင်သည်။ မြန်မာ ကဗျာစာပေကို အရေးယူ သင်သည်။ ထိုနောက် ဆရာဇော်ဂျီသည် ရန်ကုန်မြို့ မြို့မ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာဆည်းပူးလေသည်။ ဆရာဇော်ဂျီသည် ဖျာပုံ အမျိုးသားကျောင်း၌ နေစဉ်ကပင် ကဗျာလင်္ကာကို လေ့လာဆည်းပူးခဲ့သည်ဖြစ်ရာ ရန်ကုန် မြို့မကျောင်းသို့ ရောက်သောအခါ ပိုမို၍ ကဗျာလင်္ကာကို ဆည်းပူးခွင့် ရပေသည်။ သို့ ဆည်းပူးရင်း ဝါသနာအလျောက် ကဗျာလင်္ကာများကို ဖွဲ့ဆိုလေသည်။

ထိုစဉ်က ဆရာဇော်ဂျီ ဖွဲ့ဆိုသော ကဗျာများသည် ထိုခေတ် စာဆိုတို့ ဖွဲ့ဆိုလေ့ ရှိသည့် ရှေးရိုး မြန်မာကဗျာ (ဝါ) မန္တလေးခေတ် တေးကဗျာမျိုး ဖြစ်သည်။ စာပေကျမ်းထွက် အကြောင်းအရာကို အဆန်းတကြယ် ဖွဲ့လေ့ ရှိသော ရာသီဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့၊ သံဝေဂဘွဲ့ စသည့် ကဗျာများ ဖြစ်သည်။ ယင်းတို့သည် ဘဝပတ်ဝန်းကျင်ရှိ လောက အဖြစ်အပျက်၊ လူ့ကိစ္စ၊ လူ့အမှုအရာတို့နှင့် ထိတွေ့ခြင်းရှိ၍ ခံစားမှုရှိရာမှ သိလာသော အသိတို့ကို ဖွဲ့သော ကဗျာမျိုး မဟုတ်သေးချေ။ ဒိဋ္ဌမျက်မှောက် အကြောင်း အရာကို အလေးပေး ဖွဲ့ဆိုသော ကဗျာမျိုး မဟုတ်သေးချေ။ စကားဆန်းမှု၊ စကားလှမှု၊ စကားဝေဆာမှု၊ စကားကြီးကျယ်မှုတို့ကို (ဝါ) စကားတန်ဆာ၊ နားတန်ဆာ သက်သက်ကို အဓိကထား ဖွဲ့ဆိုသည့် ကဗျာမျိုးသာ ဖြစ်ပေသည်။

ဆရာဇော်ဂျီသည် ရန်ကုန် မြို့မကျောင်း ဆယ်တန်း၌ ပညာသင်နေ စဉ် ဆာဂျေအေ မောင်ကြီး၏ သစ္စာဝါဒီ သတင်းစာက ကြီးမှူးလျက် မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဘာသာပြန် ပြိုင်ပွဲ ကျင်းပသည်။ ထိုပြိုင်ပွဲက The Character of Happy Life အမည်ရှိ ကဗျာကို မြန်မာဘာသာ ပြန်ဆို ယှဉ်ပြိုင်စေသည်။ ဆရာဇော်ဂျီ ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ ရခဲ့သည်။ ပထမဆုအဖြစ် ဆာဂျေအေမောင်ကြီး၏ ရွှေဒင်္ဂါး ၅ ပြား ဆုရခဲ့သည်။

ထိုနောက် ၁၉၂၅ ခုတွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာဆည်းပူးသည်။ တက္ကသိုလ်တွင် ရှေးဟောင်း မြန်မာစာပေကို ဆက်၍ လေ့လာဆည်းပူးခွင့် ရသည်။ တစ်ဖက်ကလည်း ကမ္ဘာ့စာပေကို လေ့လာ ဆည်းပူးခွင့်ရသည်။ တက္ကသိုလ် ကျောင်းသား ဘဝ၌ ရှိစဉ် ဆရာဇော်ဂျီသည် အင်္ဂလိပ် ကဗျာဆရာကြီးများ ဖြစ်သော ရှိတ်စပီးယား၊ မာလို၊ ဝပ်ဒစဝပ်၊ ရှဲလေး၊ ကီစသူတို့၏ ကဗျာများကို အထူး နှစ်သက်ခဲ့သည်။ ရုရှ စာရေးဆရာကြီး တော်စတွိုင်၊ ဘင်္ဂါလီ ကဗျာဆရာကြီး တဂိုး စသူတို့၏ စာများ၊ ကဗျာများကိုလည်း အထူးနှစ်သက်ခဲ့သည်။ ဤတွင် ဇာတကဝတ္ထုတို့ကို တန်ဆာဆင်၍ ဖွဲ့ဆိုသော၊ ဘုရားစေတီ၊ ကျောင်းကန်၊ ဇရပ်တို့အကြောင်း ဖွဲ့ဆိုသော၊ လောကကို သံဝေယူ ဖွဲ့ဆိုသော၊ ဘုရင်နှင့် နန်းတွင်းသူ နန်းတွင်းသားတို့၏ ခလေ့ အမူအရာတို့ကို ဖွဲ့ဆိုသော၊ တောတောင် ရာသီဥတု သာယာပုံ၊ မင်းသား မင်းသမီးတို့ လွမ်းဆွတ်ပုံကို ဖွဲ့ဆိုသော ရှေးဟောင်း မြန်မာစာပေနှင့် တင်းတိမ်ရောင့်ရဲခြင်း မရှိ ဖြစ်လာသည်။ ဝန်ကြီး ပဒေသရာဇာနှင့် အခြားစာဆို ၂ ဦး၊ ၃ ဦး၏ စာတို့ကိုကား အထူးနှစ်သက်သည်။ တစ်ဖန် လမ်းရိုးဟောင်းကို လိုက်ကာ ရှေးရိုး မြန်မာကဗျာများ ကဲ့သို့သော ကဗျာများ ဖွဲ့ဆိုနေရသည်ကိုလည်း အားရခြင်းမရှိ ဖြစ်လာသည်။ သို့ဖြင့် ၁၉၂၈ ခု ပထမနှစ် ဝိဇ္ဇာတန်းအရောက်တွင် လမ်းရိုးဟောင်းကို စွန့်လိုက်သည်။ ဘဝပတ်ဝန်းကျင်ရှိ လောကအဖြစ်အပျက်၊ လူ့ကိစ္စ၊ လူ့အမူအရာတို့၏ အထိအတွေ့တို့ကို အခြေခံ၍ ရေးဖွဲ့သော လမ်းသစ်ကို လျှောက်လေတော့သည်။ ယင်းသို့ လမ်းသစ်ကို လျှောက်သည့်အနေဖြင့် ကဗျာတစ်ပုဒ်ကို စမ်းသပ် ဖွဲ့ဆိုလိုက်သည်။ ထိုကဗျာမှာ နောင်အခါ ပထမ ခေတ်စမ်းကဗျာဟူ၍ တွင်လာမည့် "ပိတောက်ပန်း" ကဗျာ ဖြစ်သည်။

"မနူးချင် စမ်းပါနဲ့
နှစ်ဆန်း ခါတော်မီမို့
ဇမ္ဗော်ရည် ပြေပြေလိမ်းကာပါ
ခပ်သိမ်း နယ်စုံစုံသို့
ပွင့်ငုံကို လင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနဲ့





သူလဲလေ လောကီသားလိုပါ
ကြွားချင်လှ ပေလိမ့်မယ်။

တသိန် တင့်ပါဘိ
တိမ်မြင့် ရိုပြာပြာက
ကြည်သာသာ ပင့်လေအဖြူးတွင်ဖြင့်
တီတာတာ ပွင့်ရွှေဖူးငယ်တို့
လည်ယှက်ကာ ဘယ်ညာလူးလေတော့
သူတို့လို ဘယ်သူမြူးနိုင်ပါ
ထူးပါဘိတယ်။

တဝါဝါ ဆင်သက်န်းရယ်က
ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့
သာသနာ ရှင်ရှင်လန်းအောင်လို့
တမင်မှန်းကာပါ သတိဆွယ်
ရည်ရွယ်တော့ သလား။
နူးပါနဲ့ကွယ်
ပွင့်ဖူးမှာ အဝါခြယ်၍
မာလာအလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်
နှစ်ဆုံးကုန် အတာဝင်သို့
မာန်အင်ကို ဉာဏ်ဆင်မွေးကာပါ
အရေး အခါသာမှ
ခမျာမှာ တစ်ဂုဏ်ဆန်းရတယ်
ပန်းပိတောက်များ။"

ဤကား ပိတောက်ပန်း ကဗျာပင် ဖြစ်သည်။ လူ့အဖြစ်၊ လူ့အမူအရာကို ပိတောက်ပန်း၌ တင်စားလျက် ပိတောက်ပန်းတို့သည် ဝေဝေဆာဆာ ဖူးပွင့်ပြနေကြသကဲ့သို့ လူတို့သည်လည်း ဓမ္မတာအားဖြင့် သူတို့ဂုဏ် အလိုက်၊ သူတို့ဝါသနာအလိုက် ဝင့်ချင် ဝါချင်တတ်ကြပါသည်။ ဝီရိယ ထုတ်၍ လည်းကောင်း၊ ဉာဏ်ထုတ်၍ လည်းကောင်း ကြိုးပမ်းခဲ့သဖြင့် ရရှိသော သူတို့၏ အောင်မြင်မှုကို လူ့အလယ်၌ ထုတ်ဖော် ပြသလိုကြပါသည်။ ယင်းသို့ရှိသည်ကို မဖျက်ဆီးသင့်ပါ၊ မနှောင့်ယှက်သင့်ပါ ဟူ၍ ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ယခင် ဖွဲ့ဆိုခဲ့သော ရှေးရိုး



www.burmeseclassic.com

www.burmeseclassic.com



ကဗျာများနှင့် မတူ။ ဆရာဇော်ဂျီသည် ဘဝပတ်ဝန်းကျင်နှင့် ထိတွေ့ခြင်း ရှိ၍ မိမိ၏ စိတ်၌ ဖြစ်ပေါ်လာသော မိမိ၏ ဆန္ဒ၊ မိမိ၏ စေတနာ၊ မိမိ၏ အမြင်တို့ကို တင်ပြ ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

ဤကဗျာကို ဆရာဇော်ဂျီသည် ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ပဲခူး ကျောင်းဆောင်၌ နေစဉ် "ဟံသာ့ကြေးမုံ" လက်ရေးစာစောင်၌ ထည့်သွင်း ဖော်ပြခဲ့သည်။ ထိုအချိန်က "ဟံသာ့ကြေးမုံ" ကို ဆရာဇော်ဂျီကပင် တာဝန်ခံ အယ်ဒီတာလုပ်၍ ထုတ်ဝေသည်။ တက္ကသိုလ် လောကတွင် ပုဂံလက်သီး၊ စစ်ကိုင်းဂုဏ်ရည်၊ သထုံမိုးမွှား စသည်ဖြင့် လက်ရေးစာစောင်များ ရှိခဲ့ဖူးရာ ဤ "ဟံသာ့ကြေးမုံ" သည် ပထမဦးဆုံးသော ကျောင်းဆောင် လက်ရေး စာစောင် ဖြစ်သည်။

ဆရာဇော်ဂျီသည် "ပိတောက်ပန်း" ကဗျာမှ စ၍ နောင်အခါ ကဗျာ ရေးဖွဲ့ရာတွင် သူ့စေတနာ၊ သူ့အမြင်တို့ကို အဓိကပြု၍သာ သူမြင်သည့်အတိုင်း ဖွဲ့ဆိုသွားလေသည်။ သို့ဖြင့် ထိုကဗျာများသည် အကြောင်းအရာ၌ လည်းကောင်း၊ ပုံသဏ္ဌာန်၌ လည်းကောင်း တစ်မူ ထူးလာကြပြီဟု ဆိုနိုင်သည်။ ထိုကဗျာများကို တက္ကသိုလ်မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းတို့တွင် ထည့်သွင်းခဲ့သည်။ ထိုအခါမှစ၍ လမ်းသစ်သဘော သက်ဝင်သော ကဗျာများသည် တစ်စတစ်စ ပေါ်ထွက်လာ သည်။ ရေးဖွဲ့စက ဆရာဇော်ဂျီ၏ လမ်းသစ်သဘော သက်ဝင်သော ကဗျာများကို ခေတ်စမ်းကဗျာဟု မခေါ်ကြသေးချေ။ ၁၉၃၄ ခုနှစ်တွင် ဆရာကြီး ဦးဖေမောင်တင်က တက္ကသိုလ်၌ ရေးနေကြသော အခြားကဗျာများကိုပါ စုဆောင်းလျက် "ခေတ်စမ်းကဗျာ" ဟူ၍ အမည်ပေးသည်တွင်မှ ထိုအမည် တွင်လာခြင်း ဖြစ်ပေသည်။

ထိုစဉ်က ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ နှစ်ဦးသည် မသက်သာလှ။ ခေတ်သစ်သမားများ၏ နှစ်သက် ချီးကျူးခြင်းကို ခံရသည်နှင့်အမျှ၊ တစ်ဖက် ကလည်း ခေတ်ဟောင်းမှ တစ်ဖဝါးမျှ မရွေ့ချင်ကြသော ခေတ်ဟောင်းသမား များ၏ ပြစ်တင် ရှုတ်ချခြင်းကို ခံခဲ့ရပေသည်။ အချို့ ခေတ်ဟောင်းသမားများက ဇော်ဂျီနှင့် မင်းသုဝဏ်တို့သည် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မဖွဲ့ဆိုတတ်။ မိုးဆွေငှက်၊ ဝမ်းဘဲ စသည့် သေးငယ်သော အသေးအဖွဲ အရာကလေးများကိုသာ ဖွဲ့ဆိုတတ်ကြသူများ ဖြစ်သည်ဟု ကဲ့ရဲ့ကြသည်။ ဤတွင် ဆရာဇော်ဂျီက အသေး ငယ်ဆုံး ဖြစ်သည့် "အပ်နဖား" အကြောင်းကို ပိုကဲ၍၊ ငေါ့၍ ဖွဲ့ဆိုပြလိုက် သေးသည်။





အပ်နဖား

ထိုးသော်လဲ့ ထိုးသော်
ကြိုးချော်လို့ သွား။
အဘွားအို အမြင်ကတ်တယ်
အပ်ရွှေနဖား။

မည်သို့ပင်ဆိုစေ၊ နောက်ဆုံး၌ ခေတ်ဟောင်းသမားများ၏ အသံသည် ငြိမ်ဆိတ်သွားခဲ့ရပေသည်။

ဆရာဇော်ဂျီသည် ဥပစာတန်း အောင်သောအခါ သာဒိုးအောင်ဆုကို ရခဲ့သည်။ ထိုနောက် ၁၉၂၉–၃၀ တွင် ဝိဇ္ဇာတန်းကို မြန်မာစာပေ၊ အင်္ဂလိပ် စာပေ၊ အရှေ့တိုင်းနိုင်ငံများ သမိုင်းတို့ဖြင့် အောင်မြင်သည်။ ထိုနှစ်တွင် တက္ကသိုလ်၌ မြန်မာစာ နည်းပြဆရာအဖြစ် ထမ်းရွက်သည်။ ထို့နောက် မြို့မ ကျောင်းသို့ ပြောင်းရွှေ့ လုပ်ကိုင်သည်။ ကဗျာများကို ဆက်၍ ရေးသည်။ ထိုအချိန်၌ပင် "ပုဂံဈေး" ဝတ္ထုတိုကို ရေးသည်။ "ပုဂံဈေး" ၌ ပေထုပ် သုခမိန်တို့ မဖြေနိုင်သော မေးခွန်းကို လူထုထဲမှ အရပ်သား လုလင်ပျိုတစ်ဦးက ဖြေနိုင်ပုံ၊ ဘဝ အမှန်တရားအတွက် အဖြေကို ရှာရာတွင် ပြည်သူထဲ၌လည်း ရှာသင့်ပုံ၊ စာတွေ့ထက် လူ့လောက အတွေ့အကြုံက ပို၍ တန်ဖိုးရှိပုံကို ရေးဖွဲ့ထားသည်။ ယင်းဝတ္ထုတို ပေါ်ထွက်လာသောအခါ ဆရာဇော်ဂျီ၏ ပတ်ဝန်းကျင်ရှိ ပညာရှိ အချို့၏ အငြိုအငြင်ကို ခံခဲ့ရသည်။

ဆရာဇော်ဂျီ





www.burmeseclassic.com

www.burmeseclassic.com



မြို့မကျောင်း၌ ဆရာ လုပ်နေစဉ် တစ်နေ့တွင် ဆရာဇော်ဂျီသည် ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်း၏ ဟောပြောပွဲတစ်ခု၌ "ဝန်ကြီး ပဒေသရာဇာနှင့် စိတ္တကျော်သူ" တို့ အကြောင်း အင်္ဂလိပ်ဘာသာဖြင့် စာတမ်းရေး၍ ဖတ်ကြားသည်။ ထိုစာတမ်းကို ရန်ကုန်တိုင်းခေါ် အင်္ဂလိပ် သတင်းစာက ထည့်သွင်းဖော်ပြသည်။ ယင်းကို ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခသစ် မစ္စတာရဒ်က ဖတ်ရသည်တွင် နှစ်သက်သဘောကျသည်။ ဆရာဇော်ဂျီကို ခေါ်၍ မဟာဝိဇ္ဇာတန်း တက်ရန် တိုက်တွန်းရာ၊ ၁၉၃၄ ခုနှစ်တွင် ဆရာဇော်ဂျီသည် မြို့မကျောင်းမှ နုတ်ထွက်၍ အင်္ဂလိပ်စာပေ၊ မြန်မာစာပေ၊ ၂ ဘာသာ တွဲယူကာ မဟာဝိဇ္ဇာတန်းကို တက်ရောက်ခဲ့ပေသည်။

မဟာဝိဇ္ဇာတန်းကို တက်နေစဉ် လူငယ်တို့ နိုးကြားရန် "တို့တိုင်းပြည်"၊ "တက်လူတေးသံ" စသည့် ကဗျာများကို ဖွဲ့ဆိုသည်။ ကြီးပွားရေး မဂ္ဂဇင်းတွင်လည်း "အိန္ဒိယလူငယ်များနှင့် အိန္ဒိယစာပေ အရေးတော်ပုံ"၊ "တရုတ်လူငယ်များနှင့် တရုတ်စာပေ အရေးတော်ပုံ" စသည့် ဆောင်းပါးများ ရေးသည်။ ထို့ပြင် ခွသမား အင်္ဂလိပ် စာရေးဆရာကြီး ဘားနဒ်ရှော (Bernard Shaw) ဟောပြောသော "လွတ်လပ်ရေးတရား" ဟောပြောချက်ကို မြန်မာဘာသာပြန်ဆိုသည်။ ဘာသာပြန် ဆောင်းပါးအတွက် နိဒါန်းကို ဆရာဇော်ဂျီက အောက်ပါအတိုင်း ရေးထားသည်။

"ဂျီ–ဘီရှောသည် အိုင်ယာလန်ပြည်သား ကမ္ဘာကျော် ပြဇာတ်ရေး ဆရာကြီး တစ်ယောက် ဖြစ်သည်။ ယခုတိုင် အသက်နှင့် တကွ အထင်အရှား ရှိသေးသည်။ သူ၏ အယူဝါဒများကို ပြဇာတ်များနှင့်တကွ ပြဇာတ်နိဒါန်းများမှ နေ၍ ပျံ့နှံ့အောင် ရေးသားလေ့ ရှိသည်။ ဂျီ–ဘီရှောသည် ဆင်းရဲသူများမှာ သိပ်ဆင်းရဲ၊ အစဉ် ဆင်းရဲ၊ ချမ်းသာသူများမှာ သိပ်ချမ်းသာ၊ အစဉ်ချမ်းသာလျက် နေကြသော ဤယခုခေတ်၏ မမျှတသော နေမှုထိုင်မှု အခြေအနေကို အလွန် မုန်းတီးသောသူ ဖြစ်လေသည်။ ဤအခြေအနေကို တစ်နည်းနည်းနှင့် ပြုပြင်ပေးရမည် ဟူသော အသံသည် သူ၏ အကျယ်လောင်ဆုံးသော အသံ ဖြစ်သည်။ များစွာသော စာများမှာ ကြီးနိုင် ငယ်ညှဉ်းဆဲ ခေတ်ထဲတွင် ဒုက္ခဆင်းရဲကို ခံနေကြရသော အလုပ်သမားတို့၏ ဘက်မှ နေ၍ ရေးနေလိုက်သော စာများ ဖြစ်သည်။ အရေးတွင် တဲ့တိုး ရေးတတ်၍ အပြောတွင်လည်း ဘွင်းဘွင်း ပြောတတ်လေသည်။ ရှုရသော ဉာဏ်နှင့်လည်း ပြည့်စုံသည်။

အောက်ပါ ဘာသာပြန်စာမှာ အင်္ဂလန်နိုင်ငံရှိ အမြို့မြို့ အနယ်နယ်က နေ၍ ကြားနာနိုင်အောင် အသံလွှင့်စက်နှင့် ဟောပြောခဲ့သော "လွတ်လပ်ရေး" တရားစကား ဖြစ်သည်။ ဤတရားမှာ အထူးသဖြင့် ဆင်းရဲသား အလုပ်သမားများအား ဟောကြားသောတရား ဖြစ်သည်။ ကျွန်ုပ်က သင့်တင့်အောင် ဖြတ်တောက်၍ သူပြောသလို ဘာသာပြန်ထားပါသည်။ ဖတ်၍ မကောင်း၊ နားထောင်၍ မကောင်းပါလျှင် ရှော၏ အပြစ် မဟုတ်ပါ။ ကျွန်ုပ် ဘာသာပြန် ညံ့သောကြောင့်သာ ဖြစ်ပါလိမ့်မည်"





၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာတန်း အောင်၍ မန္တလေး ဥပစာကောလိပ်သို့ ပြောင်းရွှေ့ အမှုထမ်းသည်။ ၁၉၃၇ ခုတွင် ဦးသိန်းဖေ (ဦးသိန်းဖေမြင့်) က နာမည်ကျော် "တက်ဘုန်းကြီး" ဝတ္ထုကို ရေးသား ထုတ်ဝေသည်။ ဝတ္ထုနိဒါန်းကို ဦးနု (သခင်နု) က ရေးသည်။ ဆရာဇော်ဂျီက ကြီးပွားရေး မဂ္ဂဇင်း၌ "သာသနာပြု ဝတ္ထုအကြောင်း" ဟူ၍ ခေါင်းစဉ်တပ်ကာ ဝေဖန်စာ ရေးသည်။ တက်ဘုန်းကြီး ဝတ္ထုကို ရဲဝံ့စွာ ကြိုဆိုသည်။ ဝေဖန်စာ၌ ဆရာဇော်ဂျီ ရေးထားသည်မှာ–

"သာမည သုတကာတို့နှင့် မတူ၊ ဝိဇ္ဇာဘွဲ့များနှင့် မကြွားဝါလိုကြသော ဦးသိန်းဖေနှင့် ဦးနုတို့ စီရင်လိုက်ကြသော 'တက်ဘုန်းကြီး' ဝတ္ထုကို ချစ်ဆွေ အချို့တို့ ဖတ်ပြီးကြပြီဟု ကျွန်ုပ် ထင်သည်။ ကျွန်ုပ်မူကား ဖတ်ပြီးပြီ။

ဝတ္ထုကို ထုတ်ဝေ ပြီးသည့်နောက် လေး ငါး ရက် အတွင်းတွင် မြန်မာ့အလင်း သတင်းစာ၌ သာသနာ့မာမက ရဟန်းပျိုအသင်းက ကန့်ကွက်သည်ကို တွေ့ရသည်။ ထိုနောက် ဦးလေမွေ၏ ထောက်ခံချက်ကို တွေ့ရပြန်သည်။ ကျွန်ုပ် ကြားသည်မှာ ထိုဝတ္ထုနှင့် စပ်လျဉ်း၍ ဆဲစာ၊ ဩဘာပေးစာ အမြောက်အမြားကို သတင်းစာတိုက်သို့ ပို့ကြ၏။ သတင်းစာတိုက်များကမူ သတင်းစာ၌ မထည့်သွင်းလိုသဖြင့် မထည့်သွင်းကြကုန်။

ဤဝတ္ထုကို သာသနာပြု ဝတ္ထုဟု ကျွန်ုပ် ခေါ်ဆိုလိုသည်။ ဤဝတ္ထုကို ဖတ်ပြီးသောအခါ ကျွန်ုပ်သည် ရဟန်းကောင်း ရဟန်းမြတ်တို့ကို ပိုမို၍ ကြည်ညိုလာသည်။ ရဟန်း ပီသသော ရဟန်းတို့ကို ပို၍ သဒ္ဓါလာသည်။

ရဟန်းညစ်တို့ ကွယ်ပကြပါစေ၊ ရဟန်းကောင်းများသာ ကျန်ရှိကြပါစေဟုလည်း သာသနာအတွက် စိုးရိမ်သဖြင့် ဆုတောင်းပါသည်။ .... ဤဝတ္ထုကို သာသနာပြုဝတ္ထုဟု ဆိုထိုက်ကြောင်း ရေးခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ဤဝတ္ထုမျိုးအား သတိပေးစရာ တစ်ခုကို အခြေပြု၍ ရေးသားသော ဝတ္ထုဟု ခေါ်ဆိုရပေမည်။ သို့ရာတွင် သတိပေးခြင်း ဂုဏ်မှအပ ထိုဝတ္ထုကို ဝတ္ထုသက်သက် အဖြစ်ဖြင့်လည်း ဖတ်ကောင်းပေသည်။ ဝတ္ထုမှာ အရသာပေါ်အောင် ရေးထားသော ဝတ္ထုဖြစ်သည်။ အထူးသဖြင့် ရယ်ဖွယ် ဟာသရသသည် ဤဝတ္ထု၌ ကဲနေသည်။ ရယ်ဖွယ်ဟု ဆိုသော်လည်း လူပြက် ပြက်လုံးမျိုးကို နားထောင်၍ ရယ်မောရသော ရယ်ဖွယ်မျိုး မဟုတ်။ ရယ်ရင်း ဉာဏ်အလင်း ရလာသော ရယ်ဖွယ်မျိုး ဖြစ်သည်။ ဤရယ်ဖွယ်မျိုးတို့၏ သဘောတစ်ခုကား လောက၌ "ဖြစ်ပျက်တတ်သည်" နှင့် "ဖြစ်ပျက်သင့်သည်" တို့ အမြီးအမောက် မတည့်သည်ကို တွေ့ရသောအခါ ရယ်ရသော သဘောမျိုး ဖြစ်သည်။ .....''

၁၉၃၈ ခုတွင် ဆရာဇော်ဂျီသည် အစိုးရ ပညာတော်သင်အဖြစ် ရွေးချယ်ခံရသဖြင့် အင်္ဂလန်သို့ သွားသည်။ စာကြည့်တိုက်ပညာကို လန်ဒန် တက္ကသိုလ်နှင့် ဒဗ္ဗလင်တက္ကသိုလ်တို့တွင် ဆည်းပူးသည်။ ၁၉၄၀ ပြည့်နှစ်တွင် စာကြည့်တိုက် ဒီပလိုမာဘွဲ့ ရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာသည်။ အပြန်တွင် အင်္ဂလန်၌ တွေ့ကြုံခဲ့ရသော အင်္ဂလိပ်တို့ စိတ်နေသဘောထား၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို ဆောင်းပါးများ ရေးသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းစာကြည့်တိုက်၌ ပိဋကတ်တိုက်မှူးအဖြစ် ဆောင်ရွက်သည်။

ဆရာဇော်ဂျီသည် ဂျပန်ခေတ်၌ မြန်မာအစိုးရ ပညာရေးဌာနတွင် ဒုတိယ ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်သည်။ စာပေနှင့် စာကြည့်တိုက် ဌာနခွဲကို တာဝန်ယူ ဆောင်ရွက်သည်။ ယင်းသို့ ဆောင်ရွက်စဉ် ထိုစဉ်က ဘားနဒ် ပိဋကတ်တိုက်၌ ရှိသော ပေ၊ ပုရပိုက်တို့ကို မပျောက် မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။

စစ်ပြီးခေတ်တွင် ဆရာဇော်ဂျီသည် ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူးအဖြစ် ပြန်လည်ထမ်းရွက်သည်။ တိုင်းပြည်ပြု လွှတ်တော်၌ တစ်နှစ်ခွဲခန့် ထမ်းရွက်သည်။ ထို့နောက် ပိဋကတ်တိုက်မှူးအဖြစ် ပြန်လည် ထမ်းရွက်ရင်း၊ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေး ညွှန်ကြားရေးဝန် တာဝန်ကို ပူးတွဲဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးအစိုးရ ပညာရေးဌာန အထူးအရာရှိ အဖြစ် ဆောင်ရွက်သည်။ တစ်ဖက်ကလည်း မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်၏ ဝေါဟာရကော်မတီ သဘာပတိအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ သမိုင်း ကော်မရှင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်သည်။

ဆရာဇော်ဂျီသည် ဆိုခဲ့သော အလုပ်များကို ဆောင်ရွက်နေသော်လည်း





သူမြတ်နိုးသည့် စာရေးခြင်း အလုပ်ကိုမူ မရပ်နားခဲ့။ မြန်မာစာနယ်ဇင်း အမျိုးမျိုး၌ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ပြဇာတ်၊ ဘာသာပြန်များကို တစိုက်မတ်မတ် ရေးသားပြုစုပေသည်။ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေပြီးသော ဆရာဇော်ဂျီ၏ စာအုပ်များမှာ "ပိတောက်ရွှေဝါ ကဗျာများ"၊ "ဗေဒါလမ်းကဗျာများ"၊ "ဇော်ဂျီ၏ ကဗျာပေါင်းချုပ်"၊ "ဇော်ဂျီ၏ စာ"၊ "မဟာဆန်ချင်သူ ပြဇာတ်" (ဘာသာပြန်)၊ "ဂျူရတ်နှင့် မာဂရက်ဝတ္ထု" (ဘာသာပြန်)၊ "သကုန္တလာဝတ္ထု" (ဘာသာပြန်)၊ "ရသစာပေအဖွင့်"၊ "ရသစာပေ နိဒါန်း"၊ "သခင်ကိုယ်တော်မှိုင်း ဋီကာ"၊ "မိုးကြယ်မို့လားနှင့် အခြားဝတ္ထုများ" (နိုဗယ်ဆုရ စာရေးဆရာများ၏ ဝတ္ထု ဘာသာပြန်)၊ "လမ်းသစ်နှင့် အခြားဝတ္ထုများ" (နိုဗယ်ဆုရ စာရေးဆရာများ၏ ဝတ္ထုဘာသာပြန်)၊ "ပလေးတိုး နိဒါန်း" (ဘာသာပြန်) စသည်တို့ ဖြစ်သည်။ ဆရာ မင်းသုဝဏ်နှင့် တွဲဖက်၍လည်း "စာပေလောက"၊ "ခရီးသည်" စာအုပ်များကို ရေးသား ပြုစုခဲ့သည်။ ရှေးရိုး မြန်မာပန်းချီအကြောင်း၊ စာကြည့်တိုက်ပညာ အကြောင်း ဆောင်းပါးများ ရေးခဲ့သည်။

ဆရာဇော်ဂျီသည် ကဗျာဆရာ၊ စာရေးဆရာ၊ စာပေဝေဖန်ရေး ဆရာ၊ ဘာသာပြန်ဆရာ၊ ပြဇာတ်ဆရာ ဖြစ်သည်သာမက သုတေသနပညာရှင်နှင့် သမိုင်းပညာရှင်လည်း ဖြစ်ပေသည်။

တစ်ခါက ဦးသိန်းဖေမြင့်သည် စာပေဝေဖန်ရေး ဆောင်းပါးတစ်စောင် ရေးခဲ့သည်။ ယင်းဆောင်းပါး၌ ဆရာဇော်ဂျီ၏ ကဗျာများနှင့် ပတ်သက်၍–

"ဇော်ဂျီမှာကား အဆက်မပြတ် တိုးတက်လျက် ရှိပေ၏။ သူ၏ ကဗျာများသည် လူထုအကြောင်း ဖော်ပြရုံသက်သက် မကတော့ဘဲ လူထုကို လှုံ့ဆော်ပေးသော ကဗျာများ ဖြစ်လာသည်။ ဥပမာ– သူ၏ 'ငှက်ငယ်ပမာ' ကဗျာမှာ လူထု၏ ကြီးမားသော အင်အားကို ဖော်ပြ၍ လူထုအား လှုံ့ဆော်ထားပေသည်။ လူထုသည် ကိုယ့်အားကို ကိုယ်မြင်သည့် နေ့၌ ဥမှ ပေါက်ထွက်လာသော ငှက်ငယ်သို့ ဘဝဟောင်း စွန့်၍ (ဝါ) ခေတ်ဟောင်းစွန့်၍ ဘဝသစ် (ဝါ) ခေတ်သစ်ရောက်ခြင်း ဖြစ်ဟန်ကို ဖော်ပြထားသည်။"

ဟူ၍ ရေးသား မှတ်ချက်ချထားပေသည်။

"သခင်ကိုယ်တော်မှိုင်းဋီကာ" စာအုပ် ထွက်ပေါ်လာသောအခါ ဆရာဇော်ဂျီ၏ ဆရာအရင်းဖြစ်သူ ဆရာကြီး ဦးဖေမောင်တင်က သုတေသန ဂျာနယ်တွင် အင်္ဂလိပ်ဘာသာဖြင့် ဝေဖန်ချက် ရေးခဲ့သည်။ ယင်းသို့ ရေးရာ၌ တစ်နေရာတွင် ဆရာကြီးက–



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ဂျီသည် အိန်ဂျယ် နတ်သားကလေးတမျှ လှလှပပ ရေးတတ်သည်"

ဟူ၍ လည်းကောင်း၊ တစ်နေရာတွင်လည်း–

"မြန်မာစကားပြေနှင့် ပတ်သက်၍ ရှင်းလင်း ပြတ်သားအောင်၊ နှစ်လိုဖွယ်ရှိအောင် မည်သို့မည်ပုံ ရေးရမည်ကို ဇော်ဂျီက ကျွန်ုပ်တို့အား စံပြ ရေးပြလေပြီ"

ဟူ၍ လည်းကောင်း ရေးသား ဖော်ပြထားပေသည်။

ဤ "သခင်ကိုယ်တော်မှိုင်းဋီကာ" သည် ၁၉၅၅ ခု စာပေဗိမာန် (စာပဒေသာ) ဆု ရခဲ့သည်။ ယင်းကို တရုတ်ဘာသာဖြင့် ပြန်ဆိုသည်။ ထိုစာအုပ်သာမက ဆရာဇော်ဂျီ၏ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာအချို့တို့ကို အင်္ဂလိပ်၊ ရုရှ၊ ချက်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ် စသည့် ဘာသာတို့ဖြင့် ပြန်ဆိုခဲ့ကြပေပြီ။

ချက်နိုင်ငံမှ အမျိုးသမီး စာပေ သုတေသနပညာရှင် ဒဂ္ဂမာဘက်(ချ)ကိုဗာ (မြသီတာ) က ( Novy Orient ) ချက်ဘာသာ မဂ္ဂဇင်း၌ ဆရာဇော်ဂျီအကြောင်း ဆောင်းပါး ရေးသည်။ ယင်းဆောင်းပါးကို ထိုနိုင်ငံထုတ် ( New Orient ) အင်္ဂလိပ်ဘာသာပြန် မဂ္ဂဇင်း၌ ဖော်ပြထားသည်။ ယင်းဆောင်းပါးတွင် ဆရာဇော်ဂျီ၏ စာများနှင့် ပတ်သက်၍ မြသီတာက ဤသို့ ဝေဖန် ဖော်ပြထားသည်။

"ဆရာဇော်ဂျီ၏ စာပေအမြင်နှင့် ဆရာဇော်ဂျီ၏ စာပေများတွင် မြန်မာ့ ရှေးဟောင်း စာပေကျမ်းဂန်များကို အလေးအနက် လေ့လာသုံးသပ်မှုကို တွေ့ရသည်။ အင်္ဂလိပ်စာပေနှင့် ကမ္ဘာ့စာပေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ သုံးသပ်ချက်တို့ကိုလည်း တွေ့ရသည်။ တက္ကသိုလ်ဝန်းကျင်၏ အငွေ့အသက်ကိုလည်း တွေ့ရသည်။

ဆရာဇော်ဂျီ၏ 'ပိတောက်ပန်း' ကဗျာသည် ဆရာဇော်ဂျီ၏ စာပေကို လည်းကောင်း၊ ၂၀ ရာစု မြန်မာ ကဗျာလောကတစ်ခုလုံးကို လည်းကောင်း ပထမဦးဆုံး အပြောင်းလဲကြီး ပြောင်းလဲစေသည့် ကဗျာဖြစ်သည်။ .... ဆရာဇော်ဂျီ၏ 'ပုဂံဈေး' ဝတ္ထုတိုသည် အမှန်တရားအတွက် အဖြေကို ပြည်သူတွေထဲတွင် ရှာဖွေရန် လိုအပ်ကြောင်း၊ စာအုပ်ထဲတွင် ရှာမရနိုင်ကြောင်း လေးနက်စွာ ဖော်ပြလျက် ရှိသည်။ .... ဆရာဇော်ဂျီ၏ ကဗျာများမှာ များသောအားဖြင့် သဘာဝကို ခြယ်မှုန်းပြထားသည်။ ထိုသဘာဝမှာ လူ့သဘာဝအဖွဲ့ ဖြစ်သည်။ လူ၏ ဘဝနှင့်





အတွေ့အကြုံကို ခြယ်မှုန်းခြင်းပင် ဖြစ်၏။ ဤအချက်တို့သည် ဆရာဇော်ဂျီ၏ စိတ်ဓာတ်တွင် အစဉ် ကိန်းအောင်းလျက် ရှိသည်။

ဆရာဇော်ဂျီ၏ ကဗျာများ၊ ဝတ္ထုတိုများ၊ ပြဇာတ်များသည် လူ့သဘော သဘာဝကို လေးနက်စွာ ထင်ဟပ်ဖော်ပြလျက် ရှိသည်။ လေးနက်စွာ ဆင်ခြင်မှုများနှင့် ဒဿနိကဗေဒဆိုင်ရာ ပြဿနာများကို သူ့စာများတွင် ထည့်သွင်း ဖော်ပြခဲ့သည်။ 'ရွှေမောင်းသံ' ပြဇာတ်တွင် မြန်မာ့သမိုင်းနှင့် စပ်လျဉ်း၍ ဖော်ပြသော ရည်ရွယ်ချက်ကို တွေ့ရသည်။ ဤပြဇာတ်ကို ထောက်၍ ဆရာဇော်ဂျီသည် ကျူးကျော်သောစစ်ကို ဆန့်ကျင်တိုက်ခိုက်သူ ဖြစ်ကြောင်း သိရသည်။

ခေတ်စမ်း စာပေခေါင်းဆောင် ၃ ဦး အထဲတွင် ဆရာဇော်ဂျီသည် အတိုးတက်ဆုံး ပုဂ္ဂိုလ် ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရသည်။ နိုင်ငံတစ်ဝန်းလုံး အောင်မြင်မှုရ၍ ရွှင်လန်းဝမ်းမြောက်လျက် ရှိကြသည်။ ထိုအချိန်တွင် ဆရာ ဇော်ဂျီက '၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်' ကဗျာကို ရေးသားသည်။ ထိုကဗျာတွင် သတိပေး နှိုးဆော်သံကို တိုးမြှင့်လိုက်သည်။ ထိုကဗျာ၌ မိမိတို့နိုင်ငံ၏ နောက်ဆုံး ရည်မှန်းချက်သည် လွတ်လပ်ရေး အောင်ပွဲခံရန်သာ မဟုတ်ကြောင်း၊ ယနေ့တိုင် ငတ်မွတ်ခေါင်းပါး၍ အတိဒုက္ခရောက်နေသော ပြည်သူတို့အတွက် ဆက်လက် လုပ်ဆောင်ရန် ရှိသေးကြောင်း သတိပေး ဖော်ပြထားသည်။ ဇော်ဂျီ၏ အခြားကဗျာများတွင်လည်း သူ၏ ရဲရင့်ခြင်းကို ပြသလျက် ရှိသည်။

ဒုတိယကမ္ဘာစစ် ပြီးသည့်နောက် ဆရာဇော်ဂျီ၏ စာပေများသည် ခေတ်စမ်းကာလ စာပေများနှင့် ခြားနားလာသည်။ ထို စစ်ပြီးစ ဆရာဇော်ဂျီ၏ စာပေများတွင် ကဗျာပုံသဏ္ဌာန်နှင့် ပတ်သက်၍ ကျွမ်းကျင်နိုင်နင်းစွာ တည်ဆောက်ထားမှုကို တွေ့ရသည်။ နက်နဲသော အတွေးအခေါ်များကို အလေးအနက်ပြုထားသည်ကို တွေ့ရသည်။"

ဆရာဇော်ဂျီ၏ ဝတ္ထုတိုအချို့နှင့် ပတ်သက်၍ တိုက်စိုးကလည်း ဤသို့ ဆိုထားပေသည်။

"ဟာသ (ဟဿ)၏ သဘောသည် နှစ်မျိုးနှစ်စား ရှိမည်ဟု ကျွန်တော် ထင်မိလေသည်။ တစ်မျိုးသည် ငှက်ပျောခွံကို တက်နင်းမိသူ၏ မတော်မတည့် အဖြစ်ကို မြင်ရာမှ ပေါ်လာသော ဟာသသက်သက် ဖြစ်သည်။ တစ်မျိုးသည် သံသရာ မခင်တွယ်ပါဘူးဟု [illegible]



www.burmeseclassic.com

www.burmeseclassic.com





ခေတ်စမ်းစာဆို ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်၊

ပြောသော်လည်း မြေးကလေး၏ နဖူးကို မနမ်းဘဲ မနေနိုင်သူ၏ မတော် မတည့်ကို မြင်ရာမှ ဘဝအသိနှင့် ယှဉ်၍ ပေါ်လာသော ဟာသ ဖြစ်သည်။

ဟာသစာသည်လည်း ဤအတိုင်းပင် ရှိရလိမ့်မည်။ အကယ်၍ တစ်ယောက်သော သူက ဘဝအသိနှင့် ယှဉ်သော ဟာသစာကို ညွှန်ပြပါဟု ဆိုလျှင် ကျွန်တော်သည် ဇော်ဂျီ၏ ဝတ္ထုတို အချို့ကို ညွှန်ပြမိပေလိမ့်မည်။

ဇော်ဂျီသည် ဝတ္ထုတို များများစားစား မရေးဖူးလေ။ ရေးခဲ့သမျှ





ဝတ္ထုတိုများတွင် 'ပုဂံဈေး'၊ 'ဦးသောဘိတနှင့် ကိုခင်'၊ 'သော့တွဲနှင့် နတ်ရုပ်'၊ 'သူ့မယား' လေးပုဒ်တို့သည် ဘဝအသိနှင့် ယှဉ်သော ဟာသ ဝတ္ထုတိုများ ဖြစ်ကြသည်။"

ထို့ပြင် ဆရာဇော်ဂျီ၏ နာမည်ကျော် ဗေဒါလမ်း ကဗျာများနှင့် ပတ်သက်၍ တိုက်စိုးက–

"ဗေဒါလမ်း ကဗျာစုသည် ရှုခင်းပြအဖွဲ့ သက်သက် မဟုတ်ပေ။ စာဆို ဇော်ဂျီသည် မြစ်ထဲ ချောင်းထဲတွင် တွေ့ရမြဲ မြင်ရမြဲ အခြင်းအရာကို မှီ၍၊ မှီရာမှ ကျော်၍ အမြင်အသိ တစ်ခုကို ရခဲ့ဟန် တူသည်။ ထိုအမြင် အသိနှင့် ယှဉ်ဖက်၍လည်း အားမာန် ဖြစ်ခဲ့ဟန် ရှိလေသည်။ ဇော်ဂျီသည် ထိုအကြောင်းကို ကဗျာဖတ်လို၊ နာလိုသူ မှန်သမျှအား မိမိကဲ့သို့ အမြင်ပေါက်ကာ နှစ်သိမ့်ရလေအောင် ရေးဖွဲ့ပြ၊ သီဆိုပြလိုသည့် လက္ခဏာ ရှိပေသည်။

ထိုကဗျာစုကို ပကတိသဘောအတိုင်း ဖတ်မည်၊ နာမည် ဆိုလျှင်လည်း ကောင်းပါ၏။ လူ့ဇာတ်သွင်း၍ ဖတ်ကြည့်၊ နာကြည့်ပါမူကား အရသာစုံ ခံစားနိုင်မည် ဖြစ်လေသည်။ ...."ဟူ၍ ဆိုထားပေသည်။

တစ်ခါက ငွေတာရီ မဂ္ဂဇင်းက ဆရာဇော်ဂျီထံ ချဉ်းကပ်လျက် ဆရာဇော်ဂျီ အနှစ်သက်ဆုံးဖြစ်သော မြန်မာ စာရေးဆရာတို့၏ စာအုပ် ၁၀ အုပ်နှင့် အခြား နိုင်ငံခြားစာအုပ် ၅ အုပ်ကို မေးမြန်း တောင်းဆိုသည်။ ဤတွင် အောက်ပါ စာအုပ်စာရင်းကို ပေးခဲ့ရာ ဆရာဇော်ဂျီ၏ အကြိုက်ကို ခန့်မှန်းနိုင်သည်။

( ၁ ) တောလားရတု (ရှင်ဥတ္တမကျော်)
( ၂ ) ဟတ္ထိပါလ တောထွက်ခန်းပျို့ (ရှင်မဟာရဋ္ဌသာရ)
( ၃ ) တျာချင်းများ (ပဒေသရာဇာ)
( ၄ ) မဟာရာဇဝင်ကြီး–ပ (ဦးကုလား)
( ၅ ) ဝေါဟာရတ္ထ ပကာသနီ (ဒုတိယ ကျော်အောင်စံထား ဆရာတော်)
( ၆ ) ဆဒ္ဒန်ဆင်မင်းဝတ္ထု (ဦးပုည)
( ၇ ) ရွှေပြည်စိုး (ဦးလတ်)
( ၈ ) မှာတော်ပုံဝတ္ထု – ပ၊ ဒု (သခင်ကိုယ်တော်မှိုင်း)
( ၉ ) ဟင်းလေးအိုး (မော်ပီ ဆရာသိန်းကြီး)
(၁၀) တစ်သက်တာမှတ်တမ်း– ပ၊ ဒု (ရွှေဥဒေါင်း)

(1) ထေရထေရီဂါထာ
(2) The Book of Job



www.burmeseclassic.com

www.burmeseclassic.com



(3) Apology and Crito by Plato

(4) King Lear by Shakespeare

(5) The Gentleman From Sanfrancisco by Ivan Bunin


ဆရာဇော်ဂျီကို စာရေးဆရာအဖြစ်ဖြင့် သုံးသပ်ကြည့်ပါက စိတ်နှလုံး ဖြူစင်စွာ နေထိုင်ပြုမူ ကျင့်ကြံသွားလျှင် ပုထုဇဉ် လူသားဘဝသည် မြတ်သည် ဟု လည်းကောင်း၊ လူသားတို့၏ အားမာန်ကို ယုံကြည်ကိုးစားထိုက်သည် ဟု လည်းကောင်း၊ ဘဝ၌ တတ်သော်လည်း မမြောက်သင့်၊ ကျသော်လည်း မကြောက်သင့် ဟု လည်းကောင်း ခံယူထားသူ ဖြစ်သည်ဟု ဆိုနိုင်သည်။ သူ့စာများကို ဖတ်လျှင် နိုင်ငံချစ်သဘော၊ မေတ္တာသဘော၊ ကရုဏာသဘော တို့ကို ရိပ်မိ ခံစားနိုင်သည်။ သူ၏ ရေးဟန်တွင် လောဘ ဒေါသ နည်းမှုတို့ကို လည်းကောင်း၊ ခေါင်းအေးအေးထား၍ စဉ်းစား ချင့်ချိန်ကာ ပြောဆိုတတ်သော သဘောကို လည်းကောင်း သတိထားမိနိုင်သည်။

ဆရာဇော်ဂျီနှင့် ပတ်သက်၍ ထူးခြားချက် တစ်ရပ်မှာ အကောင်းဘက်ကို အလေးပေး၍ ရှုမြင်လေ့ရှိခြင်းပင် ဖြစ်သည်။ တစ်ခါက နိုင်ငံခြားမှ အမျိုးသမီး စာပေပညာရှင်တစ်ဦး ဆရာဇော်ဂျီထံ လာရောက် တွေ့ဆုံသည်။ ဆရာဇော်ဂျီနှင့် ထိုအမျိုးသမီးတို့ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု အကြောင်း ဆွေးနွေး ပြောဆို ကြသည်။ အမျိုးသမီးက မိမိသည် မြန်မာ့ယဉ်ကျေးမှု ဗိသုကာကို လေ့လာရန် ရွှေတိဂုံစေတီတော်သို့ သွားခဲ့ကြောင်း၊ ရွှေတိဂုံစေတီ ရင်ပြင်တော်၌ အညစ် အကြေးများကို မြင်တွေ့သဖြင့် စိတ်ပျက်ခဲ့ကြောင်း၊ စေတီတော်မှာ နာမည်ကြီး သော်လည်း ရင်ပြင်တော်မှာမူ ညစ်ပတ်လှကြောင်း ပြောသည်။ ဤတွင် ဆရာ ဇော်ဂျီက 'ရွှေတိဂုံစေတီတော်ရဲ့ မြန်မာ့ယဉ်ကျေးမှု ဗိသုကာလက်ရာကို လေ့လာဖို့ သွားပါလျက် မြန်မာ့ယဉ်ကျေးမှု ဗိသုကာလက်ရာကို မမြင်ဘဲ အညစ်အကြေး ကိုသာ မြင်ခဲ့တာတော့ နှမြောဖို့ ကောင်းပါတယ်' ဟု ပြန်ပြောသည်။ ထိုအခါ အမျိုးသမီးသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားရာမှ သူ့နဖူးကို သူ့လက်ဖြင့် ရိုက် လိုက်ကာ 'ဘုရားရေ.... ရှင် ပြောမှ ကျွန်မ ဆင်ခြင်မိတယ်။ ဟုတ်ပါရဲ့၊ ကျွန်မ မှားသွားပါပြီ' ဟု ဆိုကာ သူ့အမှားကို ချက်ချင်း ဝန်ခံသွားသည်ဟု မှတ်လိုက် ရသည်။

မင်းသုဝဏ်

(ပထမ ခေတ်သစ် ကလေးကဗျာဆရာ)

ခ



အသက် ၂၇ နှစ်အရွယ် ဆရာမင်းသုဝဏ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်၌ သမီးတစ်ယောက်နှင့် သားတစ်ယောက် ရှိသည်။ သမီးသည် အသက် ၁၀ နှစ်အရွယ် ရှိသည်။ သားသည် အသက် ၇ နှစ် အရွယ်ရှိသည်။ သူတို့သည် ကလေးတို့ဘာဝ တေးဆိုလေ့ ရှိကြသည်။ သူတို့ ဆိုသော တေးများအထဲတွင် ရေဒီယို သီချင်းများလည်း ပါဝင်သည်။ ရုပ်ရှင်သီချင်းများလည်း ပါဝင်သည်။ ထို့ပြင် ကလေးကဗျာများလည်း ပါဝင်သည်။

**သပြေသီးကောက်**

ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်။
ခရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်တတ်တယ်။
မျှော့နက်ဆိုတာ ချိုနဲ့လားကွယ့်
မြွေနဂါးတောင် ကြောက်ဖူးကွယ်။
တို့လဲကြောက်ပေါင် အတူသွားစို့
အုန်းလက်နွားလေး ထားခဲ့မယ်။
သွားကွယ် သွားကွယ်။

**ဥပုသ်စောင့်**

ဆွမ်းအုပ်နီနီ အမေရွက်လို့
နက်ဖြန်မနက် ကျောင်းထွက်မယ်။
မောင်လဲလိုက်မယ် ချန်မထားနဲ့
အမေသွားတော့ ပျင်းလှတယ်။
ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့
ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်





မောင်မဆော့ပါ စိပ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ်
လိုက်မယ် လိုက်မယ်။

ဤကဗျာတို့အပြင် "မောင်လေးရေ ထပါတော့၊ ရောင်နီ လာလှပေါ့" အစချီသော ကဗျာ၊ "အေးရိပ်သာတဲ့ ပြည်ညောင်ညို ဥဩတွန်သံချို" အစချီသော ကဗျာ၊ "ဆွမ်းချက်ထစို့ လူလေးရယ် နာရီကြည့်ပါကွယ်" အစချီသော ကဗျာ စသည် စသည်တို့ ဖြစ်ပေသည်။

ဤကလေးကဗျာများမှာ ဆရာမင်းသုဝဏ် ဖွဲ့ဆိုသော ကဗျာများ ဖြစ်သည်။ ဤကလေးကဗျာများသည် ဖတ်ရ၊ ဆိုရ၊ နာရသည်မှာ သုတိ သာယာသည်။ ရှင်းလင်း လွယ်ကူသည်။ သန့်ရှင်း စင်ကြယ်သည်။ ထို့ပြင် အနက်အဓိပ္ပာယ်နှင့် ပြည့်စုံ၍ ရည်ရွယ်ချက်ကောင်းနှင့်လည်း ပြည့်စုံပေသည်။

ဤကဗျာတို့သည် မြန်မာကလေးများ စိတ်ဝင်စားသော၊ နှစ်သက်သော အကြောင်းခြင်းရာများကို မှတည်လျက် ကလေးတို့၌ စိတ်ကောင်း စိတ်မြတ်များ ပွားများလာအောင် ဖွဲ့ဆိုထားသော ကဗျာများ ဖြစ်လေသည်။

လောက၌ သစ်ပင်၊ ပန်းမန်၊ ရေ၊ မြေ၊ တော၊ တောင်၊ ရာသီဥတု၊ ကျေးငှက် စသည်တို့၏ အလှဖြစ်သော သဘာဝအလှသည် မွန်မြတ် စင်ကြယ်သည်။ လူ့စိတ်ကို သန့်ရှင်းစင်ကြယ်စေသည်။ လူ့သဘာဝကို နူးညံ့သိမ်မွေ့စေသည်။ လောကကို သာယာတင့်တယ်စေသည်။ ရက်စက်ကြမ်းကြုတ်မှုကို ကွဲကွဲခံနိုင်စေသည်။ အားသစ် မာန်သစ်ကို ဖြစ်စေသည်။ လူတို့သည် သဘာဝ၏ သားမြေးပီပီ သဘာဝအလှနှင့် ထိတွေ့နေရသည်။ သဘာဝအလှကို ရှိသေကြရသည်။ ပူဇော်ကြရသည်။ ခိုကိုးကြရသည်။ သဘာဝအလှနှင့် ကင်းကွာလိုက်လျှင် လူတို့သည် ယုတ်နိမ့်သော သဘာဝသို့ လျှောကျသွားတော့သည်။ ထိုသို့ တန်ခိုးအာနိသင် ရှိသော သဘာဝအလှကို ကလေးငယ်တို့ ခံစားမိလာအောင်၊ ချစ်ခင်မြတ်နိုးလာအောင်၊ ခိုလှုံချင်လာအောင် ဤကဗျာများက ဖန်တီးထားပေသည်။

ဆရာမင်းသုဝဏ်၏ ကလေးကဗျာများသည် ယင်းသို့ သဘာဝ အလှတရားကို ဖော်ကျူးသော ကဗျာများ ဖြစ်သည်သာမက မြန်မာ့အမှုအရာ၊ မြန်မာ့ဓလေ့ အစစ်ဖြစ်သော ကျေးတော အမှုအရာ၊ ကျေးတောဓလေ့ တို့ကို ဖော်ကျူးသော ကဗျာများလည်း ဖြစ်ပေသည်။ သပြေသီးမှည့် ကောက်ခြင်း၊ ခရေပန်းကောက်ခြင်း၊ ရွှံ့ရုပ်ကလေးများ လုပ်၍ ကစားခြင်း၊ အုန်းလက်နွား လုပ်၍ ကစားခြင်း၊ ပန်းသယ်လုပ်တမ်း ကစားခြင်း၊ ကြာဆစ်ကြိုးဆွဲတမ်း ကစားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဇယ်တောက်ကစားခြင်း၊ ထုပ်ဆီးကစားခြင်း စသည်တို့သည် မြန်မာ့ကျေးတောနေ ကလေးများ၏ အမူအရာများ၊ ဓလေ့ထုံးစံများ ဖြစ်သည်။ နံနက်စောစော ထ၍ ဆွမ်းချက်ခြင်း၊ ဆွမ်းအုပ်နီနီ ရွက်လျက် ဘုန်းတော်ကြီးကျောင်းသို့ သွားခြင်း စသည်တို့သည် မြန်မာ့ ကျေးတောနေတို့၏ အမူအရာများ၊ ဓလေ့ထုံးစံများ ဖြစ်သည်။ ထိုအမူအရာ၊ ထိုဓလေ့ထုံးစံများကို သိရှိနားလည်လာအောင် ဆရာ မင်းသုဝဏ်၏ ကလေးကဗျာများက စွမ်းဆောင်ထားပေသည်။

ထို့မှမက တစ်ဖက်ကလည်း ကလေးတို့ ပျော်ရွှင် ချမ်းမြေ့လာအောင် လည်းကောင်း၊ ကလေးတို့၌ မေတ္တာစိတ်၊ ကရုဏာစိတ်၊ သတ္တိစိတ်၊ အားမာန်စိတ်၊ အနိုင်မခံ အရှုံးမပေးစိတ်၊ ရုန်းစမ်းစိတ်များ ပေါ်ပေါက်လာအောင် လည်းကောင်း စွမ်းဆောင်ထားပေသည်။

ဤကလေးကဗျာများကို တစိမ့်စိမ့် နားထောင်ရင်း ကျွန်တော်သည် ရွှင်လန်းအားတက်ခြင်း ဖြစ်မိသည်။ ဝမ်းသာကြည်နူးခြင်း ဖြစ်မိသည်။ သည်လို ဖြစ်ရာမှ သူတို့ ကလေးဘဝနှင့် ကျွန်တော်တို့ ကလေးဘဝကို နှိုင်းယှဉ် ကြည့်မိသည်။ ဤနေရာတွင် "သူတို့" ဆိုရာ၌ ကျွန်တော့် သားငယ်၊ သမီးငယ်နှင့် အခြား ကလေးများ သာမက ထိုကဗျာများကို ငယ်စဉ်က သီဆိုခဲ့ရပြီး ယခုအခါ အရွယ် ရောက်နေသူများကိုလည်း ဆိုလိုပါသည်။ တစ်ဖန် "ကျွန်တော်တို့" ဆိုရာ၌ ကျွန်တော်တို့ အရွယ်သာမက ကျွန်တော်တို့ အစ်ကို အစ်မ အရွယ်၊ ဦးကြီး အဒေါ် အရွယ်၊ မိခင် ဖခင် အရွယ်သို့ ရောက်နေသူများကိုပါ ဆိုလိုပါသည်။

ကောင်းပြီ။ သူတို့ ကလေးဘဝနှင့် ကျွန်တော်တို့ ကလေးဘဝသည် မည်သို့ ခြားနားခဲ့ပါသနည်း။ သူတို့နည်းတူပင် ကျွန်တော်တို့သည် ကလေးဘဝ၌ ပျော်ရွှင်မြူးထူးခဲ့ကြသည်။ ကစားခဲ့ကြသည်။ သို့သော်....

သို့သော် ကျွန်တော်တို့ တေးဆိုရာ၌ သီဆိုခဲ့ကြသော ကလေးကဗျာများမှာ စာဆို မင်းသုဝဏ်၏ ကလေးကဗျာများ မဟုတ်ခဲ့ကြ။ ထိုကဗျာတို့ မပေါ်သေးသဖြင့် ကျွန်တော်တို့သည် အခြားကဗျာတို့ကိုသာ သီဆိုခဲ့ကြရသည်။

"ဟိုအပင် သည်အပင် ကူးပါလို့
မျောက်ကြီး ဖင်ခေါင်းကျယ်။"
"အီးအီး ဘယ်သူပေါက် မောင်ပေါက်
ပေါက်တဲ့သူ မှန်မှန်ပြော
အီးဖိုးတစ်ရာ ကိုသာပျော၊ ဟော။"
"တစ်ယောက်နှစ်ယောက် ထိပ်တင်ပေါက်





တစ်ယောက် ငါ့အီးနမ်း။"
"တို့ကိုကြောက်လို့ နောက်ဆုတ်ပြေး
သာဘုအိမ်က ချီးစားခွေး။"
"အပျိုလေးတွေ သေးပေါက်ချင်
နန်းတော်အောက်ကိုဝင်။"
"အီးတိရစ္ဆာန် မိုးပေါ်ပျံ
နံ့သူတေတေး နမပေး။"
"မြေပဲကြော်နဲ့ ကြံသကာ
ရန်ဖြစ်လို့လာ
ကြံသကာ ရေဆင်းချိုး
မြေပဲထိပ်ကို ထိုး။"

စသည့် ကဗျာတို့သာ ဖြစ်ပေသည်။

ဤကား သူတို့ ကလေးဘဝနှင့် ကျွန်တော်တို့ ကလေးဘဝ ခြားနားချက် ပင်တည်း။

မြန်မာ ကလေးစာပေ သမိုင်း၌ ကလေးကဗျာ မရှိ မဟုတ်၊ ရှိခဲ့သည်။ သို့ရာတွင် ရည်ရွယ်ချက် ကောင်းကောင်းနှင့် စနစ်တကျ ဖွဲ့ဆိုထားသော ကလေးကဗျာ ဟူ၍ ဟုတ်တိပတ်တိ မရှိခဲ့။ အထက်ဖော်ပြပါ ကျွန်တော်တို့ ဆိုခဲ့သော ကဗျာမျိုးသာ ရှိခဲ့သည်။

"မဒွေးမပါ၊ တို့ ချည်းသာ
ပါ ပါလျက်သား နောက်ကထား။"
"ညောင်ပင်တစ္ဆေ ဝေလေလေ
နင် ဘယ်ကိုင်းမှာနေ။"
"လိပ်ဥပျောက်လို့ လိပ်မ ရှာ
သူ့ခမျာ ငိုမဲ့ ငိုမဲ့။"

စသည်တို့သာ ရှိခဲ့သည်။ ၁၉၃၁ ခုတွင် ဆရာ မင်းသုဝဏ်က ကလေးကဗျာများ ကို ကြိုးပမ်း ဖွဲ့ဆိုလိုက်သော အခါတွင်မှ မြန်မာစာပေ လောကတွင် ကလေးကဗျာ ကောင်းများ စနစ်တကျ စတင် ထွန်းကားလာခဲ့ပေသည်။ ဤတွင် "ခေတ်သစ် ကလေးကဗျာအစ ဆရာမင်းသုဝဏ် က" ဟူ၍ ဆိုသင့်ပေသည်။

*

ဤ ပထမ ခေတ်သစ် ကလေးကဗျာဆရာ မင်းသုဝဏ်ကို ၁၉၀၉ ခု ဖေဖော် ဝါရီလ ၁၀ ရက်နေ့တွင် ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ တောင်ဘက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်း၌ ဖွားမြင်သည်။ အဖမှာ ဦးလွမ်းပင်၊ အမိမှာ ဒေါ်မိ ဖြစ်သည်။ ဆရာ မင်းသုဝဏ်သည် ကွမ်းခြံကုန်းမြို့မှာပင် ဖွားမြင်၏။ ကွမ်းခြံကုန်းမြို့မှာပင် ကြီးပြင်းသည်။ ကွမ်းခြံကုန်းမြို့မှာ မြို့ဟု ခေါ်ရကြားသော်လည်း စင်စစ်သော်ကား မြို့မဟုတ်။ အရှေ့ဘက် ကွမ်းခြံကုန်းရွာနှင့် အနောက်ဘက် တော်ပလဲရွာ နှစ်ရွာကို ပေါင်းစပ်တည်ထားသော ရွာကြီးသာ ဖြစ်သည်။ ရွာ၏ တစ်ဖက်မြေမြင့်ပိုင်းမှာ သစ်တော၊ ဝါးတော၊ ကော်ဖတ်တော၊ ဥယျာဉ်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။ ရွာ၏ တစ်ဖက် မြေနိမ့်ပိုင်းမှာ မြစ်ချောင်းတို့ဖြင့် ယှက်သန်းလျက် လယ်ယာတို့ဖြင့် အတိပြီးသည်။ မြေမြင့်ပိုင်း နေသူတို့သည် ဥယျာဉ် လုပ်ကိုင်စားကြ၍၊ မြေနိမ့်ပိုင်း နေသူတို့သည် လယ်ယာ လုပ်ကိုင်စားကြသည်။ ဆရာ မင်းသုဝဏ်သည် ထိုသို့သော ပတ်ဝန်းကျင်မျိုးတွင် ကြီးပြင်းလာခဲ့ရသူ ဖြစ်လေသည်။ သူ၏ ဆောင်းပါးတစ်ပုဒ်တွင်–

> “ကျွန်တော်သည် ကျေးတောဇာတိပင် ဖြစ်၍ ကျေးတောသားများနှင့် အတူ ဆင်းရဲကိုလည်း ခံစားခဲ့ဖူးသည်။ ချမ်းသာကိုလည်း ခံစားခဲ့ဖူးသည်။ သူတို့နှင့် အတူပင် မိုက်လည်း မိုက်ခဲ့ဖူးသည်။ လိမ်လည်း လိမ္မာခဲ့ဖူးသည်။ ဒီချောင်းရပ် လတာပြင်က လမုမြစ် အကြားတွင် ခုန်ပျံ လူးလာနေကြသော ငါးပျံကလေးများသည် ကျွန်တော်၏ ကစားဖော်များ ဖြစ်ခဲ့ကြသည်။ တောမီးလောင်ပြီးနောက် နေပူကျဲကျဲတွင် ထွက်ပေါ်လာကြသော ပုတတ်စာပွင့်များသည် ကျွန်တော်၏ အာဟာရ ဖြစ်ခဲ့သည်။ နောက်ခံ တောအရေးကို မှီ၍ ကွင်းစပ်တွင် နီနီရဲရဲ ပွင့်နေသော ပေါက်ပင်သည် ကျွန်တော့်အဖို့ တောကား တောင်ကား ဖြစ်ခဲ့သည်။ ညောင်ရိပ်ရှိ အုတ်ရေတွင်းဟောင်းကြီးမှ ငင်ယူရသော ရေအေးသည် ကျွန်တော့်အတွက် သီတာရေချမ်း ဖြစ်ခဲ့သည်။”

စသည်ဖြင့် ထည့်သွင်း ရေးသားခဲ့ဖူးလေသည်။

ဤသို့ ကျေးလက်တောရွာ ဝန်းကျင်၌ ကြီးပြင်းခဲ့ရ၍ ထင်သည်။ ဆရာမင်းသုဝဏ်၏ ကဗျာများ၌ လယ်တောရှုခင်း၊ လယ်သမားတို့၏ အဖြစ်အပျက်၊ ကျေးတောနေတို့၏ ဘဝအခြေအနေ၊ ကျေးတောနေတို့၏ အမူအရာတို့ကို တွေ့မြင်နေရခြင်း ဖြစ်သည်။ ဆရာမင်းသုဝဏ်သည် ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ ကြားကျောင်း (ဂျားကြောင်း)ခေါ် ရွှေကျင်ကျောင်းတွင် ဖွင့်လှစ်ထားသည့် မြန်မာစာသင်ကျောင်းတွင် ပညာသင်ယူသည်။ ထိုစဉ်က ရွှေကျင်ကျောင်း ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ဦးဣန္ဒဝံသ၊ ကျောင်းဆရာမှာ ဦးဘိုးလှိုင် ဖြစ်ရာ ဆရာမင်းသုဝဏ်၏ ငယ်ဆရာများ ဖြစ်ပေသည်။





ဆရာ မင်းသုဝဏ် အသက် ၁၁ နှစ်သား အရွယ်၊ ဘုန်းတော်ကြီးကျောင်းသားဘဝတွင် ၁၉၂၀ ပြည့်နှစ် ကျောင်းသား သပိတ်ကြီး ပေါ်ခဲ့သည်။ ဤသပိတ်ကြီးကို အကြောင်းပြု၍ မြန်မာနိုင်ငံ အနှံ့အပြားတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာသည်။ ကွမ်းခြံကုန်းမြို့တွင်လည်း ဆရာ မင်းသုဝဏ်၏ ဖခင် ဦးလွမ်းပင် အမှူးပြုသည့် လူကြီးများက ကမကထ ပြုကာ အမျိုးသားကျောင်း တည်ထောင်လိုက်သည်။ ဤတွင် ဆရာ မင်းသုဝဏ်လည်း ထိုအမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ထိုကျောင်းမှာပင် ကဗျာ စတင်လေ့လာသည်။ ထိုအချိန်၌ ၁၃ နှစ်သား အရွယ်ရှိပြီ။ ဆရာ မင်းသုဝဏ်သည် ၁၅ နှစ်သား အရွယ်တွင် ရန်ကုန် စိန့်ဂျွန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ၁၉၂၉ ခု၊ အသက် ၂၀ အရွယ်တွင် ၁၀ တန်း စာမေးပွဲကို ပထဝီဝင်ဘာသာတွင် ဂုဏ်ထူးရ၍ အောင်မြင်သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာဆည်းပူးသည်။

ဆရာမင်းသုဝဏ်သည် အသက် ၁၃ နှစ်သား အရွယ်မှ စ၍ ကဗျာ ရေးသည်။ ရေးစက ထိုခေတ်၌ ထွန်းကားသော ကဗျာဆရာတို့နည်းတူ စကားတန်ဆာ၊ နားတန်ဆာကို အဓိက ထားသည့် ရှေးရိုး ကဗျာသဘော သက်ဝင်သော ကဗျာမျိုးကို ရေးသည်။ ယင်းတို့မှာ–

“မိုးမဟာ မှောင်ကာညို့
ရောင်ပြာလို့ ခြယ်ဆင်
တောင်ယာအို့ လယ်ပြင်မှာ
ဟယ်, နှင် ငါ အော်သုံး”.

အစရှိသော ကဗျာ။

“ခါနွှေကျွန်းပါလို့
လွှမ်းစဖွယ် မိုးရာသီ၊
ညင်းသာသာ လေပြည်သွေးပါလို့
ခင်းယာမှာ ရေတွေဖွေးပြန်တော့
ဆွေးစိတ်မတည်”

အစရှိသော ကဗျာများ ဖြစ်သည်။ ယင်းတို့ကို မေဃဝန်၊ စန်းသော်တာ၊ မောင်သုဝဏ် စသော အမည်များဖြင့် ဒဂုန်၊ ကဝိမျက်မှန်၊ ဗြိတိသျှ ဘားမား၊ ဒီးဒုတ် စသော မဂ္ဂဇင်း၊ ဂျာနယ်များ၌ ထည့်သွင်းသည်။

ယင်းသို့ရှိစဉ် တက္ကသိုလ်သို့ ရောက်၍ သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီတို့နှင့် တွေ့ဆုံ ပူးပေါင်းမိသောအခါ ရှေးရိုးကဗျာ တည်းဟူသော “လမ်းဟောင်း”ကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်လိုက်သည်။ လမ်းသစ်ဖြစ်သော ခေတ်စမ်း ကဗျာတို့ကိုသာ တီထွင်ဖွဲ့ဆိုလေတော့သည်။ ကလောင်အမည်ကိုလည်း "မင်းသုဝဏ်" ဟူ၍ ယူလိုက်လေသည်။

ဆရာမင်းသုဝဏ်သည် ပထမနှစ်နှင့် ဒုတိယနှစ် ဥပစာတန်းကို တစ်နှစ်တည်း ဖြေဆိုသည်။ အောင်မြင်သဖြင့် မြန်မာစာ ဂုဏ်ထူးတန်း တက်သည်။ ယင်းသို့တက်စဉ် မြန်မာတစ်နိုင်ငံလုံး စီးပွားရေး ကျဆင်းသော ဘေးဆိုးကြီး ဆိုက်ရောက်လာသည်။ ဆရာမင်းသုဝဏ်၏ မိဘတို့မှာ စပါးများ ရှုံးပြီးလျှင် စီးပွားပျက်သွားသည်။ သားကို ကျောင်းဆက်မထားနိုင်သော ဘဝသို့ ရောက်သွားသည်။ သို့ဖြင့် ဆရာမင်းသုဝဏ်သည် ၁၉၃၁ ခုတွင် တက္ကသိုလ်မှ ထွက်လိုက်ကာ ဇာတိ ကွမ်းခြံကုန်းမြို့သို့ ပြန်သွားသည်။ ထိုမြို့ရှိ အမျိုးသားကျောင်း၌ ကျောင်းအုပ် ဝင်လုပ်သည်။ ဤသို့ လုပ်ကိုင်စဉ် အမျိုးသား ပညာရေးကောင်စီက ကျောင်းသားသူငယ်များကို ကလေးသီချင်းများ နှုတ်တိုက် သင်ပေးရမည် ဟူ၍ ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်သည်။ ဤတွင် ဆရာမင်းသုဝဏ် အကျပ်တွေ့သွားသည်။ ကလေးသီချင်း ဟူ၍ အင်္ဂလိပ် ကလေးသီချင်းများသာ ရှိသည်။ မြန်မာ ကလေးသီချင်း ဟူ၍ ဟုတ်တိပတ်တိ မရှိသောကြောင့် ဖြစ်သည်။ သို့ဖြင့် ကဗျာဆရာ ဆရာမင်းသုဝဏ်သည် မြန်မာကလေးသီချင်း (ဝါ) မြန်မာ ကလေးကဗျာများကို စတင်ဖွဲ့ဆိုရန် အားထုတ်လေသည်။

တစ်ညနေတွင် သူသည် အိမ်ရှေ့၌ ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ထိုင်လျက် ကလေးကဗျာ ဖွဲ့ဆိုရန် ကြံစည် စိတ်ကူးနေသည်။ ထိုအခိုက် လမ်းပေါ်မှ ကလေးတစ်သိုက် တေးဆိုသွားသည်ကို ကြားလိုက်ရသည်။ ကလေး တစ်ယောက်က–

"ခြံစည်းရိုးကို ဝင်မတိုးနဲ့
ချိုကျိုးတတ်တယ်"

ဟူ၍ ဆိုသည်။ အခြား တစ်ယောက်က–


"အဘိုးကြီးနဲ့ အမယ်ကြီး
နံ့ပြားစုတ်ကို ဝယ်လို့စား
ဂျိမ်းတုတ် ဂျိမ်းတုတ်"

ဟု ဆိုသည်။

ဤတေးကဗျာတို့မှာ အနက်အဓိပ္ပာယ် မရှိ။ သို့ရာတွင် အသံမှာ သာယာသည်။ ကလေးသူငယ်တို့ စွဲမက်သောအသံ ဖြစ်သည်။ ဆရာ မင်းသုဝဏ်သည် ထိုကဗျာအသံကို အခြေပြုလျက် လည်းကောင်း၊ သူ ငယ်စဉ် ကလေးဘဝက နှစ်သက်ခဲ့၊ စိတ်ဝင်စားခဲ့သည်တို့ကို မှတည်၍ လည်းကောင်း ရည်ရွယ်ချက်







ဦးဗေမောင်တင် ၁၁၁ နှစ်ပြည့် ဂုဏ်ပြုစာတမ်း ဖတ်ပွဲတွင် စာတမ်းဖတ်နေသည့် ဆရာမင်းသုဝဏ်။

ကောင်းကောင်းဖြင့် ကဗျာ ဖွဲ့ဆိုလေသည်။ ဤသို့ဖြင့် "ဝါဆိုဝါခေါင် ရေတွေကြီးလို့" အစချီသော ကဗျာ၊ "ဆွမ်းအုပ်နီနီ အမေရှက်လို့" အစချီသော ကဗျာ၊ "မောင်လေးရေ ထ ပါတော့ ရောင်နီလာလှပေါ့" အစချီသော ကဗျာ စသည့် ကလေးကဗျာများ ပေါက်ဖွားလာခဲ့ပေသည်။

ဆရာမင်းသုဝဏ်သည် ထိုကလေးကဗျာတို့ကို သူ့တပည့် ကျောင်းသားငယ်များအား စတင် သင်ကြားပေးရန် စီစဉ်သည်။ မသင်ကြားမီ ယင်းတို့ကို ပညာဝန်ထံ တင်ပို့ကာ ခွင့်ပြုချက် တောင်းခံသည်။ သို့သော် ပညာဝန်ထံမှ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း တစ်စုံတစ်ရာ ပြန်ကြားခြင်း မရှိပေ။ ထိုအတွင်း ဆရာကြီး ဦးဖေမောင်တင်က ပညာ ဆက်လက်သင်ကြားနိုင်ရန် ငွေကြေး ထောက်ပံ့ဖို့ စီစဉ်ထားကြောင်း၊ တက္ကသိုလ်သို့ ပြန်လာစေလိုကြောင်း မှာကြားလိုက်သဖြင့် ဆရာမင်းသုဝဏ်သည် ကျောင်းအုပ်အလုပ်မှ နုတ်ထွက်ကာ တက္ကသိုလ်သို့ ပြန်သွားသည်။ ယင်းသို့ ပြန်သွားစဉ် သူနှင့်အတူ ကလေးကဗျာ ကော်ပီများလည်း ပါလာလေသည်။ ယင်းတို့ကို ဆရာ မင်းသုဝဏ်က "မောင်ထွေးဖို့"ကဗျာများဟု အမည်ပေးကာ ကောလိပ် မဂ္ဂဇင်းသို့ ပို့လိုက်သည်။ မဂ္ဂဇင်း ထွက်လာသောအခါ ကာတွန်း ဦးဟိန်စွန်း၏ သရုပ်ဖော်ပုံများနှင့် ပူးတွဲပါလာလေသည်။

ထို ကလေးကဗျာများ ထွက်ပေါ် လာသောအခါ စာပေလောကတွင် အတော်ပင် လှုပ်ရှားသွားသည်။ ဝေဖန်စာများ ပေါ်ထွက်လာသည်။ ဝေဖန်စာများတွင် အချို့က နှစ်သက် ချီးကျူးကြသည်။ အချို့က ပြစ်တင်ရှုတ်ချကြသည်။ အချို့ကမူ ဤတေးကဗျာတို့ကို မင်းသုဝဏ် မရေးနိုင်၊ နဂိုရှိပြီး မြန်မာတေးကဗျာဟောင်းတို့ကို မင်းသုဝဏ်က ခိုးယူ၍ ဖော်ပြခြင်းသာ ဖြစ်သည်ဟူ၍ အမနာပ စွပ်စွဲပုတ်ခတ် ရေးသားကြသည်။ မည်သို့ပင် ပြုစေကာမူ ထိုကဗျာတို့မှာ မှေးမှိန်၍ မသွား၊ တစ်နေ့တခြား ထင်ရှားလာခဲ့ပေသည်။ သြဇာ ပြန့်လာခဲ့ပေသည်။

ဆရာမင်းသုဝဏ်သည် ၁၉၃၃ ခုတွင် မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းက အောင်မြင်သည်။ တက္ကသိုလ်တွင် အချိန်ပိုင်း မြန်မာစာ နည်းပြဆရာ လုပ်သည်။ တစ်ဖက်ကလည်း မြန်မာစာ မဟာဝိဇ္ဇာတန်းကို တက်သည်။ ကဗျာများ၊ ဝတ္ထု ဆောင်းပါးများကို အဆက်မပြတ် ရေးသည်။ ဂန္ထလောက မဂ္ဂဇင်း အယ်ဒီတာအဖြစ် လည်းကောင်း၊ ကောလိပ်မဂ္ဂဇင်း မြန်မာစာတည်းအဖြစ် လည်းကောင်း ဆောင်ရွက်သည်။ ထို့ပြင် တက္ကသိုလ် ကျောင်းတိုက် မြန်မာအသင်း၌ လည်းကောင်း၊ တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း၌ လည်းကောင်း တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ တက္ကသိုလ်မွှာရုံ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းကာ ဓမ္မာရုံ အုတ်မြစ်ချရာ၌ ပါဝင်ခဲ့သည်။ ဆရာ မင်းသုဝဏ်သည် စာသမား ပေသမား ဖြစ်၍ အနုသမားဟု မမှတ်သင့်။ တက္ကသိုလ်၌ ရှိစဉ် တက္ကသိုလ် အရန်တပ်၌ လည်းကောင်း၊ တက္ကသိုလ် လှေအသင်း၌ လည်းကောင်း ပါဝင်ခဲ့သူ ဖြစ်လေသည်။

၁၉၃၅ ခုနှစ်တွင် ဆရာမင်းသုဝဏ်သည် မဟာဝိဇ္ဇာဘွဲ့ ရသည်။ ၁၉၃၆ ခုတွင် အစိုးရ ပညာတော်သင် အဖြစ် ရွေးချယ်ခံရသည်။ အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ် စိန့်ကက်သရင်းကျောင်း၌ သက္ကတ၊ ပါဠိ၊ တိဗက်၊





အထွေထွေ ဘာသာဗေဒ ပညာရပ်များကို ယ[illegible]သည်။ နှစ်နှစ် ကြာသောအခါ ဘီလစ်ဘွဲ့အတွက် စာတမ်းတင်၍ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်များ လေ့လာရေးကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးသည်။ ယင်းသို့ အင်္ဂလန်၌ ပညာဆည်းပူးစဉ် ဟောပြောပွဲ အမျိုးမျိုးကို သတင်းနာကာ တတ်နိုင်သမျှ တက်ရောက် နားထောင် လေ့လာခဲ့သည်။ ထိုစဉ်က ဆရာ မင်းသုဝဏ် တက်ရောက်နားထောင်သော ဟောပြောပွဲများတွင် ဟောပြောသူများအထဲ၌ ချာချီ၊ ဘတ်ထရန်ရပ်ဆဲ၊ ဒေါက်တာ ရာဒါ ခရစ်ရှနန်၊ ခရစ်ရှနာ မိနွန်၊ လော့ဇက်တလင်၊ ဟာရိုလတ်စကီ၊ ပါလမီဒတ် စသည့် ပုဂ္ဂိုလ်ကြီးများ ပါဝင်လေသည်။ ထို့ပြင် ဆရာ မင်းသုဝဏ်သည် အင်္ဂလန်နိုင်ငံ လက်ဝဲစာအုပ်အသင်း၌ အသင်းသားအဖြစ် ပါဝင်ကာ လက်ဝဲစာအုပ်များကို ဖတ်ရှုလေသည်။ ကျောင်းအားရက်များတွင်လည်း ပြင်သစ်၊ ဂျာမနီ၊ အီတလီ စသည့် နိုင်ငံများသို့ သွားရောက် လေ့လာကြည့်ရှုလေသည်။

ဤနိုင်ငံများသို့ သွားရောက် လေ့လာ ကြည့်ရှုသည်နှင့် ပတ်သက်၍ ဆရာမင်းသုဝဏ်က ဆောင်းပါးတစ်စောင်တွင် ဤသို့ ရေးထားသည်။

"အင်္ဂလန်ပြည်သို့ ရောက်သောအခါ လွတ်လပ်သော နိုင်ငံတစ်ခု၏ လွတ်လပ်သော လူမျိုးတစ်မျိုးကို တွေ့ရပါသည်။ ကျွန်တော်တို့ပြည်တွင် တွေ့ဖူးသော၊ ကြားဖူးသော အင်္ဂလိပ်များနှင့် မတူသည့် အင်္ဂလိပ်များကို တွေ့ရပါသည်။ ထို့ပြင် တိုးတက် ကြီးပွားနေသော သူတို့၏ စီးပွားရေးကိုလည်း သတိပြုမိပါသည်။ ထိုအခါ ကျွန်တော်သည် အခြားသော လွတ်လပ်သည့် နိုင်ငံများကိုလည်း တတ်နိုင်သလောက် သွားရောက် ကြည့်ရှုမည်ဟု စိတ် သန္နိဋ္ဌာန် ချလိုက်ပါသည်။ ထို့ကြောင့် ကျောင်းပိတ်ရက်များ၌ တစ်ခါသော် အီတလီပြည်သို့ သွားကာ မူဆိုလီနီနှင့် ဖက်ဆစ်ဝါဒီ လွှမ်းမိုးပုံကို လေ့လာကြည့်ပါသည်။ နောက်တစ်ခါသော် ဂျာမနီပြည်သို့ သွားကာ ဟစ်တလာနှင့် နာဇီဝါဒ လွှမ်းမိုးပုံကို လေ့လာကြည့်ပါသည်။ နောက်တစ်ခါသော် ပြင်သစ်ပြည်သို့ သွားကာ ပါရစ်မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပြပွဲကြီးကို လေ့လာကြည့်ပါသည်။ ထိုသို့ သွားရောက် လေ့လာကြည့်တိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် အားမလို အားမရ ဖြစ်ကာ ရင်ထဲတွင် အလုံးဆို့ရပါသည်။"

ဤအတွင်း မြန်မာနိုင်ငံ၌လည်း လွတ်လပ်ရေး ကြိုးပမ်းမှုလုပ်ငန်းများ အထူး အရှိန်ရလျက် ရှိသည်ကို ကြားသိရသည်။ သို့ဖြင့် ဆရာ မင်းသုဝဏ်သည်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်၌ ပညာဆည်းပူး နေထိုင်စဉ်ပင် လွတ်လပ်ရေး စိတ်ဓာတ်ကို လှုံ့ဆော်သည့် နာမည်ကျော် "သပြေညို" ကဗျာကို သီကုံးခဲ့ပေသည်။

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။

တို့ပြေမှာ တို့မေကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။

ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။

လင်းကြက် အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

ဤကဗျာကို ၁၉၃၈ ခု ဇန်နဝါရီလ ၄ ရက် အင်္ဂါနေ့၌ အင်္ဂလန်ပြည် ဝေလနယ်မြောက်ပိုင်း ဟာဒင်ရွာ စိန့်ဒိုင်းနီးယဲ့ စာကြည့်တိုက်၌ ရေးခဲ့ လေသည်။ ၁၀ နှစ်အကြာ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရခဲ့ရာ ကဗျာရေးသော ဇန်နဝါရီလ ၄ ရက်နှင့် လွတ်လပ်ရေးရသော ဇန်နဝါရီလ ၄ ရက်မှာ အံ့ဖွယ် တိုက်ဆိုင်နေပေသည်။

၁၉၃၉ ခုတွင် ဆရာမင်းသုဝဏ်သည် ဘီလစ်ဘွဲ့ ရသဖြင့် စက်တင်ဘာလတွင် မြန်မာနိုင်ငံသို့ သင်္ဘောဖြင့် ပြန်လာသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) အနီးသို့ ရောက်သောအခါ ဒုတိယ ကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားလေတော့သည်။ မြန်မာနိုင်ငံသို့ ရောက်သောအခါ ဆရာမင်းသုဝဏ်သည် တက္ကသိုလ် မြန်မာစာဌာန၌ လက်ထောက်ကထိက အဖြစ် အမှုထမ်းသည်။

ထိုနှစ်မှာပင် ဆရာဦးခင်ဇော် (ကေ)က ဆရာမင်းသုဝဏ်၏ ကလေးကဗျာများအတွက် ဂီတသင်္ကေတ ရေးပေးသည်။ ကော၏ ဇနီး (ငယ်မည် မစွကား)





က စန္ဒရားဖြင့် တီးကာ သူတို့ သမီးငယ်များကို သင်ပေးသည်။ အောင်မြင်သည်။ သို့ဖြင့် ထိုကဗျာများကို စုပေါင်းလျက် "မောင်ထွေးဖို့ ကဗျာများ"မှ "မောင်ခွေးဖို့ ကဗျာများ"ဟု ပြောင်းလဲ အမည်ပေး ထုတ်ဝေသည်။ ထုတ်ဝေရာ၌ ကေ၏ ဂီတသင်္ကေတများပါ လည်းကောင်း၊ ပန်းချီ ဦးဘဉာဏ်၏ သရုပ်ဖော်ပုံများပါ လည်းကောင်း ပူးတွဲ ထည့်သွင်းသည်။ မြန်မာပြည် အမျိုးသမီး အသင်းက တာဝန်ယူ ထုတ်ဝေသည်။

ကေသည် မောင်ခွေးဖို့ ကဗျာများကို စာအုပ်အဖြစ် ထုတ်ဝေရုံမျှဖြင့် မကျေနပ်နိုင်သေးသဖြင့် ဓာတ်ပြား သွင်းသေးသည်။ ဓာတ်ပြား၌ ကဗျာအချို့ကို ရှမ်းပြည်နယ် တောင်ကြီးမှ ဆရာမ ဒေါ်ခင်သိန်းက သီဆိုသည်။ ထိုဓာတ်ပြားတို့မှာ ဒုတိယ ကမ္ဘာစစ်မီးတွင် လောင်ကျွမ်း ပျက်စီးသွားလေသည်။

၁၉၄၁ ခု၊ မြန်မာနိုင်ငံသို့ စစ်မီး ရောက်လာအံ့ဆဲဆဲတွင် "သပြေညို" ကဗျာစာအုပ်ကို ထုတ်ဝေသည်။ "သပြေညို"တွင် ပါဝင်သော ကဗျာများမှာ ၁၉၃၂ ခုမှ ၁၉၃၈ ခုနှစ်အတွင်း ဖွဲ့ဆိုသော ကဗျာများ ဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာမင်းသုဝဏ် အသက် ၂၃ နှစ်အရွယ်မှ ၂၉ နှစ်အရွယ်အတွင်း ဖွဲ့ဆိုသော ကဗျာများ ဖြစ်သည်။ ခေတ်ကာလကို သုံးသပ်လျှင် လွတ်လပ်ရေး မရမီ ဝံသာနုစိတ်ဓာတ်များ နိုးကြားသော ခေတ်၊ မြန်မာစာပေ အနုပညာတို့ ပြန်လည် ဆန်းသစ်လာသော ခေတ်၊ ခေတ်စမ်းစာပေ ပေါ်ထွန်းသောခေတ်ဟု ဆိုရပေမည်။ စုစုပေါင်း ကဗျာ ၅၈ ပုဒ် ပါဝင်သည်။ နိဒါန်းကို ဆရာဇော်ဂျီ ရေးသည်။

ဆရာ မင်းသုဝဏ်သည် ဒုတိယ ကမ္ဘာစစ်အတွင်း ၁၉၄၂ ခုတွင် ပညာရေးဌာန ဘာသာပြန် စာပေဌာနခွဲ၌ အမှုထမ်းသည်။ ထိုစဉ်က ယင်းဌာနခွဲသည် ရွှေတိဂုံကုန်းတော် ကာလကတ္တားဇရပ်၌ ဖွင့်လှစ်ထားသည်။ ၁၉၄၄ ခုတွင် မြန်မာနိုင်ငံ ပညာ့တံခွန် အသင်း၌ အမှုထမ်းကာ မြန်မာအဘိဓာန်ကို စတင် ပြုစုသည်။ စစ်မီးရန် ရှိသဖြင့် ယင်းလုပ်ငန်းကို ကွမ်းခြံကုန်းမြို့၌ပင် လုပ်ကိုင်ရသည်။ ထို့နောက် စစ်မီးရန် ပြင်းထန်လာသဖြင့် လုပ်ငန်းရပ်ကာ ကမာပါ (ကရင်ရွာ)၌ ပြောင်းရွှေ့ နေထိုင်သည်။ စစ်ပြီးစခေတ်တွင် ကွမ်းခြံကုန်း မြောက်ပိုင်း၌ မြို့အုပ်အဖြစ် ခေတ္တ ဝင်ရောက် လုပ်ကိုင်သည်။ ၁၉၄၅ ခု ဩဂုတ်လတွင် ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်သောအခါ မြန်မာစာဌာနတွင် လက်ထောက်ကထိက ပြန်လုပ်သည်။ ၁၉၄၆ ခုတွင် ကထိက ဖြစ်သည်။ ၁၉၄၇ ခုတွင် "က ကစွန်းပင် ရေမှာရှင်" အစချီသော သင်ပုန်းကြီး သံပေါက်ကဗျာကို ရေးဖွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေးဖွဲ့ပုံမှာ ထိုနှစ်တွင် ဆရာ မင်းသုဝဏ်သည် အလုပ်တာဝန်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးရန် ဖျာပုံမြို့သို့ သွားရသည်။ ထိုစဉ်က ဆရာ မင်းသုဝဏ်သည် ဖျာပုံ ကျောင်းသူ ကျောင်းသားကလေးများ စာမေးပွဲ ဖြေနေသည်ကို အနီးက စောင့်ဆိုင်းရင်း အင်္ဂလိပ် ကလေးကဗျာ စာအုပ်တစ်အုပ်ကို ဖတ်နေမိသည်။ ကဗျာစာအုပ်တွင် Tom Thumb's Alphabet ခေါ် လေက်မ ၏ အင်္ဂလိပ် အက္ခရာ သံပေါက်များလည်း ပါဝင်သည်။ ထိုသံပေါက်များကို ဖတ်ရင်း ဆရာမင်းသုဝဏ်သည် စာမေးပွဲ ဖြေနေသော ကျောင်းသူကျောင်းသား ကလေးများကို လှမ်းကြည့်မိသည်။ စာမေးပွဲ အခက်အခဲတို့ကြောင့် သူတို့ မျက်နှာများ ညှိုးငယ် နွမ်းလျနေသည်ကို သတိပြုမိသည်။ သူတို့နည်းတူ နောက်ပေါက် ကလေးများလည်း စာသင်ရသော အခက်အခဲတို့ကို တွေ့ကြရပေဦးမည်။ သို့သော် ထိုလာလတ္တံ့သော ကလေးများအတွက် ပျော်စရာ အက္ခရာ သံပေါက်ကလေးများ ကို စီကုံးရေးသားရလျှင် မကောင်းပေဘူးလား ဟူ၍ တွေးမိသည်။ သို့ဖြင့် စက္ကူ ကလေး တစ်ရွက်ပေါ်တွင် "က ကစွန်းပင် ရေမှာရှင်" အစချီသော အက္ခရာ သံပေါက်ကို စတင် ရေးသားခဲ့ပေသည်။

၁၉၄၈ ခုတွင် တက္ကသိုလ်က ရန်ကုန်တက္ကသိုလ် စာအုပ် ထုတ်ဝေရေးနှင့် ဘာသာပြန်ဌာနကို တည်ထောင် ဖွင့်လှစ်လိုက်သည်။ ယင်းဌာနအတွက် ဌာနမှူး အဖြစ် ဆရာမင်းသုဝဏ်ကို ခန့်အပ်သည်။ သို့ဖြင့် ဆရာ မင်းသုဝဏ်သည် ဌာနမှူး (စာတည်းမှူး)လုပ်လျက် ဂျပန်ခေတ်က စ ခဲ့သော မြန်မာအဘိဓာန် လုပ်ငန်းကို ဆက်လက်လုပ်ဆောင်သည်။

ယင်းသို့ ဆောင်ရွက်ရာမှ ၁၉၆၁–၆၂ ခုတွင် မြန်မာစာ ပါမောက္ခ အဖြစ် ခေတ္တ ပြောင်းရွှေ့လုပ်ကိုင်သည်။ ၁၉၆၈ ခုတွင် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူးအဖြစ် အငြိမ်းစားယူပြီးလျှင် ပညာရေးဌာန အထူးအရာရှိအဖြစ် ဆောင်ရွက်သည်။ တစ်ဖက်ကလည်း မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်၏ အဘိဓာန်နှင့်ရေးထုံး ကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသား စာပေဆု ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စာပေ လုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်သည်။

ဆရာ မင်းသုဝဏ်သည် မည်မျှ အလုပ်တာဝန် များပြားသော်လည်း စာရေးခြင်း၊ ကဗျာဖွဲ့ခြင်း အလုပ်ကို အနားမပေးခဲ့။ တစိုက်မတ်မတ် ဆောင် ရွက်လျက် ရှိသည်။ စာနယ်ဇင်း အမျိုးမျိုးတွင် မှန်မှန် ရေးသားလျက် ရှိသည်။ လုံးချင်းစာအုပ်အဖြစ် ဆရာမင်းသုဝဏ် ရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ "သပြေညိုနှင့် အခြားကဗျာများ"၊ "မောင်ခွေးဖို့ ကဗျာများ"၊ "မင်းသုဝဏ်"၊





"ပန်းနှင့်ပင်စည်"၊ "မြန်မာစာ မြန်မာမှု"၊ "ကဗျာရေးချင် စာစပ်သင်"၊ "ပျဉ်းမငုတ်တို"၊ "နှလုံးလှ ပုံပြင်များ" စသည်တို့ ဖြစ်သည်။ ပြုစုပြီးသော ကျမ်းများမှာမူ တက္ကသိုလ် မြန်မာ အဘိဓာန် (၅) ပိုင်း၊ တက္ကသိုလ် မြန်မာ သတ်ညွှန်းကျမ်း စသည်တို့ ဖြစ်သည်။

ပါမောက္ခဆရာကြီး လှ(စ)က ဆရာမင်းသုဝဏ်သည် စာဆိုလည်း ဖြစ်၍ သုတေသန ပညာရှင်လည်း ဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။ စာဆိုနှင့် ပတ်သက် ၍ ဆရာ မင်းသုဝဏ်သည် ဝမ်းတွင်းပါ စာဆိုဉာဏ်ရှိသူ ဖြစ်ကြောင်း "သပြေညို ကဗျာ"စာအုပ်တွင် နိဒါန်းဆရာက ဤသို့ ဆိုထားသည်။

"ကဗျာဆရာနှင့် စာဆို ခြားချင်တိုင်း ခြားလေစွ။ စာတတ်သူ၊ ကဗျာစပ်နည်း တတ်သူတိုင်း ကဗျာဆရာ ဖြစ်နိုင်သည်။ သို့ရာတွင် ပင်ကို စာဆိုဉာဏ်ပါအောင် ဖွဲ့ဆိုနိုင်သူမှသာ စာဆို ဖြစ်နိုင်သည်။ စာကို သင်ယူလျှင် တတ်သည်။ ကဗျာစပ်နည်းကိုလည်း သင်ယူလျှင် တတ်သည်။ ဝမ်းတွင်းပါ စာဆိုဉာဏ်ကိုကား သင်ယူ ၍ တတ်ဖို့ ဝေးစွ၊ သင်ယူ၍ပင် မရ။ ထို့ကြောင့် စာတတ်သူ၊ ကဗျာစပ်နည်းတတ်သူ ပေါသလောက် ကဗျာဆရာ ပေါနိုင်သည်။ စာဆိုကိုကား တစ်ခေတ် တစ်ခါသာ ကြုံတွေ့ရတတ်သည်။ ကံကောင်းသော မြန်မာနိုင်ငံတွင် ယခုအခါ မင်းသုဝဏ် ကလောင်ဘွဲ့ဖြင့် ကဗျာ ဖွဲ့ဆိုလေ့ ရှိသော စာဆိုသည် ထွန်းကားလျက် ရှိလေပြီ။ ရှေးဦးစွာ မင်းသုဝဏ်သည် ရန်ကုန်တက္ကသိုလ် ကျောင်းစက်ဝန်း၌ ထင်ရှား၏။ ထိုစက်ဝန်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာရာ ယခုအခါ မြန်မာနိုင်ငံ နယ်နိမိတ်ကို ကျော်လွန်အံ့ဆဲဆဲ အခြေသို့ပင် ရောက်နေပြီ။"

ထိုနိဒါန်းဆရာကား အခြားသူ မဟုတ်။ ဆရာဇော်ဂျီပင် ဖြစ်သည်။ နိဒါန်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ရေးသော နိဒါန်းဖြစ်သည်။ ထိုစဉ်က ဆရာဇော်ဂျီ နိမိတ်ဖတ်ခဲ့သော စကားမှာ ယခုအခါ မှန်ကန်နေလေပြီ။ ဆရာ မင်းသုဝဏ်၏ ကဗျာများသည် မြန်မာပြည် နယ်နိမိတ်ကို ကျော်လွန်သွားလေပြီ။ သူ့ကဗျာတို့ကို အင်္ဂလိပ်ဘာသာ၊ ရုရှားဘာသာ၊ ချက်ဘာသာ၊ ဂျာမန်ဘာသာ စသည်တို့ဖြင့် အမြတ်တနိုး ပြန်ဆိုနေကြပြီ။

အမေရိကန် ပြည်ထောင်စု၌ ကလေးစာအုပ် ပြပွဲကို နှစ်စဉ် ကျင်းပ သည်။ ၁၉၅၃ ခုနှစ် ပြပွဲတွင် နိုင်ငံပေါင်း ၅၀ မှ ကလေးစာအုပ်များကို တင်ပြ ကြသည်။ ထိုအထဲတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် "မောင်ခွေးဖို့" ကဗျာစာအုပ်ကို ထည့်သွင်းကြလေသည်။ ကမ္ဘာ့ကလေးများ ဝမ်းသာအားရ

www.burmeseclassic.com



လေ့လာကြသည်။ ဆိုဗီယက်နိုင်ငံကလည်း ဆရာမင်းသုဝဏ်၏ ကလေးကဗျာများကို ရုရှဘာသာဖြင့် ပြန်ဆို ထုတ်ဝေကြလေသည်။

လွန်ခဲ့သည့် ၁၉၆၅ ခု ဇွန်လထဲ၌ အမေရိကန်ပြည် စာပေဆိုင်ရာ ပုဂ္ဂိုလ်များက ဝါရှင်တန် မြန်မာသံရုံးမှ တစ်ဆင့် ဆရာ မင်းသုဝဏ်ထံသို့ အကြောင်းကြားစာ ပေးပို့သည်။ ထိုစာနှင့်အတူ ပန်းချီကားပုံတူ တစ်ကားကိုလည်း ပေးပို့သည်။ ပန်းချီကားမှာ အမေရိကန် စာရေးဆရာကြီး နိုဗယ်ဆုရ ဝီလျံဖော့ကနာ ရေးဆွဲသော "ဟင်နရီ"အမည်ရှိ ပန်းချီကား ဖြစ်သည်။ လူသားတို့၏ လေးစားဖွယ် စိတ်ဓာတ်ကို ဖော်ကျူးသော ပန်းချီကား ဖြစ်သည် ဟု ဆိုသည်။

စာတွင် ထိုပန်းချီကားကို ဆရာ မင်းသုဝဏ် ရှုကြည့်ပါ။ ထို့နောက် ထိုပန်းချီကားကို ရှုကြည့်ရာမှ လူသားတို့၏ မြတ်နိုးဖွယ် စိတ်ဓာတ်နှင့် ပတ်သက်၍ ခံစားမိ၊ ဆင်ခြင်မိ၊ တွေးတောမိသည် တို့ကို ဆရာမင်းသုဝဏ်က မြန်မာကဗျာ တစ်ပုဒ် ဖွဲ့ဆိုပေးပါဟု မေတ္တာရပ်ခံထားသည်။ ဖွဲ့ဆိုပေးရာ၌ ဆရာမင်းသုဝဏ်၏ မြန်မာလက်ရေးမူဖြင့်ပင် ဖွဲ့ဆိုပေးပါရန် တောင်းခံသည်။ ထိုသို့ ဆရာ မင်းသုဝဏ် ဖွဲ့ဆိုပေးသော ကဗျာကိုလည်း "ကမ္ဘာ့သက်ရှိ ကဗျာဆရာကြီးများ" အမည်ဖြင့် ထုတ်ဝေမည့် ကဗျာစာအုပ်တွင် အင်္ဂလိပ်ဘာသာပြန်နှင့်အတူ ပူးတွဲ ထည့်သွင်း ဖော်ပြခွင့် ပြုပါရန်လည်း မေတ္တာရပ်ခံထားသည်။

"ကမ္ဘာ့သက်ရှိ ကဗျာဆရာကြီးများ"ကဗျာစာအုပ်မှာ အမေရိကန်နိုင်ငံက ထုတ်ဝေမည့် The World`s Great Living Poets အမည်ရှိ စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံတစ်နိုင်ငံစီမှ ကဗျာဆရာကြီးတစ်ဦးစီ၏ ကဗျာတစ်ပုဒ်စီ ပါရှိမည်။ ကဗျာဆိုရာ၌ ဖော်ပြပါ "ဟင်နရီ" ပန်းချီကားကို ရှုကြည့်ပြီး ဖွဲ့ဆိုသော ကဗျာဖြစ်သည်။ မိမိတို့ တိုင်းရင်းဘာသာ အသီးသီးဖြင့် ဖွဲ့ဆိုပေးသည်ကို သက်ဆိုင်ရာက အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ပူးတွဲ ဖော်ပြမည် ဖြစ်သည်။ ကဗျာနှင့်အတူ ကဗျာဆရာ၏ ဓာတ်ပုံ၊ ကဗျာဆရာ၏ အတ္ထုပ္ပတ္တိ အကျဉ်းပါ ပါရှိမည်။ ထို ကဗျာစာအုပ်ကို စောင်ရေပေါင်း အမြောက်အမြား ရိုက်နှိပ်ကာ ကမ္ဘာအနှံ့၊ ကမ္ဘာ့ တက္ကသိုလ်များအနှံ့ ဖြန့်ဖြူးမည် ဆိုသည်။ ထို ကဗျာစာအုပ်တွင် ဖော်ပြခြင်း ခံရသော ကဗျာဆရာကြီးများ၏ လက်ရေးမူ ကဗျာများကို အမေရိကန်နိုင်ငံရှိ အကြီးဆုံး ပိဋကတ်တိုက်ကြီး၌ ဖြစ်စေ၊ တက္ကသိုလ်၌ ဖြစ်စေ မပျောက်မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ထားမည်။ ကျောင်းသားများ၊ စာရေးဆရာများ၊ သုတေသီများ လေ့လာနိုင်ရန် စီစဉ်ပေးမည် ဟုလည်း ဆိုသည်။





ထိုကဗျာစာအုပ်ကြီး၌ ထည့်သွင်းရန် နိုင်ငံအသီးသီးမှ ကဗျာဆရာကြီးများကို ရွေးချယ်ခဲ့ကြသည်။ မြန်မာနိုင်ငံ အနေဖြင့် ဆရာမင်းသုဝဏ်ကို ရွေးချယ်ကာ အထက်ပါအတိုင်း ကဗျာဖွဲ့ဆိုရန် မေတ္တာရပ်ခံခြင်း ဖြစ်သည်။

ဆရာမင်းသုဝဏ်ကလည်း ကဗျာဖွဲ့ဆိုရန် အားထုတ်သည်။ "ဟင်နရီ" ပန်းချီကားကို သူသည် အဖန်တလဲလဲ ကြည့်ရှုသည်။ တွေးတောစရာ၊ ဆင်ခြင်စရာများ ပေါ်ခဲ့သည်။ ခံစားမှု ဖြစ်ပေါ်ခဲ့သည်။ ကဗျာဖွဲ့ဆိုမည် ပြုသည်။ သို့သော် ၁၉၄၉ ခုနှစ်က သူ ဖွဲ့ဆိုခဲ့သော "ပျဉ်းမငုတ်တို" ကဗျာသည်သာ သူ့ကဗျာဉာဏ်၌ အဖန်တလဲလဲ ပေါ်လာသည်။ ပန်းချီကားကို ရှုကြည့်တိုင်း "ပျဉ်းမငုတ်တို"ကဗျာကိုသာ သတိရနေသည်။

ထို့ကြောင့် ဆရာမင်းသုဝဏ်က ကဗျာသစ် မဖွဲ့တော့ဘဲ အကျိုးအကြောင်း ရှင်းပြကာ "ပျဉ်းမငုတ်တို"ကဗျာကိုပင် ပို့လိုက်သည်။ ချက်ချင်းပင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က "ပျဉ်းမငုတ်တို"ကဗျာကို သူတို့ နှစ်သက်ကြောင်း၊ "ဟင်နရီ" ပန်းချီကားနှင့်လည်း ဆီလျော်ကြောင်း၊ အထူးလည်း ဂုဏ်မြောက်ကြောင်း၊ ထို့ကြောင့် သူတို့ ကဗျာစာအုပ်တွင် ထည့်သွင်းရန် ဝမ်းမြောက်ဝမ်းသာ ရွေးချယ်ကြောင်း ပြန်ကြားလေသည်။

ထို "ကမ္ဘာ့သက်ရှိ ကဗျာဆရာကြီးများ" စာအုပ်သည် မကြာမီ ကာလအတွင်း ပေါ်ထွက်လာပေတော့မည်။ ထိုစာအုပ်နှင့်အတူ ဆရာ မင်းသုဝဏ်၏ မြန်မာလက်ရေးမူ "ပျဉ်းမငုတ်တို"ကဗျာ၊ အင်္ဂလိပ် ဘာသာပြန်၊ ဆရာ မင်းသုဝဏ်၏ ဓာတ်ပုံ၊ ဆရာမင်းသုဝဏ်၏ အတ္ထုပ္ပတ္တိတို့သည်လည်း အခြား ကမ္ဘာ့ ကဗျာဆရာကြီးများနှင့် ယှဉ်လျက် ထွက်ပေါ်လာပေတော့မည်။ အောက်ပါ "ပျဉ်းမငုတ်တို" ကဗျာသည်လည်း ကမ္ဘာအနှံ့ ပျံ့နှံ့ပေတော့မည်။

**ပျဉ်းမငုတ်တို**

ဖုထစ်ရှုတ်တွ၊ ငုက်လင်းတသို့
ပျဉ်းမငုတ်တို၊ သက်ကျားအိုသည်
ကုန်းမိုထက်တွင် တစ်ပင်တည်း။

ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း
အဖေးတက်လှာ၊ အိုင်းအမာသို့
ကျယ်စွာဟက်ပက် ခြအိမ်ပျက်။

ကုန်းမိုကမ်းပါး၊ မြေပပ်ကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားခမောက်၊ ပိန်ခြောက်ခြောက်လည်း
စစ်ရောက်စခန်း လက်ပြည့်နွှန်း။

ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်း ကြုံ၊ ခြအုံလည်း ဖြစ်
ဓားထစ်လည်း ခံ၊ နေလျှံလည်း တိုက်
လေပြင်းနိုက်လျက်၊ မငိုက် ဦးခေါင်း
နွှေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင် ယောကျ်ားကောင်း တကား။

*

သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်တို့သည် ခေတ်စမ်း စာပေကို တည်ထောင်သူများ ဖြစ်သည့်အပြင် အလွန် ခင်မင်ရင်းနှီးသော မိတ်ဆွေများလည်း ဖြစ်ကြသည်။ သိပ္ပံမောင်ဝက ဆရာဇော်ဂျီထက် ၈ နှစ်ကြီး၍၊ ဆရာဇော်ဂျီက ဆရာမင်းသုဝဏ်ထက် ၂ နှစ် ကြီးသည်။ သူတို့ သုံးဦး ခင်မင်ရင်းနှီးကြပုံမှာ အင်္ဂလိပ်စာပေတွင် ရှယ်လီ၊ ဘိုင်ရွန်၊ လီဟန့်တို့ ခင်မင်ရင်းနှီးကြသည်နှင့် ခပ်ဆင်ဆင် တူသည်။ ရှယ်လီတို့ သုံးဦးတွင် ရှယ်လီသည် သက်တမ်းစေ့ မနေရဘဲ စောစွာ ကွယ်လွန်ရှာသည်။ ရေနစ်၍ ကွယ်လွန်ခြင်းဖြစ်သည်။ သိပ္ပံမောင်ဝတို့ သုံးဦးတွင်လည်း သိပ္ပံမောင်ဝသည် သက်တမ်းစေ့ မနေရဘဲ ဓားပြတို့ လက်ချက်ဖြင့် စောစွာ ကွယ်လွန်ခဲ့ရှာလေသည်။

---

"မောင်ရွှေးဖို့" ကဗျာစာအုပ်မှ "သပြေသီးကောက်" ကဗျာသရုပ်ဖော် ဦးဘညာဏ်၏ လက်ရာ။







သူတို့ သုံးဦးသည် ချစ်ခင်ရင်းနှီးသဖြင့် တစ်ခါတစ်ရံ တစ်ယောက်ကို တစ်ယောက် အကြောင်းပြု၍လည်း ကဗျာများ ဖွဲ့ဆိုခဲ့သည်။ "အရှေ့ကို မျှော်မှန်းတော့၊ မော်ရှမ်းတောင်ထွေထွေ၊ လှိုင်းထလို့နေ" ချီ "တို့ညီနောင်" ကဗျာ၌ ဆရာဇော်ဂျီသည် သိပ္ပံမောင်ဝကို ထည့်သွင်းဖွဲ့ဆိုခဲ့လေသည်။ ထို "တို့ညီနောင်" ကဗျာ၌ ပါသော "နောင်"နှင့် "ညီ"မှာ သိပ္ပံမောင်ဝနှင့် ဆရာဇော်ဂျီကိုပင် ဆိုလိုသည်။ စစ်မဖြစ်မီ ကာလက သိပ္ပံမောင်ဝသည် ကျောက်ဆည်၌ အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် ဆရာဇော်ဂျီသည် အလည်အပတ် ရောက်ရှိသွားရာမှ ရွှေသာလျောင်းတောင်သို့ နှစ်ဦးအတူ တက်ခဲ့စဉ် ဤကဗျာကို ဆရာဇော်ဂျီက ဖွဲ့ဆိုခဲ့သည်ဟု သိရသည်။

တစ်ဖန် ဆရာမင်းသုဝဏ်၏ "တောင်နီးနှင့် တိမ်၊ ရောယှက် လိမ်လျက်" ချီ "ဂျနီဗာကန်ရိုး၌" ကဗျာသည် ဆရာမင်းသုဝဏ် ဘီလပ်သို့ ပညာတော်သင်အဖြစ် သွားရောက်စဉ် ကျောင်းပိတ်ရက်၌ ဆွစ်ဇာလန်ပြည်သို့ အလည်အပတ် သွားရောက်ရာမှ ဖွဲ့ဆိုကာ သိပ္ပံမောင်ဝထံ လက်ဆောင်ပါးသော ကဗျာဖြစ်သည်ဟု သိရသည်။

ထို့ပြင် ဆရာဇော်ဂျီ၏ "သင်္ကြန်တော် ခါတန်ရူးမို့ တိမ်ဦးက သဲဝါဝါ မိုးဖြောက်ဖြောက်ရွာ" အစချီသော "သင်္ကြန်လက်ဆောင်" ကဗျာသည် ဆရာမင်းသုဝဏ်ကို လက်ဆောင်ပေးသော ကဗျာဖြစ်သည်။ ဆရာမင်းသုဝဏ်၏ "မိုးသင်္ကြန် ရေသောက်လို့ ရွှေပိတောက် တဝါဝါ သင်းကြူ နံ့ဖြာ"အစချီသော "လက်ဆောင်ပြန်"ကဗျာသည် ဆရာဇော်ဂျီထံ တုံ့ပြန် လက်ဆောင်ပေးပို့သော ကဗျာဖြစ်သည်ဟု သိရသည်။

သူ့မိတ်ဆွေ ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်တို့၏ ကဗျာများနှင့် ပတ်သက်၍ သိပ္ပံမောင်ဝက ၁၉၃၄ ခု ခေတ်စမ်းကဗျာစာအုပ် ပေါ်ထွက်စက ဝေဖန်စာ ရေးဖူးသည်။ ယင်းသို့ ရေးရာတွင် အောက်ပါအတိုင်း မှတ်ချက်ချထားသည်ကို တွေ့ရသည်။

"ဦးသိန်းဟန် (ဇော်ဂျီ)၏ ကဗျာများမှာ အလွန်ခေတ်ဆန်သော ကဗျာများ ဖြစ်သည်။ .... ဦးသိန်းဟန်သည် ရှေးအခါက မရေးသား မစပ်ဆိုသေးသော အကြောင်းအရာများကို ဖွဲ့ဆိုလေ့ ရှိ၏။ အကယ်၍ ရှေးအခါက စပ်ဆိုခဲ့ပြီးသော အကြောင်းအရာများကို ဖွဲ့ဆိုပြန်သော အခါလည်း ရှေးကဗျာဆရာများ ဖွဲ့ဆိုသော စိတ်ကူးမျိုးနှင့် ဖွဲ့ဆိုသည် မဟုတ်ဘဲ မိမိက ထွင်ကာ တစ်မျိုးဆန်းလာအောင် ဖွဲ့ဆိုလေ့ ရှိသောကြောင့် ဦးသိန်းဟန်အား ချီးမွမ်းရပေတော့သည်။ .... အများအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဟန်၏ ကဗျာများမှာ နက်နဲလေသည်။ ရုတ်တရက် ဖတ်သွားလိုက်လျှင် အဓိပ္ပာယ်များစွာ မပေါ်ပေ။ ထပ်ကာ ထပ်ကာ တွေးတွေးတွေးပြီး ဖတ်မှ အရသာ တငွေ့ငွေ့ ပေါ်၍ လာလေ့ ရှိလေသည်။ ကဗျာတိုတိုလေးများတွင်ပင် အလွန် နက်နဲ၍ တွေးဖွယ်အချက်အမြောက်အမြား ပါနေ၏။ ....ဦးသိန်းဟန်၏ ကဗျာတို့ကား နက်နက်နှင့် ကောင်းပေသည်။

"ကိုဝန် (မင်းသုဝဏ်)သည် ကလေးများနှင့် သင့်လျော်သောကဗျာများကို ဖွဲ့ဆိုရန် များစွာ သင့်လျော်သော ပုဂ္ဂိုလ် ဖြစ်လေသည်။ အလွန်လွယ်ကူ၍ နေ့စဉ် သုံးစွဲနေကြသော မြန်မာစကား ရိုးရိုးများပင်ဖြစ်လင့်ကစား ကိုဝန် ဖန်တီး၍ ဖွဲ့ဆိုလိုက်သောအခါ အသက်ဝင်လာကြပြီးလျှင် ဆန်းကြယ်၍ လာကြကုန်၏။ ဆန်းကြယ်သော စိတ်ကူးများပေါ်လွင်အောင် နေ့စဉ် သုံးစွဲနေကြသော စကားလုံး ရိုးရိုးများနှင့် ဖွဲ့ဆိုနိုင်ခြင်း သတ္တိမှာ တော်တော့ သတ္တိ မဟုတ်။ တကယ့် သတ္တိ ဖြစ်လေသည်။ ....ကိုဝန်၏ ကဗျာများမှာ နုနုယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ ပြေပြေပြစ်ပြစ် ရှိလှပေ၏။ လွယ်လွယ်ကလေးနှင့် ကောင်းသော ကဗျာများပေတည်း။"

ဦးဇော်ဝိတ်

( ပထမ အိုလံပစ်သွား အားကစားသမား )



မြန်မာ့ဂုဏ်ဆောင် ကရင်အမျိုးသား ဦးဇော်ဝိတ်
(၁၉၃၇ ခု တိုးတက်ရေးမဂ္ဂဇင်း မျက်နှာဖုံး)

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှည်ရှည် ကမ္ဘာတည်
ဇာနည်ဇော်ဝိတ် ဖြစ်လတ္တံ့။
ဇော်ဝိတ်ဖြစ်ကာ ပြည်မြန်မာ
ရတနာမိုး ရွာသွန်းဖြိုး
ကောင်းကျိုးခပ်သိမ်း တည်လတ္တံ့။

**(သခင်ကိုယ်တော်မှိုင်း)**

တောင်ဥက္ကလာပမြို့ သစ္စာလမ်းထိပ်တွင် သစ်သား ၂ ထပ် အိမ်တစ်လုံး ရှိသည်။ ထိုအိမ်၌ တစ်ခါက တောရော မြို့ပါ မကျန် လူသိများ၍ ထင်ရှား ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦး နေထိုင်လျက် ရှိသည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူ မဟုတ်၊ လူသန်ကြီး ဦးဇော်ဝိတ်ပင် ဖြစ်လေသည်။

ဦးဇော်ဝိတ်သည် မြန်မာနိုင်ငံတွင်သာ လူသန်ကြီးအဖြစ် ထင်ရှားသည် မဟုတ်။ အိန္ဒိယနိုင်ငံနှင့် ဗြိတိသျှအင်ပါယာ တစ်ခုလုံး၌လည်း လူသန်ကြီးအဖြစ် ထင်ရှားသူ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသာ မက အိန္ဒိယနိုင်ငံနှင့် ဗြိတိသျှအင်ပါယာ တစ်ခုလုံးတွင်ပါ အလေးမ တံခွန်စိုက်ဘွဲ့ကို ရခဲ့သောကြောင့် ဖြစ်ပေသည်။ ထို့ပြင် ကမ္ဘာ့ အိုလံပစ် အားကစားပွဲတော်သို့ မြန်မာလူမျိုးများ သွားရောက်ယှဉ်ပြိုင်ရန် အိပ်မက်မျှပင် မမက်ဖူးစဉ် ဦးဇော်ဝိတ်သည် မြန်မာလူမျိုးများထဲမှ ပထမဆုံး သွားရောက် ယှဉ်ပြိုင်ခွင့် ရခဲ့သူလည်း ဖြစ်ပေသည်။

ဦးဇော်ဝိတ်ကို ၁၉၁၁ ခု မတ်လ ၇ ရက်နေ့တွင် ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့အပိုင် နတ်စင်ကုန်းရွာ၌ မွေးဖွားသည်။ မိဘနှစ်ပါးမှာ ကရင်လူမျိုးများ ဖြစ်သည်။ အဖမှာ ဦးပေတော၊ အမိမှာ ဒေါ်လေးမေ ဖြစ်၍ လယ်ပိုင်ရှင်များ ဖြစ်သည်။ "ဇော်ဝိတ်" ဟူသော အမည်သည် ကြီးပြင်းသော အခါမှ ပြောင်းလဲ မှည့်ခေါ်သော အမည် မဟုတ်။ ငယ်စဉ်ကပင် မှည့်ခေါ်လာသော





အမည် ဖြစ်သည်။ အဘိုးဖြစ်သူမှာ ပညာရှိတစ်ဦး ဖြစ်၍ မြေးငယ်များကို အမည် ထူးထူးဆန်းဆန်း မှည့်ခေါ်သောကြောင့် ဖြစ်သည်။ ဦးဇော်ဝိတ်တွင် မွေးချင်း ၃ ယောက်ရှိရာ အစ်မနှစ်ယောက်မှာ ဒေါ်လှဖျော်နှင့် ဒေါ်ဇော်ရှိန်တို့ ဖြစ်သည်၊ အဘိုးဖြစ်သူသည် ဦးဇော်ဝိတ်တို့ကိုသာ မက အခြားသော ဆွေမျိုးသားချင်းများကိုလည်း အံ့ချီး၊ တော်ဦး၊ သာတော်၊ ဝေဖြိုး စသည်ဖြင့် အမည်ထူး အမည်ဆန်းများ ပေးခဲ့သူ ဖြစ်သည်။

ဦးဇော်ဝိတ်သည် ကြီးပြင်းမှသာ လူသန်ကြီး ဖြစ်လာသော်လည်း ငယ်စဉ်ကမူ အလွန် ချူချာခဲ့သည်။ ၄ နှစ်သား အရွယ်ရောက်မှ မတ်တတ်သွားနိုင်သည်။ ကလေးတို့ဘာဝ ဆော့ကစားရာတွင် ထိပ်ပေါက်၊ ခေါင်းကွဲ မကြာခဏ ဖြစ်ခဲ့သည်။ တစ်ခါက ဖခင်နှင့်အတူ စပါး လိုက်သိမ်းရာတွင် လှည်းပေါ်မှ လိမ့်ကျကာ ၃ လမျှ အိပ်ရာမှ မထနိုင် ဖြစ်ခဲ့သည်။ တစ်ကြိမ်တွင်မူ မြွေပေါက်ခံရရာ မိဘများက အတော်ကြိုးစား၍ ဆေးဝါး ကုသပေးခဲ့ရသည်။ လူပျိုဘဝ ရောက်သောအခါတွင်လည်း ကာလအတန်ကြာ သွေးဒူလာရောဂါ စွဲကပ်ခံခဲ့ရသည်။

ဦးဇော်ဝိတ်သည် နတ်စင်ကုန်းရွာ ကျောင်း၌ပင် ၇ တန်း အောင်သည်အထိ ပညာသင်ကြားသည်။ ထို့နောက် ရန်ကုန်မြို့ ဗိုလ်တထောင်ရှိ စိန့်ဗန်းနဘတ်(စ) အင်္ဂလိပ်ကျောင်းသို့ ပြောင်းရွှေ့ ပညာသင်သည်။ ထို အချိန်အတွင်း မိခင်ဆုံးသဖြင့် ရွာသို့ ပြန်နေသည်။ တစ်နှစ်ခန့် ဘုန်းကြီး လုပ်နေသည်။ ထို့နောက် လူဝတ်လဲကာ ဖခင်၏လယ်ကို ကိုယ်တိုင် ထွန်ယက် လုပ်ကိုင်သည်။

ဦးဇော်ဝိတ်သည် လယ်လုပ်ရသည်မှာ ပင်ပန်းလွန်းလှသဖြင့် ကျောင်းဆရာ လုပ်ရန် စိတ်ကူးမိသည်။ သို့ဖြင့် ၁၉၂၈ ခုတွင် ရန်ကုန်မြို့သို့ လာ၍ ဆရာဖြစ်သင် ဘက်ပတစ် နော်မန်ကူရှင်ကျောင်းတွင် တက်ရောက် ပညာဆည်းပူးသည်။ ဤကျောင်း၌ တက်ရောက် ပညာသင်နေစဉ် ဦးဇော်ဝိတ်သည် ကျန်းမာရေးလိုက်စားမှု ဝါသနာ ပါလာသည်။ ထိုအခါ ထိုကျောင်းမှ အားကစားနည်းပြဆရာ ဦးဒွဲက ကိုဇော်ဝိတ်အား ကျောင်းအိပ် ကျောင်းစား မနေစေဘဲ သူနှင့်အတူ အင်းစိန်တွင် လိုက်နေစေသည်။ ကျန်းမာရေး လေ့ကျင့် ကစားနည်းများကို သင်ကြားပေးသည်။ ထိုစဉ်က အများဆုံး လေ့ကျင့်ရသည်မှာ စပရိန်ဖြင့် လေ့ကျင့်နည်း ဖြစ်သည်။ ဦးဇော်ဝိတ်သည် ကျောင်းဘတ်စကက်ဘောသင်း၏ လက်ရွေးစင် အားကစားသမား တစ်ဦးလည်း ဖြစ်သည်။ ရန်ကုန် ဘတ်စကက်ဘော ကစားပြိုင်ပွဲများတွင် ရေကျော် မက်သဒစ်နှင့် ဦးဇော်ဝိတ်တို့၏ ဘက်ပတစ် နော်မန် ကူရှင်ကျောင်းတို့သည် ထိပ်သီး ပြိုင်ဘက် ၂ သင်း ဖြစ်ပေသည်။


အလယ်တန်း ဆရာဖြစ်သင် စာမေးပွဲ အောင်မြင်ပြီးနောက် ဦးဇော်ဝိတ်



www.burmeseclassic.com

www.burmeseclassic.com





အသက် ၂၄ နှစ်အရွယ် ဦးဇော်ဝိတ်နှင့် သူ၏ဆရာ ကာယဗလ ဦးရှိန်။

သည် အင်းစိန်မြို့ ဒေါ်ရွှေသော့ကျောင်းတွင် ဆရာအဖြစ် ပထမ ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် ကြည့်မြင်တိုင် ဦးဘွင်ယုကျောင်းသို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ ထိုအချိန်တွင် ဦးဇော်ဝိတ်မှာ သွေးဒူလာရောဂါ စွဲကပ်လာသဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေသည်။ တစ်နေ့တွင် ဘုရားလမ်း ဆေးကောလိပ်၌ မစ္စတာဘရှားနှင့် မစ္စတာအိုဘီးတို့၏ အလေးမပြိုင်ပွဲ ကျင်းပရာ အားကစားဝါသနာအိုး ဦးဇော်ဝိတ်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ သွားကြည့်သည်။ ဤတွင် အလေးမလိုသော ဆန္ဒ ဖြစ်ပေါ်လာသည်။ ထိုအလေးမပြိုင်ပွဲတွင် မည်သူမဆို ပါဝင် ယှဉ်ပြိုင်နိုင်သည့် ပေါင် ၁၀၀ အမြန်ထိုးမပြိုင်ပွဲ ပါဝင်ရာ ဦးဇော်ဝိတ်ဝင်ရောက် ယှဉ်ပြိုင်သည်။ ဦးဇော်ဝိတ်၏ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခြင်းပင်





ဖြစ်သည်။ သို့ရာတွင် ပေါင် ၁၀၀ ကို ၁၄ ကြိမ်သာ မ နိုင်သဖြင့် ဦးဇော်ဝိတ်သည် အရေးနိမ့်ခဲ့ရသည်။ ယခု ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှအောင်က ၁၉ ကြိမ် မ နိုင်ပြီး ပထမဆု ဆွတ်ခူးသွားသည်။

ထိုပွဲမှာပင် မိတ်ဆွေ ရခိုင်ကျောင်းဆရာ ဦးအောင်ကျော်ဖြူက မိတ်ဆက်ပေးသဖြင့် "ကာယဗလ ဦးရှိန်" နှင့် သိကျွမ်းသွားသည်။ သို့ဖြင့် ဦးရှိန်၏ တပည့်ဖြစ်ကာ အလေးမ ခြင်းကို စနစ်တကျ လေ့ကျင့်နိုင်ခဲ့သည်။ ဤအတွင်း သွေးဒူလာ ရောဂါလည်း ပျောက်ကင်းသွားလေသည်။

အလေးမ လေ့ကျင့်ခန်းကို စတင်စဉ်က ဦးဇော်ဝိတ်သည် အသက် ၂၀ အရွယ်သာ ရှိသေးသည်။ အရပ် ၅ ပေ ၆ လက်မ၊ အလေးချိန် ၉ စတုန်၊ လက်မောင်း ၁၁ လက်မ ရှိသည်။ နေ့စဉ် ရက်ဆက် ၆ လစတိတိ လုံ့လဝီရိယ ကောင်းကောင်းဖြင့် လေ့ကျင့်ရာ အရပ်အမောင်းမှ စ၍ အားလုံး ကြီးထွားတိုးတက်လာသည်။ ထို့ပြင် ၂၄၅ ပေါင်အထိ မ နိုင်လာသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် အများဆုံး မ နိုင်သော အလေးချိန်ပင်တည်း။

ဦးဇော်ဝိတ်သည် မနားမနေ ဆက်လက် လေ့ကျင့်ပြန်သည်။ ၁၉၃၁ ခုတွင် မြို့မကျောင်း၌ ပေါင် ၂၈၀ အလေးကို မ ၍ မြန်မာပြည် အလေးမ စံချိန်ကို မြှင့်တင်ခဲ့သည်။ အင်္ဂလိပ်၊ မြန်မာ သတင်းစာဆရာများက "အလေးမ ဘုရင်" ဟူ၍ ရေးသား ဖော်ပြခဲ့ကြသည်။

၁၉၃၃ ခုနှစ်တွင် အိန္ဒိယ အလေးမအသင်းမှ တာဝန်ခံ မစ္စတာ ဘရုနား ဂို့(ချ) ရန်ကုန်သို့ အလည်အပတ် ရောက်လာသည်။ ဦးဇော်ဝိတ် သတင်းကို ဖတ်ရှု ကြားသိခဲ့ရသဖြင့် ဦးဇော်ဝိတ်ထံ လာရောက် တွေ့ဆုံသည်။ သူ၏ တိုက်တွန်းချက်အရ ဦးဇော်ဝိတ်က လမ်းမပေါ်၌ပင် ပေါင် ၃၀၀ အလေးကို မ ပြလိုက်ရာ အံ့သြမဆုံး ဖြစ်သွားသည်။ အိန္ဒိယသို့ လာရန်လည်း ဖိတ်ကြားသွားသည်။ သို့ဖြင့် ၁၉၃၅ ခု ဖေဖော်ဝါရီလတွင် ကာလကတ္တားမြို့၌ ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမ ဗိုလ်လုပွဲကြီးသို့ တက်ရောက် ယှဉ်ပြိုင်သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေရသည်။ မြန်မာပြည်မှ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဦးရှိန်က စီစဉ်သဖြင့် သွားရောက်နိုင်ခြင်း ဖြစ်သည်။ ထိုပြိုင်ပွဲသို့ ဦးဇော်ဝိတ်နှင့်အတူ ဦးရှိန်၊ ဦးလှမောင်တို့ပါ လိုက်ပါသွားကြသည်။

ထိုပြိုင်ပွဲ၌ ဦးဇော်ဝိတ်သည် အိန္ဒိယ တစ်ပြည်လုံးရှိ အလေးမဝိဇ္ဇာ အားလုံးကို ချိုးနိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံ စံချိန်ကိုသာမက ဗြိတိသျှ အင်ပါယာ စံချိန်ကိုပါ ချိုးနိုင်ခဲ့သည်။ ထိုစဉ်က ဦးဇော်ဝိတ်သည် ၁၂ စတုန်တန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အနေးမ ပေါင် ၁၈၀၊ အမြန်မ ပေါင် ၂၀၀၊ နှစ်ဆင့်မ ပေါင် ၂၅၀၊ စုစုပေါင်း ပေါင် ၆၃၀ မ ပြခဲ့သည်။ ၁၃ စတုန်တန်းနှင့် အထက်တန်းတွင် အနေးမ ပေါင် ၁၉၀၊ အမြန်မ ပေါင် ၂၁၀၊ နှစ်ဆင့်မ ပေါင် ၂၈၀၊ စုစုပေါင်း ပေါင် ၆၈၀ မ ပြခဲ့ လေသည်။ သူ့အတွက် မြန်မာတစ်မျိုးလုံး ဂုဏ်ယူမဆုံး ရှိကြသည်။ အိန္ဒိယတစ်ပြည်လုံး "ဂျော်ဝတ် ဂျော်ဝတ်" ဟူသော ချီးကျူးသံများ မစဲအောင် ရှိခဲ့လေသည်။

ယင်းသို့ အိန္ဒိယ၌ ယှဉ်ပြိုင် အနိုင်ရခဲ့သည်နှင့် ပတ်သက်၍ အင်္ဂလိပ်၊ မြန်မာ သတင်းစာ မဂ္ဂဇင်းများက အမျိုးမျိုး ချီးကျူး ရေးသားကြသည်။ ၁-၄-၃၅ နေ့ထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် အတူ လိုက်ပါသွားသူ ဦးလှမောင်က အောက်ပါအတိုင်း မျက်မြင်ကိုယ်တွေ့ကို ရေးသား တင်ပြထားသည်မှာ အားတက်စဖွယ် ကောင်းလှပေသည်။

**ဖေဖော်ဝါရီလ ၂၄ ရက်**

ထိုနေ့တွင် မြန်မာပြည်၏ ဂုဏ်ထူးသည် ကိုဇော်ဝိတ်ကြီး အပေါ်၌ တည်ရှိ၏။ ကာလကတ္တားမြို့ပေါ်ရှိ မြန်မာ ကျောင်းသား ကလေးများနှင့် ဘုန်းတော်ကြီးအချို့ လာရောက်၍ မချီးမြှင့်ဘဲ မနေနိုင်ကြ။ .... ဦးစွာပထမ ၁၁ စတုန်တန်းတွင် ပြိုင်မည့် မဒရပ်မှ အေ ကွန်ဟီကန်နံ့ စ၍ မ လေသည်။ ၁၂ စတုန်တန်းတွင် မဒရပ်မှ အမ် ရာမာချန်ဒရန်၊ ကာလကတ္တားမြို့မှ အာ ဒဗလျူ လီဟန်တီနှင့် ကိုဇော်ဝိတ်တို့ ၃ ယောက်သား မ ကြလေသည်။ ကိုဇော်ဝိတ်သည် ဆွယ်တာအင်္ကျီကို မချွတ်ဘဲ မ လေသည်။ ကျွန်တော်နှင့် ဦးရှိန်သည် တော်တော် အလှမ်းဝေးသော နေရာမှ မတ်တတ်ရပ်၍ အကဲကို ခတ်၍ ကြည့်နေရ၏။ စိတ်အနည်းငယ်မျှ မချ၊ စိုးရိမ်မကင်း ဖြစ်၍ နေ၏။

အကြောင်းသော်ကား ထိုနေ့တွင် ကိုဇော်ဝိတ် ကိုယ်ချိန် အလေး ၁၂ စတုန်ကျော်၍ သွားမည် ကြောက်သဖြင့် အာဟာရဆို၍ အနည်းငယ်မျှ မစားစေဘဲ ထားသဖြင့် အားပြတ်နေသည်က တစ်ကြောင်း၊ ဝမ်းလျှောသည်မှာ ၄ ကြိမ်တိတိ ဖြစ်နေခြင်းကြောင့် တစ်ကြောင်း ဖြစ်လေသည်။ အိမ်တွင် အတူနေသော ကျောင်းသားများ စိတ်လက်မကောင်း ဖြစ်၍ နေကြ၏။ ထို့ပြင် ရှေးဦးစွာ မိလီတရီပရက် ခေါ် နှေးနှေး မနည်းဖြင့် မ လိုက်ရာ အလေးကို ဒိုင်လုပ်သူက မကျေနပ်၍ အမှတ်အသား မပြု၊ ပယ်ဖျက်လိုက်သည်ကို ကျွန်ုပ်တို့ စိတ်တွင် ဒိုင်၏ အညှဉ်းတော့ ခံရပြီ၊ ဟန်ပန်ရတော့မည် မဟုတ်ဟု စိတ်ပျက်ခြင်းမလှ ပျက်လေ





၏။ သို့သော် ကိုဇော်ဝိတ်ကြီးသည် ၁၂ စတုန်တန်းတွင် မ နည်း ၃ မျိုးကို စုစုပေါင်း ပေါင်ချိန် ၆၃၀ နှင့် အနိုင်ယူလိုက်၏။

**အိန္ဒိယပြည်လုံးဆိုင်ရာ ချန်ပီယံ လုပ်ပွဲကြီး**

အော်လံကြီးနှင့် လူသည် ဟဲဗီဝိတ်တန်း၊ ဂျော်ဝတ်၊ ဂျန်ဒတ်၊ ဘီ ပီ ဝက် ဟူ၍ အောင်မြင်သော အသံဖြင့် အော်လိုက်ရာ၊ ရှေးဦးစွာ အလေးချိန် ၁၃ စတုန်ခွဲရှိ မစ္စတာဝက် ထွက်လာ၏။ ဒုတိယ ဂျန်ဒတ် ထွက်လာ၏။ အလေးချိန်မှာ ၁၇ စတုန် ရှိ၏။ လွန်ခဲ့သော ၂ နှစ်ဆက်ကာ ချန်ပီယံရသော အမာဒတ်သည် စာရင်းသွင်းထားသော်လည်း လာရောက် မပြိုင်ဆိုင်မှန်းကို ကျွန်ုပ်တို့ ယခုမှပဲ သိရ၏။ ကိုဇော်ဝိတ်ကြီးသည် မိမိ ဝတ်ဆင်ထားသော ဆွယ်တာကို ဒေါမာန်ပါပါနှင့် ချွတ်လိုက်၏။ အံကိုလည်း အနည်းငယ် ခဲထား၏။ မိမိသည် အလေးချိန် လျော့ရသည် တစ်ကြောင်း၊ ဝမ်းလျှောသည်က တစ်ဖုံ၊ အားအင် အလွန်ဆုတ်ယုတ်နေသည်မှာ အမှန် ဖြစ်သည်။ သို့သော် ယနေ့အဖို့မှာ အရိုးကြေကြေ၊ အရေခန်းခန်း၊ ပင်လယ်ခရီးကို ကူး၍ စရိတ်ကုန် လူပန်းလာရသည်ကို အချည်းနှီး မဖြစ်စေရ။ ပြည်တော်ပြန် မျက်နှာပန်းလှအောင် ကြိုးစားတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

**သရီးချီးယား ဖော် ဘားမား**

ပထမနည်းဖြင့် ၃ ဦးသား မ ကြရာ ဂျန်ဒတ်မှာ ပေါင် ၂၀၀ မနိုင်၍၊ ကိုဇော်ဝိတ်သည် ၁၉၀ သာ မ နိုင်သဖြင့် ၁၀ ပေါင် ရှုံး၍နေ၏။ မြန်မာကလေးများ၏ မျက်နှာများသည် ညှိုးငယ်၍ သွားလေ၏။ ဒုတိယ စနက်ခေါ် အမြန် မ နည်းဖြင့် တစ်ဖန် ပြိုင်ကြပြန်ရာ ကိုဇော်ဝိတ်ကြီးက ၂၁၀ ပေါင်၊ ဂျန်ဒတ်က ၁၉၀ သာ မ နိုင်၍ ကျွန်ုပ်တို့က တစ်ဖန် ၁၀ ပေါင် သာလာပြန်၏။ ကျွန်ုပ်တို့ လူသိုက် ရွှင်ပျ၍ လာ၏။ နောက်ဆုံးနည်း ကလင်းခေါ် ၂ ဆင့် တန်း မ နည်းဖြင့် ပြိုင်ကြပြန်ရာ ဂျန်ဒတ်သည် ၂၅၀ ကို စ၍ မ ၏။ ရ၏။ ကိုဇော်ဝိတ်က ၂၆၀ ကို စ၍ မ ၏။ ရ၏။ တစ်ဖန် ဂျန်ဒတ်သည် ၂၆၅ ပေါင် တိုး၍ မ၏။ မရ။ ကိုဇော်ဝိတ်သည် ၂၇၀ ကို မ ပြန်၏။ ရ၏။ ဘန်ဂါလီ တစ်သိုက်သည် 'သရီးချီးယား ဖော် ဘားမား ဟစ်ဟစ် ဖရေး' ဆို၍ ၃ ခါ ချီးမွမ်း လက်ခုပ်လက်ဝါးတီးခတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဝိတ်ကြီး အလွန် အားရှိလာဟန် တူ၏။ ဂျန်ဒတ် ၂၆၅ ပေါင် တစ်ဖန် မ ပြန်၏။ မရ။ ကိုဇော်ဝိတ် ၂၈၀ ကို တိုး၍ မ ပြန်၏။ အနည်းငယ်မျှ မတိမ်းမစောင်းဘဲ မြောက်၍ တက်သွား၏။ ပရိသတ်သည် တစ်ဟုန်တည်း ပြေးဝင်လာပြီးလျှင် မအားမနေ လက်ကို ဆွဲယမ်းနှုတ်ဆက်ကြ၏။ 'ဂျော်ဝတ် ဂျော်ဝတ်' ဟူသော အသံသည် မရပ်မစဲကြားနေရ၏။ ကျွန်ုပ်တို့နှင့် မိတ်ဆွေများသည် မည်မျှ ဝမ်းသာကြမည်ကား ပြောပြရန် မလို။ ကျွန်ုပ်တို့သည် ဤမျှနှင့် ပြီးပြီဟု ထင်မိ၏။ သို့သော် မပြီးသေး။ ကိုယ်ကာယအလှ ပြိုင်ပွဲတစ်ခု ရှိသေးကြောင်း သိရ၏။ ဆုများကို ကျွန်ုပ်တို့ချည်း မလို။ အခြားလူများအဖို့ ချန်ထားချင်ပါသော်လည်း မရ။ အထူး တောင်းပန်သည့်အတွက် တစ်ဖန် ဝင်ရောက် ပြိုင်ဆိုင်ရပြန်၏။ အမည်ကို မမှတ်မိခဲ့ရသော ဘန်ဂါလီတစ်ယောက်၊ ဖို့ဝိလျံ စစ်တပ်မှ ပရိက်ဘိတ်ဘော်နှင့် ကိုဇော်ဝိတ်တို့ ပြိုင်ကြရ၏။ ပရိက်ဘိတ်ဘော်သည် ဥရောပတိုက်သား ဖြစ်သဖြင့် အသားမှာလည်း အလွန်ဖြူ၊ ကြွက်သားများလည်း ကြည့်၍ အလွန်ကောင်း။ သို့သော် အောက်ပိုင်း ပေါင်နှင့် ခြေသလုံး ကြွက်သားများသည် ကိုဇော်ဝိတ်လောက် မကောင်းသောကြောင့် အရှုံးပေးလိုက်ရ၏။ ကိုဇော်ဝိတ်ကြီးသည် မမျှော်လင့်သော ဖလားတစ်လုံးကို ရပြန်၏။ ထိုပွဲ၌ ဦးဇော်ဝိတ်သည် အလေးမ တံခွန်စိုက် ဘွဲ့သာမက "ကိုယ်ကာယ အလှမောင်ဘွဲ့" လည်း ရခဲ့လေသည်။

အိန္ဒိယမှ အပြန်တွင် ဦးဇော်ဝိတ် နာမည်သည် တိုး၍ ကျော်ကြားသွားသည်။ တောရော မြို့ပါမကျန် ကလေး လူကြီး မရွေး "ဇော်ဝိတ်" ဆိုလျှင် လူသန်ကြီးအဖြစ် သိကြသည်။ "ဇော်ဝိတ်" ဟူသည့် ဝေါဟာရသည် သန်မာခြင်း ဟူသော အနက် ရသည်အထိ ဖြစ်ခဲ့ပေသည်။

ကာယဗလ အရာတွင် ဂျာမနီပြည်သား ကာယဗလသမား "ဆန်ဒို" သည် အလွန် ကျော်ကြားသူ ဖြစ်သည်။ သူ့အမည်သည် ဂျာမနီနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံး ပျံ့နှံ့ကာ မြန်မာနိုင်ငံအထိ ရောက်ခဲ့သည်။ သို့ရာတွင် "ဇော်ဝိတ်" ပေါ်လာသောအခါ မြန်မာနိုင်ငံ၌ သူ့အမည် မှေးမှိန်သွားတော့သည်။ ထိုအကြောင်းကို ၁၉၃၅ ခု ကြီးပွားရေးမဂ္ဂဇင်း၌ ရေးထားသည်မှာ–

"ဆန်ဒိုသည် မည်မျှ ကျော်ကြားခဲ့သနည်း ဟူမူ ကျွန်ုပ်တို့မြန်မာပြည်၌ပင် "ဆန်ဒို" ကို လူတိုင်း သိ၏။ "ဆန်ဒို" ဆိုသည်မှာ မြန်မာစကားထဲသို့ပင် ဝင်လာလေပြီ။ "ဆန်ဒို" ဆိုလျှင် လူသန်ကြီး





ဟူ၍ နားလည်ကြ၏။ ဝမ်းမြောက်ဖွယ် အချက်တစ်ခုကား ဆန်ဒိုဆိုသော နေရာတွင် ကျွန်ုပ်တို့က လွန်ခဲ့သည့် ၂ နှစ်ခန့်က အစပြု၍ "ဇော်ဝိတ်" ဟူသော စကားကို အစားသွင်းနိုင်ခြင်းပင် ဖြစ်လေသည်။ "ဇော်ဝိတ်" ဆိုလျှင် မြန်မာတိုင်း သိကြပြီ။ မြန်မာပြည်တွင် "ဆန်ဒို" ဟူသော စကားပင် ခေတ်မှိန်သွားလေပြီ။ "ဇော်ဝိတ်" ဆိုသော အမည်ကြီးကို ကလေးတိုင်း၊ လူကြီးတိုင်း မြိန်မြိန်ရှက်ရှက်ကြီး ခေါ်ကြပြီ။ အားရစရာ ဓာတ်ပုံကြီးကို မြင်ရပြီ။ ဇော်ဝိတ်ကြီးကို အားကျကြပြီ။ ကာယဗလ လေ့ကျင့်လိုက်စားသော လူငယ်များ စာရင်းမှာလည်း တိုးတက်နေလေပြီ။"

၁၉၃၆ ခု ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်ကို ဂျာမနီပြည်၌ ကျင်းပသောအခါ အရှေ့တိုင်းမှ လူသန်ကြီးဖြစ်သူ ဦးဇော်ဝိတ်သည် အလေးမ ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခွင့် ရခဲ့သည်။ မြန်မာလူမျိုးများ အနေဖြင့် ပထမဆုံးအကြိမ် သွားရောက် ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်သည်။ ယှဉ်ပြိုင်ခွင့် ရသော်လည်း ယခုခေတ်ကဲ့သို့ အငြိမ့်သား သွားနိုင်သည် မဟုတ်။ သွားရန် ငွေမရှိသဖြင့် ဂျူဗလီဟော၌ အလေးမပွဲများ၊ ကပွဲများ လုပ်ကာ ရန်ပုံငွေ ရှာရသည်။ တိုင်းပြည်ကလည်း တက်တက်ကြွကြွ အားပေးကြသည်။ အိုလံပစ်ပွဲသို့ ဦးဇော်ဝိတ်နှင့် သူ့ဆရာ ဦးရှိန်တို့သည် ဦးခေါင်းကို ပန်ချာပီ ခေါင်းပေါင်းကြီးများ ပေါင်း၍ သွားခဲ့ရသည်။ ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယပြည်နယ် တစ်ခုအဖြစ် ရပ်တည်နေရသဖြင့် အိန္ဒိယပြည်သားအသွင် ပန်ချာပီ ခေါင်းပေါင်း ပေါင်းခဲ့ရခြင်း ဖြစ်သည်။

ယင်းသို့ ယှဉ်ပြိုင်ခွင့်ရသော်လည်း ဦးဇော်ဝိတ်သည် မြန်မာပြည်မှ ဂျာမနီပြည်သို့ သင်္ဘောဖြင့် တစ်ဖုံ၊ မီးရထားဖြင့် တစ်သွယ် တစ်လတာမျှ သွားရသဖြင့် လွန်စွာ ခရီးပန်းခဲ့ရသည်။ ထို့ပြင် လမ်းပေါ်မှာသာ လေ့ကျင့်ခဲ့ရသူ ဦးဇော်ဝိတ်သည် အားကစားရုံများဖြင့် စနစ်တကျ နည်းမျိုးစုံ လေ့ကျင့်နိုင်သူများနှင့် ယှဉ်ပြိုင်ရခြင်း ဖြစ်ရာ အခွင့်မသာလှပေ။ မည်သို့ပင်ဖြစ်စေ ကြိုးပမ်းယှဉ်ပြိုင်ရာ ၁၂ စတုန်တန်း၌ နံပါတ် ၁၁ ချိတ်ခဲ့သည်။ အမြန် မ ရာတွင်မူ တတိယ ရခဲ့သည်။

အိုလံပစ်ပွဲ ပြီးဆုံးသောအခါ ဦးဇော်ဝိတ်တို့ ဆရာတပည့် နှစ်ယောက်သည် ဂျာမနီပြည်၏ အားကစားလုပ်ရှားမှု လုပ်ငန်းများကို လေ့လာခဲ့သည်။ အင်္ဂလန်သို့ ကူး၍လည်း ကာယဗလ ဗဟုသုတများကို ရှာမှီးခဲ့ကြသည်။

ထို့နောက် လွတ်လပ်သော နိုင်ငံများတွင် အားကစား လေ့ကျင့်ကြသည်ကို အားကျကာ မြန်မာနိုင်ငံသို့ ပြန်အရောက်တွင် တစ်နိုင်ငံလုံး ကာယဗလ လိုက်စားချင်အောင် အားထုတ် စည်းရုံးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com




ယင်းသို့ အားထုတ်စည်းရုံးရာတွင် ဦးဇော်ဝိတ်သည် မိမိ၏ ကာယဗလကို ပြလျက် တရားဟောပြော၍လည်း စည်းရုံးသည်။ ကာယဗလ အသင်းအဖွဲ့များ အမြို့မြို့ အရွာရွာတွင် တည်ထောင်စေကာ ကာယဗလ ပြပွဲပြိုင်ပွဲများ ကျင်းပ၍လည်း စည်းရုံးသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် တရုတ်လူမျိုးများ၏ အားကစားပြိုင်ပွဲများ၊ အိန္ဒိယလူမျိုးများ၏ အားကစား ပြိုင်ပွဲများသာ ရှိရာ "မြန်မာ အားကစားပြိုင်ပွဲ" ဟူ၍ ပေါ်ထွန်းလာအောင် ဦးဇော်ဝိတ်က ဦးဆောင်ကြိုးပမ်းခဲ့ပေသည်။ ဦးဇော်ဝိတ်၏ ကြိုးပမ်းချက်ကြောင့် ၁၉၃၉ ခု ဇန်နဝါရီလမှစ၍ မြန်မာအမျိုးသား အားကစားပြိုင်ပွဲများ စတင် ပေါ်ထွန်းလာခဲ့ပေသည်။

၁၉၃၇ ခုတွင် ပုသိမ်မြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား ညီလာခံ ပြုလုပ်သည်။ ထိုနောက် ပုသိမ်ခရိုင် မော်တင်စွန်းတွင် ကျောင်းသားများအတွက် နိုင်ငံရေးသင်တန်း ပေးသည်။ ထိုသင်တန်းတွင် ကာယဗလ အားကစား တာဝန်ခံအဖြစ် ဦးဇော်ဝိတ်က ဆောင်ရွက်သည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း (ဗိုလ်ချုပ် အောင်ဆန်း) နှင့် ကိုမြစိန် (သံအမတ်ဟောင်း ဦးမြစိန်) တို့၏ ဖိတ်ခေါ်ချက်အရ ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

ဦးဇော်ဝိတ်သည် ကာယဗလတရားများ ဟောပြောရင်း တို့ဗမာ အစည်း

မနီလာ အာရှအိုလံပစ်သို့ သွားရောက် ယှဉ်ပြိုင်ကြသည့် အလေးမ အဖွဲ့ဝင်များနှင့် ဦးဇော်ဝိတ်၊ မစ္စတာ ဟတ်စကင်း၊ ကာယဗလ ဦးရှိန်။







အရုံးဝင် သခင်များနှင့်လည်း ဆက်သွယ်မိသည်။ သို့ဖြင့် ကျောင်းပိတ်ရက်များတွင် သခင်များနှင့်အတူ လိုက်ပါကာ အနယ်နယ် အရပ်ရပ်သို့ ထွက်၍ တရားဟောခဲ့သည်။ သခင်များက လွတ်လပ်ရေးတရား ဟော၍ ဦးဇော်ဝိတ်က ကာယဗလတရား ဟောသည်။ 'လွတ်လပ်ရေး ရယူနိုင်အောင် တစ်ဖက်ကလည်း မြန်မာလူငယ်များ ကာယဗလ လိုက်စားကြပါ' ဟူ၍ ဦးဇော်ဝိတ်က ဟောသည်။ ဟောရင်း အင်္ကျီချွတ်လျက် သူ့ကြွက်သားကြီးများကို ထုတ်ပြရာ ပရိသတ်များ ချီးကျူး သြဘာပေးမဆုံး ရှိကြသည်။ အားတက် အားကျမဆုံး ရှိကြသည်။ သခင်တရားပွဲများလည်း ပို၍ လူစည်လေတော့သည်။ ထိုစဉ်က ဦးဇော်ဝိတ်နှင့်အတူ တရားဟောခဲ့သော သခင်များထဲတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ သခင် လေးမောင်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်၊ ကျုံမငေး သခင်တင်မောင်၊ သခင်သိန်းမောင်ကြီး စသူတို့ ပါသည်ဟု သိရ၏။

တစ်ခါက ပုသိမ်မြို့၌ ဦးဇော်ဝိတ်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အတူ တရားဟောကြသည်။ အပြီးတွင် စကားစမြည် ပြောကြရာမှ ဆရာကြီးက 'လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က "အသက်ရှည်ရှည်၊ ကမ္ဘာတည်၊ ဇာနည်ဇော်ဝိတ် ဖြစ်လတ္တံ့။ ဇော်ဝိတ်ဖြစ်ကာ၊ ပြည်မြန်မာ၊ ရတနာမိုး ရွာသွန်းဖြိုး၊ ကောင်းကျိုးခပ်သိမ်း တည်လတ္တံ့" ဆိုပြီး ဆရာ ကဗျာ ရေးခဲ့တယ်။ ဒီတုန်းက မင်း ၄-၅ နှစ်သားလောက် ရှိရောပေါ့။ မင်းကို ရည်ရွယ် နိမိတ်ဖတ်ပြီး ဒီကဗျာ ရေးခဲ့သလို ဖြစ်နေတယ်။ မြန်မာပြည်ရဲ့ ကျန်းမာရေးကို အားပေးတဲ့ သားကောင်း ရတနာကြီး ပေါ်လာတာ ဆရာ ဝမ်းသာမဆုံးပါဘူးကွယ်' ဟူ၍ ဦးဇော်ဝိတ်အား ပြောခဲ့သည် ဆိုလေသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်နှင့် ပူးပေါင်းလျက် အင်္ဂလိပ်ကို တော်လှန်သောအခါ ဦးဇော်ဝိတ်သည် ဘောက်ထော်ရှိ တော်လှန်ရေးစခန်း၌ သခင်ရှုမောင် (ဗိုလ်ချုပ်ကြီး နေဝင်း)၊ သခင်ချစ်၊ သခင်တင်၊ သခင်လှမောင် (ဒုဗိုလ်မှူးကြီး လှမောင်)၊ သခင်လင်း (ဂျပန် အသတ်ခံရသူ) စသူတို့နှင့်အတူ တော်လှန်ရေး လုပ်ငန်းများကို တာဝန်ယူ လုပ်ကိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ ပြန့်ကျဲနေသော လက်နက်များ ပြန်လည်သိမ်းပိုက်ရေးအတွက် ရန်ကုန် တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနောက် အရှေ့အာရှ လူငယ်အစည်းအရုံးကို ဖွဲ့စည်းသောအခါ အားကစား တာဝန်ခံအဖြစ် ဆောင်ရွက်သည်။ ထို့ပြင် ဝန်ထမ်းအဖွဲ့ အားကစား ဒု-ညွှန်ကြားရေးဝန် အဖြစ်လည်း ဆောင်ရွက်သည်။

စစ်ပြီးစအချိန် လွတ်လပ်ရေးမရမီ ကာလတွင် ဦးဇော်ဝိတ်သည် မြန်မာ့



www.burmeseclassic.com

www.burmeseclassic.com



အားကစားမဂ္ဂဇင်း” ကို ထုတ်ဝေလျက် ချို့ချို့တဲ့တဲ့ဖြင့် နေရရှာသည်။ လွတ်လပ်ရေး ရသော အခါတွင်မှ ပြေပြေလည်လည် ရှိလာသည်။ ၁၉၅၁ ခုတွင် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ပေါ်လာသည်။ ဦးဇော်ဝိတ်သည် စည်းရုံးရေးမှူးချုပ်ဖြစ်လာသည်။ ထို့နောက် ၁၉၅၄ ခုတွင် ထိုကောင်စီ၏ ညွှန်ကြားရေးဝန် ဖြစ်လာသည်။ ထိုနှစ်မှာပင် တက္ကသိုလ်က “ဂုဏ်ထူးဆောင် ဘီအေဘွဲ့” ချီးမြှင့်သည်။ ၁၉၆၄ ခုတွင် တော်လှန်ရေး အစိုးရက ဆိုရှယ်လစ် အားကစား လောကတည်ဆောက်ရန် ကိုယ်လက် ကြံ့ခိုင်ရေးကောင်စီကို ဖျက်သိမ်း၍ “ပြည်ထောင်စု မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာ ကော်မတီ”ကို ဖွဲ့စည်းသည်။ ဤ ကော်မတီတွင် ဦးဇော်ဝိတ်သည် လက်ထောက် ညွှန်ကြားရေးမှူး (လူထုအားကစား) အဖြစ် တာဝန်ယူ ထမ်းဆောင်သည်။

ယခုအခါ ဦးဇော်ဝိတ်သည် အသက် ၅၇ နှစ် ရှိပြီ ဖြစ်သောကြောင့် အလုပ်မှ အငြိမ်းစား ယူထားသည်။ ဇနီး ဒေါ်ရီရီမြ၊ သားသမီး ၄ ယောက်တို့နှင့် အတူ အေးချမ်းစွာ နေထိုင်လျက် ရှိသည်။ ဦးဇော်ဝိတ်သည် သန်တုန်း၊ မြန်တုန်း၊ အရွယ်တင်တုန်းပင်။ ယခုတိုင် တစ်နေ့လျှင် ၇ မိုင်၊ ၈ မိုင်ခန့် လမ်းလျှောက်တုန်းပင်။ တစ်ဖက်ကလည်း အချိန်မှန် ဝိပဿနာတရား အားထုတ်လျက် ရှိသည်။ ထို တရားအားထုတ်မှုကို ၁၈ နှစ်သား အရွယ်မှ စတင် အားထုတ်ခဲ့သည်ဟု ဆိုသည်။ စာတွေ့ထက် လက်တွေ့ကို ပိုမို နှစ်သက်သဖြင့် ကာယဗလ လေ့ကျင့်ခန်းများ၊ ဝိပဿနာတရား အားထုတ်ခြင်းများကို ပြုသည်ဟု ဦးဇော်ဝိတ်က ပြောပြဖူးလေသည်။ ။

## အကိုးစာရင်းများ

### မက္ခရာမင်းသားကြီး


၁။ ဒေါ်ကြန် ။ ။ ရတနာ့ပုံစက်ရုံများ၊ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၊ ၁၉၆၈ ခု၊ ဇန်နဝါရီ။

၂။ ဇော်ဂျီ ။ ။ မြန်မာ အာဇာနည် ငါးဦး၊ (နဝရတ်ကိုးသွယ်)၊ ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၆။

၃။ ဧယျ ။ ။ မြန်မာ့မျက်ပွင့်၊ ရန်ကုန်၊ ထိန်ဝင်းစာပေ၊ ၁၉၆၁။

၄။ (မက္ခရာမင်းသားကြီး)။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၉၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၄။

၅။ မင်းသုဝဏ် ။ ။ ကုန်းဘောင်ခေတ် မြန်မာ့နက္ခတ်ပညာ၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၇၃–၇၄၊ ၁၉၆၆၊ ဇူလိုင်၊ ဩဂုတ်။

၆။ ဦးမောင်မောင်တင် ။ ။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ မန္တလေး၊ ဟံသာဝတီ ပိဋကတ် စာပုံနှိပ်တိုက်၊ ၁၉၂၃။

၇။ ဦးသိန်းဟန် ။ ။ မြန်မာများကို ခေတ်မီလာအောင် အားထုတ်ခဲ့သော မက္ခရာမင်းသား၊ (ပြည်ထောင်စု သမိုင်းပုံပြင်များ)၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၆။

၈။ Desai, W. S. History of the British Residency in Burma 1826-1840. The University of Rangoon, 1936.

၉။ Htin Aung, Dr. A History of Burma. Columbia University Press, New York & London, 1967.

၁၀။ Knowles, J. D. Memoir of Mrs. Ann H. Judson, Boston, 1842.

၁၁။ Lane, Charles and Mekkhara, Prince of. A Dictionary, English and Burmese, Calcutta, 1841.


ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ယောမင်းကြီး ဦးဘိုးလှိုင်

၁။ ဒေါ်ကြန် ။ ။ မင်းတုန်းမင်း၏ မှူးကြီး မတ်ကြီးများ၊ မြန်မာနိုင်ငံ သုတေသနဂျာနယ်၊ အတွဲ ၄၄၊ အပိုင်း ၁၊ ၁၉၆၁ ခု၊ ဇွန်။

၂။ တက္ကသိုလ် မောင်မောင်ကြီး ။ ။ လောကဓာတ်ကျမ်းနှင့် ဓာတုပြသဓာတ်ကျမ်း၊ ရှုမဝ မဂ္ဂဇင်း၊ အမှတ် ၁၈၉၊ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ။

၃။ မောင်ထင် ။ ။ ယောမင်းကြီး ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း။ ရန်ကုန်၊ ထိန်ဝင်းစာပေ၊ ၁၉၆၀။

၄။ (ဦးဘိုးလှိုင်) ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၈၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃။

၅။ ယောမြို့စား အတွင်းဝန် ဦးဘိုးလှိုင် ။ ။ ဥတုဘောဇနသင်္ဂဟကျမ်း။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၁။

၆။ မှော်ဘီ ဆရာသိန်းကြီး ။ ။ မြန်မာ့လွှတ်တော် ဝန်ကြီး မှူးကြီးများ။ ရန်ကုန်၊ အေးအေးစာပေတိုက်၊ ၁၉၆၇။

၇။ ဦးယော ။ ။ မြန်မာနိုင်ငံ၌ ပုံနှိပ် ထုတ်ဝေခဲ့သော သီပွဲစာပေများ၊ (လူထုအတွက် သီပွဲစာပေ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၇။

၈။ ရွှေသွေး ။ ။ ယောအတွင်းဝန် ဦးဘိုးလှိုင်။ ရန်ကုန်၊ စာပေလောက၊ ၁၉၆၅။

၉။ သိန်းဖေမြင့် ။ ။ ယောအတွင်းဝန် ဦးဘိုးလှိုင်။ ရှုမဝ မဂ္ဂဇင်း၊ အမှတ် ၈၁၊ ၁၉၅၄၊ ဖေဖော်ဝါရီလ။

## ဒေါက်တာရှောလူး

၁။ စိုင်းသိဟ ။ ။ စနစ်သစ် တက္ကသိုလ် အကြိုမိတ်ဆက်။ ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၆။

၂။ Kyaw Myint, M.D., Dr. Burma's First Student in U.S.A., The Guardian Magazine, Vol. 5. No. 4. April 1958.

## ဂျိမ်း လှကျော်

၁။ ဂျိမ်းလှကျော် ။ ။ မောင်ရင်မောင် မမယ်မ ဝတ္ထု။ ဒုတိယနှိပ်ခြင်း၊ မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၅၉။

၂။ ဇေယျ ။ ။ စာသဘင်။ မန္တလေး၊ မိုးဦးပန်းစာပေတိုက်၊ ၁၉၆၃။





၃။ ဦးညို ။ ။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း အတ္ထုပ္ပတ္တိကျမ်း (ဘဝအလင်းပြ သခင်္ဘပကျမ်း)။ ရန်ကုန်၊ ကုသလဝတီ ပုံနှိပ်တိုက်၊ ၁၉၆၂။

၄။ တက်တိုး ။ ။ ပထမ မြန်မာဝတ္ထု၊ ရှုမဝ မဂ္ဂဇင်း၊ အတွဲ ၁၂၊ အမှတ် ၁၃၂၊ ၁၉၅၈။

၅။ ရွှေပြည်စိုး ။ ။ ဂျိမ်းလှကျော်၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၂၊ အမှတ် ၁၃၃၊ ၁၉၅၈။

၆။ မောင်သုတ (ဗိုလ်မှူးဘသောင်း) ။ ။ စာဆိုတော်များ အတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရှုမဝတိုက်၊ ၁၉၆၂။

၇။ ဇော်ဂျီ ။ ။ ရသစာပေအဖွင့်။ ရန်ကုန်၊ ရသစာပေတိုက်၊ ၁၉၆၆။

၈။ မောင်လှကျော် ။ ။ ဥပဒေ မေးခွန်းပုစ္ဆာ အဖြေ၊ ၁၆ စောင်တွဲ။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၂၆။

၉။ (ပထမဆုံး မြန်မာကာလပေါ် ဝတ္ထု) ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၉၊ စာပေဗိမာန်၊ ၁၉၆၄။

## ဒေါ်ဦးရွှန်း

၁။ (ဖွားဦးရွှန်း) ။ ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၅။

၂။ ဦးဘခင် (ဟံသာဝတီ) ။ ။ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားသာသနာပြု အသင်းအဖွဲ့များ။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၃။

၃။ (နှင်းဆီကုန်း ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့၊ ၂၅ နှစ်မြောက်) နှင်းဆီကုန်း ဘိုးဘွားရိပ်သာစာစောင်၊ အမှတ် ၁၅၊ ၁၉၆၈ ခု၊ ဧပြီလ။

## ဦးရွှေကျူး

၁။ ရွှေဥဒေါင်း ။ ။ သီးခြား စာဝကံပါ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၄။

၂။ ဇေယျ ။ ။ မြန်မာ့မျက်ပွင့်။ ရန်ကုန်၊ ထိန်ဝင်းစာပေ၊ ၁၉၆၁။

၃။ ဇေယျ ။ ။ မဂ္ဂဇိန်မှ မဂ္ဂဇင်းသို့၊ ရှုမဝမဂ္ဂဇင်း၊ အမှတ် ၂၀၀၊ ၁၉၆၄၊ ဇန်နဝါရီ။

၄။ ဇော်ဂျီ ။ ။ ရသစာပေ နိဒါန်း။ မန္တလေး၊ ကမ္ဘာ့ခေတ်စာပေတိုက်၊ ၁၉၆၅။



www.burmeseclassic.com

www.burmeseclassic.com



၅။ ဗိုလ်ကြီး ဘသောင်း ။ ။ စာဆိုတော်များ အတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရှမဝတိုက်၊ ၁၉၆၂။
၆။ မြန်မာ့အလင်း မဂ္ဂဇင်းများ ။ ။ ၁၉၁၂ ခု၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလ ထုတ်များ။

## ဦးဘိုးစိန်

၁။ ဒဂုဏ်ပ ဦးဘတင် ။ ။ ဒဂုဏ်ပအသံ။ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်၊ ၁၉၅၁။
၂။ (ဦးဘိုးစိန်) ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၈။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃။
၃။ သိန်းဖေမြင့် ။ ။ ဇာတ်ဆရာ ဦးဘိုးစိန်။ ရန်ကုန်၊ ဂျိုးဖြူပုံနှိပ်တိုက်၊ ၁၉၅၃။
၄။ စာရေးဆရာ ဒါရိုက်တာ ဦးသုခ။ (ပြောပြချက်)
၅။ ဒေါ်ဒေါ်လှိုင်။ (ပြောပြချက်)

## စိန်ဗေဒါ

၁။ (စိန်ဗေဒါ) ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၄။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၀။
၂။ ဒေါ်အမာ ။ ။ ပြည်သူ ချစ်သော အနုပညာသည်များ။ မန္တလေး၊ ကြီးပွားရေး ပုံနှိပ်တိုက်၊ ၁၉၆၄။
၃။ လူထုဦးလှ ။ ။ သတင်းစာများ ပြောပြတဲ့ စစ်တွင်းဗမာပြည် (ပထမတွဲ)။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၈။
၄။ စာရေးဆရာ နန်းညွန့်ဆွေ။ (ပြောပြချက်)
၅။ စာရေးဆရာ ပန်တျာမြင့်အောင်။ (ပြောပြချက်)

## ဦးဖေမောင်တင်

၁။ ဦးဖေမောင်တင်။ ။ မြန်မာစာ၏ နောင်ခေတ် အခြေအနေ၊ ရှမဝ မဂ္ဂဇင်း၊ အတွဲ ၁၀၊ အမှတ် ၁၁၅။ ၁၉၅၆ ခု၊ ဒီဇင်ဘာ။
၂။ ဦးဖေမောင်တင် ။ ။ မြန်မာစာ အရေးအသား တိုးတက်စေနည်း၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၁၀။ ၁၉၆၁ ခု၊ ဧပြီလ။
၃။ ဦးဖေမောင်တင် ။ ။ တက္ကသိုလ်နှင့် မြန်မာစာပေ၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၂၀၊ ၂၁။ ၁၉၆၂ ခု၊ ဖေဖော်ဝါရီလ။





၄။ ဦးဖေမောင်တင် ။ ။ ပြည်မမှ တောင်တန်းပေါ်သို့၊ အနုပညာ လောက စာစဉ် ၂။ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ ၁၉၆၁ ခု၊ အောက်တိုဘာလ။
၅။ မင်းသုဝဏ် ။ ။ မြန်မာစာ မြန်မာမှု။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၅ ခု။
၆။ မြဝတီ ။ ။ ဆရာကြီး ဦးဖေမောင်တင်၊ မြဝတီ မဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၈။ ၁၉၅၃ ခု၊ ဇွန်လ။
၇။ (သူတို့နှစ်သက်သော စာအုပ်များ) ။ ။ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၆၂။ ၁၉၆၅ ခု၊ ဩဂုတ်လ။
၈။ လယ်တီဝဏ္ဏိတ (ဆရာ ဦးလှတင်) ။ ။ ဦးဖေမောင်တင် အတ္ထုပ္ပတ္တိ စာတမ်း။ ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေ ပိဋကတ်တိုက်၊ ၁၂၉၆ ခု။
၉။ သိပ္ပံမောင်ဝ ။ ။ ခေတ်စမ်းစာပေ အထွေထွေ။ ရန်ကုန်၊ ပုဂံစာအုပ် တိုက်၊ ၁၉၆၆ ခု၊ အောက်တိုဘာလ။
၁၀။ ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်) ။ ။ အင်းဝခေတ် ပညာရေး ရှေ့ဆောင်၊ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ အတွဲ ၂၊ အပိုင်း ၁။ ၁၉၆၇ ခု၊ ဖေဖော်ဝါရီလ။
၁၁။ သိန်းဖေမြင့် ။ ။ အရှေ့က နေဝန်းထွက်သည့်ပမာ။ တတိယနှိပ်ခြင်း၊ ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၆ ခု၊ စက်တင်ဘာလ။
၁၂။ An old collegian, Principal Pe Maung Tin, University College Annual Magazine 1937.
၁၃။ An Old Colleague, Tin, University College Annual Magazine, 1937.
၁၄။ Boycotter's Council, Rangoon University Boycotters' Demands, Oway Magazine, September, 1936.

## ဦးအုန်းမောင်

၁။ ကာတွန်းဦးဘဂျမ်း ။ ။ တန်ခြင်း မှန်ခြင်းကို သည်းခံပါ၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၃။ ၁၉၆၀ ခု၊ စက်တင်ဘာလ။
၂။ (ကြေးမုံ သတင်းစာ) ။ ။ ၁၆–၈–၆၄။
၃။ ထွန်းလှိုင် (ဇာတ်ပုံ အကယ်ဒမီ) ။ ။ မြန်မာရုပ်ရှင်အစ၊ သင့်ဘဝ မဂ္ဂဇင်း၊ အတွဲ ၁၂၊ အမှတ် ၅။ ၁၉၆၄ ခု၊ ဒီဇင်ဘာလ။

www.burmeseclassic.com



၄။ ဒဂုဏ်ပ ဦးဘတင် ။ ။ ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆ ခု။

၅။ (မြန်မာရုပ်ရှင်) ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀။ ရန်ကုန်၊ စာပေဗိမာန်။ ၁၉၆၆ ခု။

၆။ မြန်မာ့ရုပ်ရှင် ။ ။ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၆ ခု။

၇။ (လန်ဒန်အတ် ဦးအုန်းမောင်၏ ပြောပြချက်) ။ ။ အေဝမ်းရုပ်စုံ။ ၃၁-၇-၄၆။

၈။ သခင်တင်ဦး ။ ။ ရုပ်ရှင်သင့်သူ တစ်ဦး၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၈၊ အမှတ် ၂၀၈။ ၁၉၆၄ ခု၊ စက်တင်ဘာလ။

၉။ Myat Kye Mon. U Nyi Pu, The First Actor, Guardian Magazine, Vol. XV, No. 10. October, 1968.

## ဦးဘကလေး (ရွှေတလေး)

၁။ ကာတွန်း ဦးဟိန်စွန်း ။ ။ မြန်မာ့ကာတွန်း အသက် ၃၃ နှစ် ရှိပြီ၊ ဘဂျမ်းဂျာနယ်။ ? ခု။

၂။ ကာတွန်း ဦးဟိန်စွန်း ။ ။ ကာတွန်း ရွှေတလေးနှင့် သခင်ကိုယ်တော်မှိုင်း၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၆၁။ ၁၉၆၅ ခု၊ ဇူလိုင်လ။

၃။ (တက္ကသိုလ်ကျောင်းထွက် နာမည်ကျော် ကာတွန်းဆရာ ၃ ဦး)။ ။ ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၂။ ၁၉၃၉ ခု၊ နိုဝင်ဘာလ။

၄။ (ဦးဘကလေး) ။ ။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၈)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃ ခု။

၅။ မောင်မောင် ။ ။ ရုပ်ရှင်ပညာ။ ရန်ကုန်၊ ရုပ်ရှင်ပညာ စာအုပ်တိုက်။ ၁၉၂၈ ခု။

၆။ (မြန်မာ့ရုပ်ရှင်) ။ ။ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ (ပထမတွဲ)။ စာပေဗိမာန် ၁၉၅၆။

၇။ ရွှေရိုးဘကလေး ။ ။ ဦးဟိန်စွန်း(နာမည်ကျော် ကာတွန်းဆရာကြီး)၊ ဘဂျမ်းဂျာနယ်၊ အမှတ် ၃။ ၁၉၅၈ ခု၊ ဇူလိုင်လ။

၈။ (အာဇာနည်ရွှေရိုး) ။ ။ အေဝမ်းရုပ်စုံ။ ၃၁-၇-၄၆။





## ဦးဘညွှန့်

၁။ ဇေယျ ။ ။ မြန်မာပန်းချီ၊ မြန်မာပြည် ပန်းချီသမဂ္ဂ နှစ်ပတ်လည်စာစောင်။ ၁၉၅၁ ခု။

၂။ ဇေယျ ။ ။ ရှေးပန်းချီ၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၀၊ အမှတ် ၁၁၅။ ၁၉၅၆ ခု၊ ဒီဇင်ဘာလ။

၃။ ဇော်ဂျီ ။ ။ ပုဂံခေတ် မျက်မှောက်ပန်းချီ၊ ရှုမဝ မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၄-၅၅။ ၁၉၅၁ ခု၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ။

၄။ ဇော်ဂျီ ။ ။ ရသစာပေနိဒါန်း။ မန္တလေး၊ ကမ္ဘာ့ခေတ် စာပေတိုက်၊ ၁၉၆၅ ခု။

၅။ ဦးဘညွှန့် ။ ။ အင်္ဂလန်ပြည်ရောက် မြန်မာပန်းချီဆရာ၊ သစ္စာ မဂ္ဂဇင်း။ ၁၉၅၁ ခု၊ ဇွန်လ။

၆။ (ဦးဘညွှန့်) ။ ။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၈)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃ ခု။

၇။ (ရှေးရိုးမြန်မာပန်းချီ) ။ ။ ရှေးဟောင်း သုတေသနဌာနခွဲ၊ ပြည်ထောင်စု ယဉ်ကျေးမှုဌာန။

## ဒေါက်တာ ဝါလတာ ချစ်ထွန်း

၁။ (ဦးချစ်ထွန်း) ။ ။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၂)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၅ ခု။

၂။ (ကာယဗလ ဆရာဝန် ဦးချစ်ထွန်း) ။ ။ သူရိယသတင်းစာ ၂၅ နှစ်မြောက် အထူးစာစောင်၊ (၄-၇-၃၆)။

၃။ ဒဂုဏ်ပ ဦးဘတင် ။ ။ ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆ ခု။

## ဦးညီပု

၁။ စံထူး ။ ။ အနုပညာကျော် တစ်ရာ။ ရန်ကုန်၊ ငွေတာရီစာစဉ်၊ ၁၉၆၁ ခု။

၂။ (ပထမဆုံး မြန်မာရုပ်ရှင်ဇာတ်လိုက်မင်းသား) ။ ။ ဧဝမ်းရုပ်စုံ၊ အတွဲ ၂၊ အမှတ် ၅။ (၂၈-၉-၄၆)

၃။ (မြန်မာပြည် ရုပ်ရှင်လုပ်ငန်း၏ အစ) ။ ။ အေဝမ်းရုပ်စုံ၊ အတွဲ ၂၊ အမှတ် ၆။ (၁၂-၁၀-၄၆)



www.burmeseclassic.com

www.burmeseclassic.com



၄။ (မြန်မာပြည်၏ ပထမဆုံး ရုပ်ရှင်မင်းသား) ။ ။ အဝေမ်းရုပ်စုံ၊ အတွဲ ၂၊ အမှတ် ၆။ (၁၂-၁၀-၄၆)

၅။ Myat Kye Mon. U Nyi Pu. The First Actor, Guardian Magazine. Vol. XV, No. 10. October 1968.

## ဦးဘဂျမ်း

၁။ ကာတွန်းဦးဘဂျမ်း ။ ။ ကြက်တောင်ကွ ရိုက်ခဲ့စဉ်က၊ စာပဒေသာ။ အတွဲ ၁၊ အမှတ် ၈။

၂။ ဒဂုဏ်ဦးဘတင် ။ ။ ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက။ စာပေဗိမာန်၊ ၁၉၆၆ ခု။

၃။ (ဦးဘဂျမ်း၏ အတ္ထုပ္ပတ္တိ)။ စာပေဒေသာ၊ အမှတ် ၂။

၄။ ဘဂျမ်း၏ ဘဂျမ်း ။ ။ ကမာရွတ် မဂ္ဂဇင်း။ ရန်ကုန်၊ တက္ကသိုလ်စာနယ်ဇင်း ဆရာများအသင်း၊ ၁၉၅၁-၅၂။

၅။ ဦးအုန်းလွင် (ပန်းချီ) ။ ။ လူအေးကြီး ကိုဘဂျမ်း၊ ဘဂျမ်းဂျာနယ်၊ အမှတ် ၇။ ၁၉၅၈ ခု၊ နိုဝင်ဘာလ။

၆။ ဦးအုန်းလွင် (ပန်းချီ)။ (ပြောပြချက်)

## ဇော်ဂျီ

၁။ (ခေတ်စမ်းကဗျာများ ပထမတွဲ) ။ ။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၊ တတိယနှိပ်ခြင်း။ ၁၉၃၇။

၂။ (ဇော်ဂျီ) ။ ။ မြဝတီ မဂ္ဂဇင်း၊ အတွဲ ၂၊ အမှတ် ၆။ ၁၉၅၄ ခု၊ ဧပြီလ။

၃။ ဇော်ဂျီ ။ ။ ရသစာပေအဖွင့်။ ဒုတိယနှိပ်ခြင်း၊ ရန်ကုန်၊ ရသစာပေတိုက်။ ၁၉၆၆ ခု။

၄။ ဇော်ဂျီ ။ ။ ပိတောက်ရွှေဝါကဗျာများ။ ရန်ကုန်၊ ပန်းကုံကော် စာစဉ်၊ ၁၉၆၄ ခု။

၅။ ဇော်ဂျီ ။ ။ သာသနာပြု ဝတ္ထုအကြောင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၇။ ၁၉၃၇ ခု၊ ဇွန်လ။

၆။ ဇော်ဂျီ ။ ။ ဂျေ-ဘီ-ရှော၏ ယပ်လှဲတရား၊ (လွတ်လပ်ရေး) ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၁။ ၁၉၃၅ ခု၊ အောက်တိုဘာလ။

၇။ တိုက်စိုး၊ မင်းယုဝေ ။ ။ မြန်မာစာ မိတ်ဖွဲ့ (ပ-ဒု)။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၅-၆၆။





၈။ တက္ကသိုလ်မင်းမော် ။ ။ ဇော်ဂျီ၏ ခေတ်စမ်းကဗျာ၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၉၄။ ၁၉၆၈ ခု၊ ဧပြီ။

၉။ တက္ကသိုလ်ဝင်းမွန် ။ ။ ခေတ်သစ်ကဗျာမိတ်ဖွဲ့။ ရန်ကုန်၊ နှလုံးလှစာပေတိုက်။ ၁၉၆၈ ခု။

၁၀။ တက္ကသိုလ်ဝင်းမွန် ။ ။ အကောင်းကိုသာ မြင်စေချင်၊ ၁၃၂၉ (နတ်တော်လဆန်း-၁)။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၇ ခု။

၁၁။ သိန်းဖေမြင့် ။ ။ မြန်မာစာပေ အထွေထွေပြဿနာများ။ ရန်ကုန်၊ ဥက္ကလာစာစဉ်၊ ၁၉၆၆ ခု။

၁၂။ သိန်းအောင် (မြန်မာပြန်) ။ ။ ခေတ်စမ်းစာပေကို ခြေရာခံခြင်း၊ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၇၄။ ၁၉၆၆ ခု၊ ဩဂုတ်လ။

၁၃။ ဦးသိန်းဟန် (ဇော်ဂျီ) ။ ။ ကမာရွတ်မဂ္ဂဇင်း၊ ရန်ကုန်တက္ကသိုလ်စာနယ်ဇင်း ဆရာများအသင်း။ ၁၉၅၁-၅၂။

၁၄။ Dagmar Beckkova. The Sixtieth Birthday of the Burmese Writer Zodji. New Orient, April, 1967.

၁၅။ P. M. T., U Lun: Man and Poet by Zawgyi. Journal of the Burma Research Society. Vol. XL. Part 1. June, 1957.

## မင်းသုဝဏ်

၁။ ခေတ်စမ်းကဗျာများ(ပထမတွဲ)။ ။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း။ (တတိယနှိပ်ခြင်း၊ ၁၉၃၇)။

၂။ တိုက်စိုး၊ မင်းယုဝေ။ ။ မြန်မာစာမိတ်ဖွဲ့(ပ-ဒု)။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၅၊ ၁၉၆၆။

၃။ တိုက်စိုး၊ မင်းယုဝေ။ ။ စာဆိုနှင့် သုတေသီ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၇။

၄။ မင်းသုဝဏ်။ ။ မင်းသုဝဏ်(ဒုတိယနှိပ်ခြင်း)။ ငွေတာရီစာစဉ်၊ ၁၉၆၀။

၅။ မင်းသုဝဏ်။ ။ သပြေညိုနှင့် အခြားကဗျာများ။ ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၄၁။

၆။ မင်းသုဝဏ်။ ။ မောင်ခွေးဖို့ ကဗျာများ(ဒုတိယနှိပ်ခြင်း)။ ရန်ကုန်၊ ရှုမဝတိုက်၊ ၁၉၅၁။

၇။ မင်းသုဝဏ်။ ။ မြန်မာစာ မြန်မာမှု။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၅။

www.burmeseclassic.com



၈။ မင်းသုဝဏ်။ ။ ပန်းနှင့် ပင်စည်။ မန္တလေး၊ ကမ္ဘာ့ခေတ် စာပေတိုက်၊ ၁၉၆၅၊ ဧပြီ။
၉။ မင်းသုဝဏ်။ ။ ကျွန်တော်၏ မြတ်ပုညာ၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၇၅။ ၁၉၅၃၊ ဩဂုတ်။
၁၀။ မင်းသုဝဏ်။ ။ ဗိလတ်ကျွန်းဖြစ် သပြေညို၊ ၁၃၂၉(နတ်တော်လဆန်း ၁)။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၇။
၁၁။ မြဝတီ။ ။ မင်းသုဝဏ်၊ မြဝတီမဂ္ဂဇင်း၊ အတွဲ ၂၊ အမှတ် ၈။ ၁၉၅၄၊ ဇွန်။
၁၂။ သိပ္ပံမောင်ဝ။ ။ ခေတ်စမ်းစာပေ အထွေထွေ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆။
၁၃။ Minthuwun, The Genesis of Maung Khway, The World of Books, Vol. xxvi, No. 182, March, 1940.

## ဦးဇော်ဝိတ်

၁။ မောင်တင့်တယ်။ ။ ဆန်ဒို ဇော်ဝိတ်၊ ကြီးပွားရေး မဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၁။ ၁၉၃၅၊ အောက်တိုဘာ။
၂။ ရဲတင်။ ။ အား၊ စာပဒေသာ၊ အမှတ် ၅။ ? ခု
၃။ မောင်ရဲဝင်း။ ။ လူသန်ကြီး ဇော်ဝိတ်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၆၂။ ၁၉၆၅၊ ဩဂုတ်။
၄။ ဦးလှမောင်။ ။ ကိုဇော်ဝိတ်နှင့် ကုလားများ၊ တိုးတက်ရေးမဂ္ဂဇင်း၊ (၁၊ ၄၊ ၃၅)။
၅။ Who's Who in Burma, People's Literature Committee and House, Rangoon, 1961.

BURMESE CLASSIC .com
www.burmeseclassic.com